www.burmeseclassic.com

စိန်သရဖူစာပေ

၇ - အုပ်မြောက်လုံးချင်းဝတ္ထုသစ်

# သင်ပြမိုး

တိတ်တခိုးမောင်းနှင်ဆဲရထားနှစ်စင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# သဒြေမိုး


တိတ်တခိုးမောင်းနှင်နေဆဲ ရထားနှစ်စင်း

စာမူခွင့်ပြုချက်အမှတ် - ၃၈၂/၂၀၀၃ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁/၂၀၀၃ (၄)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၄-ခုနှစ်၊ ဇွန်လ

စာအုပ်ရေ - ၅၀၀ အုပ်၊ တန်ဖိုး - ၅၀ ကျပ်

အတွင်းပုံနှိပ်သူ

ဦးမောင်မောင်လွင်၊ ကဗိရတနာ အော့ပ်ဆက်

အမှတ် - ၂၀၄၊ လမ်း (၃၀)၊ ရန်ကုန်မြို့။

အဖုံးပုံနှိပ်သူ

ဦးကျော်စိန်(၀၂၉၀၉)၊ ကျောက်စိမ်းအော့ပ်ဆက်

၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (ချိုးတေးသံစာပေ)၊

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ်။


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော
* နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်


* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်အောင် ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသား၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ
* အမျိုးသားရေးလက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com



# တိတ်တခိုးမောင်နှင့်ဆဲရထားနှစ်စင်း

## သ ပြေ မိုး

www.burmeseclassic.com

www.burmeseclassic.com

အဟမ်း . . . အဟမ်း . . ။

နှစ်ထောင်ပြည့်လွန်နှစ်များရဲ့ ပြေးလမ်းမပေါ်မှာ လူလူသူသူနဲ့ သိက္ခာရှိရှိ ရပ်တည်လိုတဲ့ ကျွန်မရဲ့ရည်ရွယ်ချက်ကတော့ ဒီဇိုင်းနာကောင်းတစ်ယောက်ဖြစ်မြောက်ရေးပါပဲ . . . ။

ကမ္ဘာပေါ်မှာ လျှမ်းလျှမ်းတောက်၊ ဒိတ်ဒိတ်ကျဲဒီဇိုင်းနာတွေအမြောက်အမြားရှိပါလျှက်နဲ့ လူတွေဟာ ဒီဇိုင်းနာအကြောင်းပြောတော့မယ်ဆိုရင်ဗားဆက်(**Versace**)ဆိုတဲ့ဒီဇိုင်းနာပုဂ္ဂိုလ်တစ်ယောက်ကလွဲပြီး ကျန်တဲ့ဒီဇိုင်းနာတွေ အကြောင်းသိပ်မပြောနိုင်ကြဘူး။

အဟမ်း . . . ။

ကမ္ဘာ့ဖက်ရှင်ရေစီးကြောင်းသမိုင်းကို စားမြုံ့ပြန် . . . အဲလေ . . . ဆွေးနွေးကြည့်ကြရအောင်။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးထဲမှာ ကမ္ဘာ့လူသားတော်တော်များများဟာ မြန်မာ့စကားပုံတစ်ခုဖြစ်တဲ့ . . . 'လူမှအဝတ်တောင်းမှာအကွပ်' ဆိုတဲ့ စကားကိုအတော့်ကို လက်ခံကြတာပဲ။

မော်နာကို အိမ်ရှေ့မင်းသမီး ကာရိုလိုင်းရဲ့ တောက်





ပြောင်ဝံ့ထည်မှုဟာတကယ်တော့ ဒီဇိုင်းနာ**GiveNcHy**(ဂစ်ဗင်ချီ)ရဲ့လက်ထဲမှာပဲ ရှိတာပါ . . . ။

ထင်ပေါ်ကျော်ကြားသူ ပုဂ္ဂိုလ်တစ်ဦးစီတိုင်းမှာ လက်စွဲဒီဇိုင်းနာတစ်ယောက်စီရှိကြတယ်လေ။(ဒီဇိုင်းနာနဲ့ စတိုင်လ်လစ်ဇ်(**Stylist**) ရဲ့ကွာခြားမှုကိုလည်း နောက်ကြုံရင်ကြုံသလို ဖြီးပါဦး မယ်)

ဆိုတော့ကာ အောင်မြင်ကျော်ကြားသူတစ်ယောက်အဖို့ တိုယ်ဝတ်မယ့် အဝတ်အစား မှားယွင်းမှုမရှိစေဖို့ အတော်ဂရုစိုက်ရပါမယ် . . . ။

လက်ရှိ အမေရိကန်သမ္မတကတော် လော်ရာဘုရှ် အကြောင်းဆွေးနွေးကြည့်ကြရအောင် . . . ။ သူမရဲ့လက်စွဲဒီဇိုင်းနာကတော့ မိုက်ကယ်ဖဲကလို့(**Michael Faircloth**)ပါ . . . ။

ဒါပေမယ့်သူမနဲ့သမ္မတကတော်ဟောင်း ဟီလာရီကလင်တန်တို့ ပထမဆုံးအိမ်ဖြူတော်တွေ့ဆုံပွဲမှာ လော်ရာဘုရှ်ရဲ့ ထိုင်းမှိုင်းသန် ခရမ်းရောင်အကွက်ဝတ်စုံကြောင့် ဝေဖန်ရေးဆရာများက ဆိုဖာတစ်လုံးနဲ့တူတဲ့ဝတ်စုံ'လို့ ပက်ပက်စက်စက်ဝေဖန်ခဲ့ကြဖူးတယ်။

ကျမ်းသစ္စာခံယူပွဲမှာတော့ ညို့မှိုင်းတဲ့ ဇန်နဝါရီလမှာ သမ္မတကတော်ရဲ့ အပြာရင့်ရောင်အကျႌရှည်ရဲ့ ညို့ငင်မှုကို တောင်းအလှလို့ သတ်မှတ်ကြပြန်ရော . . . ။

၃၃ကြိမ်မြောက် အော်စကာဆုပေးပွဲ ဖက်ရှင်ရေစီး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြောရအောင်လား . . .။ အဲဒီ အော်စကာဆုပေးပွဲမှာ စုံပါမင်းသား၊မင်းသမီးတို့ရဲ့ ရှေ့ဆောင်ညွှန်ကြားပေးသူတွေထဲမှာ ဒီဇိုင်းနာတွေသာမက စတိုင်လ်လစ်(စ်)တွေပါ ရေပန်းစားလာ တယ်။

စတိုင်လ်လစ်(စ်)များရဲ့အလုပ်ကတော့ သူတို့ကို အလုပ်လာအပ်တဲ့ ပုဂ္ဂိုလ်တွေအပေါ် ဘယ်လိုအကျီအဝတ်အစား ဝတ်သင့်ကြောင်း အကြံပေးရှုံသက်သက်ပါပဲ . . .။

အဲ . . . အကြံပေးခကတော့ ဒေါ်လာလေးထောင်။

၇၃ ကြိမ်မြောက် အော်စကာဆုပေးပွဲမှာ "နယူးယောက် ဆောင်းဦး"ရှုံရှင်နဲ့ နာမည်ကြီးလာတဲ့ မင်းသမီးလေးဝင်နိုနာ ရိုက်ဒါ (ဒီဇိုင်းဆရာ-ဒိုနာကာရန်)ရဲ့ ညိုနက်ပြောင်ဂါဝန်လက် ပြတ်ဟာ အတော်ဆွဲဆောင်မှုရှိတယ်။

မင်းသားချော တွမ်ခရုစ်(ဒီဇိုင်းနာ-တင်မသီအဲဗရက်စ်) ရဲ့ဝတ်စုံကတော့ ကျွန်မအမြင်မှာ သိပ်ထူးခြားမလာပေမယ့် ထည်ဝါမှုရှိတယ်။

နောက်ဟာတွေတော့ ထားပါတော့လေ . . .။

ဆိုတော့ကာ စတိုင်လ်လစ်(စ်)ဒီဇိုင်းနာတစ်ယောက်ရဲ့အနေ ပါမှုဟာ ဘယ်လောက်များ ကြောက်စရာကောင်းလိုက်ပါ သလဲ။

ဒီအလုပ်နှစ်ခုကို စိတ်ဝင်စားမိတဲ့ ကျွန်မရဲ့သမိုင်းအစ ခရီးစဉ်ကတော့ . . .



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နှစ်တွေအတော်ကြာခဲ့ပြီ . . . ။

စက်ဘ်ပူကနေ **COSTUME DESINGER CERTIFI-CATE** (အဝတ်အစားဒီဇိုင်းနာအောင်လက်မှတ်)ကို ထိုက်ထိုက်တန်တန် ရလာသည်အထိ ကျွန်မဘဝမှာ သိပ်ကြီးကျယ်ခမ်းနားလှသည့် အိမ်မက်မျိုးမရှိခဲ့။

အလှအပကို မက်မောတွယ်တာတက်ခါစ ကျွန်မ၏ အစော ပိုင်းကာလများတုန်းက အဝတ်အစားချုပ်ခများဟာ ကျွန်မကို ရင် တထိတ်ထိတ်ခုန်စေခဲ့သည်။

ကျွန်မအမြဲအပ်နေကျ အပ်ချုပ်ဆိုင်မှ အမျိုးသမီးသည် အလွန်တရာ ခတ်ထန်မာကျောတတ်သည်။

"အစ်မရေ. . . ဝမ်းဆက်ဆိုတော့ စရန်ဘယ်လောက် သပ်ခဲ့ရမလဲ"

"ကုတ်ချုပ်ခက သုံးထောင်၊အေစကဒ်က ထောင့်ငါးရာ အားလုံးပေါင်း လေးနထောင့်ငါးရာ၊ စရန်ကတော့ကြိုက်သလောက် ပေးခဲ့လို့ရတယ်"





ဘုရား . . . ဘုရား . . . ။

ငွေကိုမျှားသဲ့ယူနေလိုက်တာ. . . ။ မျက်နှာပေးကလည်း မာမာထင်ထင်။

ပိတ်စထက် ချုပ်ခက အဆမတန်ဈေးမြင့်နေပေမယ့် ဈေးဆစ်ဖို့ကျတော့ ခပ်တွန့်တွန့်ရယ် . . . ။

တော်ကြာ ကျွန်မအပ်ထည်ကို ပုံပျက်ပန်းပျက်လုပ်ပေး လိုက်ရင် ဘယ်လိုလုပ်မလဲ . . . ။

"တစ်ထောင်သပ်ခဲ့မယ်နော်အစ်မ၊ ရက်ချိန်းဘယ်နေ့လဲ ။"

"တစ်လချိန်း . . . ။"

ဗုဒ္ဓေါ . . . ။ မြတ်စွာ . . . ။

အမြန်ကြေးယူပြီး အနေးချုပ်စတိုင်လ်ပါလား . . . ။

မတတ်နိုင် . . . ။ ပိတ်စကလည်း ဝယ်ပြီးနေပြီ ။

ကျွန်မ မပေးချင်ပေးချင်နှင့် စရန်ငွေတစ်ထောင် သပ်လိုက် ရပါသည်။

သူမသည် မျက်နှာထားတင်းသည့်နေရာမှာ တော်သ လောက် မျက်နှာပြောင်တိုက်သည့်နေရာမှာလည်း အလွန်တော် သည့် အပ်ချုပ်သူတစ်ယောက်ဖြစ်သည်။

ကျွန်မစရန်ကို ရပြီးသည့်နောက် ကျွန်မအား တစ်ခါဘူးမှမ မြင်ဘူးတော့သည့် သူစိမ်းပြင်ပြင်တစ်ယောက်လို သဘောထားကာ နောက်ကျောပေးရင်း သူမ၏သင်တန်းသူများကို ညွှန်ကြား ပေးကာ

www.burmeseclassic.com

စိန်သရဖူစာပေ

www.burmeseclassic.com



ဆရာလုပ်တော့၏။

အပ်ချုပ်သူတစ်ယောက်ရဲ့ အချိန်ဟာ ထိုမျှ တန်ဖိုးရှိကြောင်း ပွင့်ယုဇာ ကောင်းကောင်းသဘောပေါက်ခဲ့ပါသည်။

ထိုစောင့်မျှော်နေရသော တစ်လအတွင်း ထိုအင်္ကျီကလေးနှင့် ပတ်သက်၍ ကျွန်မနှစ်ခါတိတိ အိပ်မက် မက်ပါသည်. . .။

လှလိုက်တဲ့ ဝမ်းဆက်ကလေး . . .။

ကျွန်မဟာ အဲဒီဝမ်းဆက်ကလေးကိုဝတ်ပြီး သူ့အလိုလို မာန်တက်သွားကာ ကောင်ကလေးတွေကို ပဲများသတဲ့လေ. . .။

အင်မတန် ရယ်စရာကောင်းတဲ့အိမ်မက်တစ်ခုပဲကွယ်။

ချိန်းဆိုထားတဲ့နေ့ကို ရောက်တော့ ကျွန်မရင်တလှပ်လှပ်ခုန်ရသည်။

"ငါ့အင်္ကျီကလေးဟာ ဘယ်လောက်များ စတိုင်လ်ကျကျထွက်လာလေမလဲ"

. . . ဆိုတဲ့မျှော်လင့်ချက်လေးနဲ့ အပ်ချုပ်ဆိုင်ကိုရောက်ခဲ့ရသည်။

ဒါပေမယ့် ကျွန်မရင်ခုန်ရကျိုးမနပ်ခဲ့ပါ။

"ဒါလားဟင်. . . ကျွန်မအင်္ကျီဆိုတာ. . ."

"ဟုတ်တယ်လေ"

အင်္ကျီကိုကြည့်ရင်း ပွင့်ယုဇာ ရှုံ့မဲ့လေ၏။

ပုံမကျ ပန်းမကျ ကော်လံပြားဖတ်ဖတ်အဝိုင်းကြီးက





မည်မျှထိ ကြီးနေသလဲဆိုတော့ လက်မောင်းအထိရောက်နေ၏။

ကြယ်သီးပေါက်များက မသပ်မရပ် ချည်စများ ထွက်လျက်။

ပခုံးယူပုံ၊ ခါးယူပုံကအစ အလွဲလွဲ အမှားမှား ၊ . . ။

တစ်ခါက နောက်ဇစ်ကြီးပြုပြီး ခပ်တည်တည်လမ်းလျှောက်ပြန်လာပြီးကတည်းက နောက်ဇစ်တပ်စကာဒ်များကို ကျွန်မ မဝတ်ရဲတော့. . .။

အင်္ကျီကလည်းပုံမကျ၊ စကာဒ်ကလည်းနောက်ဇစ်ဆိုတော့ ကျွန်မရဲ့တစ်လတာစောင့်မျှော်ခဲ့ရသော ချုပ်ခလေးထောင့် ငါးရာတန်ဝမ်းဆက်ကို မီးဖိုလက်နှီးစုတ် လုပ်ပစ်ဖို့ပဲများပါသည်. . .။

ကျွန်မ မကျေနပ်ပါ. . .။

အလှအပကို မြတ်နိုးစိတ်ဝင်စားတတ်တဲ့ ကျွန်မကိုယ်ကျွန်မလည်း မကျေနပ်၊ အပ်ချုပ်သမ မကြည်စိန်ကိုလည်း မကျေနပ်၊ ဆင်ခြေပေးကောင်းလွန်းသောသူမ၏စကားများကို နိုင်အောင်မပြောနိုင်ခဲ့သော ကျွန်မရဲ့ ခပ်တုံးတုံးစကား များကိုလည်း မကျေနပ် . . .။

အပ်ချုပ်ဆိုင်မှပြန်လာတော့ ကျွန်မတစ်လမ်းလုံးကြုံးဝါးသာမိပါသည်။

"ငါ အပ်ချုပ်သင်တန်း တက်တော့မယ်ဟေ့"



www.burmeseclassic.com

ဖြတ်သန်းလာတဲ့အတိတ်သမိုင်းကတော့ နည်းနည်းလှ ရယ်ချင်စရာကောင်းနေလိမ့်မည်. . .။

အဝတ်ချုပ်ခများ အဆမတန်ဈေးကြီးလာမှုကြောင့် ကိုယ်ဝတ်မယ့် အဝတ်အစားချုပ်တတ်ရုံလောက်အပ်ချုပ်သင် တန်းတက်ရင်းကနေ အစပြုပြီး နိုင်ငံခြားမှ အပ်နှင်းလာသည့် ဒီဇိုင်းနာဘွဲ့ကို ပွင့်ယုဇာ အူကြောင်ကြောင် ရခဲ့ပါသည်။

အဲဒီနောက်ပိုင်းမှာတော့ လှပဆန်းကြယ်တဲ့အနာဂါတ်တစ်ခုက ကျွန်မကို နွေးထွေးစွာစောင့်ကြိုနေခဲ့ပြီလေ. . .။

**BRITISH DESIGENER OF THE YEAR** ဆုကိုဆွတ်ခူးရယူသွားတဲ့ ဗြိတိန်ဒီဇိုင်းဆရာကြီး**HOSSEIN CHAL**လောက်တော့ ပမလာသေးပေမယ့် ဒီဇိုင်းနာ ပွင့်ယုဇာဆိုတဲ့ ကောင်မလေးတစ်ယောက်ဟာ သူ့အရှိန်နဲ့သူတော့ နှစ်ထောင်ပြည့်နှစ်ရဲ့ အနှောင်းပိုင်း ပြေးလမ်းမှာ လူလူသူသူ နေရာယူလာပါပြီ။



ကျွန်မရဲ့ အနာဂါတ်အိပ်မက်ကလေးထဲတွင် ကျွန်မမောင်လေး မင်းယုဒါနှင့် မောင်လေးသူငယ်ချင်း ဂျင်ဟာမ်းတို့ လည်း ပါဝင်ကြသည်။

ငယ်ငယ်ကတည်းက ခေါင်းခေါက်ဗိုက်ကြောဆွဲနားရင်းအုပ်. . . ကြိုက်သလို လုပ်လို့ရသူ ငယ်နိုင်ကောင်ကလေးဂျင်ဟာမ်းမှာ မထင်မှတ်ဘဲ ကြက်ကန်းဆန်အိုးတိုးပြီး ဒိတ်ဒိတ်ကျဲမော်ဒယ်ဘွိုင်း ဖြစ်လာချိန်မှာတော့ ဒီဇိုင်းနာ ပွင့်ယုဇာတစ် ယောက် ဇာတာတစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ပါသည်။

"မမပွင့်ယုဇာရယ်. . . သားသားဂျင်ဟာမ်းလေ ပိတ်စဖိုးပဲ တ်နိုင်ပြီး ချုပ်ခဖိုးမလိုက်နိုင်တော့လို့ မေတ္တာတရားရှေ့ထားပြီး ခင်နှုန်းထားအတိုင်း တစ်ပြားမှမလျှော့ဘဲ အလကားစီစဉ် ပါလားဟင်၊ ရှေ့လထဲမှာ တက်စရာရှိုးပွဲကလည်းရှိသေး ယ်ခင်ဗျ"

ပွင့်ယုဇာ၏ဒီဇိုင်းနာဘဝအစက ထိုသို့မအောင်မြင်သေး ာ မော်ဒယ်ဘွိုင်းကလေး၏ အတိုင်ပင်ခံ အပ်ချုပ်ရာထူး ခဲ့သည်. . .။

ဂျင်ဟာမ်းကလေးက စကားပြောကောင်းသည်. . .။ ရန်နေ့ဘေနှင့်ဌာန်ကရိုင်းကျကျပြောတတ်သည်။ ချုပ်ခကိုပင် ခင်နှုန်းထားအတိုင်း တစ်ပြားမှမလျှော့ဘဲ အလကားမတ်တင် စရန် မျက်နှာချိုသွေးတတ်သည်။

www.burmeseclassic.com



တကယ်တော့သင်းကလေးတွေကိုယ်တိုင်က အခကြေးငွေပေးချေပြီး အလုပ်လာအပ်လာရင်တောင် ကျွန်မကမောင်လေးမင်းယုဒါ မျက်နှာကို ထောက်ရှုပြီးလူကြီးပီပီ ငြင်းဆန်းပစ်ရမှာ သဘောပေါက်ပေမယ့် အခုလိုတရားဝင် ချုပ်ခမတတ်နိုင်ကြောင်း အသိပေးမေတ္တာရပ်ခံလာလေတော့လည်း ဆဲဆဲဆိုဆိုနှင့် အပ်ထည်များကို လက်ခံရလေသည်။

သို့သော် ကျွန်မက ပိုပိုသာသာကလေးပြောလိုက်[illegible] ကျေနပ်မည့် အတန်းအစားမျိုး . . .။

"အေး. . . အေး . . . ငါလည်းအလကားချုပ်ပေးဖို့ချည်[illegible] ဈေးအဆစ်ခံနေရတာ ဘယ်နေ့ထမင်းငတ်မလဲမသိဘူး. . . နင်တို့လုပ်တာနဲ့ ယူထားတဲ့ဒီဇိုင်းနာအောင်လက်မှတ်ကို[illegible] ပြန်ရောင်းစားရမလို ဖြစ်နေပြီ. . .၊ ငါ သောက်မြင်ကပ်[illegible] ချုပ်ပြီးမှ ငွကြားထဲ ခွေးလေးယားသီးမှုန့် ဖြူးပေးလိုက်ရလို့. . .

တကယ်တော့ ကျွန်မက အဲဒီလို ဆဲဆဲဆိုဆိုနဲ့ အလ[illegible] ချုပ်ပေးနေရရင်ကို ကျေနပ်နေသူ . . .။

လူပချင်သူတစ်ယောက်ရဲ့ အပ်ချုပ်ဆရာအပေါ်[illegible] လင့်ချက်ထားရသော ကူကယ်ရာမဲ့ဝေဒနာကို ကျွန်မကောင်း[illegible] ခံစားဖူးပါသည်။

မကြည်စိန်ရဲ့ မချိုမချဉ် မျက်နှာထားကို မြင်ယောင်[illegible] ကျွန်မနှလုံးခုန်မြန်ဆန်မိတဲ့အထိ. . .။





ပွင့်ယုဇာကြောကိုနစ်တဲ့ ချာတိတ်တွေကတော့ သူမကို 'နှပ်'တစ်ခါ 'ချွဲ' တစ်လှည့် ခိုင်းတတ်ကြပါသည်။

သူမကတော့ မောင်လေးသူငယ်ချင်း မအောင်မမြင် မော်ဒယ်ဘွိုင်းကလေးများ၏ အဝတ်အစားများကို ဖက်ရှင်ထွင်ပေးနေရရင်ကို ပျော်မွေ့နေသူ . . .။

ပွဲနဲ့လိုက်ဖက်မည့် ဖက်ရှင်ဒီဇိုင်းတွေကို ကြိုကြိုတင်တင် နှင့် [illegible]စတနာပါပါကလေး စဉ်းစားတွေးခေါ်ရင်းကနေ သူမဖက်ရှင်ဒီဇိုင်းများအပေါ် ဉာဏ်ကွန့်မြူးတတ်လာခြင်း ဖြစ်သည်။

ဒီဇိုင်းနာအောင်လက်မှတ်ကို ရပြီးမှ မထင်မရှားဘဝ[illegible]လေးနှင့် ကြိုးစားခဲ့ရတဲ့ ကာလက နှစ်နှစ်တိတိ. . .။

ကတ်တလောက်စာအုပ်များဖတ်ကာ ပါရီမြို့ကြီး၏ [illegible]ဖက်ရှင်. . .၊ အီတလီက မီလန်မြို့တော်ကြီးရဲ့ဆောင်းရာသီ[illegible]ဖက်ရှင်၊ ဟောလိဝုဒ်ဖက်ရှင်၊ အင်္ဂလန်တော်ဝင်ဖက်ရှင် များကို [illegible]တွန်ယက်နှင့် ပုံဖော်ကြည့်ကာ ရှူနှမ်းနေရတော့သည်။

ဒီလိုနှင့် . . .

အောင်မြင်မှုမရသေးသော ကျွန်မ၏အစောပိုင်းကာလ[illegible]တုန်းက ကျွန်မရင်တွင်းဖြစ်ပွင့်အန်မှုများကို မောင်လေးမင်းယု[illegible]နှင့် ဂျင်ယမ်းတို့က ဒိုင်ခံနားထောင်ပေးခဲ့ကြရသည်။

ကျွန်မသည် ကမ္ဘာ့ဖက်ရှင်လောကထဲအထိ စိမ့်ဝင်ချင်သူ၊ [illegible]မြင့်မြင့်ထဲက ဒီဇိုင်းဆရာမတစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်နှင့် အီတလီဖက်ရှင်ရေစီးကို ကျွန်မအင်မတန် သဘောကျတတ်သည်။

"ကမ္ဘာ့ဖလားဘောလုံးပွဲပြီးတဲ့နောက်မှာတော့ ဘောလုံးပွဲကိုအားပေးတဲ့ ဖက်ရှင်ရေစီးတစ်ခု ခိုင်ခိုင်မာမာ ပေါ်လာခဲ့ ပါယ်လေ. . .၊ကိုယ့်အထင်တော့ ပြင်သစ်ကစတင်ခဲ့တယ်ထင် ကာပဲ၊ ဦးချိုတွေ၊ ငှက်တောင်တွေပါတဲ့အကျီ်တွေ၊ မျက်နှာပြင်မှာ ပြိုးပြိုးပြက်ပြက် ခြယ်သမှုတွေနဲ့ နှစ်ထောင်ခုနှစ်နောက်ပိုင်း နေရာယူ လာကြတော့တာပဲ. . ."

မောင်လေးမင်းယုဒါက သူမ၏ မိုးတစ်လုံးလေတစ်လုံး ပြောဟန်များကို စာအုပ်ကွယ်ကာမကြားချင်ယောင်ဆောင်နေလေသည်။

ဟဲ့. . . ငါ ပြောတာကြားလား ဒေါ. . ."

"ကြားပါတယ် မမကြီးရဲ့. . .၊ ကမ္ဘာ့ဖလား အကြောင်း ပြောရင် ကျွန်တော်ရှုံးခဲ့တဲ့ ပွဲစဉ်တွေအတွက် ရင်နာလွန်းလို့ သလို နေနေတာပါ"

"သိပ်မကြာခင် ငါလည်း ခေတ်လွန်ဖက်ရှင်တွေ ထွင်ဦးမယ်၊ ငါထွင်မယ့် ဖက်ရှင်တွေကို ဝတ်ရဲမယ့် မော်ဒယ်သူရဲကောင်း တစ်ယောက်တော့ လိုလိမ့်မယ်။

"အဲဒါက ကျွန်တော်လုပ်မှာ"

ဂျင်ဟမ်းလေးက တက်တက်ကြွကြွ . . .။

သူမက စကားပြန်ဆက်သည်။



"ဘရာဇီးများဟာ ဘောလုံးပွဲတွေကို အားပေးတဲ့ နေရာမှာတော့ မျိုးချစ်စိတ်အပြင်းထန်ဆုံးပဲ. . .၊ သူတို့ ဘရာဇီးအလံတော်ကို ပခုံးထက်မှာ သိုင်းခြုံရင်း စူပါမန်း လုပ်ကြတဲ့လူတော်တော်များများကို သတိထားမိတယ်၊ အဲဒီဖက်ရှင် မဆိုးဘူး . . .။"

"ဒါပေါ့ . . ဒါပေါ့. . . နိုင်ငံတော်အလံကို ခြုံလိုက်ပါပြီဆိုမှတော့ မကြီးချုပ်မယ့်ဒီဇိုင်းက တော်တော်လက်ဝင်နေ ဦးမယ်"

"သေနာကလေး"

"ဒေါက်. . ."

မင်းယုဒါခေါင်းကို အရှိန်ပြင်းပြင်းခေါက်ထည့် လိုက်တော့ ဂျင်ဟမ်းက တဟားဟားနှင့် ရယ်မဆုံး. . .။

"အနုပညာသမားဆိုတာ ခက်သားလား ငါ့မောင် ရယ်၊ မအောင်မြင်သေးမှာတော့ တွေးရ ၊ ခေါ်ရအကောင်အထည် ဖော်ရနဲ့ အရှုးကြီးတွေလိုပဲ. . .။ အောင်မြင်သွားလို့ကတော့ ငဲ့. . . ငဲ့. . . ငဲ့. . ."

သေချာတာတစ်ခုကတော့ . . . သူမ ကလေးစိတ် သိပ် မပျောက်သေးပါ။

မကြည်စိန်ကို မကျေနပ်လွန်း၍ ဒီဇိုင်းသင်တန်းမှာ လိမ့်ကြိုးစားခဲ့ပြီး ဒီဇိုင်းနာအောင်လက်မှတ်ရလာတော့ သူမ အသက်က ခပ်ငယ်ငယ်သာ . . .။

ထို့ကြောင့်လည်း နာမည်ကျော် ဒီဇိုင်းဆရာကြီးများ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကြေးကျမှုများသဖြင့် မထွင်ရဲကြသေးသော ခေါက်လွှန် ဖက်ရှင်များကို ကလေးအတွေးနှင့် မိုက်မိုက်ကန်း ကန်းထွင် ကြည့်ရန် စိတ်ကူးနေလေသည်။

"အားတော့မငယ်နဲ့ မမကြီးရေ၊ဟိုတစ်ကောင်ဂျင်ဟမ်းကို ချုပ်ပေးရင်းနဲ့ တစ်စတစ်စ နာမည်ရလာလိမ့်မယ်လို့ သားထင်တယ်"

"အေး. . . နာမည် ရမရတော့ မသိဘူး၊ မကြာခင်လူမှဲ စာရင်းခံရဖို့တော့များတယ် ဒေါ်၊ မအောင်မြင်သေးခင်တော့ ငါတို့လို ဒီဇိုင်းနာတွေက တကယ့်ပခုံးထမ်း စံပါရှယ်လစ်တွေပေါ့ဟာ၊ အောင်မြင်သွားရင်သာ ဟိုတစ်ကောင်ဂျင်ဟမ်းစုံမကန်ပါစေနဲ့ ဆုတောင်းရတာပဲ . . .။"

ဂျင်ဟမ်းက သူ့ရဲ့ မရှိမယ့်ရှိမယ့် ဂုဏ်သိက္ခာကို ထိခိုက်လာတော့ လှုပ်လှုပ်ရွရွဖြစ်လာကာ. . .၊

"မမပွင့်ယုဇာရဲ့ ကျေးဇူးတရားတွေဟာ ဆပ်လို့ မကုန်နိုင်လောက်အောင် များပြားတာ ကျွန်တော်တို့ကောင်း ကောင်းသဘောပေါက်ပါတယ်၊ ဘယ်တော့မှ ကျေးဇူးမကန်းဘူး ဆိုတာ ယုံ"

"အေးလေ. . . မကြီးကလည်းအားမလျှော့စမ်းပါနဲ့ . . . ဂျပန်ပြည်က ဒီဇိုင်းဆရာတက်ပုတွေတောင် ဟောလီဝုဒ်ကို ကြိုးနိုင်လာပြီ ငါ့အစ်မက ပြည်တွင်းမှာနေပြီး ဘာများမအောင်မြင်စရာ ရှိလဲ . . ."

"အေးလေ . . . အဲဒါလည်းဟုတ်တာပဲ. . . ဟဲ. . . ဟဲ"

မောင်လေး မင်းယုဒါနှင့်ထာဝရဖောက်သည်ကြီး ဂျင်ဟမ်း





တို့က ပွင့်ယုဇာ၏ အိပ်မက်တို့ကို ထိုသို့ အရောင်တင်ပေးခြင်းကသည်းအတော့်ကို အမှတ်တရ ရှိစေခဲ့ပါသည်။

www.burmeseclassic.com

'လ'တွင် ကိုယ်ပိုင်အလင်းရောင်မရှိပါ. . .။

တကယ်လို့နေမင်းကြီးက အလင်းရောင်တွေ မပေးခဲ့ပါက မည်သူမျှ'လ'ကို မြင်ဘူးကြမည်မဟုတ်သလို ၊လပြည့်ည၏ အလှကိုလည်း မည်သူကမှ ဖွဲ့ဆိုတော့မည်မဟုတ်။

တကယ်တော့ ပွင့်ယုဇာ၏ ဒီဇိုင်းနာဘဝသည် ရောင်ပြန်ဟပ်အလင်းရောင်ခြည်များနှင့် တောက်ပခွင့်ရသော လတစ်စင်းနှင့်တူပါသည်။

ကိုယ့်ရဲ့ ပင်တိုင်အနုပညာသည် မအောင်မြင်သေးသရွေ့ ၄င်း၏ဒီဇိုင်းနာတစ်ယောက်၏ ဘဝမှလည်း မှေးမှေးမှိန်မှိန်။

အဲ. . .တစ်ချိန်မှာတော့ အဲဒီကံကြမ္မာဟာ လုံးဝပြောင်းလဲသွားခဲ့ပါသည်။

ငယ်စဉ်ကတည်းက ခေါင်းခေါက်ဖိုက်ကြောဆွဲနာအပြင် အုပ် ကြိုက်သလို လုပ်လို့ရသူ ငယ်နိုင်ကောင်လေး ဂျင်ဟမ်း တစ်ယောက်ကံဇာတာ ထလာပြီလို့ပဲ ပြောရလေမလား . . .။



ကြက်ကန်းဆန်အိုးတိုးပြီလို့ပဲ ပြောရမည်လားမသိ။

Heaven ဘီစကစ်ကြော်ငြာမှ အစပြု၍ အဝတ်ကို ထူးထူးခြားခြား နာမည်ရလာလေသည်။

ဒါကိုပင် အစောပိုင်းက ဂျင်ဟမ်းကို သူမနောက်ပြောင်မိသေးသည်။

"အမလေး . . . ဂျင်ဟမ်းရယ် . . . Heaven ဘီစကစ်ကြော်ငြာနဲ့ နင့်ကို လူသိများလာကိုတော့ ငါ လက်ခံပါတယ်၊ ဒါပေမယ့် ရေရှည်နာမည်ထိန်းထားဖို့ကျတော့ လွယ်ပါ့မလားဟယ်၊ တစ်စက္ကန့်ရဲ့ အပုံတစ်ရာပုံ တစ်ပုံလောက် ပဲ ကြာတဲ့ဇီးရွက်သာသာ နင့်ရုပ်ကလေးကို TVပရိသတ်က မိုက်ခရို စကုတ်သုံးပြီးကြည့်မိသွားလို့သတိထားမိသွားတာ ထင်ပါရဲ့. . . အဲဒီအတွက် နင့်ကိုဦးစားပေးတဲ့ ဒါရိုက်တာကိုတော့ ကျေးဇူးမတင်နဲ့နော်၊ အမြင်အာရုံကောင်းတဲ့ TVပရိသတ်ကိုပဲ နင် တစ်နေ့ဦးသုံးခါချ ကြားလား"

သူမသည် ဂျင်ဟမ်းကိုတော့နည်းနည်း လျှော့တွက်မိလေပြီ။

တစ်စက္ကန့်ရဲ့ အပုံတစ်ရာပုံ တစ်ပုံလောက်ပဲကြာတဲ့ ဇီးရွက်သာသာ မော်ဒယ်ဘွိုင်းရဲ့ ရုပ်ကလေးကို TVပရိသတ်က မိုက်ခရိုစကုတ်ဖြစ်ဖြစ် အင်ဒိုစကုတ် ဖြစ်ဖြစ်သုံးပြီး ကြည့်မိသွားလို့အမှတ်တရ ဖြစ်သွားခဲ့တဲ့ ဂျင်းဟမ်းရဲ့ကံဇာတာက ထိုမျှနှင့်ဆန့်နေခဲ့သည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဟမ်းသည် တစ်ဦးချင်းအနေနှင့် ကြော်ငြာငါးခုစာ ဆက်တိုက်ရိုက်လိုက်ရသည်။ ထပ်တလဲလဲအလှခွင့်ခံနေရသည်။

ဒီနောက်တွင်မတော့ ဂျင်ဟမ်းရဲ့အနုပညာပိုးကို ဘယ်သူမှ မလှောင်ပြောင်ရဲကြတော့ပါ။

နောင်ဂျင်ဟမ်းသည် ပွင့်ဟုဇာအပေါ် ပေးထားသော ကတိကို လည်းလုံးဝတည်သူဖြစ်သည်။

"ကျွန်တော့်မှာ ဒီဇိုင်းနာကောင်းကောင်းရှိပါတယ်. . .၊ စကော့ပူကနေ **COSTUME DESINGER**အောင်လက်မှတ်ကို ထိုက်ထိုက်တန်တန်ရလာတဲ့ ဒီဇိုင်းနာပွင့်ဟုဇာပါ၊ ချုပ်တဲ့နေရာမှာ အင်မတန် မှစေတနာပါသလို လုပ်ငန်းပိုင်းဆိုင်ရာမှာလည်း တကယ်ကျွမ်းကျင် ပါတယ်၊ ကျွန်တော့်ရဲ့ ဖက်ရှင်ဒီဇိုင်းမှန်သမျှကို သူတစ်ယောက် တည်း ထွင်ပေးခဲ့တာပါပဲ၊ ကျွန်တော် အခုလို ဂျင်ဟမ်းအဖြစ်ရပ် တည်လာနိုင်တာ မမပွင့်ယုဇာရဲ့ ကျေးဇူး လုံးဝ လုံးဝမကင်းပါဘူး . . ."

ဂျင်ဟမ်းကလေးက သူ့အင်တာဗျူးတွေမှာ ပွင့်ယုဇာ ကို ထိုသို့ တွဲခေါ်တတ်ပါသည်။

နောက်ပိုင်း ဗျူးဆရာတွေကို အိမ်ခေါ်လာပေးပြီး မဂ္ဂဇင်းတွေထဲမှာ ထည့်ကြတော့ နာမည်သာ ရင်းနှီးနေကြတဲ့ မဂ္ဂဇင်းပရိသတ်တွေဟာ ပွင့်ဟုဇာရဲ့ ငယ်ရွယ်ပျိုမျစ်မှု၊ ဆွဲဆောင်မှုအချိုး အဆကျနမှုနှင့် ပညာအရည် အချင်းတို့ကိုတွေ့မြင်ကာ ပို၍နာမည်





ကြီးသွားလေသည်။

ပထမတော့ ဂျင်ဟမ်းလေး ကြော်ငြာကောင်း၍ အမျိုး အမည်မသိ မော်ဒယ်လ် စပ်ဆလူးကလေးတွေက ပွင့်ယုဇာ အနားမှာ ဝဲလည်ခတ်ကြလေသည်။

ချုပ်ရတာ လက်ဝင်၊ခေါင်းစားသလို အလွန်တရာမှလည်း ပျော်စရာကောင်းပါသည်။

များသောအားဖြင့်ကတော့ ရင်၃၂၊ တင်၃၃ စသည့် ရင်မရှိ တင်မရှိ ကိုယ်လုံးလေးများအတွက် စိမ်ပေးရ တတ်လေ သည်။

"မမရေ. . . သည်းနုမီးမီးအတွက်က ကြက်တောင်မွှေး ရောင်စုံကို ရင်ဘတ်မှာ ကပ်ချုပ်မှာနော်၊ ချုပ်မယ့် ကြက်တောင်မွှေး တွေကို ပိုးသတ်ဆေးဆိုးပြီး ယူလာခဲ့ တယ်. . .။"

"အေး. . . အေး. . . အေး. . ."

မိန်းကလေးများ၏ လှပချင်စိတ်ကို ပွင့်ယုဇာ ကိုယ်ချင်း စာသည်။

ဘယ်ကြက်ရဲ့ အမွှေးကို မညှာမတာ နှုတ်ပြီးယူလာမှန်း မသိတဲ့မော်ဒယ်ဂယ်လ် သည်းနုမီးမီးမှ ရောင်စုံကြက်တောင်မွှေးများ ကို အံဆွဲထဲထည့်ကာ သိမ်းဆည်းရ၏။

"သည်းအူပိုက်ထွေးက ခေါင်းမြီးနဲ့နော် မမ. . .၊ ရင်ဘတ်ပဲ တပ်ပေးမှာလား. . .၊လက်မောင်းတွေပါ ကပ်ရင်ကော. . ."

"ဟဲ့. . . တော်ပြီ၊ လက်မောင်းတွေပါကပ်ရင် ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



မော်ဒယ်ဒေါင်းလို့ နာမည်ပြောင်းပေးမှာ မကြောက်ဘူးလား . . .”

“ဒါဆိုရင်လည်း ပြီးရော. . . မချစ်ဘူးလို့ မှတ်လိုက် မယ်”

စိတ်ညစ်တယ်. . .။ကိုယ်က ကြော်ငြာမရိုက်ရသေး တော့သူများရိုက်ပြီးသားထဲက‘ဟစ်’ဖြစ်တဲ့ကြော်ငြာသီချင်းတွေကို အခွင့်သင့်တိုင်း ဆိုပြပြီး ပွင့်ယုဇာကို ဒေါက်ဖြုတ်ကြလေသည်။

“ဝေဟင်ကိုကိုကတော့ ဂျာကင်မှာ သိမ်းငှက်မွေး တွေ တို ကြည့်ကောင်းအောင် တတ်ချင်တယ် မမ . . .၊ အဲဒီဖက်ရှင်ကို ကြော်ငြာတစ်ခုမှာ ရန်အောင်က ထွင်ခဲ့ပေမယ့်၊ နောက်ပိုင်းဘယ် သူမှ မလုပ်ကြတော့ဘူး၊ အခုပြန်ပြီး ဆန်းသစ်ကြည့်မလားလို့. . .”

“အေး . . . အေး . . . အိုကေ. . . အားလုံးဖြစ်စေ ရမယ် မောင်လေး၊ညီမလေးတို့ရေ. ... ဒါထက် မမပွင့်ယုဇာ အကြံတစ်ခု ပေးချင်တာက မျောက်မြီးလေးနဲ့ တပ်ချုပ်မယ့် ဥခုန်းဖက်ရှင်ကော ဘယ်သူထွင်ကြဦးမလဲ. . .၊ အဲဒီဖက်ရှင်ဒီဇိုင်းကို ဝတ်မယ် ဆိုရင် ဒီဇိုင်းခ၊ချုပ်ခ ပေးစရာမလိုဘူး နော်. . .”

“ဟား . . ဟား . . ဟား . . .”

ဆိုင်ကလေးမှာ စပ်စလူး မော်ဒယ်လေးများနှင့် ပျော်ပျော် နေတတ်သူ ပွင့်ယုဇာတို့ကြောင့် တဟေးဟေး တဟားဟားညံ ကားလျက်ရှိရာ. . . လက်ချုပ်၊ အလုပ်သင်၊ သင်တန်းသူသင် ကလေးများ ခန့်ရသည်ထိပင် စီးပွားရေး တိုးချဲ့နိုင်ခဲ့လေသည်။

ပထမတုန်းကတော့ဂျင်ဟမ်းကလေးအကြော်ငြာတောင်



၍ စပ်ဆလူးမြီးကောင်ပေါက် မော်ဒယ်လေးတွေသူမဆိုင်သို့ခြေ ချပ်ကြသည်။

နောက်တော့ ဒိတ်ဒိတ်ကျဲအထက်တန်းလွှာများထဲမှစပ် ဆလူးကြီးတွေ၊အုံ့ပုန်းကြီးတွေ၊လူပျိုပေါက်ကြီးအဲ. . . လူပျိုသိုးကြီးတွေ၊ ဟိုမရောက် ဒီမရောက်ကြီးတွေ၊ကတော်တွေ အစုံ. . . အစုံ. . . ခြေရှုပ်လာပါသည်။

မကြာမီ **SINGER** နို့နှစ်ရောင် အပ်ချုပ်စက်ကလေး တစ်လုံး နှင့် တကုတ်ကုတ် အလုပ်ရှုပ်နေသူဒီဇိုင်းနာ ပွင့်ယုဇာတစ်ယောက် ဟာ“အိပ်မက်ကိုပြုလုပ်သူ”ဆိုတဲ့**DREAM MAKER**ရယ်ဒီမိတ်အ ရောင်းဆိုင်ကလေးနဲ့ ဒီဇိုင်းနာလုပ်ငန်းကို တွဲဖက် ဖွင့်လှစ် နိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"အိပ်မက်ကိုပြုလုပ်သူများ"လို့ အဓိပ္ပာယ်ရတဲ့"**DREAM MAKER**" ရယ်ဒီမိတ်ဆိုင်ကလေးကို အောင်အောင်မြင်မြင်နဲ့ ဖွင့်လှစ်နိုင်ခဲ့ခြင်းဟာ ပွင့်ယုဇာအဖို့ အဆင့်မြင့်မြင့် တွေးခေါ်တတ်စေရန်နှင့် စကားကြီးစကားကျယ်များ ပြောဆို ရန်အတွက် အတော်အတန် အဆင်ပြေသွားလေသည်။

အဖွဲ့ဝင်သုံးဦးသာရှိသော(ပွင့်ယုဇာ၊ မင်းယုဒါ၊ဂျင်ဟမ်း) သူတို့၏လုပ်ငန်းကလေးကို တစ်ပတ်တစ်ခါ အစည်းအဝေး ပြုလုပ်စေသည်။

လိုအပ်ချက်၊မကျေနပ်ချက်၊အကြံပြုချက်၊အဆိုတင် သွင်းချက်များနှင့် နှီးနှောဖလှယ်ပွဲများကို လွတ်လပ်စွာ လုပ်ကိုင်စေသည်။

များသောအားဖြင့်ကတော့ အစည်းအဝေးများတွင် နာမည်ကြီးစ ဒီဇိုင်းဆရာပွင့်ယုဇာ၏ အလွတ်တကျက်ထားသော ဖက်ရှင်ရေစီးသမိုင်းများ ပြောဆိုနေခြင်းဖြင့်သာ အချိန်ကုန် ဆုံးတတ်သည်။

ယခုလည်း အစည်းအဝေးတစ်ခုပြုလုပ်သည်. . .။



ထုံးစံအတိုင်း**DREAM MAKER**၏ ရှယ်ယာဝင် များဖြစ်ကြသော ပွင့်ယုဇာမင်းယုဒါနှင့်ဂျင်ဟမ်းတို့၏ အစည်းအဝေးစားပွဲ(ယခင်က အသုံးပြုနေကျ ထမင်းစားပွဲ)၌ ခပ်တည်တည် မှင်သေသေ နှင့် ထိုင်နေကြသည်။

ယခင်က တေလေဂျပိုးစတိုင်လ်နှင့် ရပ်ကွက်ထဲက သစ်ပင်နှင့်သမျှ မတတ်ဖူးသူမရှိကြသော သူတို့သုံးဦးသားမှာ ယခုတော့အတော့်ကို ကျက်သရေရှိရှိ(ဟန်ဆောင်ကာ) ရှေ့ဆက်လျှောက်လှမ်းရမည့် အခြေပြဇယားကို ဆွေးနွေးကြ ပါတော့မည်။

ပွင့်ယုဇာက စတင်၍ နိဒါန်းချီပါ၏။

"အဟမ်း . . . မင်္ဂလာရှိသော နေ့တစ်နေ့ပါ၊ အဟမ်း . . . အဟမ်း . . . ဒါရိုက်တာအဖွဲ့ဝင်တွေအားလုံးပဲ အခုအစည်းအဝေး ပွဲမှာ သက်တောင့်သက်သာနဲ့ စိတ်ချမ်းမြေ့စွာ ရှိနေလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်"

မြူးတူးတူးကြောင်တောင်တောင်နှင့် ကြည့်နေရင်းမှ သူနဲ့ သုံးဝမသက် ဆိုင်တော့တော့သလို 'ဝါး'ခနဲ အာပြဲကြီးနှင့် သမ်းဝေပစ်လိုက်သူ မောင်ငယ်မင်းယုဒါကို မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း. .

"ကဲ. . . ကဲ. . . ဒါရိုက်တာတွေ **DREAM MAKER** ဆိုတဲ့ အနက်အဓိပ္ပါယ်ကို ဂယနဏ သိကြရဲ့လား"

"ဟင့်အင်း . . .၊မမပွင့်ယုဇာ ပေးချင်လှချည့်ရဲ့ဆိုလို့

www.burmeseclassic.com



စပ်စလှူးရမ်းနေတာနဲ့ နားအေးပြီးရော အတည်ပြုလိုက်တာ . . . **DREAM MAKER**ကိုတော့ မသိဘူး . . .၊**DREAM LOVER** တတော့ သီချင်းနာမည်ပဲ . . .၊ အဲဒါပဲသိတယ် . . .”

ဂျင်ဟမ်းကသူနားမလည်ကြောင်း ဝန်ခံပါသည်။

အဲဒါဟာ ကျွန်မအတွက် ကြီးကြီးကျယ်ကျယ်တွေ ပြောဆို ဖို့အတွက် နိဒါန်းတစ်ခုပဲ . . .။

“အေး . . . အဲဒီလို ပွင့်ပွင့်လင်းလင်း ဝန်ခံတတ်တဲ့ စိတ် ဓာတ်လေးကို မမပွင့်ယုဇာ တကယ်သဘောကျတယ် . . .၊ တကယ် တော့ **DREAM MAKER**ဆိုတာ အိပ်မက်ကိုပြုလုပ်သူပေပဲ၊တကယ် တော့ အဲဒီထက်လည်း ပိုပြီးအဓိပ္ပါယ် နက်နဲတယ်၊ ဆိုပါတော့ . . .”

ဂျင်ဟမ်းက ပြုံးစိစိနှင့် နာရီကို တစ်ချက်ကြည့် ပွင့်ယုဇာ၏ စကားက ရပ်မသွား . . .။

“အိမ်မက်ကို ပြုလုပ်တဲ့ သူတိုင်းမှာ စိတ္တဇဆန်တဲ့ အ အခေါ်တွေရှိရမယ်၊ ရဲဝံ့ပြတ်သားတဲ့အသိဉာဏ်တွေ ရှိရမယ် . . . တော့ကာ ကမ္ဘာကြီးမှာ အာရှ ဒေး အကျပ်အတည်း ပြဿ ကို ရင်ဆိုင်နေရချိန် . . .၊ဟိုး ပြင်သစ် ပြည်မှာ အလုပ်လက်မဲ့ ကိုး ဒသမ ရှစ်ရာခိုင်နှုန်းရှိနေချိန်မှာ တို့လိုနှစ်ဆယ်ဝန်းကျင် လူ သုံးယောက်မှာ **DREAM MAKER**ဆိုတဲ့ ဖက်ရှင်လုပ်ငန်း ခိုင်ခိုင်မာမာရှိနေခြင်းဟာ နှစ်ဆယ့်တစ်ရာစုရဲ့ အလားအလာ





ကောင်းဆုံး အခြေအနေတစ်ရပ်ဖြစ်တယ်၊ရှင်းတယ်နော်”

မင်းယုဒါရယ်ကျဲကျဲနှင့် ခေါင်းကုတ်လေ၏။

ပွင့်ယုဇာကတော့ ထိုင်နေရင်းမှ မတ်တပ်ရပ်ကာ ခြေလှမ်း မှန်မှန်နှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စကားဆက်ပြန် သည်။

ယခုအချိန်မှ စတင်၍ ကမ္ဘာ့ဖက်ရှင်လောကရေစီးကို သူမ ကြီးကြီးကျယ်ကျယ် ပြောဆိုတော့မယ်။

“တလောက အီတလီက ဖက်ရှင်မြို့တော်ဖြစ်တဲ့ မီလန်မှာ ရှိုးပွဲတွေကျင်းပကြတယ် . . .၊**GUCEI**ကုမ္ပဏီက တင်သွင်းလာတဲ့ ဖက်ရှင်တွေဟာ အတော့်ကို လျော့ရဲရဲဆန် လာတယ် . .”

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းမျက်ခုံးပင့်မိ ကြသည်။

“ဘလေဇာလို့ခေါ်တဲ့ အပေါ်ဝတ်အင်္ကျီတွေမှာ ပစ္စည်း အဆင်တန်ဆာအပြည့်အစုံ တပ်ဆင်ထားတဲ့ ပျောက်တိ ပျောက်ကျား ဖက်ရှင်တွေ ခေတ်စားလာသလိုဖာတရာဆိုတဲ့ . . .”

“ခင်ဗျာ . . . ဖာတရာ ဟုတ်လား . . .”

သူမ၏ဆွေးနွေးမှု မဆုံးသေးခင် နှစ်ကောင်စလုံး ‘ဗျာ’ သွားကြသည်။

“စကားဆုံးအောင် နားထောင်ကြဦး . . .၊ ဖာတရာဆိုတာ ချင်းဘောင်းဘီအပြဲတွေကို ပြောတာ . . .၊ အဲဒီ ဖာတရာ



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်း ဘီတွေ၊ မိန်းမဆန်လွန်းတဲ့ ကီမိုနို အရောင်အသွေးတွေကို သေသေ သပ်သပ်ချုပ်ပြီး ကပျက်က ချော် ဝတ်ဆင်မှုတွေ နေရာယူလာတယ် . . . ၊နောက်ပြီး . . .”

သူမ စကားစကို ရပ်လိုက်၏။

ရပ်ဆို အလွတ်ကျက်ထားသောဖက်ရှင်သမိုင်း စာအုပ်ထဲကအကြောင်းအရာတချို့ မေ့သွားရာ ဘယ်ဟာဆက် ပြောရမှန်း မသိဖြစ်သွားသည်။

ကိစ္စမရှိ . . ။

အီတလီဖက်ရှင်ကို မေ့သွားတော့ အင်္ဂလန်ဖက်ရှင် ထပ်ဆက်ရမည် . . ။အင်္ဂလန်မှာ တော်ဝင်ဖက်ရှင်အဖြစ် ခေတ်စားနေတဲ့ ဒူဖယ်(လ်)ကုတ် အင်္ကျီတွေအကြောင်းကို အရောင်ကအစ အသေးစိတ် မှတ်မိသေးသည်။

“ကဲ . . ကဲ . . အဖွဲ့ဝင်တို့ . . . အီတလီဖက်ရှင်သမိုင်းကို ရပ်ပြီး ရအောင်နော် . . ။ဒီတိန်မှာကတော့ သူတို့ရဲ့ တော်ဝင် အလှဖြစ်တဲ့ ဒူဖယ်(လ်)ကုတ် <DUFFLE COATS> တွေကိုခမ်းခမ်းနားနားဝတ်ဆင်ကြတယ်၊ရိုးရာအဆင်အလာအရ . . . ညိုမှိုင်းတဲ့အရောင်တွေ အဝါ၊အစိမ်း၊ ဆေးရွက်ကြီးအရောင်၊အပြာ၊အပြာမှိုင်းမှိုင်း . . . စသဖြင့် . . . အင်း . . .”

ဆရာတာတစ်ခုကတော့ အစည်းအဝေးက အနည်းငယ် ဦးတည်ချက်လွဲနေလေပြီ။



သူမ အဓိက ပြောချင်သည်မှာ သူမအတွက် သင့်တင့် လျော်ကန်မည့် မန်နေဂျာ သို့မဟုတ် အတွင်းရေးမှူးတစ်ယောက် ခန့်ချင်သော ဆန္ဒတစ်ခုသာ ဖြစ်သည်။

သူမလို အောင်မြင်ကျော်ကြားစပြုနေသော ဒီဇိုင်းနာ တစ်ယောက်မှာ အတွင်းရေးမှူးချောချောကလေးတစ်ယောက်တော့ ရှိသင့်သည်။

ဒါကို ချက်ချင်းပြောလိုက်မိပါက မောင်လေး မင်းယုဒါကော ဂျင်ဟမ်းကလေးပါ သူမကို ဘဝင်ရူးရူးနေပြီဟု ထင်သွားမှာ စိုးရသေး သည်။

မင်းယုဒါက စကားဆက်၏ . . . . ။

“မောင်လေးအထင်တော့ တို့မမ ပွင့်ယုဇာဟာအင်္ဂလန်က ဒူဖယ်(လ်)ကုတ်တွေထက် အီတလီက ဂူစီ ကုမ္ပဏီတို့၊ဒိုးလက်နဲ့ ဂတ်ဘာနာ ကုမ္ပဏီတွေကို အားကျနေသူ တစ်ယောက်ပဲဖြစ်ရမယ်”

“ဘာဖြစ်လို့ . . .”

“ကပျက်ကချော် ဒီဇိုင်းတွေကိုများ အားကျနေသလား လို့၊ မနေ့က မောင်လေးကို ချုပ်ပေးတဲ့ အင်္ကျီမှာ ခွေးရုပ်ကာတွန်းတွေက ဖောက်ထိုး ဖြစ်နေတယ် . . .”

ဟုတ္တေါ . . ။သောက်ရှက်တော့ ကွဲကုန်ပြီ . . ။

ပိတ်စမှာ အပွင့်ရိုက်ထားတဲ့ သင်္ကေတန်တွေဟာ အရွက် အခက်၊အပိုင်း၊လေးထောင့်၊တြိဂံပုံစတွေဆိုရင် ချုပ်တဲ့နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



'အစ'ကို ယူဖို့ သတိထားစရာ မလိုပေမယ့် ကာတွန်းရုပ်တွေ၊ ခွေးပုံ၊ ကြောင်ပုံ၊လူပုံစတာတွေဆိုရင်တော့ အတည့် အမတ် ဖြစ်ဖို့ သတိထားသင့်ကြောင်း ကျောင်းမှ သင်လွှတ်လိုက်ပေမယ့် ပွင့်ယုဇာနမော် နမ့် နိုင်ခဲ့လေပြီ။

ဒါလည်း ကိစ္စမရှိပါ။

ကျောင်းကသူမကို ဒီဇိုင်းနာကောင်းတစ်ယောက်ဖြစ်ရန် သင်ကြားလိုက်သလို တစ်ချိန်တစ်ခါက အပ်ချုပ်သမ မကြည်စိန်ကလည်း သူမအား ဆင်ခြေကောင်းကောင်းပေးနိုင် စေရန် သွယ်ဝိုက် ပြီး သင်ကြားပေးထားတာပဲ မဟုတ်လား . . .။

ရပါတယ် . အခြေအနေ မပျက်ကလေး ဆက်ရှိထားမှ။

"နောက်ပြီး မောင်လေးအကျီက ရှေ့ခြမ်းကသာ ခွေးရုပ်တွေက ဖောက်ထိုးဖြစ်နေတာ နောက်ကျောကျတော့ အတည့်ဖြစ်နေရော"

"ဒါပေါ့ . . . ဒါပေါ့ . . . အတည့်ကို အတည့်လို့ မြင်နေကျ ဖြစ်နေလို့ ဖောက်ထိုးကလေး ထွင်လိုက်ခြင်းဟာ အပြောင်းအလဲ တစ်ခုကို ဆန်းသစ်ကြည့်ခြင်းဆိုရင် မမှားဘူးပေါ့ . . ."

မောင်လေး မင်းယုဒါက သူမ၏ဆင်ခြေကို ကျေနပ်တယ် ရယ်လည်း မဟုတ် . . .။

"ဒါဆိုရင် ကျွန်တော်တစ်ခုပြောမယ်ဗျ . . . ဟဲ . . . ဟဲ"





ဂျင်ဟာမ်းကလေးက စပ်ဖြဲဖြဲနှင့် စကားပြောခွင့်တောင်းလေသည်။

"ပြောပါ . . . ပြောပါ . . . ရပါတယ် . . ."

"ကျွန်တော့်ကို နောက်ဆုံးတစ်သုတ် ချုပ်ပေးတုန်းက ရုပ်လက်တိုမှာ ချိုင်းက ချုပ်စတွေ ပြယ်နေတာကျတော့ကော . . ."

"နိုင်လွန်ချည်စ အကောင်းစားတွေ သုံးပြီး သေသေ သပ်သပ် နဲ့ ဒီဇိုင်းဆရာကြီး JODIE KIDD <ဂျိုဒီကစ်> ဆိုင်ဝိုရလော့က်အောင် လက်စွမ်းပြထားတာကို နင်ကဟာသ လုပ်ချင်သလား၊ အောင်မြင်သွားပြီဆိုပြီး ငါ့ကို စုံကန်ချင်ပြီလား . . . ဟုတ်လား . . ."

တကယ်တော့ ဂျင်ဟာမ်းပြောတာ ဖြစ်ကောင်း ဖြစ်မည်။

ဘာလို့လဲဆိုတော့ သူ့ရုပ်လက်တိုချုပ်နေချိန်မှာ မီးကလည်းပျက်သွားတာမို့ . . . 'သွားရော့လဲဟယ်'ဒီဇိုင်းနှင့် ပြီးပြီးရော စိတ်မပါတပါ ချုပ်ပေးလိုက်မိတာ . . .။

မဖြစ်တော့ . . .။ ဖက်ရှင်ရေစီးထဲက ခုန်ထွက်ပါမှ ကျွန်မအရှက်ကွဲ သက်သာလာပါလိမ့်မည်။

"ကဲ . . . ကဲ . . . သဘောထားကွဲလွဲချက်တွေကို နောက်မှ ဆွေးစားသုံးသပ်ဆင်ခြင်ကြည့်မယ်၊ လိုအပ်ချက်တွေကို အရင်တင်ပြချင်တယ် . . . တို့ရဲ့DREAM MAKERမှာ စူပါမော်ဒယ်ဘွိုင်းတစ်ယောက်နဲ့ စူပါဒီဇိုင်းနာတစ်ယောက် အောင်အောင်မြင်မြင် ပေါ်

www.burmeseclassic.com



ထွက်လာခဲ့ပြီဟိုတစ်ကောင် ဒေါ် . . မင်းလည်း စူပါမဟုတ် ဘူး ထင်ပြီး စိတ်မပျက်နဲ့၊ စားလိုက်သောက်လိုက် လည်လိုက် ပတ်လိုက်နဲ့ မင်းလည်း စူပါတစ်ယောက်ပဲ၊ စူပါတေလေဂျမ်းပိုး . . ဟုတ်ပြီနော်"

"ဟုတ်ပါပြီ"

"ဒီတော့ စူပါတို့ရဲ့ အင်္ဂါရပ်နဲ့ညီညွှတ်အောင် ဒီဗိုင်းနာ တစ် ယောက်ရဲ့ ရင်တွင်းခံစားမှုနဲ့ပါဆင်နယ်ပိုင်း <PERSONAL> ကို ပြောပြချင်တယ် . . .၊ မမပွင့်ယုဇာအတွက် မန်နေဂျာဖြစ်ဖြစ် စက္ကထေရီပဲ ခေါ်ခေါ်၊ ပါတနာပဲပြောပြော လက်ပွန်းတတီး အလုပ်တွဲ လုပ်လို့ရမယ့် ပုဂ္ဂိုလ်တစ်ယောက် အလျင်အမြန်လို အပ်တယ်၊ ဆိုင်မှာ အမြဲတမ်းရှိနေနိုင်မယ့် လစာချိုချို၊ ရုပ်ရည် သန့်သန့်၊ ဥပမိရှပ်ကောင်း ကောင်းထဲက . . ."

"အင်း . . လစာချိုချို၊ ရုပ်ရည်သန့်သန့်၊ ဥပမိရှပ် ကောင်းကောင်းဆိုတော့ "

ဂျင်ဟမ်းက တွေးတွေးဆဆဖြစ်နေပါ၏။

"ယောက်ျားလေးတစ်ယောက် ဖြစ်နေမယ် ဆိုရင်ကော . . ."

"ရေလည် ကြည်ဖြူတယ်၊ မမပွင့်ယုဇာဟာ ဘယ်တော့မှ ကမ္ဘာ့နိယာမတွေကို မဆန့်ကျင်ဘူး မောင်လေးဂျင်ဟမ်း နက်ဂတစ်(-)ရဲ့ ပိုင်နက်ထဲကို ပေါ့စတစ်(+)ဝင်လာမှ ကားရန့် (**Current**) တစ်ခု လည်ပတ်မှာ၊ ဒါဟာ ရူပဗေဒရဲ့ ဘိုးတော်ကြီး အိုင်းစတိုင်း တောင်မှ မဆန့်ကျင်ဝံ့တဲ့ အခြေခံနိယာမ သဘော





ဘရားဖဲ"

"အိုကေပြီ . . .စီမံခန့်ခွဲနဲ့ စာရင်းကိုင်ပညာသင်တန်း မှာ ဘဗုန်းဗုန်းနဲ့ ပက်ပက်စက်စက် စာမေးပွဲကျနေတဲ့ ကျွန် တော့်ရဲ့ ပြောမနာဆိုမနာ သူငယ်ချင်းတစ်ယောက်တော့ ရှိတယ် မမပွင့်ယုဇာ"

"ဟေ . . . မင်းရဲ့ ဂုဏ်ပုဒ်တွေကလည်း ပြောင်မြောက်လှ ချည်လားကွယ်၊ကြည့်လည်းလုပ်ပါဦး ငါ့မောင်ရယ် . . .၊တော်ကြာ နာလန်ထခါစ **DREAM MAKER** ကို ပြောင်း ပြန်လှန်မယ့်သူဖြစ် နေပါ ဦးမယ်ကွယ့် . . ."

"နို့ . . . မမပွင့်ယုဇာပဲ ဈေးနှုန်းချိုချိုထဲကဆို . . ."

"ဒါပေမယ့်၊ စီမံခန့်ခွဲသင်တန်းမှာ တဗုန်းဗုန်းကျနေတဲ့ သူဆိုတော့ . ."

"ကျဆို . . . စာမေးပွဲ မေးခွန်းကြီးတွေက မစားရဝခမန်း တိန်းကြီးကန်းကြီးတွေကိုဗျ . . .၊ ဘဏ်စာရင်း ကွာဟမှုတွေ၊ တစ်နှစ်ပတ်လုံးရဲ့ စာရင်းကွာဟမှုတွေ၊ ဘဏ္ဍာရေးနှစ်ရဲ့ နောက်ဆုံး လက်ကျန်ငွေစာရင်းကွာဟမှုတွေကို ညီအောင် ညှိရ . . ခေါင်း စားရတာဗျ . . .၊ တန်ဖိုးလျော့လျာ ထားစာရင်းတွေကို သီအိုရီသုံး ပြီး တွက်ရတာဆိုတော့ အောင်ဖို့ ဘယ်လွယ်ပါမလဲ . . .၊ **DREAM MAKER** လောက်ကတော့ဗျာ . . . ဒီကောင် နိုင်ပါတယ်"

"အေးလေ . . . ဒါဆိုလည်း ခေါ်လာခဲ့ပေါ့ . . .၊ ရုပ်ရည်

www.burmeseclassic.com

www.burmeseclassic.com



ရှုပကာ သန့်ပြန့်မှု ကျတော့ရော . . ."

"မမ မြင်တာနဲ့ လုံးဝအရည်ပျော်သွားမယ်"

"ကဲ . . . ဒါဆိုလည်း ပြီးရော ခေါ်လာခဲ့ . . . ကဲ . . . ကဲ . . . ဒါရိုက်တာ အဖွဲ့ဝင်နှစ်ကောင်စလုံး နားထောင် စမ်း . . . ၊ ရွှေ့လျှောက် အသုံးအစွဲ ချွေတာရမယ် ကြားရဲ့လား . . . ဘတ်ဂျက်ထဲကနေ **DX SALOON**ပဲဖြစ်ဖြစ် **MAZDA323** ပဲဖြစ် ဖြစ်ကား တစ်စီးဝယ်မယ် ဖွတ်ချက် . . . ဖွတ်ချက် လောက် မောင်းလို့ ရရင် တော်ပြီ၊ ငွေသိပ် မရှိဘူး၊ ကဲ . . . အခမ်းအနား ပြီးဆုံးပြီ"





www.burmeseclassic.com

www.burmeseclassic.com

နံပါတ်ပါတဲ့ ဘောလုံးအင်္ကျီ အပြာစင်းလေးဝတ်ပြီး ဂျင်းဘောင်းဘီ အရောင်လွင့်လွင့်ကိုဝတ်ဆင်လာသူ လူရည်သန့် ချာတိတ်လေး တစ်ယောက်ကို ဂျင်ဟမ်းက သူ့မရုံးခန်းထဲ ခေါ်လာပါသည်။

"မမယုဇာ . . . ဒါသားသူငယ်ချင်း တွတ်နီ၊ မန်နေဂျာ အလုပ်လျှောက်ဖို့ခေါ်လာခဲ့တာ၊တွတ်နီ . . . ဒါ . . . တို့မမ ဒီဇိုင်းနာ ပွင့်ယုဇာ . . . တဲ့"

"ဟုတ်ကဲ့ . . . မင်္ဂလာပါ ဘောစ့်"

အင်း . . . စာမေးပွဲသာ ကျသာ . . . အထာကတော့ နပ်သား။ အမှတ်တစ်မှတ်ကတော့ သူ့အလိုလို ရရှိသွား ပြန်ပါသည်။

"အေး . . . အေး . . . . မင်္ဂလာပါ . . . ထိုင် . . . ဂျင်ဟမ်း လည်းထိုင်"

ကောင်ကလေးနှစ်ယောက်စလုံးက သူမနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံများမှာ အလျှိုလျှို ထိုင်ကြလေ၏။

"မင်းက တကယ်ကော အလုပ်ကိုစိတ်ဝင်စားရဲ့လား . ."



"ဟုတ်ကဲ့ . . . စိတ်ဝင်စားပါတယ်"

"ဖင်မြဲသလား . . ."

အလောသုံးဆယ် မေးလိုက်မိသဖြင့် တွတ်နီခမျာ ထိတ်သိတ်ပျာပျာ ဖြစ်သွားလေသည်။

"ဪကွယ် . . . ဖင်မြဲသလားဆိုတာက ဒီ **DREAM AKER** မှာက မင်းတဗုန်းဗုန်းကျနေတဲ့ စာမေးပွဲမေးခွန်းတွေလို ခိန်းကြီးကန်း ဂဏန်းတွေနဲ့ အလုပ်ရှုပ်စရာတော့ မရှိပါဘူး၊ ဲ . . . လတ်လျားလတ်လျားတော့ နေလို့မရဘူး မောင် . . .၊ ျချိန် တွင်းမှာတော့ ဒီရုံးခန်းထဲမှာ တစ်စက္ကန့်အစွန်းအထင်းမရှိ နေရမယ်၊ ရာထူးကတော့ မင်းမျှော်လင့်ထားတဲ့အတိုင်း မန်နေဂျာ ရာထူးပဲ . . .၊လယ်ဂျာကောင်းကောင်း ကိုင်တတ်ရမယ်၊ ငွေတိတိ ကျကျ အပ်နိုင်ရမယ် . . .၊ဒါကို ဆိုလိုတာ"

"ဟုတ်ကဲ့ . . . ဒီလောက်ကတော့ ရပါတယ်"

"အဓိက ကတော့ ဒီ**DREAM MAKER**ရဲ့ အပ်ချုပ် ဝန်ထမ်း းယောက်ကို မင်းက စီမံကွပ်ကဲနိုင်ရမယ်၊ အဝ်ထည် တွေရဲ့ အပ်တဲ့ နေ့ပြီးတဲ့နေ့ . . . စတဲ့ ရက်ချိန်း တွေကို မင်းက မန်းနေ့(ဂျ)မန့် **ANAGEMENT**)လုပ်ပေးနိုင်ရမယ်၊ စကားပြော ချိုသာရမယ်၊ င်း . . . ရုပ်ရည်ကလေးကလည်း သန့်သန့်ပြန့်ပြန့်ကလေးထဲက ဲ့တော့ စပ်စလူးလေးတွေနဲ့တော့အဆင်ပြေမှာပါ"

"ကျွန်တော်ရဲ့ အလုပ်ထဲမှာလေ . . . တကယ်လို့များ

www.burmeseclassic.com

www.burmeseclassic.com



ဘော့စ် မအားမလပ်ဖြစ်နေတဲ့ အခါမျိုးမှာပေါ့ . . . အဲဒီ စပ်စလူး လေးတွေ အကျိုလာအပ်ရင် ပေကြိုးကိုင်ပြီး သူတို့ရဲ့ တင်တွေ ရင်တွေ ခါးတွေ လက်မောင်းတွေကိုရော တိုင်းထွာရ မယ့် တာဝန်ကော ပါသလား . . .”

“ဘာ . . . ဘာ. . . ဘာပြောတယ် . . . ၊အဲဒီအလုပ်တော့ မပါဘူး ငါ့မောင်ရ၊ ငါ့မလုပ်ချင်ဆုံးဖြစ်တဲ့ လူပျိုပေါက်ကြီးအဲလေ . . . လူပျိုသိုးကြီးတွေ၊ ဂျီပုံးကြီးတွေ၊ကာလနာကြီးတွေရဲ့ ကိုယ်လုံးကိုယ်ပေါက်ကို တိုင်းထွာပေးဖို့ လူတစ်ယောက်အလျှင်အမြန်လိုအပ်နေတာနဲ့ မင်းကို လျှော့လျှော့ပေါ့ပေါ့ စဉ်းစားပေးနေတာ နားလည်လား . . .”

ပွင့်ယုဇာ စကားဆုံးတော့ ဂျင်ဟာမ်းက ရယ်ပါရော . . .။

ဒီချာတိတ်နှယ် . . . စာမေးပွဲ ကျနေပေလို့သာပါ။ လျှင်ထဲ သွတ်တဲ့နေရာမှာတော့ နှစ်ယောက်မရှိ။

“ဒါဆို ကျွန်တော့်ကို ခန့်လိုက်ပြီပေါ့နော် . . .”

“နေ . . . နေဦးလေ. . .၊ လစာကိစ္စ ညှိစရာ ကျန်သေးတယ်၊ မင်း ဒီမှာအလုပ်ဆင်းရင် ဘာနဲ့လာမှာလဲ . . .”

“မြိုင်ဘီးနဲ့ . . .”

“အိုကေ . . . ကောင်းပြီ၊ ခရီးစရိတ် သက်သာတယ်၊ နေ့လယ်စာ ထမင်းကျွေးအပ္ပါအဝင် တစ်လငါးထောင် အပြီးအပြတ် ဘာBONUSမှ မပေးနိုင်ဘူး . . . ကျေနပ်သလား . . .”



ကောင်ကလေးက ရှုံ့မဲ့၍ ထောက်ခံပါသည်။

“ကျေနပ်ပါတယ် . . .”

“မင်း တပုန်းဗုန်း ကျနေတဲ့ စာမေးပွဲ အောင်သွားခဲ့ရင်တော့ တစ်မျိုးတစ်ဖုံ စဉ်းစားပေးမယ် . . .”

“ကျွန်တော့်မှာ အဲဒီမျှော်လင့်ချက်တော့ သိပ်မရှိဘူး ခင်ဗျ”

“အေးလေ . . . ဒါဆိုရင်လည်း ပြီးရောပေါ့”

www.burmeseclassic.com

www.burmeseclassic.com

**DREAM MAKER**၏ မူပိုင်ဒီဇိုင်းနာ ပွင့်ယုဇာ တစ်ယောက် ရုပ်ရည်သန့်ပြန့် ငယ်ရွယ်သော မန်နေဂျာလေး တစ်ယောက် ရရှိသွားခြင်းဟာ သူမရဲ့အနာဂါတ်စီးပွားရေး နယ်ပယ်ကို ပိုမိုပီပြင်သွားစေဖို့ အခွင့်အရေးတစ်ခု ရရှိသွားသ လိုပါပဲ . . .။

သူရောက်လာပြီး သိပ်မကြာခင် ဆိုင်ကိုလာရောက်အားပေးနေကြသော စပ်စလူးအင်အားစုတလေးက တစ်စတစ်စ များပြားလာပါသည်။

သိပ်မကြာခင် ဖွတ်ချက်ဖွတ်ချက်အဆင့်ထဲက**DX SALOON** (ခ)နံပါတ် အဖြူရောင်ကားတစ်စီးကို ခဲ့ဒိုင်ရှိုး သမားတစ်ယောက်ဆီက ဈေးချိုချိုနှင့် အချဉ်သိပ် ဝယ်ယူ နိုင်လိုက်ပြန်ပါသည်။

"သိပ်မကြာမီ ကမ္ဘာကြီးကိုပါ ဈေးချိုချိုနဲ့ ဝယ်နိုင်အောင် ကြိုးစားပြလိုက်ဦးမယ် . . ."



ဘော့စ်၏ ဝင့်ထည်မှုကို မန်နေဂျာတွတ်နီကလေးက တလိမ့်နေအောင်ရယ်ချင်ပေမယ့် လျှာကိုသွားနှင့်ကိုက်ပြီးသာ စိတ်ဖြေ လိုက်ရသည်။

တကယ်တော့ ကမ္ဘာကြီးကို ဈေးချိုချိုနှင့် ဝယ်နိုင်ဖို့ မပြောနှင့် . . .၊ဝယ်ထားသော (ခ)နံပါတ်**DX SALOON** ကားကလေးကိုပင် စက်နိုးအောင် အနိုင်နိုင်လုပ်ယူရလေသည်။

သူမ ကားကလေးက များသောအားဖြင့် သော့လှည့်နှိုး၍ နိုးသည့်အတန်းအစားထဲက မဟုတ်။ အားနှင့်အင်နှင့် ကားနောက်ကနေ 'ညာ'သံပေးပြီး တွန်းနှိုးပါမှ နိုးသည့် အတန်းအစားမျိုး။

မန်နေဂျာတွတ်နီ၏ အလုပ်တွင် 'ကား'တွန်းပေးရခြင်း အစ်ခုလည်း တစ်ခန်းတစ်ဂဏ္ဍ ပါဝင်လေသည်။

"ကဲ . . . တွတ်နီရေ . . . တို့ အပြင်သွားစရာ ရှိသေးတယ် . . . ထုံးစံအတိုင်း တွန်းစတက် ပေ့ . . ."

"ခင်ဗျာ . . . ကျွန်တော့်အလုပ်ထဲမှာ အဲဒါကောပါတယ်"

"လာပါကွာ . . . တို့ကားက အပျိုကြီး ထင်ပါရဲ့၊ မင်းတို့ကလေးတွေရဲ့ တွန်းတာကို သိပ်ခံယူချင်တာ . . ."

တွတ်နီက သူမရဲ့ အကွတ်ဈေး၊ ထောင့်စေ့ စေခိုင်းမှုများကို ခွန်တရာ အံ့အားသင့်နေလေသည်။

"အေး . . . မင်းက ရိုးရိုးမန်နေဂျာ မဟုတ်ဘူးကွပေါ့ အဆင့် မြင့်မြင့်ထဲက အထွေထွေမန်နေဂျာ၊ စီမံခန့်ခွဲမှုသင်တန်းကို စုန်းပုန်း ကျထားတာတောင် ထိုက်တန်တဲ့ရာထူး တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com




**DREAM MAKER** ကခန့်အပ်ထားတာဆိုတော့ သိပ်ကိန်းကြီးကန်းကြီးဆန်ဆန်တော့နေလို့မရဘူး ငါ့ဆယ်ရေ...၊ *COME ON*...ဟန်နီ...'

တွတ်နီနှင့် မင်းယုဒါတို့က ရွှဲရွှဲမဲ့မဲ့နှင့် သူမ မြို့ထဲသွားကာနီးတိုင်း 'ကား'တွန်းပေးရလေသည်။

သူမ၏ **DX SALOON** ကားကလေးမှာ အလွန်တရာ ရယ်ချင်စရာကောင်းလောက်အောင် ကားတွန်းပေးရသူ နှစ်ယောက်ရဲ့ မျက်နှာကိုမှမထောက် အိတ်ဇောပိုက်မှ မီးခိုးညစ်ညစ် အထွေးလိုက်ကြီးကိုလည်း အဟွတ် အဟွတ် မမြည်ရုံတမယ် ထုတ်ပေးခဲ့သေးပါသေးတယ်။

သူမသည် သူမကားမောင်းတတ်သွားသည့် အကြောင်းကိုလည်း ပတ်ဝန်းကျင်အား အထူးတလည် ပြောကြားတတ်ပါသေး၏။

"တကယ်တော့ အခုလို ကားမောင်းတတ်သွားတာ ကျွန်မအတွက် လူရယ်ချင်စရာကြီးပေါ့ကွယ်...၊ထွေထွေ ထူးထူးတော့ အမောင်းမသင်လိုက်ရပါဘူး။ကီယာ ဝမ်း၊တူး၊သရီး ပိုင်တာနဲ့ လီဗာ ဘရိတ် ချိန်ဆတတ်တယ်ဆိုရင်ပဲ မြို့ထဲက ဆူးလေဘုရားအဝိုင်းကြီးကို မေတ္တာသုတ်ရွတ်ပြီး ကိုးပတ် ပတ်မောင်းလိုက်တယ်လေ...၊ ကိုးပတ်ရဲ့ အဓိပ္ပါယ်ကတော့ ဂုဏ်တော်ကိုးပါးပေါ့ အဲဒီနောက်ပိုင်း ကျွန်မကားမောင်း တတ်သွားတာပါပဲ ..."



www.burmeseclassic.com

"ဘုရားရေ . . . ဘယ်လိုပုဂ္ဂိုလ်မျိုးများ ဆင်းလာမှာ လိမ့် . . ."

**DREAM MAKER**ရှေ့သို့ သိန်းရာချီပြီး တန်ဖိုးရှိသော အဖြူရောင် လန်ခရူဆာ၊ **4.2 D**အင်ဂျင်အမျိုးအစား၊ မော်ဒယ် ကိုးဆယ့်ကိုး၊ ဥခန်ပါတ်နှင့် ကားကြီးတစ်စီး ဆိုက်ရောက် နေလေ သုံးမိနစ်တိတိ အထဲမှ တစ်စုံတစ်ရာ လှုပ်ရှားမ လာသေးသ ပွင့်ယုဇာတို့အဖွဲ့ ရှစိရှစိ ဖြစ်နေကြလေပြီ။

"ဒါ . . . ကျွန်တော်တို့ကို ရန်စ စိန်ခေါ်ဖို့ ကြိုးစား လေသလား မသိဘူး ဘော့စ် . . ."

"အတွေးအခေါ် အားကလည်း ညှံ့ဖျင်းလိုက်တာ ဆို ဟယ်၊ ငြိမ်ငြိမ်နေစမ်းပါ . . . မင်းစိမံခန့်ခွဲမေးခွန်းတွေ မဖြေ နေတာ အတွေးအခေါ် အား ညံ့ဖျင်းလို့လည်း ဖြစ်ကောင်း ဖြစ်

ပွင့်ယုဇာကတော့ မန်နေဂျာကလေးကို မဆီမဆိုင် အပြစ်ဖို့လေသည်။

**DREAM MAKER**ထဲမှ ဝန်ထမ်းအားလုံးကတော့ ဆိုင် တည့်တည့်၌ မလှုပ်မယှက် ရှိနေသော လန်ခရူဆာ ကားကြီး



စိတ်ဝင်စားနေကြလေသည်။

"ဟော . . . ဟော . . . တံခါးပွင့်လာပြီ . . ."

ဒရိုင်ဘာနေရာမှ တံခါးပွင့်လာလေတော့ သူတို့တစ်တွေ ချက်လုံးပြူးကုန်ကြ၏။

"ဗုဒ္ဓေါရေ . . ."

အလွန်တရာ ထွားကျိုင်းသန်မာကာ ခတ်ထန်မာကျော သော မျက်နှာပေးနှင့် ယောက်ျားလျာကြီး တစ်ယောက် . . .။

"ဘုရား . . . ဘုရား . . . ဗုံမဟုတ် ပတ်မဟုတ်ကြီး"

"ဟော့ . . . ဟော့ . . . တွတ်နီ . . . သူချုပ်ဖို့ အကျီလာ အပ်တယ်ဆိုရင်တော့ သူ့ကိုယ်တိုင်းကို မင်းပဲ တိုင်းရမှာနော်"

တွတ်နီခမျာ အကျပ်ရိုက်နေရှာသည်။

ထို့နောက် ရှေ့ခန်းတံခါးပွင့်လာလေတော့ သူတို့တစ် တွေ ချက်လုံးပြူးကုန်ကြ၏။

"ဘုရား . . . !"

ပွင့်ယုဇာနှင့် တွတ်နီတို့ ထပ်မံမျက်လုံးပြူးကုန်ကြပြန်သည်။

စောစောက သန်မာထွားကျိုင်း ယောက်ျားလျာကြီးနဲ့ ညီ အစ်ကို အဲ . . . ညီအစ်မတော်သည်ဟု တပ်အပ်စွပ်စွဲလို့ ရလောက် သည့် ရုပ်ချင်း၊ အရုပ်အမောင်း၊ ဘော်ဒီဝိတ်ချင်း တူသည့် နောက်ထပ် ယောက်ျားလျာကြီးတစ်ယောက် . . .။

"ဘော့စ်ရေ . . . အခုထိတော့ နောက်တံခါး ပွင့်မလာ

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ ကြည့်ရတာ ကျွန်တော်တို့ DREAM MAKERကို ကမ္ဘာကျော်လက်ဝှေ့ချန်ပီယံ မိုက်တိုက်ဆန် အတွင်းခံဘောင်းဘီချုပ်ဖို့ ဒီဇိုင်းဆွဲခိုင်းတော့မယ်နဲ့ တူတယ် ”

တွတ်နီ၏ ထင်မြင်ချက်ကို မင်းယုဒါက ထပ်မံဖြည့်စွက်ပြန်ပါသည်။

“ငါ့အနေနဲ့ကတော့ ကက်ရှ်မီးယား ပျောက်ကြားတပ်ဖွဲ့ ယူနီဖောင်း အသစ်ပြုပြင်ဖို့ ဗိုလ်ချုပ်ကိုယ်တိုင် တို့မမဆီကို လာတွေ့တယ် ထင်တာပဲ . . .”

ဂျင်ဟမ်းကလည်း ဒါမျိုးဆို ငြိမ်ငြိမ်မနေနိုင်ပါ။

“ဟဲ့ . . . သေနာလေးတွေ တိတ်တိတ်နေကြစမ်း . . . နင်တို့မြှောက်ပင့်မပေးခင်ကတည်းက ငါ့ဘဝင်က မြင့်နေပြီးသား။ အချင်းချင်းတွေ အထူးတလည် ချီးမွမ်းခန်း ဖွင့်မနေကြနဲ့၊ ဟိုမှာ နောက်တံခါးကို ယောကျ်ားလျာကြီးတစ်ယောက် ဖွင့်ပေးနေပြီ . .”

ချွန်မြမြည့် ဖန်ဒေါက်ချွန် လေဗီရှူးတစ်စုံက အနေ့းဟန်နှင့်ကတ္တရာလမ်းမပေါ် ကျရောက်လာသည်။

“ကျွန်တော် ‘စင်ဒရဲလား’ကို သတိရလိုက်တာဗျာ . . .”

“ဟိတ်ကောင် . . . ရမ်း အမွှန်းတင်မနေနဲ့၊ စင်ဒရဲလား မဟုတ်ဘူးကွ၊ အဘွားကြီး . . . အဘွားကြီး . . .”

ဂျင်ဟမ်းပြောတာ မှန်သည်။

အဘွားကြီးတော့ အဘွားကြီးပါပဲ . . . ။



သို့သော် မြီးကောင်ပေါက် ရွစိရွစိ စပ်စလူးလေးများ ထိုင်ငိုရလောက်အောင် ရှိုးထုတ်ထားသော အဘွားကြီး ဖြစ်နေသည်။

V Shapeခပ်ပျော့ပျော့ ပိုးအိသား အဖြူရောင် လက်ရှည်အင်္ကျီကို ဒူးမဖုံးတဖုံး စကာဒ်အဖြူနှင့် တွဲဖက်ဝတ် ဆင်ကာ ရောမစကောလောက်ရှိသည့် ကိုင်းအဖြူရောင်နေကာ မျက်မှန်နှင့် အဘွားကြီးတစ်ဦး . . . ။

“လာနေပြီကွ . . . တို့ဆိုင်ထဲကို . . . တန်းနေတာပဲ . .”

“မုန့်လေပွေ ဆံပင်ကောက် အဲလေစပရိန်ဆံပင် ကောက်ပွပွကြီးကလည်း လေထဲမှာ DISCO DANCEကနေတဲ့ အတိုင်းပဲ”

“သူ့လည်ပင်းက စိန်လော့ကတ်ကြီးက သားတို့ငယ်ငယ်တုန်းက ထုနေကျ ပေသီးထက်ကြီးမယ်ထင်တယ်နော် မမယုဇာ”

“ငြိမ်ငြိမ်နေကြစမ်း . . . အဲဒါ မင်းတို့ပါးစပ်ကို ထမင်းခွံ့မယ့် ကျေးဇူးရှင်ပဲ . . .”

ပွင့်ယုဇာ၊မင်းယုဒါ၊ဂျင်ဟမ်းနှင့်တွတ်နီတို့က DREAM MAKER ၏ CUSTOMERတစ်ယောက်အပေါ် လေးစားသမှုနှင့် ဆိုင်ရာမှ ထ,ကာ ခရီးဦးကြိုဆိုကြလေသည်။

“မင်္ဂလာပါ အန်တီ . . . အဲ မမ . . . ဘာများ ကူညီပေးရမှာပါလဲ . . .”

သူမက အပြုံးတစ်ခုကို တွန့်တွန့်တိုတို ပြုံးရင်း ကောဝိုင်း

www.burmeseclassic.com



မျက်မှန်ကြီးကို ချွတ်ကာ . . .

“အကျီ အစ်ချင်တယ် . . .”

လေသံက မပွင့်တပွင့် . . .၊ နောက်ခပ်မာမာ။

“ဟုတ်ကဲ့ . . . ရပါတယ်”

“မနက်ဖြန် ဆယ်နာရီတိတိကို လိုချင်တယ် . . .”

သူမစကားကြောင့် ပွင့်ယုဇာ မချိမချဉ် ဖြစ်သွား ရပါသည်။

ဒုက္ခပါပဲ . . .။ ဘယ်လိုပုံစံ၊ ဘယ်လို ပိတ်စဆိုတာ ဘာမှ မညှိနှိုင်း မတိုင်ပင်တော့ဘဲ လုံးဝမလျှော့နိုင်ဘူး ဆိုသည့်အနေနှင့် စတင်လာသူ။

“ပိတ်စကို အရင်ပြပြီး ဒီဇိုင်းအတွက် ပထမဆုံး ဆွေးနွေး ရပါတယ်ရှင်၊ ပြီးတော့မှ ချုပ်ခ ညှိရပါတယ်၊ နောက်မှ ရက်ချိန်း တောင်းယူရပါတယ်”

“ကဲ . . . ဇင်ရှိရေ . . . ပြလိုက် ဇာစ . . .”

ဇင်ရှိဆိုသူ ယောကျာ်းလျာမကြီးဆီမှ ပိတ်စထုပ်ကို ဖြည် ဖြန့်ကြည့်မိတော့ . . .။

ဘုရား . . . ဘုရား . . .။

ကျွန်မ အလွန်တရာ သွေးတက်မိသွားတယ်။

တစ်ကိုက်ကို ဘယ်နှစ်သောင်းလောက်များ ပေးဝယ် ထား ရသည့် ဇာစတစ်စမှန်း မသိ။ လှလိုက်တာဆိုတာလွန်ရော။

ခရမ်းရွှေရောင် အခက်အနွယ် ဇကာကွက်ကလေး ထဲဝယ်



ပိုးချည်အမည်းနှင့် ရက်ထားသည့် သစ်ရွက်ကလေးများ နှင့် စိန်ပွင့် ကလေးများ မစိပ်မကျဲ မြှုပ်ထားသော ပန်းပွင့်သ ဏ္ဍာန်ကလေးများ ကို လှပစွာ ယက်လုပ်ထားသော လက်ရာ ကောင်း ဇာစတစ်စ . . .။

နောက်တစ်စကတော့ ခရမ်းရေစ့ရောင် ပိုးသားပြောင် တစ်စ။

“ကဲ . . . မင်းက နာမည်ကျော်ဒီဇိုင်းနာတစ်ယောက်ဆို တော့ တို့ ဒီဆိုင်ကိုပဲ နောက်တစ်ခေါက် ထပ်လာချင်အောင် ဟောဒီ ပိုးဇာနဲ့ ဇာစကို ဘယ်လိုပုံဖော်ပေးမလဲ . . .”

အဘွားကြီးရဲ့ အချိုးအဆစ်မကျတဲ့ မေးဟန်ကြောင့် ပွင့် ယုဇာရင်ထဲမှာ မာန်မာနကလေး မသိမသာ ထွက်လာသည်။စကား မပြောတတ်တာပဲလား။ ပညာစမ်းတာပဲလား မသိ။

ကျွန်မအနေနဲ့တော့ ဒီလိုအမျိုးသမီးကို တတ်ထားတဲ့ ပညာစုံကို အစွမ်းကုန် အသုံးချပြမှ ဖြစ်တော့မယ့် အနေအထားမှာ ရှိနေလေပြီ။

“အန်တီက အဲ . . . မမက ပွဲထိုင်ဝတ်မယ့် ဝတ်စုံမျိုး ချုပ် ချင်တာလား”

“အင်း . . .”

ပွင့်ယုဇာ တံထွေးတစ်ချက်ကို ‘ဂလု’ခနဲ မျိုချလိုက်ရင်း ကိုယ်အတိုင်းအထွာစာအုပ်နှင့် ဘောလ်ပင်ကိုယူပြီး အမျိုးသမီးကို

www.burmeseclassic.com



ခြေစွန်းခေါင်းစွန်း ကြည့်လိုက်ကာ။

"ပွဲထိုင်ဝတ်စုံက အမျိုးမျိုးရှိပါတယ် မမ၊ ယူရိုပီယန် စတိုင်လ် ချုပ်မှာလား၊ အိုး(စ်) စတန်း စတိုင်လ် ချုပ်မှာလား . ."

"မင်းစိတ်ကြိုက် ပုံဖော်ကြည့်ဦးလေကွယ် . . ."

ကောင်းပြီလေ။

ဒီလောက်ပညာစမ်းနေမှတော့ ပညာအစွမ်းကုန် ထုတ်ပြကြတာပေါ့။

ပွင့်ယုဇာက ထိုအမျိုးသမီးကို ခြေစွန်းခေါင်းစွန်း တစ်ချက်ကြည့်ရင်း . . .၊

"အင်း . . . မမရုပ်ရည်အနေအထားက အီတလီ မင်းသမီးဆိုဖီယာလောရင့်နဲ့ ခပ်ဆင်ဆင်ဆိုတော့ . . ."

စကားစကို ခဏဖြတ်ရင်း အဘွားကြီးကိုကြည့်တော့ အတော့်ကို နှစ်ခြိုက်သဘောကျသွားသည့်ပုံ ။

"ယူရိုပီယန် စတိုင်လ်(**European Style**)ပဲ ချုပ် ပေးမယ်၊ ရင်ညွှန့်နဲ့ လည်တိုင်ရဲ့အလှကို ရနိုင်သမျှ ဖော်ကျူးမယ်၊ လက်အရှည် ကတော့ တစ်တောင်ဆစ်နားပေါ့၊ ဇာစကို ရင်ညွှန့်နား မရောက်တရောက်မှာ ပိုးသားနဲ့ စပ်ချုပ်မယ်၊ ပွဲထိုင် ဝတ်မှာဆိုတော့ ဂါဝန်ရဲ့အရှည်ကတော့ မြေကြီးမှာပုံကျ နေတဲ့အထိပေါ့၊ ဇာစနဲ့ ပိုးစပ်တဲ့နေရာမှာ ပိုးနှင်းဆီပွင့်ကလေးတွေ တပ်ပေးမယ် . . . ဟောဒီလိုလေ . . . မမရဲ့ . . ."



စာရွက်အလွတ်မှာ အကျႌဒီဇိုင်းပုံစံကို လျှင်မြန်စွာ ချ ဆွဲပြလိုက်တော့ အဘွားကြီး အကျကြီးကျသွားလေသည်။

"ပြတဲ့အတိုင်းကော ထွက်ပါ့မလားကွယ် . . ."

"မထွက်ရင် ချုပ်ခပေးစရာ မလိုဘူး မမ . . ."

"ကောင်းပြီလေ . . .၊ချုပ်ခကတော့ လုံးဝ မတွန့်တိုဘူး၊ တစ်ခါတည်း ချေခဲ့မယ်၊ ပိတ်စကိုတော့ ဈေးကြီးလွန်းလို့ တန်ဖိုးထားပြီး ကိုင်တွယ်စေချင်တယ် ကလေးရဲ့၊ ဇာစက တစ်ကိုက်ကိုနှစ်သောင်းခွဲနဲ့ ပိုးစက တစ်ကိုက်ကို တစ်သောင်း ရှစ်ထောင်နဲ့နှစ်ကိုက်ဆိုတော့ အားလုံးခြောက်သောင်း တစ်ထောင်ဖိုး၊ အထဲမှာ ဘောက်ချာတောင် ရှိဦးမယ် ထင်တယ်"

ဟုတ်ပါသည်။ သူမပြောသလိုပင် အကျႌစနှင့်အတူ ပါလာသော ဘောက်ချာကို တစ်ချက်ကြည့်မိတော့ စုစုပေါင်း တန်ဖိုးမှာ ခြောက်သောင်းတစ်ထောင်မို့ ပွင့်ယုဇာ မျက်လုံးနည်း နည်းပြူးချင်နေလေပြီ။

"မနက်ဖြန် ဆယ်နာရီကော ရနိုင်ပါ့မလား . . ."

ကဲ . . . သူမရဲ့မေးဟန်က ကျွန်မရဲ့ နိုင်ငံခြားဖြန် ဒီဇိုင်းနာတစ်ယောက်ရဲ့ ပညာကို စိန်ခေါ်သလို ဖြစ်မနေပေဘူးလား။

"အစွမ်းကုန် ကြိုးစားကြည့်ရမှာပေါ့"

"မင်းရဲ့ ဒီဇိုင်းခနဲ့ ချုပ်ခကရော . . ."

"ဒီဇိုင်းခကော ချုပ်ခကော အမြန်ကြေးနှုန်းထားနဲ့ ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း လက်ခ နှစ်သောင်း "

မင်းယုဒါက သူ့မမစကားကြောင့် ဟန်မဆောင်နိုင်လောက်အောင် မျက်လုံးမျက်ဆံပြူးသွားတာမို့ ပွင့်ယုဇာမောင်လေး ခြေထောက်ကို 'ခွပ်'ခနဲ တက်နင်းပြီး ကြွေဆယ်ခိုင်း ရလေသည်။

ထိုအမျိုးသမီးကတော့ ရှစ်သောင်းတစ်ထောင်တန် ဂါဝန်ကြီးအတွက် နည်းနည်းလေးမှ မဖြုံဘဲ ချုပ်ခနှစ်သောင်းကို 'ဘတ်'ခနဲ ထုတ်ပေးပါသည်။

ပွင့်ယုဇာက အချက်ပေးလိုက်တယ်ဆိုရင်ပဲ မန်နေဂျာတွတ်နီက ငွေကို ရေတွက်ကာ လက်ခံဖြတ်ပိုင်းရေးပေးပါ၏။

"'ကိုယ်တိုင်းထွာ'ယူမယ်နော်၊ခပ်မတ်မတ်ကလေး ရပ်ပေးပါ . . ."

နဂိုကတည်းက မာန်မာနနှင့် မတ်နေသော အမျိုးသမီးမှာ ယုဇာစကားကို ကြားတော့ ပို၍ပို၍ တောင့်တောင့် မတ်မတ်ကြီး ဖြစ်သွားပြန်ပါသည်။

ရယ်ချင်လိုက်တာကွယ် . . .

"မင်းက စင်တီချုပ်လား၊ လက်မချုပ်လား . . . ."

"ပေးထားတဲ့ အခကြေးငွေနဲ့ ထိုက်တန်အောင် . . . စင်တီချုပ်ပေးပေးမှာပါ"

"တို့က Fitting လိုချင်တာနော် . . ."

"စိတ်ချပါ . . ."

ရင်ညွှန့်နှင့် ခါးကို တိုင်းသောအခါ Fitting ဖြစ်စေရန်မေ



ကြိုးကို ခပ်ကျပ်ကျပ်ကလေး ဆွဲတိုင်းလေတော့ အဘွားကြီးက 'အင့် . . .'ခနဲ ဖြစ်သွားလေရာ နောက်တော်ပါး ဘော်ဒီဂတ်ကြီးက ပွင့်ယုဇာအနား တိုးကပ်လာလေသည်။

"နင်ဂျာ . . ."

ဒါကို အဘွားကြီးက ရိပ်မိပြီး မျက်ရိပ်မျက်ကဲ တစ်ချက်ပြလိုက်လေမှ နင်ဂျာဆိုသူ ဘောဒီဂတ်ကြီးက နောက်သို့ ပြန်ဆုတ် သွားလေသည်။

မန်နေဂျာ တွတ်နီ၊မော်ဒယ်လ်ဘွိုင်းဂျင်ဟာမ်း၊မောင်လေး မင်းယုဒါတို့မှာ အသက်ပင်ရဲရဲ အရှူရဲကြ။

ပွင့်ယုဇာကတော့ ဒေါကန်လာလေပြီ။

ဘယ့်နှယ် . . . ဘယ့်နှယ် . . . တစ်ခါမှ မကြုံဖူးပေါင်။

ချုပ်ခနဲ့ ဒီဇိုင်းခကလေး နှစ်သောင်းရဖို့ လူကိုများ ထိုးချင်၊ ကြိတ်ချင်သေးသလား ပသိ။

ဂါဝန်၏ အရှည်ကို အတိုင်းယူသောအခါ ကျွန်မအတွက် ထိုသူဌေးမကြီးကို ပညာပြဖို့ အကြောင်းဖန်လာလေတော့သည်။

ရပ်နေသော သူမခြေထောက်နား ဘေးတစ်ဖောင်း ငုတ်တုတ်ထိုင်လိုက်ကာ ခါးမှတဆင့် ပေကြိုးကို ခပ်ဖြောင့်ဖြောင့် ဆန့်ထား ပြီး သူမခြေကျင်းဝတ်နားသို့ ပေကြိုးနှင့်ထိကာ ညာလက်ညှိုးကလက်သည်းချွန်မြမြနှင့် သူမခြေကျင်းဝတ်ကို ခပ်နာနာကလေး ထိုး ထည့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနားလောက်လား မမ . . ."

အဘွားကြီးက လက်သည်းချွန်ချွန်နဲ့ အထိုးခံလိုက်ရတာကို မတော်တဆမှုဟု သဘောထား၍လား မပြောတတ်။ နည်းနည်းကလေး ခံရခက်သောဝေဒနာကို မသိဟန်ဆောင်ရင်း . . .

"နည်းနည်း ရှည်ဦး . . . ."

"ဒီလောက်ကလေးလား မမ . . ."

သို့နှင့် ခြေမျက်စိထဲသို့ လက်သည်းချွန်ချွန်နှင့် ထိုးပစ်လိုက်ရာ . . .။

"ဟော့ . . . မင်းပဲ ဂါဝန်အရှည်ကိုမြေပေါ်ပုံအောင် ချုပ်မှာဆို . . .၊ အဲဒါ အတိုင်းလိုလို့လား . . ."

"လိုပါတယ် . . .၊မမ နှစ်သက်တဲ့နေရာအထိ ထိန်းထားပြီး မြေပေါ်ပုံတဲ့ အဆင့်ကျမှ ပိတ်စကို'လွှတ်'ပေးမလို့ . . ."

"အေးလေ . . . ကောင်းပြီ . . . အဲဒီအထိပဲ . . ."

"သြော် . . . ဟုတ်ပြီ . . . ဟုတ်ပြီ . . . ဒီလောက်အထိ"

ခုနက ခိုးလို့ခုလုဖြစ်နေသော ဒေါသများ ပြေပျောက်စေရန် ထပ်မံ၍ လက်သည်းချွန်ချွန်နှင့် စောစောကနေရာကို ထိုးစိုက်ပြီးမှ ပွင့်ယုဇာ ကောင်းကောင်းကျေနပ်သွားပါသည်။

ကဲ . . . ဒီလောက် အထက်စီးကနေ ဆက်ဆံချင်တဲ့ သူဌေးမကြီးရဲ့ ခြေထောက်မှာ ယုဇာလက်သည်းရာ သုံးခု ထင်ကျန်ခဲ့ပြီ . . .။ဘာတတ်နိုင်သေးလဲ ။





တွတ်နီက ဘောက်ချာစာအုပ်ဖွင့်ကာ သူဌေးမကြီး၏ နာမည်မေးပါ၏။

"ဒေါ်ဆွေဇင်ဝင့်မာန် . . ."

"နေရပ်လိပ်စာ . . ."

" **Lavander**ကုန်တိုက် . . .၊ရှစ်မိုင်လမ်းဆုံအနီး . . ."

ဗုဒ္ဓေါ . . . ဘုရားရေ . . .။ လက်စသတ်တော့ ကုန်တိုက်သူဌေးမကြီးပါလား ။

**Dream Maker**အဖွဲ့ဝင်များ၏ မျက်နှာများမှာ ပို၍ ပို၍ သေးငယ်ကုန်ကြသည်။

"ရပါပြီ . . . မမ . . ."

"ဖြစ်နိုင်ရင် မနက်ဖြန် ဆယ်နာရီကို မင်းကိုယ်တိုင် တို့ကုန်တိုက်အထိ အကျီလာပေးလို့ ရမလား မိန်းကလေး၊ တို့ ဒီကို လာဖို့ မအားဘူး "

"ရပါတယ် . . .၊ရပါတယ် . . .၊လာပို့ပေးပါ့မယ် မမ"

"အချိန်ကတော့ အတိအကျနော်"

"စိတ်ချပါ . . ."

ဒေါ်ဆွေဇင့်ဝင့်မာန်က တစ်ချက်ကလေးမှ နှုတ်ဆက် စကားမဆိုဘဲ ဘော်ဒီဂတ်နှစ်ယောက်နှင့်အတူ ဆိုင်ထဲမှ ထွက် သွားလေတော့မှ **Dream Maker** ဒါရိုက်တာများ အားလုံး အသက်ရှူ ချောင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . ။


သိပ်မကြာခင် ပွင့်ယုဇာတို့အားလုံး သည်းထိတ် ရင်ဖို ကိစ္စလေးတစ်ခုကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရ ပြန်ပါသည်။

"ဟယ် . . . ဟိုမှာ . . . ကြည့်စမ်း . . . တို့အိမ်ကပိစိညှောင့် ကလေး မဟုတ်လား၊ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ ကားဘီးကြီးကိုသေးနဲ့ ပန်းထည့်လိုက်တာ"

တယ်ရီယာ ခွေးထီးကလေး ပိစိညှောင့် ကံကောင်းသွားသည်ဟု ဆိုရမလားမသိ။ ယောကျ်ားလျှာမကြီး ဇင်ရှို ပစ်လိုက်တဲ့ တစ်နာရီ မိုင်မြောက်ဆယ်နှုန်း ခဲတစ်လုံးကနေ ခပ်သီသီကလေး ကပ်လွတ်သွားပြန်ပါသည်။

"ဩော် . . . ကုန်တိုက်သူဌေးမကြီး ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ ဘော်ဒီဂတ်အလုပ်ထဲမှာ ကားဘီးကို သေးနဲ့လာပန်းတဲ့ ခွေးကို ခဲနဲ့ ပေါက်လွှတ်ရတဲ့ အလုပ်လည်း ပါသေးသကိုး . . ."

"ဘုရား . . . ဘုရား . . . ခွေးနဲ့တောင် ပြိုင်ကိုက်ရဲမယ့် သက်တော်စောင့်တွေပါလား မမယုဇာ. . .၊ယူလိုက်မိတဲ့ ငွေနှစ်သောင်းကို ပြန်အမ်းပြီး မချုပ်နိုင်ကြောင်း ငြင်းလွှတ်လိုက်မိရင် အကောင်းသားဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com

**Lavender**ကုန်တိုက်ကြီးရှေ့သို့ ပွင့်ယုဇာ၏ ခ နံပါတ် **DX Saloon**ကားအစုတ်ကလေး ဖွတ်ချက်ဖွတ်ချက်နှင့် ဆိုက်ရောက်လာချိန် မရှေးမနှောင်းတွင်ပဲ ၄င်းဖွတ်ချက် ဖွတ်ချက်ကလေး၏ နောက် ခပ်လှမ်းလှမ်း၌ မှန်လုံတင်ထားသော ၂ခ **Royal Saloon** နို့နှစ် ရောင်ကားကြီး ဆိုက်ရောက် လာပါသည်။

ဒီဇိုင်းနာ ပွင့်ယုဇာတစ်ယောက် ညက တစ်ညလုံး လုံး၀, လုံး၀ မအိပ်ရပါ။

ယူရိုပီယန်စတိုင်လ်ဆိုပြီး ခပ်ကဲကဲနှင့် နှစ်သောင်း တောင်းထားသော ဒေါ်ဆွေဇင်ဝင့်မာန်၏ ဂါ၀န်ရှည်ကြီးကို မျက်တောင်မခတ် အသက်မရှူဝံ့ဘဲ တစ်ညလုံး ကြိုးကြိုးစားစား ချုပ်ခဲ့ရသည်။

ချုပ်လို့ ပြီးစီးသွားတော့ လူက ချက်ချင်း မျက်လုံးများ မှေးစင်းသွားပြီး ချက်ချင်း အိပ်ပျော်သွားသည်။ နိုးတော့ တွတ်နီက ဂါ၀န်ရှည်ကြီးကို လှပစွာ ထုပ်ပိုးပေးပြီး ဖြစ်နေလေပြီ။

မန်နေဂျာတွတ်နီက လှပစွာခေါက်သိမ်းပြီး**DREAM MAKER** အိတ်ကလေးနှင့် စနစ်တကျ ထုပ်ပိုးပေးထားသော စုစုပေါင်း တန်ဖိုး



နှစ်သောင်းတစ်ထောင်တန် အကျီပါကင် ထုပ်ကိုကြည့်ရင်း ကုန်တိုက်သူဌေးမကြီးနဲ့တွေ့ဆုံရန် ယုဇာ လက်တွန့်နေမိပါသည်။

ဘုရား . . . ဘုရား . . . ကျွန်မ ဇင်ရို နင်ဂျာဆိုတဲ့ ဂန္ထဝင်သက်တော်စောင့်ကြီးတွေနဲ့ တွေ့ရဦးမှာပါလား . . . ။

ပါဝါဝင်းဒိုးမဟုတ်သော ကားပြတင်းမှန်များကို လက်ရစ်တံနှင့် လိမ်ပိန်ကွေးနေအောင် တင်ရသောအခါ ကျွန်မရဲ့ အခြေခံသူတန်းစားဘဝကို ကျွန်မ ဗျစ်တောက်ဗျစ်တောက်နှင့် အပြစ်တင်မိပါသည်။

"အမလေး . . . သောက်ကျိုးနည်း . . . မှန်တွေကနိုးရောပဲ့ပြီး ကျပ်နေတာပါလား . . . အင်း . . . အင်း . . . ဘဝ . . . ဘဝငါ့ကားနောက်က **Royal Saloon**ကြီးကတော့ သူ့မှန်ကိုသူ ခလုတ်ကလေးနှိပ်ပြီး မှန်တင်နေချိန်မှာ ငါကတော့ လက်ရစ်တံကို အီးထွက်တောတ် လှည့်နေရတယ်၊ ဆိုးရွားလိုက်တဲ့ ဘဝ . . ."

မှန်များအားလုံးတင်ကာ ကားတံခါးကို သော့ခတ်ပြီးချိန်မှာတော့ အရေးကြီးဆုံးအချက်တစ်ချက်ကို ကျွန်မသတိရသွားမိပါသည်။

"ဘုရားရေ . . . ငါ့ကားသော့ကို ငါ ကားထဲမှာထားပြီးသော့ခတ်မိပြီ . . ."

ပြဿနာပဲ။ ဘယ်လို လုပ်ကြမလဲ . . .။

ကုန်တိုက်ထဲဝင်ပြီး ဒေါ်ဆွေဇင်ဝင့်မာန်နဲ့ မတွေ့ရသေးခင် ယာဉ်ရပ်နားရာနေရာကတည်းက ပြဿနာက ထိုသို့အစကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်နှင့် စတင်လာပါပြီ။

ဘုရား . . . ဘုရား . . . ။ဒေါ်ဆွေဖင်ဝှင့်မာန်နဲ့တွေ့ရင်ကော ညက တစ်ညလုံး အိပ်ချင်မူးတူးနဲ့ ချုပ်ထားတဲ့ ဂါဝန်ရှည်ကြီးကို သဘောမှ ကျပါ့မလား . . . ။ အဆင်ပြေပါ့မလား . . . ။ ဘာပြဿနာတွေ တက်ဦးမှာလဲ။

ကဲ . . . အဲဒါတွေ အသာထားဦး။

လောလောဆယ် သော့ခတ်ပြီးဖြစ်တဲ့ ကားထဲကသော့ကို ဘယ်လို ယူကြမလဲ . . . ။

ဖင်ရှိုနင်ဂျာ ဆိုသည့် ယောကျ်ားလျာကြီးများနှင့် ထပ်မံတွေ့ဆုံရဦးမယ်ဆိုတဲ့အသိကြောင့် မနက်မိုးလင်းကတည်းက အမှားမှားအယွင်းယွင်း ဖြစ်နေမိပါသည်။

ကားသော့ကို ရယူဖို့ လေဝင်ပေါက်မှတစ်ဆင့် လက်နှိုက်ကြည့်မိပြန်တော့လည်း လက်ဖမိုးကျော်ကျော်ရောက်တော့ ဆက်ပြီးလက်ထည့်၍ မရတော့ပြန်။

ကဲ . . . ။ဒါဟာ ဒီလောက်ကြီး စိတ်ပျက်အရှုံးပေးရမယ့်ကိစ္စတော့ မဟုတ်။

ဘေးဘီ ဝဲယာကို အကဲခတ်မိလိုက်တော့ . . . ။



www.burmeseclassic.com

www.burmeseclassic.com

အဆင်သင့်လိုက်လေကွယ် . . . ။

ကျွန်မကားနောက်မှာ ရပ်ထားတဲ့ **Royal Saloon**ကား ကြီးပေါ်က လူရည်သန့်ကလေးတစ်ယောက် ဆင်းလာပြီ။

မီးခိုးနဲ့ အနက်ရောင်ပါ **Adidas** စပို့ရှပ်အင်္ကျီနဲ့ စတိုင်လ် ဘောင်းဘီအနက်ရောင် ဝတ်ဆင်ထားသူ . . . ထိုသူအား အကူ အညီတောင်းရန် ကျွန်မကြိုးစား ကြည့်မိသည်။

"ဒီမယ် . . . တစ်ဆိတ်လောက် ကူညီစမ်းပါ"

ယဉ်ကျေးသိမ်မွေ့မှုမရှိသော စကားတစ်ခွန်းကြောင့် ကန်တိုက်ပေါ်သို့ တက်လုဆဲဆဲသူ့ခြေလှမ်းများ ရပ်တန့်သွားလေသည်။

"ရှင့်ကားသော့ကို နှစ်မိနစ်လောက် ငှားချင်လို့ . . ."

"ဘာကိစ္စအတွက်လဲ . . ."

သူ၏ ဖော်ရွေသောစကားနှင့် အကြည့်နွေးနွေးတစ်ချက် က ယုဇနရင်ကို ထိတ်ခနဲ ဖြစ်ပါသည်။



"ဟို . . . ကားသော့ အထဲမှာထားပြီး သော့ခတ်မိလို့အဲဒါ ရှင့်ကားသော့ ခဏလောက် ငှားနိုင်မလားလို့လေ၊ ကျွန်မကားက ဘယ်ကားသော့နဲ့ဖြစ်ဖြစ် ဖွင့်ရတဲ့ကား ဖြစ်နေလို့ပါ"

မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် ပြုံးစိစိဖြစ်နေသောသူ့ မျက်နှာမှာ လူတစ်ဖက်သားကို တော်တန်ရုံအခက်အခဲလောက်ကိုတော့ ကူညီလိုက်ချော့ဖို့ အဆင်သင့်ရှိပေမယ့် အခုလို ကိစ္စမျိုးသူ့ရဲ့ **Royal Saloon**ကားသော့ကို နှစ်မိနစ်လောက် ကျွန်မကို ငှားဖို့ကြ တော့ နည်းနည်း တွန့်တိုနေပုံပေါ်လေသည်။

"မင်းရဲ့ အခက်အခဲကို ကူညီချင်ပါတယ်၊ ဒါပေမယ့် တခြား နည်းလမ်းနဲ့ ကြိုးစားကြည့်မယ် ဆိုရင်ကော . . ."

ကျွန်မရဲ့ **DX Saloon**ကားကလေးကို စိတ်လိုလက်ရ ခေါင်းငုံ့ကြည့်နေတုန်းက ကျွန်မ ဘယ်လိုမှ မခံစားရပါ။ အဲ . . . ကျွန်မကိုပါ စိတ်လိုလက်ရ ခြေဆုံးခေါင်းဆုံး ကြည့်လာတော့ တော် တော်အူကြောင်ကြောင် ဖြစ်သွားသည်။

"ဘယ်လို နည်းလမ်းမျိုးပါလိမ့် . . ."

ချိုင့်ခွက်အလွန်တရာပေါသော လမ်းမထက်မှ ကျွန်မပိုင် ဆိုင်တဲ့ **DX**ကားကလေး ဖွတ်ချက်ဖွတ်ချက် ခုန်ပေါက်သွားနေသလို ကျွန်မရင်အစုံမှာ တဒိန်းဒိန်း ခုန်ချင်လာသည်။

သူလည်း နည်းနည်းတော့ စိတ်လှုပ်ရှားနေပုံ ပေါ်ပါသည်။

"သော့ပြင်ကုလားကို ခေါ်လာပေးမယ်၊ ဒီတစ်ချက်တော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ကောင်းကောင်း ကူညီနိုင်တယ် . . .”

“ဟား . . . အဲဒီလောက် မကြီးကျယ်ဘူး အစ်ကိုရ . . .၊ ကားသော့ကိုသာ ခဏငှားစမ်းပါကွာ . . .၊ပျက်သွားရင် နောက်ထပ် ၂၈ RoyalSaloonကားကြီးတစ်စီးထပ်ဝယ်ပေးမယ်ဟုတ်ပြီလား၊တို့က ဒီဝိုင်းနာ ပွင့်ယုဇာ မှတ်မိပြီနော် . . . ဘယ်လို လဲ . . .”

သော့ငှားချင်လာစေရန် ဖြီးလုံးဖြန်းလုံးတွေနှင့် မူယာမာယာများလိုက်တော့ ကလေးတစ်ယောက်ရဲ့ ပြောင်မြောက်လှသော ဟာသတစ်ပုဒ်ကို ကြားလိုက်ရသူ လူကြီးတစ်ယောက်ပမာ သူ သဘောကျသွားလေသည်။

သူက ယုဇာလက်ထဲသို့ ကားသော့ကလေးတစ်ချောင်း ညင်သာစွာ ထည့်ပေးပါသည်။

အဲခြေအနေက ပြောပလောက်အောင် လွယ်ကူမှာ မဟုတ်ကြောင်းကိုတော့ ယုဇာ သိပါသည်။

လက်တစ်ဖက်က ရှစ်သောင်းတစ်ထောင်တန် အင်္ကျီပါ ကင်ထုပ်ကြီးကို ကိုင်၊ ကျန်တစ်ဖက်က သိန်းရာချီတန်သည့် ကား တစ်စီး၏ သော့တစ်ချောင်းကို ကိုင်ထားရသည့်ပြင် လူရည်သန့် ယောကျ်ားတစ်ယောက်၏ စိတ်ဝင်တစား အရေးပေးကြည့်ဟန်များ အောက်၌ ယုဇာ စည်းကမ်းချက်ကျကျ ရှိနေဖို့ဆိုတာ မလွယ်။

နောက်ပြီး သူဟာ ကျွန်မကားသော့ကို ဘယ်လိုဖွင့်မလဲ ဆိုတာပါ စိတ်ဝင်တစားရှိနေတာမို့ သူ မမြင်စေရန် ကိုယ်နှင့်ကွယ်



ကာ ကားသော့ကို ကြိုးစားလှည့်နေတုန်း . . .

“ကိုယ်နဲ့ ကွယ်စရာ မလိုဘူး၊ ကိုယ်လည်း မင်းလုပ်ရပ်ကို ကြည့်ချင်လို့ . . .”

ကဲ . . . သောက်ရှက်ကွဲရော . . .။

အမိန့်ပေးဟန်မဆန်သော ညင်သာပျော့ပျောင်းသည့် တောင်းဆိုသံထွက်လာတော့ ရှူးသလိုကြောင်သလိုနှင့်ပင် ယုဇာ ရှက်ကိုးရှက်ကန်းဖြင့် သော့ပေါက်ကို ကိုယ့်ခန္ဓာနှင့် ကွယ်ထားရာမှ လှစ်‚ဟ ပြရလေတော့သည်။

သော့ကို ဆောင့်၍တစ်မျိုး၊ ခပ်ဖွဖွ တစ်မျိုး၊ ‘ဆတ်’ခနဲ တစ်မျိုး၊ ကိုယ်ကို အနည်းငယ် နောက်ဆုတ်၍ တစ်မျိုး အမျိုးမျိုး ကြိုးစားကာ ဖွင့်နေရသည့် လူရယ်ချင်စဖွယ် ပွင့်ယုဇာ၏ အနေအထားကို သူက လက်ပိုက်ကာ တစိမ့်စိမ့်ကြည့်နေပါသည်။

“အကူအညီလိုလား”ဆိုသော မေးခွန်းမျိုးကို သူမမေးပါ။

“ဟော . . . တွေ့လား . . . ပွင့်သွားပြီ . . .”

အမလေး . . .။ ဇောချွေးကို ပြန်လို့ . . .။

သူ အလွန်သဘောကျသွားပါသည်။ ခေါင်းတဆတ်ဆတ် ညိတ်ကာ ပြုံးပါ၏။ နာမည်လည်း မပြော။ မိတ်ဆက်မှုလည်း မရှိ။

“ဟုတ်ပြီနော် . . . .”

ကားသော့ကို လက်ခံရင်း သူက ဆိုလေသည်။

“ဟုတ်ပါပြီ . . . ကျေးဇူး . . .”

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . ."

ပြဿနာ ကားသော့ကိုယူရင်း ကားတံခါးများကို ထပ်မံ Lockလုပ်ပြီး နောက်လှည့်ကြည့်တော့ သူ မရှိတော့ပါ။

နှစ်မိနစ်တာ သူ့ရဲ့ကောင်းကြီး . . .။



www.burmeseclassic.com

www.burmeseclassic.com

သက်ဆိုင်ရာ အရောင်းပြခန်းထဲမှ အရောင်းဝန်ထမ်းကလေးများ၏ ဆက်ဆံရေးက ပြေလည်သလောက် ဓာတ်လှေကားနှင့် အထပ်ပေါင်းများစွာ တက်လာပြီး နောက်ဆုံး ဒေါ်ဆွေဇင်ဝင့်မာန်နှင့် တွေ့ချင်ကြောင်း သက်ဆိုင်ရာ ဝန်ထမ်းများကို တောင်းဆိုလိုက်တော့ အစစ်အဆေး၊ အမေးအမြန်းက ထူပြောလာသည်။

"ချိန်းဆိုထားတာ ဟုတ်ပါရဲ့လား "

မေးခွန်းထဲမှာ 'ပါ'တစ်လုံး ထည့်မေးတာကြောင့်သာ အမေးစကားက သိပ်ရိုင်းစိုင်းမှု မရှိပေမယ့် ထိုစစ်ဆေးရေးဝန်ထမ်း၏ ကြည့်ပုံရှုပုံ၊ ဆက်ဆံပုံကို ကျွန်မ လုံးဝမှ နှစ်သက်မှု မရှိ။

ဒီအဘွားကြီးကိုများ မချိန်းဘဲ ဘာလို့ အားအားလျားလျား လာတွေ့နေရမှာလဲ။ ခက်တော့နေပြီ။

"အို . . . မယုံ မေးကြည့် . . . . "

သူငယ်တန်းတုန်းက ခဏ, ခဏ ပြောလေ့ရှိ၊ ရေပန်းစားသော 'မယုံမေးကြည့်၊ ဂျွန် (ဘာဆိုလား ?)ဆိုတဲ့ လေသံနဲ့ ပြန်ပြေလိုက်တော့မှ လုံခြုံရေးက မချိုမချဉ်နှင့် ဖုန်းဆက်ပေးပါသည်။



"ဒီကနေ တည့်တည့်သွား၊ ဒုတိယမြောက် လမ်းဆုံကျရင် ဘယ်ဘက်ချိုး၊ ဘော့စ်ရဲ့ ဘောဒီဂတ်နှစ်ယောက်နဲ့ အရင်တွေ့လိမ့်မယ်၊ အဲဒီကမှ တစ်ဆင့် ပြန်စုံစမ်း . . . "

"ဘုရားရေ . . . "

ဘော့စ်၏ ဘော်ဒီဂတ်နှစ်ယောက် . . . ။

အသံကြားရုံနှင့်ပင် ယုဇာ မူးဝေချင်လာသည်။ မနေ့ကခွေးသီးကလေး ပီစီညှော်င့်ကိုပင် အလွတ်မပေးလေတဲ့ သူရဲတောင်းမကြီးတွေ . . . ။

ကဲ . . . ချုပ်ခ နှစ်သောင်းကို အသာကလေးနဲ့ယူထားမှတော့ ဒီလောက် စွန့်စားရတော့မှာပေါ့။

လုံခြုံရေးညွှန်ပြသည့်အတိုင်း လမ်း၏ဒုတိယမြောက်ဘယ်ဘက်သို့ ချိုးကွေ့လိုက်တော့ မနေ့က မိတ်ဟောင်းဆွေဟောင်းကြီးများနှင့် ပြန်တွေ့ရလေသည်။

"ကျွန်မ ဒေါ်ဆွေဇင်ဝင့်မာန်နဲ့ တွေ့ချင်လို့ . . . "

ပူပူနွေးနွေး ရင်းနှီးပြီးသားကြီးတွေဖြစ်ပေမယ့်လည်း လုပ်ငန်းသဘောအရကတော့ မေးမြန်းရတော့တာပဲ။

ဗင်ရှို၊ နင်ဂျာက ခေါင်းတစ်ချက်ညိတ်ရင်း ဆဲလ်ဖုန်းနှင့် သူတို့ဘော့စ်ကို ထပ်မံ ဆက်သွယ်ပြန်၏။

ထို့နောက် သူတို့နှစ်ယောက်၏ဦးဆောင်မှုနှင့် ရုံးခန်းထဲသို့ ရောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင် . . .။ ခုနက လူ . . .။ အိုး . . . ဆိုဖာတစ်ခုတည်းမှာ အတူတူထိုင်လို့ပါလား။ ဒါဆို သူနဲ့ ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့အနေအထားက . . .။

ခက်တော့နေပြီ . . .။ကျွန်မက ဒီဇိုင်းနာတစ်ယောက်ပဲ။ မနာလိုစပ်စုဖို့ ရောက်လာတာမှ မဟုတ်ဘဲ . . .။

ဒေါ်ဆွေဇင်ဝင့်မာန်က နာရီတစ်ချက်ကြည့်ရင်း . . .

"အချိန်ကိုတော့ လေးစားသားပဲ . . ."

ယုဇာသည် ဒေါ်ဆွေဇင်ဝင့်မာန်ရှေ့၌ ဒီဇိုင်းနာတစ်ယောက်နှင့် မတူ။ အလွန်လက်ပေါက်ကပ်သည့် ကျောင်းဆရာမရှေ့၌ဆင်ခြေပေးရန် ကြိုးစားနေရသည့် အပြစ်ရှိ ကျောင်းသူတစ်ယောက်နှင့် တူနေသည်။

နောက်ပြီး ဒေါ်ဆွေဇင်ဝင့်မာန်က သူမကို ထိုင်ခွင့်မပေးပါ။

ကဲ . . . ဘယ်လိုလုပ်မလဲ . . .။တစ်ညလုံး မအိပ်ဘဲခွဲနပဲနဲ့ ချုပ်လာတဲ့ လက်ရာကို နှစ်မိနစ်တာ သူ့ရဲ့ကောင်းရှေ့မှာပဲ ဆုတ်ပြရဖို့ များနေလေပြီ။ ယုဇာနည်းနည်းတော့ ရင်ခုန်မိတာ ပါပဲကွယ် . . .။

"ညီမလေး . . . ထိုင်လေ . . ."

သူက ချိုသာစွာ ထိုင်ခွင့်ပေးပေမယ့် ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ အသိအမှတ်ပြု အမိန့်မပေးသေးဘဲ ယုဇာ မထိုင်ရဲ ။



"အို . . . နေပါ . . . ရပါတယ်၊ဂါဝန်ရှည် ချုပ်ပြီးသွားပါပြီ အန်တီ . . . အဲ မမပိုးစနဲ့ဇာစကို အတော့်ကိုသေသပ်အောင် ကြိုးစားပြီး ချုပ်ပေးထားပါတယ်၊ စိန်ပွင့်ကလေးထည့်တာက အစနှင်းဆီပွင့် ဖော်တာအဆုံး စနစ်တကျနဲ့ ညီညာတည့်မတ်အောင် တစ်ညလုံး မအိပ်ပဲ လုပ်ပေးထားပါတယ်၊ အဲ . . . နောက်တစ်ခုက . . ."

ယုဇာ စကားကို ခဏရပ်လိုက်သည်။

ဖွင့်ပြောရမှာ ရင်ဖိုစရာတော့ အကောင်းသား . . .။ညက အိပ်ချင်မူးတူးနဲ့ ချုပ်တာဆိုတော့ ဒီဇိုင်းထဲမှာ နောက်ခွဲကြောင်းအရှည်ပါတယ်ထင်ပြီး အစကို နှစ်ပိုင်းဖြတ်ပြီးကာမှ မပါကြောင်း သိရ၍ ဆင်ခြေလှလှလေးသုံးရန် စဉ်းစားရင်း . . .။

"ဟို . . . နောက်တစ်ခုက စေတနာပေါ့လေ . . . စေတနာ စေတနာ၊အန်တီရဲ့ သဘောတူထားတဲ့အချက်ထက်ကျော်ပြီး စီစဉ်ပေးထားတာကတော့ ပေါင်လည်လောက်ခွဲထားတဲ့ နောက်ခွဲကြောင်းအရှည်ကြီး ထည့်ပေးထားပါတယ်၊မမလည်းသိသားပဲနော်၊ ဥရောပမှာ ပွဲလမ်းသဘင်တက်တဲ့ အမျိုးသမီးတွေရဲ့ အဝတ်အစားတွေမှာ အဟိုက်တွေ၊ အခွဲတွေက အများသား . . ."

နှစ်မိနစ်တာ ဇာတ်လိုက်ကြီးက ယုဇာစကားကြောင့် နှုတ်ခုံးတွန့်လေ၏။

"အေးလေ . . . ဒါလည်းကောင်းတာပဲ၊ ဝတ်ကြည့်ကြသေး

www.burmeseclassic.com



တာပေါ့၊ ပြစမ်း . . . ကြည့်ရအောင် . . .”

ဒေါ်ဆွေဇင်ဝင့်မာန်က ယုဇာလက်ထဲမှ ပါကင်ထုတ်ကို ခွာနေချိန်တွင် ယုဇာတစ်ယောက် ၂၄-ပစ္စည်းကို အယောင်ယောင် အမှားအမှားနှင့် ရွတ်ဆိုနေရလေသည်။

“မဆိုးပါဘူး . . .”

ဒေါ်ဆွေဇင်ဝင့်မာန်က ခရမ်းရင့်ရောင်ဂါဝန်ရှည်ကို ကိုယ်မှာကပ်ရင်း အခန်းညာဘက်အစွန်းရှိ ကိုယ်လုံးပေါ်မှန်ချပ်ထဲသို့ ကြည့်လိုက်ချိန်မှာတော့ အလွန်တရာ ကြောက်မက်ဖွယ်ရာကိစ္စတစ် ခု ဖြစ်ခဲ့လေသည် ။

“ဟင် . . .”

“ဟာ . . .”

“အို . . .”

ဘုရားရေ . . .။ဘာတွေဖြစ်ကုန်တုန်း။ အဲဒါမှ ပြဿနာ မရှိတဲ့ သီကွာတော့ ကျပါပြီ။ တစ်ဆက်တည်းမှာပင် မန်နေကျာ တွတ်နီနဲ့ တယ်ရီယာခွေးထီးကလေး ပိစိညှောင့်ကိုပါ ဒေါသ အလုံးအရင်း ထွက်မိလာ၏။

ဒါပေမယ့် ယုဇာ နောက်ကျသွားပြီလေ . . .။ အခုတော့ **Lavander**ကုန်တိုက်ရှုံးခန်းကြီးကချက်ချင်းရန့်သွန်နယ်မြေဖြစ်သွား ပါပေါ့လား . . .။

“ကြည့်စမ်း . . . ဒါလည်း ယုရှိုပီယန် စတိုင်လ်ပဲလား။ မင်း



တာက နောက်ကို ခွဲထားတာလား၊ ဂါဝန်တစ်ထည်လုံးကို ဖြဲထား တာလား။ ငါ့ရဲ့ ရှစ်သောင်းတစ်ထောင်တန် ဂါဝန်ကြီးကို ခွေးကိုက် သွားတာလား။ကြွက်ကိုက်သွားတာလား ပြောစမ်း . . . ပြောစမ်း . .”

မှန်ပါသည်။ ဒီတစ်ခါ ဒေါ်ဆွေဇင်ဝင့်မာန် ဒေါသထွက်နေ ခြင်းမှာ သူမ အမှားမဟုတ်။

ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။ ကြက်သေသေနေလို့ လည်း မဖြစ်။

နောက်ဆုံးအကြိမ်အဖြစ် ဒေါ်ဆွေဇင်ဝင့်မာန်၏ ဂါဝန် ရှည်ကို အပြူးအပြဲ ကြည့်မိတော့ ဂါဝန်တစ်ခုလုံးကို ရစရာ မရှိ လောက်အောင် ကိုက်ဖြဲထားသော ပိစိညှောင့်၏ သွားရာများ၊

ယုဇာ ထိုင်နေရာမှ အနည်းငယ် ဆုတ်လိုက်သည်။

“ဟို . . . ဟိုအဲဒါ ပိစိညှောင့် . . . ပိစိညှောင့် ”

ဒေါ်ဆွေဇင်ဝင့်မာန်သည် အတော့်ကို စိတ်ဆိုးမာန်ဆိုးနှင့် ယုဇာအနား တိုးကပ်လာသည်။

“ဟို . . . တွတ်နီနဲ့ ပိစိညှောင့်နဲ့ . . .”

“ပြောစမ်း . . . ဘာ ပိစိညှောင့်လဲ . . . ဘာတွတ်နီလဲ . . . ဒါ င်းကြောင့်ပဲ ပွင့်ယုဇာ . . . ၊မင်းမှာ တာဝန်အပြည့်အဝ ရှိတယ်၊ . . . အခု ကိစ္စကို ဘယ်လိုဖြေရှင်းမလဲ ပြော . . .”

“ဒါ . . . ဒါ လွယ်လွယ်လေးပါ အန်တီ၊ ခု . . . ဥရောပ သမီး တော် . . . တော်များများဟာ ဒူးဖုံးစကဒ်တိုလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း . . . ဝတ် . . . ဝတ်တတ်ကြပါတယ် . . .၊ဒီ . . . ဒီ ဂါဝန် အပြကြီးကို ဒူး . . . ဒူးခေါင်းလောက်ထိ တိုပေးပြီး ပခုံးပေါ်က အပြနှစ်ခုကို ဖာ . . . ဖာပေးမယ်လေ . . .”

“ဘာ . . . ဘာပြောတယ် . . . အခုတော့ ဥရောပက အမျိုးသမီးတွေက ဒူးခေါင်းလောက်ရှိတဲ့ စကတ်တွေ ဝတ်ကုန်ပြီပေါ့ ဟုတ်လား . . .၊လျှာအရိုးမရှိတိုင်း လာပြီး ညာဖြီးတာတော့ လွန် တာပေါ့၊ ပြောစမ်း . . . မင်းကိစ္စကို ဘယ်လိုဖြေရှင်းရမလဲ”


“ဟုတ်တယ် . . . ကျွန်မ ဘယ်လိုဖြေရှင်းရမလဲ . . .”

အနောက်က နှစ်ယောက်ထိုင်ဆိုဖာပေါ်က နှစ်မိနစ်တာ သူ့ရဲ့ကောင်းကြီးထံ အားကိုးတကြီး လှမ်းကြည့်လိုက်တော့ ဖြေရှင်းရမည့် အကောင်းဆုံး လှမ်းကြည့်လိုက်တော့ နှုတ်မှ ခပ်ဖွဖွဟာကာ အကြံပေးပါသည်။

အဖြေကတော့ တစ်လုံးတည်းပါ . . .။

နောက် ခပ်တိုးတိုးလေး . . .။

“ပြေး . . .” . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com

အလွန်တရာ ထူးဆန်းပြီး ရယ်စရာကောင်းသော ကော်မလေး တစ်ယောက်ကို ပိုင်ဇေခန့် ခင်မင်သွားသည်မှာ မှန်သလို သူမလေးကို ဒုက္ခရောက်သွားမှာမျိုးလည်း မလိုလား . . .။

ကားသော့ကို ကားထဲမှာထားပြီး သော့ခတ်မိပုံ၊ ခွေးကိုထားသော ဂါဝန်ရှည်ကို နည်းနည်းလေးမှ သံသယမဖြစ်ဘဲ Customerတစ်ယောက်အားအာပေါင်အာရင်းသန်သန်ပြသပုံ၊ အူလျားဖားလျား ပြေးထွက်သွားပုံများက ပိုင်ဇေခန့်ရင်ကို တသသ ဖြစ်ကျန်ခဲ့လေ၏။

"ရှင့်ကားသော့ ပျက်သွားရင် နောက်ထပ် Royal Saloonကားသိစ်တစ်စီးထပ်ဝယ်ပေးမယ်၊ဟုတ်ပြီလား . . . တို့က စူပါဒီဗိုင်းနာ ပွင့်ယုဇာ၊ ဟုတ်ပြီနော် "

ဆောင့်ကြွားကြွားလေးပဲ . . .။ အခု သူမလေး ဒုက္ခရောက်တော့မယ် . . .။



ကားဆီကို အလွယ်တကူရောက်သွားရင်တောင် သူမကား ...တ်ချက်အစုတ်ကလေးက လွယ်လွယ်ကူကူ စက်နှိုးပါ့မလားလည်း ...သိ။

"ဗင်ရှို နင်ဂျာ အဲဒီ ဟာမကို မရရအောင် ဆွဲခေါ်လာခဲ့ ...မ်း . . ."

သူမကတော့ ထုံးစံအတိုင်း လက်စွဲတော် ဗင်ရှို နင်ဂျာနှင့် ...တိုက်ဖို့ ကြံစည်လေ၏။

"မလုပ်ပါနဲ့ မမဇင်၊ဒါ သူ့ကြောင့်တော့ ဟုတ်ဟန်မတူ ...သူ့စကားထဲမှာ ပိစိညှောင့်တို့ တွတ်နီတို့လည်း ပါသေးတယ်။ ...ာက်ပြီး သူကြောက်လို့ ထွက်ပြေးသွားတာပဲ၊အတင်းအဓမ္မ ...ဆက်ဆံပါနဲ့ဗျာ ကလေးစိတ်မပျောက်သေးတဲ့ ဟာလေးကို . . ."

ဗင်ရှိုနင်ဂျာက မည်သူ့အမိန့်ကို နာခံရမှန်းမသိဘဲ ကြောင် ...ရပ်နေကြလေသည်။ ပိုင်ဇေခန့်ဆိုသူမှာလည်း ဒေါ်ဆွေ ဇင်ဝင့်မာန် ...စ်ဖက်သတ်နှင့်တန်းတန်းစွဲ စိတ်ဝင်စားနေသည့်သူ။အထူးအခွင့် ...ရေးအပေးခံရလေသူ ။

ခန့်က နာရီကို တစ်ချက်ဝင့်ကြည့်လိုက်သည်။ အင်း . . .။ ...တ်လှေကားကို ရောက်ဖို့ပြေးရမည့်ကြာချိန်က ငါးမိနစ်။ဆယ့်တစ် ...ထပ်ကနေ မြေညီထပ်ကို ဓာတ်လှေကားရောက်မည့် အချိန်က ယေဘုယ ...မိနစ်။ ကားဆီကို ရောက်ဖို့ ကုန်တိုက်ထဲကနေ ပြတ် ပြေးနေရမှာ ...ဆယ်မိနစ်။ ဖွတ်ချက်ဖွတ်ချက်ကားကလေးကိုနှိုးဖို့ စောင့်ရမှာက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြာမှန်းလည်းမသိ။

သေချာတာတစ်ခုကတော့ ကောင်မလေး စိတ်အေးလက်အေး ပြေးနိုင်ဖို့ သူ့ အချိန်ကောင်းကောင်း ဆွဲထားနိုင်မှ ဖြစ်ပေမည်။

ဒေါ်ဆွေဇင်ဝင့်မာန်မှာ ရင်အစုံကို လက်နဲ့ ဖိရင်း . . .။

"ဘုရား ... ဘုရား . . . သင်းလုပ်တာနဲ့ ငါ စက္ကန်းအတက်(ခ်)တော့ ရတော့မယ် ထင်ပါရဲ့။ ဒါ ကလေးလား ခန့်ရယ်၊ ပြောမှ ပြောတတ်ပလေတစ်ထည်ကို ချုပ်ခ နှစ်သောင်းတောင်းတာကျတော့ရော ကလေးတောင်း တောင်းတာပဲလား "

"မမဇင်ရယ် . . . နဂိုကမှ နှလုံးရောဂါက ရှိရတဲ့အထဲကိုယ့်ရောဂါကိုယ် ပိုတိုးအောင် လုပ်သလိုတော့ ဖြစ်နေပြီ မမဇင် ဒီလောက်ကျိကျိတက်ချမ်းသာနေတာပဲ၊နှစ်သောင်းဆိုတာ ဘာရှိ မလဲ စိတ်ချမ်းချမ်းသာသာနေပါဗျာ . . ."

ပိုင်ဇေခန့်ခမျာလည်း တကယ့်ကို ဝဋ်ကြွေးတစ်ခုပမာ ဒေါ်ဆွေဇင်ဝင့်မာန်ကို သမိုင်းပေးတာဝန်အရ ချော့မော့ပြောဆိုနေရသည်။ တကယ်တော့ သူ့စိတ်တွေက သူမ အနားမှာမရှိ။ စောစောက အူလျားဖားလျားထွက်ပြေးသွားတဲ့ ကောင်မလေးနဲ့အတူပါသွားလေပြီ။

သူ . . . ဒီမနက်ခင်းမှာ တွေ့ဆုံရတဲ့ ကောင်မလေးတစ်ယောက်ကြောင့် မေမေနားချထားသည့်အတိုင်း ဒေါ်ဆွေဇင်ဝင့်မာန် ကို လက်ထပ်ဖို့လည်း မလွယ်တော့ချေ။ နဂိုကမှ သနားရုံပဲ သနား ပြီး



လက်ထပ်ဖို့ကြတော့ အင်တင်တင်ဖြစ်နေရတဲ့ကြားထဲမှာ အခုလိုမျှော်လင့်တဲ့ စိတ်ဝင်စားစရာ ကောင်မလေးနဲ့တွေ့လိုက်ရတော့ သူပိုပြီး တွေဝေသွားမိပါသည်။

ခန့်က အနားဖွာလန်ကျဲကာ စုတ်ပြဲနေသော မွှင့်ယုဇာလက်ရာ ဂါဝန်ရှည်ကြီးကို တစ်ချက်ကြည့်ရင်း . . .

"လက်ရာကလေးကတော့ အတော့်ကိုကောင်းတာပဲ၊တစ်ထည်လုံးကို ခွေးကိုက်ထားတာတော့ မဖြစ်သင့်တဲ့ ပေါ့တီးပေါ့ဆ တစ်ခုပေါ့၊သူ့ဆိုင်ကို အန်တီသိတယ် မဟုတ်လား၊အေးအေး ဆေးဆေးကျမှ အလျော်သွားတောင်းလိုက်ပေါ့ . . ."

"အို . . . မဖြစ်ဘူး ခန့်၊လုံးဝ မဖြစ်နိုင်ဘူး၊ ရှူးသလိုကြောင်သလို ကလေးလိုလို လူကြီးလိုလိုနဲ့ ဆိုင်ပါပြောင်းပြေးသွားရင် ဘယ်သိုလုပ်မလဲကွယ်၊ ကိုယ် ဒီကိစ္စကို လုံးဝ လုံးဝ ခွင့်မလွှတ်နိုင်ဘူး"

"ဖြစ်မှဖြစ်ရလေ . . . မမဇင်ရယ်၊ ဂါဝန်လေးတစ်ထည်အတွက်နဲ့များ ဆိုင်ပြောင်းပြေးရလိမ့်မယ်လို့ . . ."

"အို . . . ခန့်ကလည်းကွယ်၊ အဲဒီ ဂါဝန်လေး တစ်ထည်ဆိုတာက ချုပ်ခကော၊ ပိတ်စပါ ချေပြီးသား ခန့်ရဲ့၊စုစုပေါင်း ရှစ်သောင်းတစ်ထောင်တောင် အကုန်အကျခံထားရတာ သိရဲ့လား "

"ဒါဆိုလည်း . . ."

ပိုင်ဇေခန့်က နာရီတစ်ချက်ကြည့်ရင်း တွေးမိသည်။အင်း . . . ဒီလောက်ဆို ကောင်မလေး ကားပေါ်ပဲရောက်ပြီလား၊

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားပြီပဲလား မသိ။

သေချာတာတစ်ခုကတော့ သူ ကောင်မလေး ကောင်းစွာ ပြေးနိုင်ရန် အချိန်တော်တော်များများ ပေးလိုက်ပြီပဲ။

"သဘောပဲလေ"

ဘာမဆို ပိုင်ဖေခန့်ကိုသာ လိုက်လျောတတ်သူ ဒေါ်ဆွေဇင်ဝင့်မာန်က ဆွေ့ဆွေ့ခုန်မတတ်ပင် ပိုင်ဖေခန့်အမိန့်ကို ရလျှင်ရခြင်း . . .

"ကဲ . . . ဗင်ရှိ၊ နင်ကျာ . . . ကြားတယ် မဟုတ်လား၊ ဘာကြောင်ကြည့်နေကြတာလဲ၊မြန်မြန်လိုက်ဖမ်းကြလေ၊ မှီသေးတယ်၊ ပေကတ်ကတ်လုပ်နေရင် 'ဂုတ်'ကနေ ဆွဲခေါ်လာခဲ့၊ ကြားလား၊ မလျော်လို့ကတော့ ရဲလက်အပ်ပြီး အမှုဖွင့် တရားစွဲပြီသာမှတ်ပေတော့"

သူမ စကားကြောင့် ခန့်လန့်သွားလေသည်။

ကြည့်စမ်းပါဦး။ ဘယ်လောက်များ ငြီးငွေ့ချင်စရာကောင်းလိုက်တဲ့ အမျိုးသမီးလဲ။ မကြာခင် ပုရွက်ဆိတ်ကလေးကို လောင်ချာနဲ့ ထုတော့မယ်။

ဗစ်ဂေးဂျေ(**Vaghegg**)နဲ့**7 days**အဆီချ ပိန်ဆေးအဆီများလိမ်းကျံထား၍ အဝလွန်ကဲမှုကို မသိမသာ ထိန်းချုပ်ထားနိုင်သော ဒေါ်ဆွေဇင်ဝင့်မာန်၏ နှလုံးသားများက ပိုင်ဖေခန့်ကလွဲပြီး လူတကာကို ဆက်ဆံရာ၌ အဆီဖုံးလွန်းတယ်လို့ ပြောရတော့မလား



မသိ။

ဒေါ်သ အထွက်လွယ်၊ အပြစ်ပေးလွယ်၊စိတ်အတိုလွယ်တာ ခန့်အန်တီလေးအရွယ်နဲ့ ရွယ်တူရှိသည့် သူမကို ခန့်ဘယ်လိုများ အိမ်ထောင်လက်တွဲဖော်အဖြစ် အသိအမှတ်ပြုနိုင်မှာတဲ့လဲ။

ဒါကို မေမေ နားလည်သင့်သည်။

ဒေါ်ဆွေဇင်ဝင့်မာန်နဲ့သာ လက်ထပ်ရမယ်ဆိုရင် သူဘယ်လိုလုပ်ပြီးများ သာယာတဲ့ အိမ်ထောင်တစ်ခုကို ဖန်တီးနိုင်မတဲ့လဲ။

မိန်းမတစ်ယောက်ရဲ့ ကြီးမားသော အရိပ်အာဝါသအောက် မှာ လောင်းရိပ်မိနေတဲ့ အပင်ငယ်ငယ်ကလေးတစ်ပင် ဖြစ်ရမှာ ကို ခန့် မလိုလားပေ။

အခုတော့ အဲဒီဆန္ဒတွေဟာ စောစောက ထွက်ပြေး သွားတဲ့ မာရသွန်ချန်ပီယံ ဒီဇိုင်းနာ ပွင့်ယုဇာကြောင့် ပို၍ ပို၍ ထင်ရှားလာပါပြီ။

"ကျွန်တော် ပြန်မယ်၊ မေမေက ဆက်ဆက်မှာလိုက်ပါတယ်၊ လာဖြစ်အောင် လာခဲ့ပါတဲ့ . . ."

"အေးပါကွယ်၊ ဒို . . . ခန့်၊ နေဦးလေ . . . ပြန်တော့မလို့လား . . . ကိုယ် လိုက်ပို့ပေးမယ် . . ."

"နေပါစေ . . . မမ . . ."

"မရဘူးကွာ . . ."

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည်ထက် ပိုရှိနေ့လိုက်သဖြင့် ဒေါ်ဆွေဇင်ဝင့်မာန်ကို ကြည့်ရင်း ခန့် စိတ်ညစ်သွားလေသည်။ "ဘယ့်နှယ် . . . ဘာပုံကြီးလဲဟ၊ ဒါကြီးနဲ့ဆို၊ ဒီလိုမူပုံကြီးနဲ့ဆို သူနဲ့ တစ်သက်လုံး ဖြစ်နိုင်ပါ့မလား "ဆိုတဲ့ အငွေ့ခေါင်ခေါင်တွေ ခေါင်းထဲ စီရရီ ဝင်လာသည်အထိ။

ကဲပါလေ . . . လေးဆယ်ကျော်အချစ်တွေ နာလန်ထပြီဆိုရင် ဆယ်ကျော်သက်တွေ အရှုံးပေးလက်မြှောက်ရတယ်ဆိုတာလည်း မမေ့သင့်ဘူး မဟုတ်ပါလား ။

ဟော ကြည့် . . . ဘယ်လောက် စိတ်ရှုတ်ဖို့ ကောင်းလိုက်သလဲ။

သူမ ခန့်လက်ကို လာတွဲနေပြန်ပြီ။

လက်မို့မို့အစ်အစ်ကြီးကို ကိုင်တွဲပြီး ခတ်လှေကားထဲမှာ နှစ်ယောက်တည်း ခဏအတူရှိနေသည့် ကာလကို ခန့် အသက်အောင့်ကာ ရင်ဆိုင်လိုက်ရသည်။

မြေညီထပ်ကိုရောက်တော့ သိပ်အံ့ဩမှုမရှိပေမယ့် အမြင်တစ်မျိုးနဲ့ မျက်လုံးထောင့်ကပ်ကာ ချောင်းချောင်းကြည့်နေကြ သည့် ပန်းနုရောင်ယူနီဖောင်းနှင့် ဝန်ထမ်းများကြောင့် ခန့်ရှက်နေမိ တာလည်း အမှန်ပင်။

ကဲ . . . ကားပေါ် ရောက်တော့မယ်။ပြဿနာပဲ။ခင်ဗျား လက်ဖောင်းဖောင်း အိအိကြီးကို တစ်ဆိတ်လောက် ဖြုတ်ပါဗျာ။





ကားစက်နှိုး၍ ထွက်ခွာတော့မည့်အချိန်အထိ သူမက ခပ်လွင်လွင်အီအီကြီး စိုက်ကြည့်ကာ စကားတို့နှင့် အမျှင်တန်းနေပြန်ပါသည်။

"မင်း မေမေကို ပြောလိုက်နော်၊ ကိုယ် ဆက်ဆက်လာခဲ့မယ်လို့"

"ဟုတ်ကဲ့ . . ."

လီဗာကို ဖူး . . . ဖူးနှင့် ပုတ်နေသည့်တိုင် သူမ မှီတင်ထားတဲ့ တံတောင်ဆစ်နှစ်ဖက်က ခန့်ဘေးက ကားပြတင်းပေါက်မှ မခွာသေးချေ။

တော်တော်ဘူပိတ်တဲ့ ကာလတွေပဲ။

ခန့်စဉ်းစားလိုက်ပါပြီ။အဲဒါကတော့ သူမကို အပြတ်ငြင်းလွှတ်ဖို့ မေမေနဲ့ ဆွေးနွေးဖို့ပါပဲ။

"ပြီးရင် . . . ဘယ်တွေ ဝင်ဦးမှာလဲ . . ."

"ဒေါင်းတောင်းပေါ့၊ မြို့ထဲပေါ့ "

"ကောင်းကောင်းဂရုစိုက်မောင်းနော်၊ ကိုယ့် စိတ်မချဘူး"

ခက်တော့နေပါပေါ့လား။ ကြီးတော်ရယ်။

"ဟုတ်"

ဂလု။

"ဒီညနေကော ကိုယ့်ကို ဖုန်းဆက်ဦးမှာလား . . ."

ခန့် ပြုံး၍သာ နေနေလိုက်သည်။ ဘယ်တုန်းကများ သူ့ဆီ

www.burmeseclassic.com

www.burmeseclassic.com


ဖုန်းဆက်ဖူးတာကျလို့။ သူ့ဆီက လာသမျှဖုန်းကို အားနာပါးနာ ကိုင်နေရတာများ။

"မမဇင် ဆက်မယ်ပဲ မဟုတ်လား . . ."

"အိုး . . . ဒါပေါ့၊ ဒါပေါ့"

သူမက ရယ်မောကာ ကားပြတင်းပေါက်ပေါ် မှီတင်ထား သော လက်များကို ဖယ်ပေးလိုက်သည်။

"ဘိုင် . . . ဘိုင်"

"ဘိုင် . . . ဘိုင်"

သူ့ကားကလေးက အခုမှ Lavanderကုန်တိုက်ကြီးရှေ့မှ မောင်းနှင်ပြေးလွှားခွင့်ရလေသည်။

ရှေ့နေရာက DXစလွန်းကားစုတ်ကလေးကတော့ နေရာမှ မခွာသေး။

ဗရုတ်သုတ်ခနိုင်ကာ အူလျားဖားလျား ပြေးထွက်သွားသူ ဒီဇိုင်းနာကောင်မလေး ကိုလည်း မတွေ့ရ။

၎င်း ကားကလေးကို မှီရပ်နေသည့် ပေကပ်ကပ်မှုန်ကုပ် ကုပ် ဗင်ရှီနှင့် နင်ဂျာကို သူ တစ်ချက် ကြည့်ခဲ့ပါသေးသည်။



www.burmeseclassic.com

ခန့် တစ်စုံတစ်ရာကို သိနေသည်။

အထူးသဖြင့် ရယ်ဗလွန်က ထုတ်သည့် ရေမွှေးရနံ့များကို ခန့် ကောင်းကောင်းသိပါသည်။

ပိုပြီး သေသေချာချာ ပြောရပါလျှင်မူ ခန့်ကားထဲ၌ စောစောက ကောင်မလေး ရောက်နေကြောင်း ခန့်သိလေ၏။

လူက ပုန်းနေလို့ရပေမယ့် ရယ်ဗလွန်က ထုတ်တဲ့ **Woody** ရေမွှေးရနံ့ကလေးက သင်းနေသည်။

သူမကို စ,စတွေ့ချင်း အမှတ်တရဖြစ်စေသော အကြောင်းအချက်တွေထဲမှာ ထို **Woody** ရေမွှေးရနံ့သင်းသင်းကလေးလည်း ပါတာပဲလေ။

ဒီကောင်မလေးက တကယ့်ပဥ္စလက်ကလေးပဲ။ သူ့ကားသော့အစုတ်ကလေးနဲ့များ ခန့်ကား ဘယ်လို ဖွင့်သွားပါလိမ့်။ ဒါမှ မဟုတ် ခန့်တစ်ယောက် သော့ဝိဇ္ဇာတစ်ယောက်နဲ့ တွေ့ရလေသလား မသိ။

ခန့်ကတော့ သူမကို ဣန္ဒြေပျက်လောက်အောင် ရှာနေမှာတော့ မဟုတ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ သူမဘာသာသူမ



အလိုအလျောက် ကိုယ်ထင်ပြလာစေရန် ခန့်လုပ်တတ်လို့ပင်။

ပိုင်ဇေခန့်က အနည်းငယ် အသံမြှင့်၍ ပြောလိုက်သည်။

"ကိုယ့်ကားထဲကို ကောင်မလေးတစ်ယောက် ရောက်နေတယ်၊ ရယ်ဗလွန်ကထုတ်တဲ့ ဝူးဒီးရေမွှေးကို လွန်ခဲ့တဲ့ နာရီဝက်အလိုကမှ ဆွတ်ထားတဲ့ ကောင်မလေး"

တစ်ဆက်တည်းမှာပင် ကားနောက်ခန်းထဲမှ ခပ်အုပ်အုပ်ထွက်လာတဲ့ ခိုးခိုးခစ်ခစ်ရယ်သံလေးတစ်ခု။

အဲဒီနောက်တော့ ကားနောက်ခန်းကနေ ဂီယာဘောက်(စ်)ကို ကိုးရိုးကားယား ကျော်လွှားပြီး ကားရှေ့ခန်း ဆိုဖာပေါ်သို့ နတ်သက်ကြွေကျလာသည့် မာရသွန်နတ်သမီးလေးတစ်ပါး။

ပထမတော့ ပုန်းနေမလို့ပဲ။ သူ့ကားကိုတစ်နေရာရာမှာ ရပ်တော့မှ နောက်ခန်းတံခါးကို အသာလေးဖွင့်ပြီး ဆင်းပြေးမလို့ ကြံစည်ထားတာ . . .။

လက်စသတ်တော့ ယုဇာက 007(ဂျိမ်းစဘွန်း)နဲ့ တွေ့ရတာကိုး။

အင်း . . . ဂျိမ်းစဘွန်းကမှ **Turkish H Simmons**တံဆိပ် ဆေးရွက်ကြီးစီးကရက်ကို သောက်ပြီးမှ တရားခံကို ချင့်ချင့်ချိန်ချိန် ဖော်ထုတ်သေးတယ်။

သူကတော့ တရားခံပြေးတစ်ယောက် သူ့ကားနောက်ခန်းထဲသို့ ရောက်နေကြောင်း သက်တောင့်သက်သာ သိနေပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ပြေး"ဆိုတဲ့ အကြံဉာဏ်ကို ပေးပြီး ဗင်ရှိုနင်ဂျာကို အချိန် ဆွဲပေးထားသော ကျေးဇူးတွေသာမက၊ ကားထဲမှာပါ တစ်နေရာ စာ ခိုလှုံခွင့်ပေးထားသည်အထိ လိုက်လျောတက်သူကြီးကို ပွင့်ယုဇာ ခိုက်သွားမိသည်။

ကျွန်မကတော့ ကြုံရာမရတဲ့အဆုံး ထုံးစံအတိုင်း ဟဲ . . . ဟဲ . . . ဟဲ ရယ်ကာ သူ့ နံဘေးနားရောက်သွားပြီလေ။

"ကိုယ်သိသလောက်ကတော့ ဥရောပ ဒီဇိုင်းဆရာတွေက မင်းလောက် အပြေးသန်မယ် မထင်ဘူး . . ."

ကြည့် . . . ယုဇာကို သူ ကလိပြီ။

"ဒါက်တော့ သူတို့ အခြေအနေကောင်းနေကြသေးလို့ပါ။ ယုဇာကတော့ မတစ်ထောင်တစ်ကောင်ဖွား၊ ချန်ပီယံ ဒီဇိုင်းနာ အပြေးသမားပဲ"

သူက ကျွန်မဟာသကို နှစ်နှစ်ခြိုက်ခြိုက်ရယ်ပါသည်။

စောစောက ဖတ်ဖတ်မောအောင် ပြေးထားရတဲ့ အမော တွေဟာ သူ့ရဲ့ပြုံးရယ်နေတဲ့မျက်နှာကို မြင်လိုက်ရတော့မှ အမော ပြေသွားရခြင်းကို ယုဇာ ယောင်ပြီး ပြောမိသွားလေသည်။

"အမောကို ပြေသွားတာပဲ . . ."

"ဘယ်လို . . ."

"ဪ . . အဲကွန်းအဲကွန်းဖွင့်ထားလို့ အမောပြေသွားတာပဲလို့"

ကဲ . . . ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်တဲ့



ယုဇာ အဖြစ်လဲ။

သူက ကားမောင်းရင်းမှ ယုဇာထံ ညာလက်တစ်ချက် ဆန်းရင်း . . .

"ပိုင်ဇေခန့်"

"ပွင့်ယုဇာ"

ကျွန်မတို့နှစ်ယောက် ရိုးရှင်းစွာ မိတ်ဆက်ဖြစ်ကြသည်။

"ကိုယ်က ပြေးဆိုတဲ့ အကြံဉာဏ်ကိုပေးပြီး ဗင်ရှို နင်ဂျာ ကို ထိန်းထားပေးရုံနဲ့ မင်းကို လုံးဝပျောက်သွားပြီလို့ ထင်ထားတာ၊ ဆိုစမ်းပါဦး . . . ဘယ်လိုလုပ်ပြီး ကိုယ့်ကားထဲကို ရောက်နေတာလဲ"

"ယုဇာကားက သော့နဲ့နှိုးမှ နိုးတာမဟုတ်ဘူး၊နောက်က လူတွန်းနှိုးမှ နိုးတာ၊ဟိုအဘွားကြီးရဲ့ ဘော်ဒီဂတ်တွေကို တွန်းခိုင်း ဖို့လည်းရမှာ မဟုတ်ဘူးဆိုတော့ ကားသော့ကို အရဲစွန့်ပြီး ကိုပိုင် ဇေခန့်ရဲ့ ကားကို ဖွင့်ကြည့်လိုက်တာနဲ့ နောက်ခန်းထဲ ဝင်ပုန်းနေ လိုက်တာ . . ."

"ဘုရား . . . ဘုရား . . . တကယ် လူထူးလူဆန်းကလေးပဲ"

"ပြောရရင်တော့ အဆန်းအပြားတွေ ချည်းပါပဲ၊ကျွန်မ ကားကို ဘယ်ကားသော့မဆိုဖွင့်လို့ ရသလို ကျွန်မကားသော့က လည်း တစ်ခါတစ်လေ တချို့ကားတွေကို ဖွင့်လို့ရတယ်"

"ဒါဆို မင်းသိပ်ကံကောင်းတယ်၊ဗင်ရှိုနဲ့နင်ဂျာကမင်းတားကိုပြ ခင်းဘယ်အပေါက်က ထွက်ပြေးလာမလဲဆိုတာ စောင့်နေလေရဲ့ . . ."

www.burmeseclassic.com



"ဒါက လွယ်ပါတယ်၊ ည သန်းခေါင်လောက်ကျမှမန်နေဂျာကို ကားသော့ပေးပြီး ယူခိုင်းရတော့မှာပဲ "

"မင်းမှာ မန်နေဂျာရှိတယ် . . . ?"

သူကကျွန်မကို မလောက်လေးမလောက်စားလေးမှာ မန်နေဂျာ ရှိကောင်းရဲ့လားဆိုတဲ့အကြည့်နဲ့ မထိတရိကြည့်တာမို့ ဒေါသအစုံနဲ့ စုံပြုံပြီး . . .

"ရှိတယ် . . . ရှိတယ် . . . မန်နေဂျာရော၊ ရှယ်ယာဒါရိုက်တာတွေကော၊ဝန်ထမ်းတွေကော၊ Customer တွေကော ပြည့်ပြည့်စုံစုံပဲ၊ ဆိုင်နာမည်ကိုလည်းမှတ်ထားဦး နှယ်နှယ်ရရ မဟုတ်ဘူး DREAM MAKER တဲ့ . . . "

"အလို"

"ကိုပိုင်ဖေခန့်"

"ကိုခန့်လို့ပဲ ခေါ်ပါ"

မမျှော်လင့်ဘဲ ပြေးရင်းလွှားရင်း မိတ်ဆွေကလေးနှင့် တိုးတိုးခင်လာရပြီဖို့ ဒေါသကလည်းထွက် ၊သဘောကလည်း ခွေ့ကာ သူ့ဆန္ဒအတိုင်း . . .။

"ကိုခန့်ကို ပြောပြမှာပဲ မန်နေဂျာကို ယုဇာ စိတ်တိုလာပြီ၊သူ့အသုံးမကျလို့ အခုလို ဖြစ်ရတာ . . . "

ခန့်က တစ်ချက်စဉ်းစားရင်း . . .။

"ဩော် . . . ဩော် . . . ပိစိညှောင့်တို့ တွတ်နီတို့ ဆိုတာလား





င်း ခုနက အယောင်ယောင်အမှားမှားနဲ့ ပြောနေတဲ့နာမည်တွေလေ . . . "

"ခန့်စကားကြောင့် ယုဇာမျက်နှာ နွေးခနဲ ဖြစ်သွားရလေသည်။

ဟုတ်တယ်။ ကျွန်မ ယောင်ယမ်းထွက်ပြေးစဉ်က ကယောင်ချောက်ချား ရေရွတ်မှုတွေလေ။ ဘယ်လောက်များ ရှက်စရာကောင်းလိုက်သလဲဆိုတာ။

"ဟုတ်ပါ့ . . . ဟုတ်ပါ့ . . . ပိစိညှောင့်ဆိုတာ ကျွန်မခွေးကလေး၊တွတ်နီကတော့ မန်နေဂျာ၊ဒီကိစ္စ ကျွန်မ ဒီလိုအရှက်တွဲအကျိုးနည်း ထွက်ပြေးရအောင် တွတ်နီနဲ့ ပိစိညှောင့်နဲ့နှစ်ယောက်ပေါင်းပြီး ကြံစည်တာ၊ ယုဇာ လုံးဝမှ မကျေနပ်ဘူး"

"ဘာ . . . ဘယ်လို၊ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ ဂါဝန်ကြီးပြဲသွားအောင် တွတ်နီနဲ့ ပိစိညှောင့် နှစ်ယောက်ပေါင်းပြီး ကြံစည်ကြတယ် ဟုတ်လား . . . "

ခန့်က မသေချာ၍ နှစ်ခါပြန်မေးလေသည်။ ဒါပေမယ့် သူ့ မျက်နှာပေးက ပြုံးစိစိ။

"ဒါပေါ့ . . . ပိစိညှောင့်က သွားအသစ်လဲကာစဆိုတော့ ဘာမဆို တွေ့တာနဲ့ အကုန်ကိုက်တတ်တယ်၊ ကျွန်မ ဖိနပ်ကလေးတွေ သိမ်းဖို့မေ့သွားတာနဲ့ ကိုက်ကိုက်ပစ်တက်ပေမယ့် ကျွန်မက ချစ်တော့ ခွင့်လွှတ်ထားတာပေါ့။ ညကတော့ ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ အပ်ထည်



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်ရှည်ကြီးကို တစ်ညလုံးချုပ်ပြီး ပင်ပန်းသွားတော့ သိမ်းဖို့ မေ့သွားတာပေါ့ ၊ . . . ဒါကို ပိစိညှောင့်က ကိုက်ချပစ်လိုက်တယ် ထင်ပါရဲ့ အဲဒီကိစ္စကို ပါကင် မထုပ်ခင် တွတ်နီ ကောင်းကောင်းသိမှာပဲ၊ သူက ကြောက်လို့ထင်ပါရဲ့ မပြောဘဲ ပါကင်ကလေး ထုပ်ပေး ထားတယ်၊ ကျွန်မလည်း မိုးလင်း ရေချိုးပြီးတာနဲ့ ပါကင်ထုပ်ကို လုံးဝသံသယ မဖြစ်ဘဲ ဒေါ်ဆွေဇင်ဝင့်မာန်လက်ကို အပ်လိုက် မိတာပေါ့၊ သူတို့ နှစ်ကောင်ချွန်တွန်းလုပ်လို့ အခုထွက်ပြေးရပြီ၊ တော်ပါသေးရဲ့၊သူရဲ ကောင်းနဲ့ တွေ့ရလို့"

သွားပြန်ပြီ။ ယုဇာရဲ့ နှုတ်စောင်းစည်းမှုမရှိဘဲ ထွက်သွားတဲ့ စကားလေးသုံးခွန်းအပေါ် သူစိတ်ဝင်စား အံ့ဩသွားပြန်ပါ သည်။

"ဆိုလိုတာက ကိုယ်က မင်းရဲ့သူရဲကောင်း တစ်ယောက်လား"

ကဲ . . . ယုဇာဘယ်လို ဖြေရမလဲ။

ခုနတုန်းကပဲ ထွက်ပြေးရတယ်။ အခု ရင်ခုန်ရပါတယ်။ သိပ်မကြာခင် ချစ်သူတွေများ ဖြစ်ကြရတော့မှာလား မသိ။

စိတ်ကူးယဉ်ဇာတ်လမ်းတွေနဲ့ တွေ့လွဲလွဲတတ်သူ၊ ချစ်သူ တစ်ယောက်မှ မထားဖူးသူ ယုဇာအတွက်တော့ ဒီနေရာမှာ 'အင်း' ရတော့မလို 'အဲ'ရတော့မလိုနဲ့ အတော့်ကို ဝှကျသွားလေသည်။

ရှက်နေတာပဲ ယုဇာသိသည်။

ဘာဖြေရမယ်မှန်း မသိ။

"ဒါဆိုရင်တော့ ကိုယ်နဲ့ တော်တော်တိုက်ဆိုင်တယ်၊ကိုယ့်





အတွက်တော့ မင်းက နတ်သမီးလေးတစ်ပါးပဲ၊အံ့ဩစရာနဲ့ စိတ် လှုပ်ရှားမှုတွေ ပေးနိုင်တယ်။

ဗုဒ္ဓေါရေ . . . ။

"သိပ်မကြာခင်မှာပင် ကိုယ့်ဘဝအပြောင်းအလဲတွေ ဖြစ်ဖို့ အထိ ဖန်ဆင်းဦးမယ် ထင်ပါရဲ့"

ခန့်က သိပ်ကို သေချာ လေးနက်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

**Royal Saloon**ကားကြီးမှာ ပြည်လမ်းတစ်လျှောက် ဦးတည် မောင်းနှင် နေသည်မှာ အတော်ကြာပြီဖြစ်သလို ယုဇာ တို့နှစ်ယောက်မှာ နှုတ်ဆက်ခွဲခွာကြဖို့ အတော့်ကို လက်တွန့်နေမိ သည်မှာလည်း ယုံးဝသေချာလေသည်။

ယုဇာသီည်လည်း **Lanvander**ကုန်တိုက်ပေါ်မှ အရှက် ဟက်တက်ကွဲကာ ခွေးပြေးဝက်ပြေး ,ပြေးပြီး **DREAM MAKER**သို့ ချက်ချင်းမသွားချင်။

**DREAM MAKER**ကို အခု ချက်ချင်းရောက်သွားကြည့်ပါ လား။ မန်နေဂျာ တွတ်နီခေါင်းကို အကြိမ်တစ်ရာလောက် ခေါက်ပြီးမှ အလုပ်ထုတ်ပစ်မိလိမ့်မည်။ ပိစိညှောင့်ကိုလည်း မှတ်လောက် သားလောက်အောင် ဆုံးမ ဖြစ်လိမ့်မည်။

ရှစ်သောင်းတစ်ထောင် ပြန်လျော်ဖို့ကိစ္စကိုတော့ ဘယ်လို ကိုင်တွယ်ဖြေရှင်းရမည်မှန်း စဉ်းစား၍ မရသေးချေ။





"ဒါမြို့ထဲကို မောင်းနေတာတော့ မဖြစ်နိုင်ဘူး ထင်တယ်နော်"

"ဟုတ်တယ်၊ လေဆိပ်စားသောက်ဆိုင်ကို သွားမလို့၊ အစောကတည်းက ကိုယ်လာဗင်ကုန်တိုက်ကအပြန် အဲဒီသွားမ ဆို့ဟင်းပွဲတွေကို ဖုန်းနဲ့ **Reserved**လုပ်ပြီး မှာထားပြီးသား၊အခု တော့ ထင်မှတ်ပဲ မိတ်ဆွေတစ်ယောက်တိုးလာတယ် . . . "

ခန့်စကားကြောင့် ယုဇာ မျက်ခုံးပင့်သွားလေသည်။

အစောကတည်းက ဒီကိစ္စ စီစဉ်ထားလေသလား။ ယုဇာနဲ့ အမှတ်မထင် ခင်မင်သွားတော့မှ တမင်လမ်းထွင်လိုက်လေသလား ဆိုတာကတော့ လေဆိပ်စားသောက်ဆိုင်ကိုရောက်မှ ကိုယ်ထိုင်တဲ့ စားပွဲဝိုင်းမှာ **Reserved**ဆိုတဲ့ ဆိုင်းဘုတ်ကလေး တင်ထား,မထား ကြည့်ပြီးမှ ယုဇာသူ့ကို ယုံကြည်ရလေမည်။

စားသောက်ဆိုင်ရှေ့သို့ ကားဆိုက်ရာက်လေပြီ။

**DX**ဖွတ်ချက်အစုတ်ကလေး စီးနေကျ ယုဇာခန္ဓာကိုယ်ဟာ ကြေုံစဖူး **Royal Saloon**ကားကြီးရဲ့ နူးညံ့အိစက်မှုကိုရော ခိုင်ဇေခန့်ရဲ့ အလေးပေးဆက်ဆံမှုကိုပါ အံ့သြ မှင်တက်လို့။



www.burmeseclassic.com

www.burmeseclassic.com

သူဟာလိမ်ညာတတ်သူ တစ်ယောက် မဟုတ်ကြောင်းကိုတော့ ဆိုင်ထဲရောက်မှ ယုဇာသိလေသည်။

စားပွဲထိုးလေးက ယုဇာတို့နှစ်ယောက်ကို **Reserved** တံဆိတ်ပါသော နှစ်ယောက်ဝိုင်းသို့ ဦးဆောင်ခေါ်သွားလေသည်။

"ဘာသုံးဆောင်မလဲ ခင်ဗျာ"

"အားလုံး ဖုန်းနဲ့ **Reserved** လုပ်ပြီးသား ညီလေး၊မင်း ဘားကို တစ်ချက်မေးကြည့်လိုက်ဦး၊**Drink** ကိုတော့ ပြင်လိုက်မယ်နော်၊ကိုယ်ဝေါ်ဒန်မသောက်တော့ဘူး၊ ပွင့်ယုဇာ. . . . မင်းဘာ သောက်မလဲ. . ."

"ကပ်ပါးရှီးနိုး"

မသောက်ရတာကြာပြီဖြစ်သော ထောင်ကျော်တန်ကပ်ပါးရှီးနိုး တစ်ခွက်အား ယုဇာမရဲတရဲ မှာလေသည်။

"ကပ်ပါးရှီးနိုး နှစ်ခွက် ညီလေး"

စားပွဲထိုးလေးက ဟင်းပွဲနှင့် ယမကာများကိုမှတ်ယူကာထွက်သွားလေသည်။

"ကိုခန့်က ယုဇာသာပါမလာရင် ဒီကို တစ်ယောက်တည်း လာမှာပေါ့နော် . . ."





"ဒါပေါ့ . . . ကိုယ်က တစ်ယောက်တည်းသမားပဲ"

လူလည်။ ဒါပေမယ့် ဟို လူကြမ်းမင်းသမီး ဒေါ်ဆွေဇင်ဝင့်မာန်နဲ့ သူ့အခြေအနေကိုတော့ ပွင့်ယုဇာ ပညာသုံးပြီး တီးခေါက်ကြည့်ဖို့ လိုလိမ့်မယ်။အခြေအနေ မဟန်ဘူးဆိုရင်တော့ ရင်ဝ ဗဟိုတည့်တည့်မှာ စိုက်နေတဲ့ မြားကလေး တစ်စင်းကိုအ ချိန်မှီကလေး မြန်နှုတ်ပစ်ဖို့အတွက်။

"ဟိုလေ . . . ရှိုင်းစိုင်းတယ်လို့ မထင်ဘူးဆိုရင် ကိုခန့်နဲ့ ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ အတိုင်းအတာ ဘယ်လောက်ရှိသလဲဆိုတာ သိချင်တယ်။ တော်ကြာ သူ့ရှစ်သောင်းတစ်ထောင်တန် ဂါဝန်ကြီးကို ပြပြီး သူ့အဖိုးတန်ပစ္စည်းလေးကိုပါ . . ."

"ဟိုး . . . ဟိုး . . . တော် . . . တော် . . . မင်းအထင်လွဲနေတာကိုး၊ ဒီလို ပွင့်ယုဇာရဲ့ . . . ပြောရမှာ တော်တော်တော့ ဆွဲတယ်၊ဒေါ်ဆွေဇင်ဝင့်မာန်က မေမေ့ညီမအငယ်ဆုံးနဲ့ သူငယ်ချင်းတွေကွ၊ မျိုးနဲ့ရိုးနဲ့ ချမ်းသာလာတယ် ဆိုပါတော့၊ နှလုံးရောဂါသည် အပျိုကြီး ဆိုပါတော့ကွာ၊

ဒီနေရာမှာ ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ သိက္ခာကို မငဲ့ကွက်ဘဲ ကိုယ်အမှန်အတိုင်း ပြောပါရစေ၊ကဲပါလေ . . . မင်းသိချင်တဲ့ အချက်ကိုပဲ ကိုယ်တည့်တည့်ပြောပါရစေ၊ မေမေသဘောတူထားတဲ့ အမျိုးသမီး ဆိုပါတော့ . . ."

"ရှင် . . ."

www.burmeseclassic.com

www.burmeseclassic.com



ယုဇာ ထပ်မံထူပူသွားပြန်သည်။

လက်စသတ်တော့ ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ ဂါဝန်ရှည်ကြီးကို ဖြလိုက်မိသလို၊ မီးခဲပါ ကိုင်မိလျက်သား ဖြစ်နေပါပေါ့လား။

"သူကရော . . ."

ဒေါ်ဆွေဇင်ဝင့်မာန်ကို ရည်ရွယ်မှန်း သူသိပါသည်။

"ပြောရင် မင်း ရယ်မှာပေါ့ . . ."

"မရယ်ပါဘူး . . . ပြောပါ"

"ကားထဲကို မင်းကြိုရောက်နေတာပဲ၊ စကားသံတွေကို မင်းကြားမှာပါ . . ."

ယုဇာတွေးတစ်ချက် မျှိုချလိုက်လေသည်။

ဒါပေါ့ . . . ဒါပေါ့ . . . ၊ယုဇာ နားလည်လိုက်ပါပြီ၊ ယုဇာ ရှင့်ကို စိတ်မလှုပ်ရှားဖို့ ကြိုးစားတော့မှာပါ ။

"ဒါပေမယ့် အခုတော့ လုံးဝသေချာသွားပြီ"

"ရှင် . . . ဘာကိုလဲ"

"အဲဒါကတော့ ဒေါ်ဆွေဇင်ဝင့်မာန်ကိုလုံးဝမချစ်တော့တဲ့ကိစ္စပဲ၊ကိုယ်ချစ်ရမယ့်ကောင်မလေးတစ်ယောက်ကို တွေ့သွားပြီကွ၊ အပြေးသန်တဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး"

"အို . . . ဘုရားရေ"

မထင်မှတ်သော မြားဦးက ယုဇာဘက် လှည့်လာလေရာ ရှိုက်ရှက်နှင့် ထုံးစံအတိုင်း ကြံရာမရတဲ့အဆုံး ထ ၊ပြေးမည် အလုပ်



တွင် သူက စားပွဲပေါ်တင်ထားသော ယုဇာလက်ချောင်း ကလေးများကို ဆုပ်ကိုင်ပြီးသား ဖြစ်နေလေသည်။

"ဘာလဲ . . . ထပ်ပြေးဦးမလို့လား . . . ကိုယ်ယုံပါပြီကွာ"

"မဟုတ်ဘူး . . . မဟုတ်ဘူး . . . ရှင်က ၊တအားကိုလူလည်ကျလွန်းတယ် . . ."

"အင်းလေ . . . ဥရောပ အမျိုးသားတချို့လည်း သိပ်ကိုလူလည်ကျတတ်တာပဲဟာ"

"မနောက်နဲ့၊မနောက်နဲ့၊အားနည်းချက်တွေကို လျှောက်မနောက်နဲ့"

ခန့်က သူမလက်ချောင်းကလေးများကို လွှတ်မပေးချေ။

"ပြော"

နား ၊နားသို့ တိုးကပ်ကာ မေးလာပါသည်။

"ဘာပြောရမှာလဲ . . ."

"ချစ်လားလို့ . . ."

" . . . . "

"ဒါဆို မချစ်ဘူးပေါ့၊ ဟုတ်လား . . ."

"မပြောရပါလား"

ယုဇာအဖြေကြောင့် နှစ်ဦးသား ရှက်ရယ်ရယ်မိသွားသည်။

ချစ်တာကတော့ ချစ်တာပါပဲ။ဒါ ၊မပြောဘဲ တွေ့လှုပ်ထားလို့ရနိုင်ပေမယ့် မချစ်ဘူးဟုတ်လားလို့ ဘာနားထိုးလာ

www.burmeseclassic.com

www.burmeseclassic.com



လျှင်တော့ ယုဇာ မခံနိုင်တော့။

"ပြောပါ ပွင့်ယုဇာ၊ ကိုယ်ကတော့ မင်းကို မြင်မြင်ချင်းပဲ ချစ်မိသွားတယ် . . ."

ခန့်စကားကြောင့် ယုဇာရင်ထဲ လှိုင်းခတ်လွန့်လူး သွားသည်။

"လူတကာကို ခဏခဏအရှုံးမလုပ်ရဘူးနော် ပွင့်ယုဇာ၊ အခုပဲကြည့်လေ . . . ဒေါ်ဆွေဇင်ဝင့်မာန်ကိုလည်း အရှုံးလုပ်ခဲ့တယ်၊ ဗင်ရှိုနင်ဂျာကိုလည်း အရှုံးလုပ်ခဲ့တယ်၊ပိစိညှောင့်ကလေးကို လည်း အိမ်ပြန်ရောက်ရင် ရှိုက်ဦးမယ်၊တွတ်နီကိုလည်းအလုပ်ကနေထုတ်ပစ်ဦးမယ်၊ကိုယ့်ကိုလည်း ချစ်ရဲ့သားနဲ့ မျိုသိပ်ထားဦးမယ် ဆိုရင် မင်း တော်တော် မတရားရာကျမှာပဲ"

"အံမယ် . . . အံမယ် . . . လာလာချည်သေး၊ တစ်ပြားမှ ကို အလျှော့မပေးဘူး . . ."

တွတ်နီတို့၊ဂျင်ဟမ်းတို့၊မင်းယုဒါတို့ရေ . . . မင်းတို့ရဲ့ မမပွင့်ယုဇာ အဖြစ်ကိုလည်း ကြည့်ကြဦးကွယ်။

ပြေးရင်းလွှားရင်း၊ပုန်းရင်းရှောင်ရင်းနဲ့ အဖြေပါ တစ်ခါ တည်းအတောင်းခံနေရပြီ။ ဒါပေမယ့်မမပွင့်ယုဇာ ခန့်ကို ချစ်နေမိပြီ။

"ကိုခန့်အဖြစ်က မုန့်ကျွေးပြီး အကြိုက်ခိုင်းသလို ဖြစ်မနေဘူးလား . . ."

"အင်းလေ . . . မင်းက ကလေးလေးပဲဟာ . . ."

ယုဇာဘာတွေထပ်ပြောရမှန်းလည်း မသိ။ သိသမျှ



တ်သမျှ ပြောတတ်တာဆိုလို့လည်း ဒါအကုန်ပင်။

"ကိုယ့်ကို ကြည့်ပါဦး၊ ချစ်တယ်မို့လားဟင်"

"အင်း . . . ချစ်ပါတယ်"

သူ့လက်ထဲမှာပင် အေးစက်လျက်ရှိသော ယုဇာလက် ခါးကလေးများကို သူ ချက်ချင်း နမ်းရှိုက်လိုက်ပါ၏။

အတော့်ကို ထူးဆန်းတဲ့ ယုဇာ ကံတရားပါပဲကွယ်။

စားပွဲထိုးကလေး ဟင်းပွဲမှတ်သွားတုန်းက သူတို့နှစ် ယောက် ဟာ မိတ်ဆွေအဆင့်ပင် ရှိကြသေးတယ်။ စားသောက် ယ်ရာများကို စားပွဲထိုးကလေး ယူလာချိန်မှာတော့ သူ တို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"လာစမ်း . . . လာစမ်း . . ."

တွတ်နီက ဆိုင်ထဲသို့ တွန့်ဆုတ်ဆွန့်ဆုတ်နှင့် ရယ်ကျဲကျဲ ဝင်လာလေသည်။

ဒါကို စိတ်မရှည်နိုင်တော့တဲ့ ယုဇာက နားရွက်မှဆွဲခေါ်ကာ မန်နေဂျာနေရာမှာ ထိုင်စေရင်း ခေါင်းကိုတဒေါက်ဒေါက် မြည်အောင် ခေါက်ပါတော့သည်။

"သိတယ်နော် . . . အပြစ်ကို . . ."

"ဟီး . . . ဟီး . . . ဟီး"

"ပိစိညှောင့်ကိုတော့ မနေ့က သေအောင်ဆော်ပလော်တီးပြီးပြီ၊ ဒီနေ့တော့ မင်းအလှည့်ပဲ ကျန်တော့တယ်၊ ပြောစမ်း . . . မင်းဘာလို့ အစုတ်အပြဲဂါဝန်ကြီးကို ငါ့ကို အသိမပေးပဲ ပတ်ကင်ထုပ် လိုက်သလဲ"

"ကျွန် . . . ကျွန်တော် မပြောရဲလို့ပါ ဘော့စ်၊ ကျွန်တော် ပြောမယ်လို့ ကြံလိုက်ချိန်မှာ ဘော့စ်က လာဗင်ဒါကုန်တိုက်ကို သွားဖို့ ပြင်ဆင်နေပြီ၊ဒါနဲ့ ကြံရာမရဖြစ်ပြီး ပါကင်လှလှလေး ထုပ်ပေးမိတာပါ"



"အေး . . မင်းက မပြောရဲလို့ မပြောဘဲထားလိုက်တဲ့ ကိစ္စက ငါ ဟိုမှာ ဘယ်လောက်အရှက်ကွဲခဲ့ရတယ်ထင်လဲ၊ ဘယ်လောက် ခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ရတယ် ထင်သလဲ"

ရည်းစားလေးတစ်ယောက်ပါ အဆစ်ရခဲ့ခြင်းကို တွေးမိသောအခါ ကျွန်မကလိနေအောင် ရယ်ချင်ပေမယ့် မျက်နှာ ပိုးသတ်လိုက်ပြီး နောင်အခါ အခွင့်သင့်ကာမှပြောပြရန်ဆုံးဖြတ်လိုက်ပါသည်။

"ကျွန်တော်လည်း အဲဒီလို ထွက်ပြေးရ . . . လိမ့် . . . . လိမ့် မယ်လို့ ထင်ပါတယ်"

"အေး . . . တစ်ကိုယ်ကောင်းဆန်တတ်တာ၊ ဖြစ်လာတဲ့ ပြဿနာကို ပူးပေါင်းမဖြေရှင်းဝံ့တာ၊ ရင်ငုံနှုတ်ပိတ်ပြီးဘယ် သူတွေ တေငတေမာပြီးရော လုပ်တတ်တဲ့ အချက်တွေဟာ မန် နေဂျာ ကောင်း မပီသတဲ့အချက်တွေပဲ၊ ကဲ . . . ဒီတော့ မင်း ဘာသာအလုပ်ထွက်မလား၊ ငါအလုပ်ထုတ်ပစ်ရမလား. . . ပြော"

"ဗျာ . . ."

တွတ်နီက သူ့ကိုအလုပ်ထုတ်ဖို့အထိ လုံးဝထင်မထားသနားစရာကောင်းလေစွ။

"ငါပြောနေတယ်၊ မင်းဘာသာ အလုပ်ထွက်မလား၊ ငါ အလုပ်ထုတ်ပစ်ရမလား"

ယုဇာက နှစ်ဆချဲ့ကာ အော်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ်ရယ်၊ တကယ်လုပ်ရက်လို့လား စဉ်းစားပါဦး ဗျာ၊ ကျွန်တော်က ဟောဒီဆိုင်မှာ အရမ်းကို ပျော်နေတာ"

"အေး . . . မင်းပျော်ဖို့၊ မပျော်ဖို့ထက်၊ ငါ့အသက်နဲ့ ခန္ဓာ အိုးစားမကွဲဖို့ ပိုအရေးကြီးတယ် မောင်၊ ဒါတော့ မင်းလမ်း မင်းရွေးချယ်ပါ"

တွတ်နီက ယုဇာအတည်ပေါက်ပြောဆိုလာကြောင်း သိရ၍ မျက်စိသူငယ်နားသူငယ်ဖြင့် . . .

"ကျွန်တော့ဘာသာ ထွက်ရင်တော့ ဘော့စ်သိက္ခာကျ ပါတယ်ဗျာ၊ ဒီတော့ ဘော့စ်ပဲ ကျွန်တော့ကို ထုတ်လိုက်ပါ၊ ဒါ မှ စိတ်ပြောင်းလဲသွားလို့ အလုပ်ပြန်ခန့်မယ်ဆိုရင်တော့ ဘော့စ် သိက္ခာရှိတာပေါ့"

"အေး . . . ဒါဆိုလည်း ထွက်၊ ခဏနေဦး၊ လစာကို တစ်လစာတော့ မပေးနိုင်ဘူးဟေ့၊ ရက်တွက်ခ ရှင်းပေးလိုက် မယ်၊ တစ်လငါးထောင်နှုန်းနဲ့ ခြောက်ရက်စာဆိုတော့ ကိုးရာ ကိုးဆယ့် ကိုးကျပ်ဒသမ ကိုးပြား၊ ကဲပါ ကိုးဆယ့်တစ်ပြား အ ပိုထည့်ပေး လိုက်မယ်၊ လာ . . . လာ . . . သေနာလေး တစ်ထောင်ယူသွားဦး"

"နေပါစေ ဘော့စ်၊ ဘော့စ် ကျွန်တော့အပေါ်မှာ အလိုက် သိတတ်တာတွေ အရမ်းများနေပြီ၊ ကျွန်တော် ဒေါ်ဆွေ ဇင်ဝင့်မာန်ရဲ့ ဂါဝန်ဖိုး ရှစ်သောင်းတစ်ထောင် ပြန်ဆပ်နိုင်တော့မှ **DREAM MAKER** ရပ်ဝန်းမှာ ပြန်လည် နားခိုပါ့မယ်"



"အေး . . . ပြန်ဆပ်မယ်လို့ စိတ်ကူးရှိရင် ပါးစပ်နဲ့ ဆပ်ပြီး ပနာမယူနဲ့ဟေ့၊ လက်တွေ့ကျကျ လုပ်ပြ"

"ဟုတ်ကဲ့ပါ . . . ကျွန်တော် သွားပါဦးမယ်"

"ကြွ . . ."

"မသွားခင် ကျေးဇူးရှင်ဘော့စ်ကို ကန်တော့သွားပါရ စေဦး"

"အမလေး မလိုပါဘူးတော် မြန်မြန်သာ ကြွပါ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်သို့ ခန့် အလည်ရောက်နေချိန်တွင် ယုဇာတစ်ယောက် အတော့ကို အလုပ်ရှုပ်နေလေသည်။ ခရီးသွားဟန်လွှဲ နဲ့ ရလာတဲ့ ရည်းစားလေးရောက်တုန်း အေးအေးဆေးဆေးနဲ့ လက်ညှိုးထိုး ညွှန်ကြားခိုင်းစေချင်ပေမယ့် မန်နေဂျာမရှိ၍ ဖတ်သီဖတ်သီ လုပ်နေရ၏။

အဝတ်ညှပ်လည်း ယုဇာ၊ ဒီဇိုင်းနဲ့ရက်ချိန်းမှတ်လည်း ယုဇာ၊ ဟိုတုန်းကလို ဆရာမကြီးစတိုင်လ်နဲ့ ဝင်ငွေကိုတောင် မန်နေဂျာကို မျက်လုံးကလေးနဲ့ အလုပ်ပေး ရေတွက်ခိုင်းလို့ မရတော့ ဒီကြားထဲ လာဗင်ဒါမမ ကြွရောက်လာလျှင် လျော်စရာ ရှစ်သောင်း တစ်ထောင် အဆင်သင့်မရှိသေး၍ ထွက်ပြေးရန် ထွက်ပေါက်တစ် ပေါက်ကိုလည်း ကိုယ့်ဘာသာ ရှာထားရလေသည်။

"မင်းရဲ့ မန်နေဂျာ တွတ်နီဆိုတာတော့ မမြင်ပါလား"





"ယုဇာ အလုပ်ထုတ်ပစ်လိုက်တာ ခန့်"

ခန့်သည် ယုဇာထက် အသက်ငါးနှစ်လောက်ကြီးပေမယ့် 'ကိုခန့်' လို့ ခေါ်ရမှာထက် 'ခန့်' လို့ပဲခေါ်ဖို့ ပိုမိုနှစ်သက် လေသည်။

"ဘာအကြောင်းပြချက်နဲ့လဲ"

"ဗုဒ္ဓေါ . . . လာဗင်ဒါကန်တိုက်ပေါ်ကနေ ထွက်ပြေး လာခဲ့ရတဲ့ အကြောင်းပြချက်နဲ့ပေါ့ ခန့်ရဲ့"

"ကိုယ် မင်းကို ဆရာလုပ်တာတော့ မဟုတ်ဘူးနော်၊ သချာနားထောင် . . . အဲဒီကိစ္စဟာ အကြောင်းအရာအား လုံး ဒိုက်ဆိုင်သွားလို့ ဖြစ်သွားတဲ့ ကိစ္စတစ်ခုပါ ယုဇာ၊ ဒီထဲ မှာ မင်းအမှားလည်း မကင်းဘူး၊ မင်းက ချုပ်ပြီး မသိမ်းမိဘဲ အိပ်ပျော် သွားတယ်၊ ပိစိညှောင့်က သူ့သွားဘယ်လောက်ထက်ကြောင်းသက် သေပြလိုက်တယ်၊ တွတ်နီက ကြောက်လို့ မင်း ကို အသိမပေးရဲဘဲ တံကင်ထုပ်လိုက်မိတယ်၊ ဒီကိစ္စက သုံးယောက်စလုံးရဲ့ အမှားပဲ"

"ဒါတော့ . . . ဒါပေါ့ ခန့်ရဲ့၊ သူ့ကို ထုတ်ဖို့အထိ လည်း ရည်ရွယ်ပါဘူး၊ ဒါပေမယ့် တွေ့တော့ စပ်ဖြဲစပ်ဖြဲဖြစ်နေတဲ့ သူ့မျက်နှာကိုကြည့်ပြီး ဒေါသထွက်လာတာနဲ့ ထုတ်ပစ် လိုက်တာ"

"ဒါက သူမင်းကို သိပ်ကြောက်လို့ ဖြစ်မှာပါကွာ"

"ကြောက်ရင် အဲဒီလို စပ်ဖြဲစပ်ဖြဲ လုပ်ရသလား"

ခန့်က စကားပြောရလက်ပေါက်ကပ်သော ချစ်သူလေး ကို ခြေန်းရဲ့ မမြင်ကွယ်ရာ ထောင့်တစ်ထောင့်၌ ပွေ့ဖက်ထား လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



. . . "တယ်လည်း စိတ်မြန်သကိုး"

ပွင့်ယုဇာ၏ မျက်နှာထက်တွင် အနမ်းပွင့်များ ခွေ့ရင်း ပြောလေသည်။

ယုဇာက ပူပူနွေးနွေးနှင့် ရလာခဲ့သော ချစ်သူလေး ရင်ခွင်၌ သူမကျောပြင်နှင့် မှီထားရင်းမှ . . .

"စိတ်မြန်ဆို အခုတော် တွတ်နီကို အလုပ်ပြန်ခန့်ရ ရှ ကောင်းမလားလို့"

"ဟင်"

ချစ်သူ၏ စိတ်ရှုပ်အုံ့ညြသွားသော မျက်နှာပြင်ကို ကြည့် ကာ ပွင့်ယုဇာ စိတ်ရှုပ်ရှုပ်နှင့် ရယ်မိလေသည်။

"ယုဇာတစ်ယောက်တည်း ဆိုင်မှာ မနိုင်ဘူးဖြစ်နေတာ ခန့်ရဲ့၊ ယုဇာမောင်လေး ယုဒါတို့ ဂျင်ဟမ်းတို့ ဆိုတာလည်း တွ နီလောက် အားမကိုးရဘူး၊ သူကလည်း ယုဇာရဲ့ စိတ်ကို သိလို့ တူပါရဲ့၊ ကျွန်တော် မထွက်ပါဘူး၊ ဘော့စ်ပဲ ထုတ်ပါတဲ့၊ ဒါနဲ့ စိ တိုပြီး ထုတ်ပစ်လိုက်တာ၊ အချိန်မရွေး ပြန်ခန့်မယ့်ရက်ကို စောင့်နေမယ်တဲ့"

"တယ်လည်း တော်တဲ့ မန်နေဂျာကလေးပါလားကွ . . . ဟား . . . ဟား"

ခန့်က ယုဇာတို့ လူငယ်အုပ်စုကလေးကို သဝန်လ တို၊ စပ်စုလား၊ စုံစမ်းလားလည်း မလုပ်ဘဲ သဘောထားကြီးစွာ





သဘောကျနေလေသည်။

"တော်လား၊ မတော်လား ဆိုတာကတော့ ခန့်ရေ၊ သူထွက် ခါနီးတော့ ယုဇာကို ကန်တော့မယ် တကဲကဲနဲ့ လက်အုပ်ချီ နေလို့ သူ့လက်အုပ်နဲ့ လွတ်အောင် မနည်းရှောင်ယူလိုက်ရတာ ပဲ"

"အံမယ် . . . ဒီကောင်မလေးကို"

သူက အသက်ငယ်ငယ်နှင့် လက်အုပ်အချီခံရသော အ ရေးပါ အရာရောက်လွန်းသော ယုဇာကို ခပ်ဖွဖွလေး နမ်းရှိုက်ရင်း

"သနားစရာပါကွာ . . . မင်းရဲ့ **DREAM MAKER** ထဲက တွတ်နီကလေး မထွက်ချင်ဘူး ထင်ပါရဲ့၊ ပြန်ခန့်ရင်လည်းသူ့လိပ်စာ သိတယ်မို့လား၊ ကိုယ် လိုက်ပို့ပေးမယ်လေ"

ပိုင်ဇေခန့်ရင်ခွင်ထဲ၌ မျက်နှာအပ်ကာ အဖြစ်သဲ နေသော ပွင့်ယုဇာမှာ မထင်မှတ်ဘဲ ရုံးခန်းထဲဝင်လာသူ မင်းယုဒါကို မြင်တော့ တိုယ်နေဟန် တစ်ချက်ပြင်လိုက်ပြီး မောင်လေးနှင့် ချစ်သူကို မိတ်ဆက်ပေးလေ သည်။

"ဟဲ့ . . . မောင်လေး ဒေါ် . . . ဒါက ဘယ်သွားမလို့ ယဲ . . . ပြန်လာခဲ့ . . မမယုဇာ မိတ်ဆက်ပေးစရာရှိတယ် . . ."

မင်းယုဒါက မျက်နှာကြောတည်တည်နှင့် ရုံးခန်းထဲမှ ပြန်ထွက်မည့်ဆဲဆဲ သူ့မမ စကားကြောင့် ပိုင်ဇေခန့်နှင့် မျက် နှာချင်းဆိုင် ရပ်လိုက်ပါသည်။

"ခန့် . . . ဒါက ယုဇာမောင်လေး . . . မင်းယုဒါ၊ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



. . . သူက မမချစ်သူ . . . ကိုပိုင်ဇေခန့်"

မင်းယုဒါ မျက်ခုံးနည်းနည်းတွန့်သွားလေသည်။

မမတို့များလျှင်လိုက် မြန်လိုက်တာဆိုတာ နှစ်ယောက်မရှိဘူး။ မနေ့က လာဗင်ဒါကုန်တိုက်ပေါ်ကနေ ပြေးခဲ့လွှားခဲ့ ရတာကိုသာ သူ့ကိုပြောပြီး 'ဟီ . . . ဟီ' ဆိုတဲ့ ရယ်သံနဲ့သာ စကားအဆုံးသတ်သွားလေတယ်။

လက်စသတ်တော့ မမက သူ့စကားထဲက နှစ်မိနစ်တာ သူရဲကောင်းကြီးနဲ့ ရည်းစားဖြစ်သွားကြတာကိုး။

"ဒါ . . . အခုပဲ မမတို့ ဝေတွတ်ကို အလုပ်ပြန်ခန့် မလို့၊ မောင်လေးကော ဘယ်လို သဘောရလဲဟင်"

"သိပ်ဖြစ်သင့်တာပေါ့ မမယုဇာရယ်၊ ဒါ၊ ဝေတွတ်၊ ဝေဟမ်းနဲ့ မမယုဇာတို့ လေးယောက်ပဲ **DREAM MAKER** ကို စတင်ထူထောင်ခဲ့ကြတာ မဟုတ်လား၊ ဘာမဟုတ်တဲ့ ပြဿနာကလေးနဲ့ လူရင်းတွေကို နစ်နစ်နာနာအပြစ်ပေးပြီး အလုပ်က ထုတ်ပစ်လိုက်တာ တကယ်ရက်စက်လွန်းတယ်၊ ဟွန်း . . . မပြောလိုက်ချင်ဘူး"

ယောက်ဖလောင်းလေး ဒါက ဟွန်း . . . မပြောလိုက်ချင်ဘူးဆိုပြီး ခန့်ကို အဖျားခတ်ချင်တာမို့ ယုဇာက ပြဿနာကို ပြေလည်အောင် ဖြေရှင်းလေတော့သည်။

"ပြီးရော . . . ပြီးရော . . . အခု အလုပ်ပြန်ခန့်မယ်၊ ဝေတွတ်ဆီ အခုပဲ သွားပင့်မလို့ ကျေနပ်တယ် မဟုတ်လား . . ."





"ကျေနပ်တယ်၊ လူသစ်ရတော့မှ သားသူငယ်ချင်းကို မေကန်နဲ့ . . ."

မင်းယုဒါက သူ့မမချစ်သူ အသစ်စက်စက်ကြီးကို ချက်ချင်းတော့ မကြည်လင်နိုင်သေးချေ၊ ထို့ကြောင့်ပင် ခန့်ပင် ယောက်ဖလောင်းလေးအား သူနှင့်ပိုရင်းနှီးစေရန် သိသလောက်၊တတ်သလောက် စည်းရုံးရေး ဆင်းရလေတော့သည်။

"ညီလေးကော ကိုယ်တို့နဲ့ လိုက်ခဲ့ပါလား၊ အပြန် မက်ဂီမှာ နေ့လယ်စာ ကျွေးပါ့မယ် . . ."

"မလိုက်တော့ဘူး ခင်ဗျ၊ ဆိုင်စောင့်ပေးရဦးမယ်"

မိဘ သွန်သင်မှုကောင်းသော သားလိမ္မာလေးသဖွယ် မင်းယုဒါက ပြန်ဖြေလေတော့မှ ခန့်ရင်ထဲ တော်ပါသေးရဲ့၊အခြေအနေ မဆိုးဘူးဟု ဟင်းချနိုင်လေသည်။

"အေး . . . ဒါဆို ဒါရေ . . . မမယုဇာတို့ သွားမယ်နော်"

ကလေးစိတ်မကုန်သေးသောပွင့်ယုဇာက **RoyalSaloon** ကားကြီးပေါ်သို့ မတက်ခင် ပိုင်ဇေခန့်မမြင်အောင် သူ့မောင်လေးကို မျက်စိတစ်ဖက်မှိတ်ကာ မခံချင်အောင် နောက်လိုက်သေးသည်။

မင်းယုဒါကလည်း ခန့်မမြင်အောင် အံကြိတ်ကာ ခက်သီးရွယ်ရင်း ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တွတ်နီဆီကို လိုက်သွားကြတော့ ငတိကလေးက အနာဂါတ်ကို ကွတ်တိမှန်းဆတတ်သူပီပီ သိပ်အံ့ဩမှုမရှိ။ တင်းမာမှုမရှိ။ လိုက်လိုက်လျောလျောနှင့်ပင် ဆိုင်မှာ အလုပ်ပြန် လုပ်လိုခြင်းရှိသည်။

သို့သော် ပိုင်ဖေခန့်ကိုတော့ မကြာမကြာ ကွက်ကြည့်ကွက်ကြည့်နှင့် ကြည့်တတ်ပါသည်။

"ဘယ်လိုလဲ . . . ငတွတ် . . . မင်းအလုပ် ပြန်ဆင်းမယ် မဟုတ်လား . . ."

"ဪ . . . ဘော့စ်ရယ် . . . ဒီဆရာနဲ့ ဒီတပည့် . . ."

ခန့်ကတော့ သူ့ချစ်သူလေးရဲ့ စွမ်းရည်ကိုသာ သဘောကျမဆုံး ဖြစ်နေလေသည်။ ယုဇာခမျာမှာလည်း တွတ်နီ ကို အလုပ်ဖြုတ်ပြီးကတည်းက အတော့်ကို ကသီလင်တဆန်ပါ သည်။

မန်နေဂျာလေးမရှိသဖြင့် ဖောက်သည် ဖက်ရှင်ဝဲလ်ကလေးများက တစ်မေးတည်းမေးကြသောကြောင့် တွတ်နီ၏ စန်းပွင့်မှုကို ယုဇာ ဖျားသွားလေသည်။





"အေးကွယ် . . . သူ ပြဿနာတစ်ခုတက်တာကို မရင်ဆိုင်ဝံ့ပဲ ထိမ်ချန်ထားလို့ မမထွက်ပြေး . . . အဲလေ . . . မမဒုက္ခရောက်ခဲ့ရတာကြောင့် သူ့ကို အလုပ်ထုတ်ပစ်လိုက် တာ . . ."

အကျီလာအပ်သော ဖက်ရှင်ဂဲလ်ကလေးများက မကျေနပ်ကြ။ ပွစိပွစိ။ တချို့လည်း စူပုပ်ပုပ်နှင့် ပွင့်ယုဇာကို တင်းမာလာကြမို့ နောက်ပိုင်း မှုသားဆင်ခြေများပေးကာ တွတ်နီကို ပြန်ခေါ်ဖို့ ဆုံးဖြတ်ရလေတော့သည်။

"ငတွတ် . . . ဒါဆို မင်းနောက်နေ့ကစပြီး အလုပ်ပြန်ဆင်းနော်၊ တို့ဆရာတပည့်နှစ်ယောက် အရင်လို ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့"

တွေတ်က ပြုံးကာ ခေါင်းညိတ်ရှာသည်။

"ကဲ . . . မမ့ယုဇာ သွားမယ်"

တစ်လျှောက်လုံး သူမေးချင်သော မေးခွန်းများကို အစ်အောင့်ထားရသူ ငတွတ်မှာ ပွင့်ယုဇာက**Royal Saloon** ကား ကြီးပေါ် တက်ခါနီး အလိုကျမှ လေသံနိမ့်နှင့် တိုးကပ်ကာ မေးပါလေတော့သည်။

"အစ်မ . . . သူက ဘယ်သူလဲ . . . ပီလှချည်လား"

"ဟဲ့ . . . အဲဒါ မမရည်းစား . . . လာဗင်ဒါကုန်တိုက်ပေါ် ကနေ ပြေးရင်းလွှားရင်းနဲ့ မမရည်းစားရလာခဲ့တဲ့ မောင်လေးရဲ့"

"ချောတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟီး . . . ဟီး . . . ရှူး . . ."

"နောက်မှ . . . နောက်မှ . . . လောလောလတ်လတ်ကြီး ဆိုရင် . . . ဘဝင်မြင့်သွားလိမ့်မယ်၊အခုမှ သူ့ကို အကဲခတ်တုန်း"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . မမယုဇာ အဲဒီကိစ္စတွေ နောက်နေ့ ကျွန်တော့်ကို ပြောဦးလေ"

"အေးပါ . . . ဒီတစ်ခါ မီတင်လုပ်ဖြစ်တော့ အိုဗာတိုင်(မ) ကျရင် ပြောမယ်"

"ရှူး . . . ကြားသွားဦးမယ် . . ."

"မကြားပါဘူး . . . ကဲ . . . ဒါပဲ . . . သွားမယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . ."

ခန့်ကတော့ ကားထဲမှာ ပြုံးရင်း ခေါင်းတညိတ်ညိတ် ဖြစ်နေလေပြီ။ သူ့ချစ်သူ ဆယ်ကျော်သက် ရည်းစားလေးက ဒီလောက်ထိ ဖြူစင်နေပါ့လား။



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါက် **Meeting**(မီတင်)မှာတော့ ပွင့်ယုဇာဟာ သူမ ပြောနေကျအတိုင်း ပါရီ၊ အီတလီ၊ လန်ဒန်စသည့် မစားရ ဝမခန်း ကိန်းကြီးကန်းကြီး ဖက်ရှင်ရေစီးများကို သိပ်မပြောဆိုဖြစ်။

လာဗင်ဒါကုန်တိုက်ပေါ်ကနေ ကတိုက်ကရိုက်ထွက်ပြေးလာရခြင်း အကြောင်းရင်းကတော့ ရှုတ်တရက် ဘာလုပ်ရမှန်း မသိဘဲ ထူပူရှက်သွားသဖြင့် လုပ်မိလုပ်ရာ ပြေးမိကြောင်းနှင့် ရှစ်သောင်း တစ်ထောင်ကို လျော်ကြေးပေးဖို့ လုံးဝဆုံးဖြတ်ထားကြောင်းနဲ့ ငွေအလျှင်အမြန် စုနေကြောင်းကို ခပ်တိုတိုတုတ်တုတ် ပြောကြားလေသည်။

ယုဇာ အမိကထား ပြောကြားလိုသော အချက်ကို ဒါရိုက်တာအဖွဲ့ဝင်တွေ ကောင်းကောင်းသိကြပါသည်။ နောက် သူတို့အားလုံးလည်း စိတ်ဝင်တစားရှိကြပါ၏။

ရည်းစားကလေး ရရှိသွားသော ဇစ်မြစ်ကို လုံးစေ့ပတ်စေ့ ပြောဆိုဖို့ တွတ်က စတင်မေးမြန်းတီးခေါက်လာပါသည်။



"ဘော့စ်က ပိုင်ဖေခန့်ကို ပြေးရင်းလွှားရင်းနဲ့ တစ်ထိုင်တည်း ဆုံးဖြတ်ခဲ့တယ် ဆိုပါတော့"

"ဆိုပါတော့ . . ."

"တိတိကျကျ ကြော်ငြာဗျာ"

"အချစ်မှာ အချိန်ကာလဆိုတာ မရှိဘူး ငဒါမြင်မြင်ချင်းပဲ ချစ်မိတယ်ဆိုတာ တို့ဘိုးဘွားဘီဘင်ကတည်းက ပေါ်ပေါက်လာတဲ့နိယာမ၊တိတိ ကျကျကြေညာရရင် ခန့်နဲ့ မမယုဇာ ခွဲခွာရမှာကို အားနာပြီး လေဆိပ်စားသောက်ဆိုင်ကို ရောက်သွား တယ်၊ ဝိတ်တာကလေးက မှာထားတဲ့ ဟင်းပွဲတွေ သွားယူနေ တုန်းကတော့ တို့နှစ်ယောက် မိတ်ဆွေတွေပါပဲ၊ အဲ ဟင်းပွဲတွေကို ဝိတ်တာကလေး သယ်လာတော့ တို့နှစ်ယောက် ချစ်သူတွေ ဖြစ်နေကြပြီ"

"ဟွန်း . . . မုန်းစရာကောင်းလိုက်တာ . . ."

မင်းယုဒါက သူ့အစ်မ အဖြေပေးပုံကို ကျေနပ်မှုမရှိ။

"ဒါကို အချစ်စစ်လို့ ခေါ်နိုင်ပါ့မလား မမယုဇာရယ်"

ယုဇာရင်ထဲ ထိတ်ခနဲဖြစ်သွားရလေသည်။

ခန့်ကို စိတ်လှုပ်ရှားမိတာ လုံးဝသေချာပေမယ့် တာ ဝယ်ကော ချစ်ရဲ့လား။

ယုဇာ . . . ခန့်ကို အဖြေပေးမိပုံက သိပ်မလျင်မြန်ဘူးလား ဒါမှမဟုတ် လာဗင်ဒါမှာအရှက်ကွဲခဲ့ခြင်းအပေါ် အာရုံပြောင်းစေရန် မိမိ ကိုယ်ကို လှည့်စားဖို့ ခန့်ကို လွယ်လွယ်ကူကူအဖြေပေးမိလေသ

www.burmeseclassic.com

www.burmeseclassic.com



လား . . . မပြောတတ်ချေ။

"လူတိုင်းမှာ အချစ်စစ်ဆိုတာ တကယ်ကော ရှိကြရဲ့ လား တကယ်အချစ်စစ်ရှိပြီပဲ ထား၊ ဘယ်လောက် အဲဒီအချစ် စစ်ကို ကြာရှည်သိမ်းထားနိုင်မလဲ၊ ဥပမာ ဆိုကြပါစို့ . . . တို့ဆိုင်ရဲ့ သုံးဆိုင်ကျော်က ကိုစိုးတို့လင်မယားပဲ ကြည့် ၊ ကိုစိုး က သူ့မယားကို မရခင်ကတော့ ချစ်လိုက်တာ ဖူးဖူးမှုတ်လို့ ပေ . . . အိမ်ထောင်သက်လည်း ကြာရော အမေ့အိမ်သွား တာ မကြိုက်ဘူးတို့၊ သူသောက်နေတုန်း အမြည်းပြတ်သွားရင် ဆူတာတို့ လုပ်ကုန်ရော၊ ကဲ . . . ကိုစိုးကြီးမှာ အချစ်စစ်ရှိသေး လား"

ကျွန်မဟာ ကျွန်မရဲ့ အချစ်စစ်အပေါ် မသေချာမှု ကို ကိုစိုးကြီးအား ဥပမာပေးရင်း ပုံချမိပါသည်။

ဒေါ်ကလည်း စေ့စေ့စပ်စပ် တွေးခေါ်လေ၏။

"ဆိုလိုတာက အချစ်စစ်ဆိုတာ လူတိုင်းမှာ မရှိနိုင်ဘူး ပေါ့"

"အဲဒီလိုတော့ ထင်တာပဲ ဒေါ်မောင်"

"ကဲ . . . မမယုဇာ အကြောင်းကြောင်းမလုပ်နဲ့၊ ရဲရဲ တင်းတင်း ဖြေစမ်း၊ မမယုဇာ ကိုပိုင်ဇေခန့်ကို အချစ်စစ်နဲ့ မချစ်ဘူးပေါ့"

ဟင် . . . ။

ယုဇာ ထပ်တွေဝေသွားပြန်သည်။

ကြည့်စမ်း . . . ယုဇာ သူ့ကို ချစ်ခဲ့မိတာ မှန်ပေမယ့် တကယ့် နှစ်ကာကာ ချစ်ရဲ့လားဆိုတာတော့ လေးလေးနက်နက် မတွေးခေါ်မိခဲ့ဘူး



"သေချာပြီ၊ ဒေါ်မမ တကယ် အချစ်စစ်ကို မတွေ့သေး ဘူး၊ ကိုပိုင်ဇေခန့်ကို ရင်ခုန်စိတ်လှုပ်ရှားသွားတာပဲ ဖြစ်လိမ့် မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိပ်ကို အမှတ်တရ ဖြစ်စေနိုင်လောက်တဲ့ ကာလတိုလေးတစ်ခုတွင်းမှာ သူ အမျိုးမျိုး အကူ အညီပေးသွားလို့ ဖြစ်လိမ့်မယ်ဗျ"

တစ် . . . ကားသော့ငှားတယ်၊ နှစ် . . . ပြေးဖို့အ ကြံပေး တယ်၊ သုံး . . . ဗင်ရှီ နှင်ကျာကို အချိန်ဆွဲထားပေးတယ် လေး . . . ကားထဲမှာ မမ ရှိနေတာကို သိလျက်နဲ့ ဖုံးထားပေး တယ်၊ ဒါပေမယ့် ကိုပိုင်ဇေခန့်က လူရည်သန့်တစ်ယောက်ပဲ အေးလေ . . . ရှစ်သောင်း တစ်ထောင် စတေးပြီးမှ ရလာတဲ့ ဇာတ်လိုက်ကိုး၊ တော်တော်တော့ စိတ်ဝင်စားဖို့ ကောင်းတယ်"

"အံမယ် . . . ဒီထက် စိတ်ဝင်စားစရာတွေလည်း ရှိ သေးတယ်မောင်"

"ဆိုစမ်းပါဦး . . . ဘာတွေလဲဆိုတာ "

"ကိုပိုင်ဇေခန့် ဆိုတာ ဒေါ်ဆွေဇင်ဝင့်မာန် ကြီးကောင် ကြီးမားနဲ့ တစ်ဖက်သတ်ကြိုက်နေတဲ့ ရှားရှားပါးပါး အမျိုး ကောင်းသားပဲ"

"ဗျာ"

"ဘယ်လို"

"ဟိုက် . . . သောက်ကျိုးတော့ နည်းကုန်ပြီ"

တစ်လျှောက်လုံးလိုလို ချင့်ချင့်ချိန်ချိန်နှင့် မှင်သေသေ

www.burmeseclassic.com

www.burmeseclassic.com



နွားထောင်လာကြသော မလောက်လေးမလောက်စား ဒါရိုက် တာအဖွဲ့ဝင်များ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြလေသည်။

"ဘုရား . . . ဘုရား . . . တို့မမကတော့ လုပ်ချလိုက်ပြန်ပြီဟေ့၊ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ ဂါဝန်ရှည်ကြီးကို ဖြုပစ်လိုက်ရုံမကဘဲ သူ့ချာတိတ်ကလေးကိုပါ အလစ်သုတ်ခဲ့တာ ပေါ့"

"ဟုတ်တာပေါ့ မမရာ . . . သားတို့ ဆိုင်ပြောင်းဖွင့်ရင်တော့ ကောင်းမယ် ထင်တယ်"


"တတိယကမ္ဘာစစ်မီးကိုတော့ တို့မမက စပြီး မွှေးပြီထင်ပါရဲ့"

"ကဲ . . . တော်ကြစမ်းပါဟယ် . . . အဲဒီလောက်တောင် ဥပမာ၊ ဥပစာတွေနဲ့ အမွှန်းတင်ချဲ့ကားပြီး ကြောက်နေကြသလား၊ နင်တို့သုံးကောင်စလုံး အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားတွေ မဟုတ်ကြဘူးလား"

ပွင့်ယုဇာက ထုံးစံအတိုင်း မန်နေဂျင်းဒါရိုက်တာနေရာ မှဆဲဆဲဆိုဆိုနှင့် အသံရှိန်မြှင့် ပိတ်ပင်လိုက်တာမို့ အစည်းအဝေးမှ ကျွတ်စီကျွတ်စီ အသံများ ပြတ်တောက်သွားလေသည်။

သို့သော် ပွင့်ယုဇာအတော့်ကို ဇဝေဇဝါဖြစ်သွားလေသည်။

ထိုသည်မှာ သူမ ခန့်ကို တကယ်ချစ်မိရဲ့လားဆိုတဲ့ အချက်တစ်ချက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"မျက်စိမှိတ်ထားနော်"

ခန့်က ယုဇာအား ညင်သာစွာ တောင်းဆိုလိုက်တာမို့ ယုဇာ . . . ခန့်အလိုကျ မျက်လုံးအစုံကို မှိတ်ထားရပေမယ့် နည်းနည်းတော့ လန့်သွားရလေသည်။

ဘုရား . . . ဘုရား ။

သူ ယုဇာကို ဂူလီကူမာညာဏ်နဲ့ ကားတင်ပြေးမလို့လား။ ဒါမှမဟုတ် ဖက်နမ်းမလို့လား။ အို . . . မဖြစ်နိုင်သေးပါဘူးလေ။ ဒီနေရာက ကော်ဖီဆိုင်တစ်ဆိုင် ထဲမှာပဲ။

မောင်လေးဒါက ခန့်အပေါ် ယုဇာထားရှိသောအချစ်ကို ထောက်ပြချက်ပေးပြီးကတည်းက ယုဇာ မိမိစိတ်ကို မိမိဘာသာ အကဲခတ်ကြည့်မိသည်။

တကယ်တော့ ခန့်ကို မြင်မြင်ချင်း ရင်ခုန်မိတယ်ဆိုတာ ထက် ဒေါ်ဆွေလင်ဝင့်မာနဲ့ တွေ့ရမှာကို တွေးမိပြီး ရင်ခုန်မိတယ်ဆိုရင် ခန့်ကို ချစ်သူရွေးချယ်ခဲ့တာ ယုဇာနမှား များများပြီထင်တယ်။

ခန့်နဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတာ ကြာပါပြီ။





ချစ်သူဆီကရရှိလာသော ပထမဦးဆုံးကြင်နာမှုတွေကို ..ဇာမှင်တက်ခဲ့ပေမယ့် ရက်အနည်းငယ်ကြာလာတော့ ယုဇာ . . . ခန့်ကို ရင်မခုန်တော့။ စိတ်မလှုပ်ရှားတော့။

ခန့်ရယ် . . . ရှင်နဲ့ယုဇာ မိတ်ဆွေတွေသာ ဖြစ်ခဲ့ကြရင် ..ယ်လောက်ကောင်းမလဲ။ အခုတော့ ယုဇာရဲ့ မတည် ငြိမ်သေးတဲ့ ..တ်တွေကြောင့် ခန့်နဲ့ယုဇာ မျက်နှာဘယ်နေ့ ပျက်ရမလဲ ..ရှိမ်နေရတယ်။

"မျက်စိမှတ်ထားနော်"

"အိုကေ . . . အိုကေ . . ."

"လက်ပေါ်တင်ပေးထားတယ်၊ဒါပေမယ့် ကိုင်မကြည့်ရဘူး"

"ဘုရားရေ . . . ရှင်မနောက်နဲ့နော် ခန့်၊ယုဇာ ပိုးဟပ် ဆို ..ပ်ကြောက်တာ"

"ကိုယ်မနောက်ပါဘူး . . . မျက်လုံးဖွင့်မကြည့်နဲ့နော်၊ ..ယ်မင်းလက်ပေါ်ကို အမှတ်တရ ပစ္စည်းလေးတစ်ခု တင်ပေး ..းတယ်၊မျက်လုံးဖွင့်မကြည့်ခင်ကိုယ်မေးတာကို အရင်ဖြေဦး၊ ..ဇာ ဒီနေ့ ဘာနေ့လဲဟင်"

ဟိုက် . . . ပြဿနာတော့တက်ပြီ။

ဒီနေ့ ဘာနေ့လဲ . . . ၊ဒီနေ့ ဘာနေ့လဲ။မနေ့ကပြက္ခဒိန် ..ည့်တုန်းကတော့ ဖေဖော်ဝါရီလ ဆယ့်တစ်ရက်နေ့ပဲ။

"အင်း . . . ဒီနေ့ ဖေဖော်ဝါရီ ဆယ့်နှစ်ရက်နေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . အဲဒါကို ပြောတာမဟုတ်ဘူး"

"ဟာ . . . ဟုတ်ပြီ သေလိုက်ပါတော့ဒီနေ့ ပြည်ထောင်စုနေ့"

"ဟာ . . . ကိုယ်က အဲဒါကို ရည်ရွယ်တာ မဟုတ်ဘူး"

"ဒါဆို . . . နေဦး ခန့်ရယ် . . . ဪ ဟုတ်ပြီ . . . ဟုတ်ပြီ . . . မြန်မာလိုရှစ်ရက်နေ့ဆိုတော့ ဥပုသ်နေ့ပေါ့"

"ကိုယ်နည်းနည်း စိတ်တိုလာပြီ၊ဥပုသ်နေ့မှာ အမှတ်တရပစ္စည်းပေးရအောင် ရိပ်သာမှာ ပုတီးစိတ်ဖို့ မင်းကို ကိုယ်က ဆွဲခေါ်တော မဟုတ်ဘူး"

"စိတ်မဆိုးပါနဲ့ ခန့်ရယ် . . . ယုဇာခေါင်းထဲမှာ ဖက်ရှင်ဒီဇိုင်းတွေကို စဉ်းစားနေရလွန်းတော့ ဘာအထိမ်းအမှတ်နေ့တွေမှန်း မသိဘူး၊မှန်းစမ်း . . . အား . . . ဟုတ်ပြီ . . . ဟုတ်ပြီ မကြာခင် ဖေဖော်ဝါရီလဆယ့်လေးရက်တိုရောက်တော့မှာပဲ၊ ဪ . . . ဪ ခန့်က ယုဇာကို အကြိုနေ့ လက်ဆောင်ပေးပြီပေါ့လေ"

ကျွန်မ လက်ဖမိုးကို ညင်သာစွာ ဆုပ်ကိုင်ထားသော သူ့လက်ချောင်းများ ကဗျာမဆန်လှစွာ ပြုတ်ကျသွားလေသည်။

"ဘာတစ်ခုမှ မဟုတ်ဘူး၊မျက်လုံးဖွင့်ကြည့်ရင်လည်း ကြည့်လိုက်တော့၊ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ၊ဒီနေ့ ကိုယ်တို့ ချစ်သူသက်တမ်း တစ်လပြည့်တဲ့ နေ့"

နှစ်မိနစ်တာ သူ့ရဲ့ကောင်းအဆင့်ထက် ရာထူးတက်သွား သော တစ်လတာ ချစ်သူနှုတ်ဖျားမှ မြည်တွန်တောက်တီးနေပေ





ယုဇာရဲ့ လက်ဖဝါးပေါ်မှာတော့ နှစ်လိုဖွယ်လက်ဆောင် ကလေး တစ်ခု ရောက်နေလေသည်။

"ဟာ . . . ကြည့်စမ်း . . . လက်စွပ်ကလေး"

အသည်းပုံထဲမှာ စိန်တစ်ပွင့်မြုပ်ထားထားသော ပလက်တီနမ်လက်စွပ်ကလေးကို အားနာစွာကြည့်ရင်း ချစ်သူခန့်ရဲ့ စိတ်ကူးယဉ်ဆန်မှုကို ယုဇာ အံ့ဩသွားရလေပြီ။

သူဟာ ကျွန်မကို တကယ်ပဲ ချစ်နေပါလားကွယ်။

ကျွန်မဝမ်းသာသွားလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ သူ တိတ်တိတ်ကလေးကြည့်နေပုံကိုက ဘယ်လောက် အသည်းယားချင်စရာကောင်းလိုက်ပါသလဲ။

နောက်တစ်ခုက ချစ်သူက ဒီလောက်ရင်ခုန်စိတ်လှုပ်ရှားဖို့ကြိုးစားထားတဲ့ အကြံအစည်ကို ကျွန်မ ဘာလို့ ကြိုမသိခဲ့ရသလဲ။ အသိတစ်ခုပြန်ဝင်လာချိန်မှာတော့ ခန့်ဟာ ကျွန်မကို အလွန်တရာစိတ်ဆိုးနေလေပြီ။

"စိတ်မဆိုးနဲ့ကွာ . . . နော် ခန့်"

"ကိုယ် တကယ်ပဲ စိတ်မကောင်းဖြစ်သွားမိတယ်"

"အဲဒါ ခန့်ကို ယုဇာ ချစ်လို့နောက်လိုက်မိတာ၊ဒီနေ့ ဘာနေ့လဲဆိုတာ ယုဇာလည်းသိပါတယ် ခန့်ရဲ့၊ဒီနေ့က လာဗင်ဒါ ဘုန်းတိုက်ကနေ ယုဇာထွက်ပြေးလာတာ တစ်လပြည့်တဲ့နေ့၊နောက် သူဇာနဲ့ ခန့် ချစ်သူဖြစ်ခဲ့ကြတာ တစ်လပြည့်တဲ့နေ့၊ ယုဇာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်း မှတ်မိပါတယ် ခန့်ရဲ့"

အဲဒါလည်း ယုဇာမှသားစကားတွေပဲ။

ဒီလိုနည်းနဲ့မှ မချော့မြှူနိုင်ရင် စိတ်ကောက်နေတဲ့ ချစ်သူလေးဟာ ဘယ်လိုမှ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး။

"ကိုယ် မယုံဘူး . . ."

"ယုံပါ ခန့်ရယ်၊ ယုဇာလည်း ခန့်အတွက် အမှတ်တရ လက်ဆောင်လေး ပြန်ပေးဖို့ စီစဉ်ပြီးသားပါ၊ကဲကဲ . . မျက်စိမှိတ်"

ဘုရားရေ . . . ကျွန်မဘာတွေ လျှောက်ပြောမိပြီတုန်း။ ဒုက္ခပါပဲ။စကားတွေတော့ ကျွံကုန်ပြီ။တကယ်တော့ သူ စိတ်ကောက်ပြေစေဖို့ ပြောမိပြောရာ လျှောက်ပြောမိတာ။ သူ့အတွက်ပေးစရာ လက်ဆောင်မပြောနဲ့ ဒီနေ့ချစ်သူ့သက်တမ်း တစ်လပြည့်ဆိုတာတောင် သူပြောမှ ကိုယ်သိရတာ။ခက်တော့ နေပြီ။

ပိုဆိုးသွားသောအချက်တစ်ချက်မှာ ခန့်က ယုဇာ စကားကို ယုံကြည်ပြီး မျက်စိစုံမှိတ်ကာ လက်ဖဝါး ဖြန့်ထားလေ၏။

ဘာလုပ်ရမလဲ . . . ယုဇာ ဘာလုပ်ရမလဲ၊ စိတ်အိုက်လို့ ယုဇာချွေးတွေတောင် ပြန်လာပြီ။ စားပွဲပေါ်မှာ အသင့်ရှိနေတဲ့ ကော်ပြန့်လိပ်တစ်ချောင်းကို သူ့လက်ဖဝါးပေါ်တင်ပြီး "တစ်လပြည့်အထိမ်းအမှတ်အတွက် ကော်ပြန့်လိပ်ကျွေးမလို့"လို့ ချော့လဲရောထိုင်၊ရှူးသလို ကြောင်သလို လုပ်လိုက်ရမလား၊အို . . . မဖြစ်သေးပါဘူးလေ။





ဒါဆို သူ ကျွန်မကို စိတ်ဆိုးမာန်ဆိုးနဲ့ ပစ်ထားခဲ့လိမ့်မယ်။ အင့်အင်း . . . သူ မုန်းသွားမှာကိုတော့ ယုဇာ ကြောက်တယ်။

အဖြစ်မှန်ကို မသိရှာသေးတဲ့ အပြစ်ကင်းစင်သူလေး ခန့်ကို ကြည့်ကာ ယုဇာ ရှုးချင်လာမိတယ်။

"နေဦး . . . နေဦး . . . မျက်လုံး မဖွင့်နဲ့ဦး"

"ကောင်းပါပြီ . . . ကောင်းပါပြီ"

ခန့်ကတော့ ယုဇာသူ့အတွက် ဘယ်လောက်များ ဘာတွေ လုပ်ထားသလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ မျက်လုံးမှိတ်ရင်း ပြုံးကာ သာနေလေသည်။

"ယုဇာလည်း မျက်လုံးမှိတ်ထားလိုက်မယ်နော် . . . ခန့်"

တကယ်တော့ ယုဇာပါကြံရာမရဖြစ်ပြီး မျက်လုံးစုံမှိတ် ကာ ထားလိုက်မိခြင်း ဖြစ်ပါသည်။

ဘုရား . . . ဘုရား . . ကောင်းကင်ပေါ်က တစ်ခုခု ပြုတ်ကျလာအောင် ဖန်ဆင်းပေးတော်မူပါ ဘုရား။ဘုရားရှင် တပည့်တော်မကို ပစ်မထားပါနဲ့။ ရွှေတိုရွှေစမှ မဟုတ်ပါ ဘုရား။နှင်းဆီပန်းခြောက်ကလေး တစ်ပွင့်ဖြစ်ဖြစ်၊ အနီရောင် ဖော့အသည်းလုံးပါကင်ထုပ်ကလေးဖြစ်ဖြစ်။

"ဖွင့်လို့ ရပြီလား . . ."

"နေဦး . . . နေဦး"

ကျွန်မဟာ သူဖြန့်ထားတဲ့ လက်ဖဝါးကလေးကို ယောင်

www.burmeseclassic.com

www.burmeseclassic.com



ယမ်းပြီး ဆုပ်ကိုင်ထားရင်းကနေ စက္ကန့်ပိုင်းအတွင်း မှာတော့ အလွန်တရာထူးခြားသည့် လက်ဆောင်ကလေးတစ်ခု သူ့ လက်ဖဝါးပေါ်သို့ သူ့အလိုလို ကျလာလေတော့သည်။

"လက်စွပ်ကလေး တစ်ကွင်း အောက်ကိုကျနေပါတယ် ခင်ဗျာ"

ကျွန်မတို့နှစ်ယောက်လုံး မျက်လုံးပြူးပြိုင်တူဖွင့်မိကြရာ စားပွဲထိုးကောင်လေးတစ်ယောက်က ကျွန်မဆုပ်ကိုင်ထားသော သူ့လက်ဖဝါးပြင်ကျယ်ကျယ်ပေါ်သို့ ရွှေလက်စွပ်ကလေးတစ်ကွင်း တင်ပေးလေ၏။

ယုဇနကတော့ သိပ်ကို ထူးဆန်းလွန်းလို့ ကြောင်အမ်း ကာဆွံ့အနေမိလေသည်။

"ဟယ် . . . ဘယ်က ကောက်ရတာလဲ"

"အစ်မခြေထောက်အောက်ကလေ. . . အစ်မလက်စွပ်ကလေး. . . မဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်. . . ဒီမှာ တစ်ယောက်လက်ဆောင်နဲ့တစ်ယောက် လဲလှယ်နေတုန်း ဘယ်လိုလုပ်ပြီး များပြုတ်ကျသွားလေသလဲ မပြောတတ်ပါဘူး၊ကျေးဇူးနော်. . . မောင်လေး"

"ရပါတယ်"

တကယ်တော့ ထိုလက်စွပ်ကလေးမှာ ကော်ဖီဆိုင်သို့ လာထိုင်သောသူ တစ်ယောက်ယောက် ကျ,ကျန်ခဲ့တာ ဖြစ်ပါလိမ့်မည်။

ကံကောင်းချင်တော့ စားပွဲထိုးလေးက ကျွန်မကြဲရာမရေ



ဖြစ်နေတဲ့ပုံကိုမြင်ပြီး လက်စွပ်ပျောက်ရှာနေသူဟု မှတ်ယူကာ ကျွန်မခြေထောက်နားကျနေတဲ့ ရွှေလက်စွပ်ကလေးကို ကျွန်မဆုပ်ကိုင်ထားတဲ့ ခန့်လက်ဖဝါးပြင်ပေါ် အလိုက်တသိ ထည့်ပေးခဲ့ခြင်း ဖြစ်လေသည်။

ထပ်၍ကံကောင်းချင်ပြန်တော့ ရွှေလက်စွပ်ကလေးမှာ **'P'**ဆိုတဲ့ အက္ခရာကလေးပါတာမို့ ပိုင်ဇေခန့်က လက်စွပ်က လေးအပေါ် အကြွင်းမဲ့ယုံကြည်သွားလေရာ ကျွန်မ မှာပါ မှင် သေသေနှင့်နေရလေတော့သည်။

"လှလား"

သိပ်ကိုနူးညံ့ဖော်ရွေပြီး ကျေနပ်နှစ်သက်နေတဲ့အပြုံးရိပ်တွေ။

"လှတယ်. . . ကိုယ် တကယ်ယုံပါပြီ"

"ကျေနပ်တယ်နော်"

"အပြည့်အဝကို ကျေနပ်တယ်"

ကျွန်မက သူအမြတ်တနိုးပေးထားသော ပလက်တီနမ် စိန့်လက်စွပ်ကလေးကို ဘယ်ဘက်လက်သူကြွယ်မှာ အမှတ်တမဲ့ စွပ်ကြည့်လိုက်လေရာ နောက်ပိုင်းတွေမှာတော့ သိပ်ကိုကြွေ ပျက်လောက်စေတဲ့ မှားယွင်းမှုတွေ ဖြစ်ခဲ့ပါလေသည်။

"သေချာလို့လား"

သူက လေးလေးနက်နက်နှင့် ခံစားချက်အပြည့်အဝ မေးကာ မေးနေတာမို့ ဘုမသိဘမသိနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်"

"တကယ်နော်"

"တကယ်ပေါ့"

ယုဇာဖြေမယ့်သာ ဖြေလိုက်ရတယ်။ဘာတွေမှန်းမသိ။

"ချစ်သူပေးတဲ့လက်စွပ်ကိုဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ဆင်တာဟာ အဲဒီချစ်သူကို ဘဝလက်တွဲဖော် အဖြစ်ပဏာမရွေးချယ် လိုက်တာပဲ၊ယုဇာ ကိုယ့်ကို အဲဒီလောက်ချစ်သလား၊ဘဝလက်တွဲဖော် အဖြစ်စဉ်းစားရဲလား"

ဟိုက်သေရော၊ထပ် . . . ထပ်. . . ထပ်လွဲချော်ကုန်ပြန်ပြီ။

အဲဒီလောက်အထိ ခန့်ကို ယုဇာစဉ်းစားလိုက်မိတာ မဟုတ်။ လက်စွပ်ကလေးကလှ၍ တော်တဲ့လက်မှာ စွပ်လိုက်ခြင်း ဖြစ်လေသည်။

ကဲ. . . သူ့ကိုငြင်းဆန်လိုက်ပစ်ဖို့ရော သူ့မှာဘာချွတ်ယွင်းချက်ရှိလို့လဲ၊တစ်ထိုင်တည်းရည်းစားဖြစ်ခဲ့ရတာမို့၊ရည်းစားသက်တမ်းကလေးတို့တောင်းနေသည်မှအပ ချွတ်ယွင်းချက်ကလေးတစ်ခုမှမရှိ။

ခန့်ကတော့ စိတ်လိုလက်ရနှင့်ယုဇာအလှူလက်ဖက် နှင့်မျက်နှာလုပ်လိုက်သော ရွှေလက်စွပ်ကလေးကို ညာဘက် လက်သူကြွယ်မှာ စွပ်ကြည့်လိုက်ရာ အသည်းယားစရာကောင်း လောက်အောင် ကွတ်တိကလေး ဖြစ်နေပြန်ပါသည်။

"မင်း . . . ဒီလက်စွပ်ကလေး ကိုယ့်လက်နဲ့ကွတ်တိတော်သို့တစ်ခု



ခုတော့ တိတ်တိတ်ကလေး အတိုင်းယူထား တယ်မို့လား"

သူ့စကားကြောင့် ကျွန်မအလွန်ရယ်ချင်သွားပါသည်။

တယ်လည်း မှန်းထားပါလား ခန့်ရယ်။

"ဒါပေါ့. . . ဒါပေါ့. . . ရှင်ကားမောင်းနေတုန်း ရှင့်လက်သူကြွယ်ကလေးကိုကြည့်ပြီးမျက်စိနဲ့ အလွတ်ကျက်ထားတာ"

သူက ပြုံးနေရင်းမှ တစ်ချက်စဉ်းစားလိုက်ကာ လေးလေးနက်နက်နှင့် တောင်းဆိုပါလေတော့သည်။

"ကိုယ် မေမေ့ကို အသိပေးလိုက်တော့မယ်နော်"

"ရှင် . . . ."

"ဒေါ်ဆွေဇင်ဝင့်မာန်ကို လုံးဝမချစ်နိုင်ကြောင်းနဲ့ ကိုယ့်မှာ ချစ်သူတစ်ယောက်ရှိနေပြီ ဆိုတာကိုလေ"

"ဟို. . . ဟို. . . အရမ်းများစောလွန်းနေမလားပဲ"

"စိတ်မပူပါနဲ့ . . . ကိုယ့်မှာ ချစ်သူတစ်ယောက်ရှိကြောင်းလောက်ပဲ ကြေညာထားမှာပါ"

"ခန့်သဘောပဲ"

ထိုညက ယုဇာ သူမဘာသာသူမ မေးခွန်းတစ်ခု မေးမိပါသည်။"ပိုင်ခေခန့်ကို တကယ်ကော နှစ်နှစ်ကာကာ ချစ်မိရဲ့လား" လို့. . .။

www.burmeseclassic.com

www.burmeseclassic.com

"သိပ်တော့ မသေချာဘူး ယုဇနဒါပေမယ့်မနက်ဖြန် တော့ မမေ FMI မသွားဖြစ်လောက်ဘူးထင်တယ်၊ ကိုယ် ယုဇန ကိုမေမေနဲ့ မိတ်ဆက်ပေးချင်လို့"

ခန့်စကားကို ကြားကတည်းက ခန့်အိမ်ကို အလည်သွားရန် ယုဇနဘာဝတ်ရမလဲဆိုတာ အသည်းအသန် စဉ်းစားမိပါသည်။

သက္ကလပ်ကုတ် . . .။

ဟုတ်တယ် . . .၊ သက္ကလပ်ဟာ အင်မတန်ကျက်သရေရှိတဲ့ တော်ဝင်ယဉ်ကျေးမှု သင်္ကေတပဲ။

အင်္ဂလန်နိုင်ငံ ဘာကင်ဟမ်နန်းတော်ကြီးထဲက ဘုရင်မကြီးအဲလစ်ဇဘက်ရဲ့ မယ်တော်ဘွားသက်ရှည်ကြီးကိုပဲ ကြည့်လေ၊ အသက် တစ်ရာကျော်တိုင် ပြည်သူလူထုကြား သွားတဲ့အခါ၊ မြင်းပွဲတက်တဲ့အခါ၊မင်းခမ်းမင်းနားတက်တဲ့အခါ သက္ကလပ်တွေပဲ ဝတ်ခဲ့တာ မဟုတ်လား။



"အဲဒါ . . . ယုဇနကို ကိုယ် ဝင်ခေါ်ရမလား"

"ရှင် . . . ဪ . . . ယုဇနဘာသာ လာခဲ့ပါ့မယ်၊အင်းယားမြိုင်ခြံအမှတ်( . . . )မဟုတ်လား၊ယုဇနလည်း အင်းယားမြိုင်ထဲကို အပ်ထည်ပေးရင်း လာစရာရှိတယ် . . . လမ်းကြုံပါတယ်"

"ယုဇနရေ . . မေမေ့ကို ယုဇနအကြောင်းပြောထားတယ်၊ ဒါပေမယ့် မနက်ဖြန် ယုဇနကို ကိုယ့်အိမ်အလည်ခေါ်တာ မေမေနဲ့ အဓိကထားတွေ့ဆုံစေချင်တဲ့သဘောတော့ မဟုတ်ဘူးနော်၊ အလည်အပတ်ရောက်စေချင်တာနဲ့ နေ့လယ်စာဖိတ်ကျွေးချင်တာ အဓိကပါ"

"ရပါတယ် . . . ယုဇနလည်း လူကြီးတွေနဲ့ သိပ်စကားပြောတတ်လှတာမဟုတ်ဘူး၊ အန်တီကFMIမှာ ရတနာဆိုင်ဖွင့်တယ်မဟုတ်လား၊မနက်ဖြန် ဆိုင်ပိတ်မှာမို့လား"

"မနက်ဖြန် ဆိုင်မထွက်ဖြစ်ဘူး ပြောလို့"

သို့နှင့် ယုဇနသည် ပိုင်ဇေခန့် အိမ်သို့ သွားရောက်လည်ပတ်ရန် အကြောင်းဖန်လာပါလေတော့သည်။

ဒီနေ့အတွက်ကတော့ အလွန်တရာကံကောင်းသည်ဟု ဆိုရမည်။ စလွန်းကားအစုတ်လေးဆိုတာကလည်း စက်နှိုးစရာ မလိုအောင် အဆင်ပြေသည်။

ညက တစ်ညလုံးမျက်လုံးမျက်ဆံပြူးချုပ်ထားရသည့် သက္ကလပ်ဝတ်စုံကလည်း စမတ်ကျမှကျ။ညို့မှိုင်းသော မီးခိုး ရောင်အနွယ်နှင့် ကျက်သရေရှိစွာ ချုပ်လုပ်ဝတ်ဆင်ထားသောကြောင့်ယုဇနပုံစံမှာ အနောက်

www.burmeseclassic.com



နိုင်ငံ အထက်တန်းကျောင်းသူဟန် ဖြစ်နေလေသည်။

"တီ . . . တီ"

ခြံစောင့်အဘိုးကြီးတစ်ယောက်က ဂိတ်တံခါးလာဖွင့်ပေးသည်။

ပိုင်ဇေခန့်တို့ နေထိုင်ရာ တိုက်ဂေဟာကြီးမှလည်း မှင်တက်ဖွယ်ကောင်းလောက်အောင် ကြီးကျယ်ခမ်းနားလွန်းပါ၏။ ရာသီအလိုက် စိုက်ပျိုးထားသော ပန်းမာလာပင်များ၊ မြက်ခင်းကျယ်ကျယ်များ၊ဟိုးခပ်ဝေးဝေးဆီမှာလည်း သစ်ခွဥယျာဉ် ကလေးတစ်ခု။

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်ရင်း ခန့်အရိပ်အရောင်များကို ရှာသည်။ မတွေ့ . . .။

ယုဇာတော့ အူကြောင်ကြောင်ဖြစ်ပြီလား မပြောတတ်။

ကားပေါ်မှ ကုပ်ကုပ်ကလေးဆင်းကာ ဘေးဘီဝဲယာကို အကဲခတ်ကြည့်လိုက်တော့ ဧည့်ခန်းကျယ်ကြီးထဲမှ ထွက်လာ သော အိမ်အကူအဒေါ်ကြီးတစ်ယောက်။

"အန်တီရေ . . . ခန့်နဲ့ တွေ့ချင်လို့"

"ဩော် . . . အေး . . . အေး . . . သမီးရေ၊ မမက ပွင့်ယုဇာ လာမယ်လို့တော့ မှာထားသား၊ ဧည့်ခန်းထဲမှာ ထိုင်စောင့်မလား၊ ဒါမှမဟုတ် ဒီတည့်တည့်သွားပြီး ညာဘက်အခန်း ကို ဝင်သွားမယ်ဆိုရင်လည်း ရတယ်၊ 'သန့်' စာကြည့်ခန်းထဲမှာ ရှိတယ်"

ထိုစဉ်က အိမ်အကူအဒေါ်ကြီးပြောသော 'သန့်' ကို 'ခန့်'



ဟု နားကြားလွဲရာမှ ပွင့်ယုဇာ၏ နှလုံးသားရေးရာများ ဒီထက်ပိုမို ရှုပ်ထွေးကုန်တော့သည်။

"မမက ပွင့်ယုဇာ လာမယ်လို့တော့ မှာထားသား"

အိမ်အကူအဒေါ်ကြီးစကားကြောင့် ကျွန်မရင်ထဲမှာ ပီတိဖြစ်သွားမိတာ အမှန်ပင်။ မမြင်ဖူးသေးသော တစ်ချိန်ချိန်မှာ ယောကျ္ာမတော်ဖို့ တပ်အပ်မသိရသေးသော FMI မှာ ရတနာ ဆိုင်ဖွင့်ထားတဲ့လူကုံထံ အမျိုးသမီးကြီးတစ်ဦးဟာ ယုဇာကိုတော့အမှတ်တရ ရှိရှာသား။

အင်းလေ . . . သူ့သားကလည်း သူ့အမေကို ယုဇာအကြောင်း ဘယ်လောက်နားငြီးစရာကောင်းလောက်အောင် ပြောထားမှန်းမှမသိ။

ဧည့်ခန်းကျယ်ကြီးမှာအပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်နေလေသည်။

ခင်းထားသော ကြမ်းပြောင်ပြောင်များက တက်နင်းရက်စရာမရှိလောက်အောင် သန့်စင်နေပါ၏။ ဇရာမဆိုဖာဆက်တီကြီးတွေပေါ်မှာ ငုတ်တုတ်ကလေး ထိုင်စောင့်ရရင် ကောင်းလေမလား။ ခန့်မေမေ ဒေါ်မာလာဖြူက ဘယ်နေရာကများ ဘွားခနဲ ပေါ်လာလေမလဲ။

ခန့်ကြိုရောက်မနေနှင့်ဘဲ ခန့်မေမေနဲ့ ယုဇာ တွေ့ကြ လို့ ကောင်းပါ့မလား။ အို . . . ခန့်ကို အရင်တွေ့ဖို့ အရေးကြီး သည်။

ဘယ်လိုလုပ်ရမလဲ။ သူများဧည့်ခန်းထဲ ရောက်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်လိုသဘောထားကာ 'ခန့်ရေ . . . ယုဇာရောက်နေပြီ' လို့ ခုနှစ်သံချီပြီး အော်လိုက်ဖို့ သင့်တော်ပါ့မလား။

မဖြစ်သေးပါဘူးလေ။ ဣန္ဒြေလေး ဘာလေး ဆယ်ဦးမှ

ယုဇာ ဆိုဖာကြီးပေါ်မှာ ထိုင်လိုက်ရပေမယ့် နောက်ကျောမလုံ။ အမလေး . . . ငါ့ကိုများ ဘယ်သူ့အပေါက်က ချောင်းကြည့်နေပြီလဲ။ ငါတော့ ထောင်ချောက်ထဲရောက်ပြီလား။ ဟာ . . . မဟုတ်သေးပါဘူးလေ။ ကယောင်ချောက်ချား နဲ့ ဘာတွေများ တွေးနေမိပါလိမ့်

ကြောက်လည်းကြောက်၊ ရယ်ကလည်း ရယ်ချင်၊ ခွေးကလည်းပြန်။

စာကြည့်ခန်းထဲမှာ ခန့်' ရှိတယ် . . . တဲ့။ လိုက်သွား တာပဲ ကောင်းမယ်။ ပြီးရင် ယုဇာကို ထွက်စောင့်မနေတဲ့ အ တွက် ရန်တွေ့မယ်။

ဆိုဖာပေါ် ထိုင်နေရင်းမှ ယုဇာထရပ်လိုက်ကာ ခြေသံလုံအောင် လမ်းလျှောက်ရင်း စာကြည့်ခန်းဆီသို့ သွားမိပါသည်

တံခါးခေါက်ဖို့ သတိရပေမယ့် တံခါးမှာအနည်းငယ် ဟထားတာမို့ ခန့်ကျောပြင်ကျယ်ကြီးကို တစ်စွန်းတစ်စနှင့် ယုဇာ မြင်ရလေပြီ

အမလေး . . . ခန့်က လူနှစ်ရပ်စာလောက်ရှိတဲ့ စာအုပ်စင်ကြီးကို မျက်နှာပြုပြီး စာအုပ်တွေ ရွေးနေတာကိုး။

"ဟိတ်"

ကျွန်မ၏ ခြောက်လှန့်သံကြောင့် လှည့်ကြည့်ရန် ကြိုး



းလိုက်သော လှုပ်ရှားမှုကို ဆန့်ကျင်ပြီး ခန့်ကို ဖက်ထားကာ ျက်လုံးများကို ယုဇာလက်ချောင်းများနှင့် ဖိအုပ်ထားလိုက်မိ သည်။

"ကမ္ဘာကျော် ဖက်ရှင်ဒီဇိုင်းနာ ပွင့်ယုဇာကိုများ ရှင်က ထီးမှဲ့မြင်ပြုပြီး အိမ်လာဖို့ ဖိတ်ထားတောင် ခရီးဦးမကြိုဆိုဘူး ဟုတ်သလား"

". . . . . . . ."

အဲလစ်ဇဘက်ဘုရင်မကြီးရဲ့ မေမေ ဘွားသက်ရှည်မယ်တော်ကြီးကို သိတယ်မို့လား"

သူက ငြိမ်သက်ရင်း ခေါင်းငြိမ့်လေသည်။

"ဘွားသက်ရှည်မယ်တော်ကြီးက အရောင်မှိုင်းတဲ့ သ ဘွလပ်စတွေ ဝတ်တတ်တယ်ခန့်ရဲ့၊ ဟိုတစ်နေ့က ခန့် ယုဇာကို ခန့်အိမ် အလည်လာဖို့ ဖိတ်ကတည်းက ယုဇာ ဘာဝတ်ရမယ် ဆိုတာ ဖက်ရှင်ထွင် ပြီးသား၊ ယုဇာလေ . . . ခန့်မေမေနဲ့တွေ့ ဖို့ သက္ကလပ်ဝမ်းဆက် ဝတ်ခဲ့တယ်သိလား"

သူက ခပ်ဖွဖွရယ်ကာ ခေါင်းညိတ်ပြန်ပါသည်။

"အံမယ် . . . ဘာရယ်တာလဲ၊ မလှဘူးထင်လို့လား"

ချစ်သူ၏ ဆံပင်များကြားသို့ ခေါင်းတိုးခွေ့ကာ ခပ်ဖွဖွ နမ်းရှိုက်ကြည့်လိုက်တော့ ဆံသားများက အနည်းငယ်ပျော့ ပျောင်းနေကာ တမူကွဲပြားသော ခေါင်းလိမ်းဆီရနံ့ကို ရပါသည်။

ဟင် . . .။ ဒါဆို သူဘယ်သူလဲ။ သူ ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



သောက်ကျိုးနည်း၊ ငါတော့ လူမှားပြီ ထင်ပါရဲ့။

'ခနီ' အထင်နှင့်သူ့မျက်လုံးများကိုဖုံးအုပ်ထားတဲ့ယုဇလက်ချောင်းများက သူ့ပခုံးကို ဆွဲလှည့်ကာ မျက်နှာချင်းဆိုင်လိုက်စေတော့။

ရန်မမူပါဘူးဆိုတဲ့အသွင်နဲ့ လက်နှစ်ဖက်ကို သိသိသာသာ မြှောက်ပြပေးထားသော လူရည်သန့်တစ်ယောက်။

"မင်း လူမှားနေပြီကွ"

"ဟင် . . ."

ကြောက်လန့်ထူပူကာ အံ့အားသင့်သွားသဖြင့် ယုဇလက်ဖျားခြေဖျားများ အေးစက်သွားပါတော့သည်။

ခွင့်လွှတ်နားလည်မှုကြီးစွာနှင့် ပြုံးတုံ့တုံ့ စိုက်ကြည့်နေတဲ့ ထိုလူရည်သန့်တစ်ယောက်ဟာ ယုဇကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ ကောက်ချက်ချနိုင်ရန် ကြိုးစားနေလေသည်။

"အသေအချာပဲ . . . မင်းရဲ့အနေအထားနဲ့ ဝတ်စားဆင်ယင်မှုကို မြင်တာနဲ့ ကိုယ့်မေမေဟာ သူ့သားအငယ်ဆုံးအတွက် မင်းကို သဘောကျမှာပါ၊ နောက်ပြီး မင်းပြောသလို မင်း ဟာ တကယ့်ဓီဗိုင်းနာကောင်းတစ်ယောက်ပဲ၊ ဒါပေမယ့် နောက် ကို အဝတ်အစားဝတ်တဲ့အခါ နမော်နမဲ့ မဆန်မိစေနဲ့၊ ကြယ်သီးတပ်ထားတာတွေ လွဲနေတယ်၊ ပြင်လိုက်ဦးနော် ညီမလေး"

"ရှင် . . ."

ပထမတော့ သူ့ကိုသာ ကြက်သေသေရင်း ကျွန်မ ကြည့်နေ





မိသည်။ နောက်တော့ ကိုယ့်ရင်ဘတ်အောက်ကို ကိုယ်ငုံ့ကြည့်လိုက်တော့။

အိုး . . . ဘယ်လောက်များ အရှက်ကွဲလိုက်တဲ့ အဖြစ်လဲ။ ကြယ်သီးပေါက်နဲ့ ကြယ်သီးတွေ တလွဲတခြားဖြစ်နေတာ။ သူ့နေရာနဲ့သူ ဖြစ်မနေတာ။

ဘုရား . . . ဘုရား . . . ထွက်ပြေးလို့ သင့်တော်ပါ့လား။ မဖြစ်။ သူ ဘယ်သူလဲ။ ခနီနဲ့တော့ ခပ်ဆင်ဆင်။

"တွိုင်း . . . တွိုင်းလက်(Toilet)ခဏ ဝင်ပါရစေ၊ ကြယ်သီးလွဲနေတာတွေ ပြင်ဖို့ . . ."

"လာ . . . လာ . . . ညီမလေး . . ."

အရှက်ကွဲခြင်းများစွာနှင့် ရေချိုးခန်းထဲသို့ သူရောက်ကျွန်မ ပါရောက်ရှိသွားလေသည်။ ဟော . . . စောစောက 'ခနီ' နဲ့ 'သန့်' ကို ကွဲကွဲပြားပြား မပြောလေတဲ့ အဘွားကြီး။

"ဒေါ်ဒေါ်တင်၊ ညီမလေးကို အိမ်သာလိုက်ပို့ပေး လိုက်ပါဗျာ"

ညီမလေး . . . တဲ့။ ကျွန်မတစ်သက်တာမှာ တစ်လျှောက်လုံးလို ညီမယုဇလို့ အခေါ်ခံရရင်းကနေ 'ညီ မလေး' လို့သုံးနှုန်းခံလိုက်ရတာ ပျော်လည်း ပျော်၊ ကြည် လည်း ကြည်နူးသွားမိပါသည်။

သူ ဘယ်သူလဲဆိုသည့် သိချင်စိတ်များကလည်း တဖွားဖွား။

သန့်စင်ခန်းထဲ ရောက်တော့ မှန်ချပ်မှာ ကိုယ့်ပုံကို ကြည့်ပြီး ရယ်ချင်ပြန်ရော။

အမလေး . . . လူတကာကို ကိုယ့်အကြောင်းမိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်ရတာ "ကမ္ဘာကျော် ဖက်ရှင်ဒီဇိုင်းနာ" ချင်းကို မိုးမွှန်လို့။ ပြီးတော့ တလွဲတချော်၊ ကမောက်ကမတွေ။

ကြယ်သီးများကို စိတ်ဇအေးအေးထားကာ ညီအောင်ပြန်တပ်ရင်း သူ့လေသံ၊ သူ့မျက်နှာပေး၊ သူ့ပုံစံများကို ယုဇာမြင်ယောင်လာမိသည်။

ထို့နောက်. . .။

တစ်ကယ်တော့ သူ့မျက်နှာကို ကောင်းကောင်းရင်မဆိုင်ရဲပါ။

ခန့်နှင့် သိပ်တူလွန်းနေတာ တစ်ကြောင်း၊ ဘုမသိ ဘ မသိနှင့် တဇောက်ကန်းဖက်ပွေ့မိတာတစ်ကြောင်း၊ မိမိကိုယ်ကို ဖက်ရှင်ဒီဇိုင်းနာဟု ကြွားထားရင်းမှ ကြယ်သီးတပ်ပုံများ လွဲမှားနေတာကတစ်ကြောင်းနှင့် သူ့ကို ယုဇာ ရင်မဆိုင်ရဲ။

"ထိုင်လေ. . . ပွင့်ယုဇာ"

ဧည့်ခန်းထဲတွင် သူနှင့် ကျွန်မ နှစ်ယောက်သာ ရှိလေသည်။

ခန့်ဘယ်မှာလဲလို့ မေးလိုက်ချင်ပေမယ့် သိပ်ရဲတင်းလွန်းရာကျမည်စိုးသဖြင့် မျိုသိပ်ထားရပြန်သည်။

"ကိုယ်က ပိုင်ဇေခန့်ရဲ့ အစ်ကို၊ရည်မွန်သန့်ပါ"

"ဪ"

"ဟုတ်ကဲ့" ဟု ခပ်သွက်သွက်တလေး ပြောရမယ့်အစားယောင်ယမ်းကာ "ဪ" ဟုသာ လေးလေးပင်ပင် အသိအမှတ်ပြုလိုက်မိပါသည်။





သူကလည်း လူကြီးပီပီ ကျွန်မ၏ ခံစားမှုကို နားလည်လေသည်။

"မကြောက်ပါနဲ့၊ ရှက်လည်း မရှက်ပါနဲ့၊ တစ်ခါတစ် လေတော့လည်း လူဆိုတာ မှားယွင်းတတ်ကြတာပဲ၊ ကိုယ့်ကျောင်းသာဆိုရင် နမော်နမဲ့နိုင်တဲ့ တစ်ချို့ကျောင်းသူတွေ ထဘီပြောင်းပြန်ဝတ်မိတာ၊ တံဆိပ်မခွာမိတာ စသဖြင့်ပေါ့၊ ဒီ တစ်ခါ ဒီလိုဖြစ်ရင် နောက်တစ်ခါ မဖြစ်ဖို့သာ ကိုယ်က ဂရု စိုက်ရမှာ ဟုတ်ပြီလား"

ဟိုက်. . .။

Dream Maker ရဲ့ ဥက္ကဋ္ဌကြီး ပွင့်ယုဇာတော့ ဘုမသိ ဘမသိနဲ့ သူစိမ်းယောက်ျားတစ်ယောက်ရဲ့ လက်ချာအရိုက်ခံရလေ ပြီ။

"ကိုယ့်ကျောင်းမှာဆိုရင်. . ." တဲ့။ တကယ့်ကို လူကြီးဆန်ဆန် သိမ်သိမ်မွေ့မွေ့ ပြောပြနေတာပဲ။ သူ ဘာလုပ်တယ်။ သူ ဘယ်သူဆိုတာ သိချင်ပေမယ့် အတင်းမျိုသိပ်ရပြန်ပါသည်။

"ညီလေးနဲ့ မေမေက ဒီနေ့ ညီမလေးကို စောင့်နေဖို့ပဲ ပြောပါပေမယ့် မင်းနဲ့ချိန်းထားပြီးမှ မသွားမဖြစ်တဲ့ ကိစ္စလေးတစ်ကြောင့် မေမေနဲ့ညီလေး အပြင်ထွက်သွားတာ၊ ကိုယ့်ကိုတော့ ခဲ့ပါတယ်၊ ဧည့်ခန်းထဲမှာ ကိုယ်ရှိမနေတာ ဆောရီးနော် ညီမ ညီလေးကတော့ သိပ်မကြာခင် ပြန်ရောက်လာပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခန့်က ဘယ်များသွားလို့လဲ ကိုရည်မွန်သန့်"

"ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ အရေးပေါ်ကိစ္စဆိုပါတော့ကွာ"

"ဪ. . ."

ယုဇာ ထပ်မံ 'ဪ' သွားရပြန်ပါသည်။

ဘုရားရေ. . . ဒေါ်ဆွေဇင်ဝင့်မာန်ဆိုလို့ အခုမှ သတိရတယ်။ ရှစ်သောင်းတစ်ထောင် အကြွေးဆပ်ဖို့ ကျန်ပါသေးလား။

အခုချိန်ထိတော့ ဆိုင်ကို သူမရော၊ သူမရဲ့ကိုယ်ရံတော်ကြီးများရော၊ ကြွရောက်မလာကြသေးချေ။

"သွေးအားနည်းနေလို့ အားဆေးသွင်းတာကို ဈေးကြီးခွင်ကျယ်လုပ်ပြီး မေမေ့ကို လှမ်းခေါ်လိုက်တာပါ ညီမလေးရာ၊ ညီလေးကတော့ မေမေ့အမိန့်နဲ့ပဲ အဆစ်ပါသွားရတယ် ဆိုပါတော့၊ ကဲ . . . အအေးသောက်လိုက်ဦး"

ဒေါ်ဒေါ်တင် လာချပေးသော ဗန်းငယ်ထဲမှ အချိုရည်ဖန်ခွက်တစ်ခွက်အား ယုဇာထံသို့ ကမ်းလှမ်းလိုက်ပါသည်။

ယုဇာသည် ရည်မွန်သန့်ရှေ့တွင် စိတ်ညှို့ခံရသူလို ဖြစ်နေသည်။

သူဟာ ပိုင်ဇေခန့်ထက် အသက်ပိုကြီးသဖြင့် နုနယ်ပျိုမျစ်မှုမျိုးတော့ သိပ်မရှိ။

အသားအရည်က ညိုကြွမ်းကြွမ်း . . .။ဆံပင်များကတော့(ခုနက ခပ်တည်တည်နှင့် နမ်းရှိုက်ထားသော အတွေ့အကြုံ





အရ) ပျော့စင်းစင်း။

လှကြီးဆန်သော အဝတ်အစားများ။

နှုတ်ခမ်းပေါ်က အပြုံးတွေက သိမ်သိမ်မွေ့မွေ့။ နောက် . . . တည်ငြိမ်ရင့်ကျက်မှုအပြည့်ပင်။

"သောက်ဦး . . . ညီမလေး"

"ဪ . . . ဟုတ်ကဲ့ပါ"

ယုဇာမျက်လုံးများက အတော့်ကို ရယ်ချင်စရာကောင်းလောက်အောင် ရည်မွန်သန့်မျက်နှာပေါ်မှ ခွာမရဖြစ်နေလေသည်။

မောင်လေးဒေါ်တို့ငတွတ်တို့၊ငဟမ်းတို့ရေ . . . မမယုဇာလေ . . . ခန့်ကို ကားသော့အလွယ်တကူငှားခဲ့တာ၊ 'ပြေး'ဆိုတဲ့ အကြံဉာဏ်ပေးခဲ့တာနဲ့ တခြားများပြားလှတဲ့ အကူအညီတွေကြောင့် ဘစ်ဘရိတ်တည်း အဖြေပေးမိတာ မှားပြီတော့ ထင်ပါရဲ့ကွယ်။

မမ ဘာလုပ်ရမလဲ. . .။မမ ဘာလုပ်ရမလဲ. . .။

"ညီမလေးတို့က မောင်နှမ ဘယ်နှစ်ယောက်လဲ"

ဟင် . . .။

ရည်မွန်သန့်၏ မမျှော်လင့်သော မေးခွန်းကြောင့် ယုဇာ၏ လိမ္မာဉာဏ်လေး ထွက်လာသည်။

"မောင်နှမ နှစ်ယောက်၊ဪ . . . အစ်မတစ်ယောက်လည်းရှိသေးတယ်၊ အစ်မအရင်းပဲ၊ ပွင့်ယုမာတဲ့"

ယုဇာသည် ကိုယ်စိတ်ကို ကိုယ်မဆုံးမနိုင်သေးခင် ခပ်ဆိုး

www.burmeseclassic.com



ဆိုး နှလုံးသားတစ်စုံကြောင့် မမျှော်လင့်ဘဲ ထိုးဇာတ်တစ်ခု ခင်းမိသွားလေ၏။

"ဩော် . . . ဩော် . . . ."

"ယုဇာက အလတ်ပေါ့နော် . . .၊မမပွင့်ယုမာက အကြီး၊ ယုဇာကအလတ်၊ မောင်လေးမင်းယုဒါကတော့ အငယ်ဆုံးဆိုပါတော့"

ဘုရား . . . ဘုရား . . . ငါတော့ မဟုတ်မဟတ်တွေ လျှောက်ပြောမိပြီ . . . ။

တကယ်လို့ မဖြစ်မနေ အရေးပေါ်ကိစ္စကြုံရင် ပွင့်ယုမာ အဖြစ်ကော၊ ပွင့်ယုဇာ အဖြစ်ပါ ငါ နှစ်ကိုယ်ခွဲလုပ်နိုင်ပါ့မလား . . . မလွယ်။

"မင်းမမ ပွင့်ယုမာကကော ဘာလုပ်သလဲ"

ဟိုက် . . .။သောက်ကျိုးတော့ နည်းကုန်ပြီ။

ဒီလူကြီးကြည့်ရတာ သူ့ညီလေးချစ်သူရဲ့ အစ်မဆိုတာနဲ့ နာမည်ကြားရုံနဲ့တင် စိတ်ဝင်စားပြီ ထင်ပါရဲ့။

ငါ ဘယ်လိုဖြေရမလဲ။ အင်း . . . သူ့ကြည့်ရတာ လူကြီးဆန်ဆန်၊ ခပ်အေးအေး ပုံစံထဲကဆိုတော့ ပွင့်ယုမာကလည်း ခပ်အေးအေးပုံစံထဲကလိုပဲ ပြောလိုက်ရရင်ကောင်းမယ် ထင်တယ်။

"အင်း . . . မမပွင့်ယုမာက အေးတယ် ကိုရည်မွန်သန့်ရဲ့ မြန်မာစာနဲ့ ကျောင်းပြီးထားပြီးအခုလက်ရှိတော့ အိမ်မှာ ဗိုင်းကောင်းကျောက်ဖိ အိုးသူကြီးပေါ့လေ၊ဟီး . . . ဟီး . . . အိမ်မှုကိစ္စ





လုပ်၊ ချက်ပြုတ်အားရင် စာဖတ်၊ ဒါပဲ . . .၊တခြား ဘာမှမလုပ်ဘူး၊အိမ်တွင်းပုန်းကလေး၊မျက်မှန်ကလေးနဲ့"

"အို . . . ဟုတ်လား"

အို . . . ဘုရားရေ၊သူဟာ မမြင်ရသေးတဲ့ ကျွန်မရဲ့(လုပ်ဇာတ်ခင်း)အစ်မကို သိပ်စိတ်ဝင်စားသွားပါပေါ့လား။

ရည်မွန်သန့်သည် မျက်နှာကြီးပြုံးကာ တဆိတ်ဆိတ်ခေါင်းညိတ်လေရာ ယုဇာသည် ကျူးလွန်မိတဲ့ မိမိအပြစ်အတွက် ဝန်ချတောင်းပန်ရကောင်းလေမလား စဉ်းစားမိပါသည်။

"တကယ်တော့ အစ်ကို့ကို ခင်လို့ နောက်တာ၊ကျွန်မမှာ ဘာအစ်မမှမရှိဘူး ဟီး . . . ဟီး"လို့ ပြောဖို့ ကြံစည်ချိန်တွင်။

"တီ . . . တီ . . . တီ . . ."

"ဟော . . . ခန့်လာပြီ ညီမလေး"

ယုဇာ စိတ်ပျက်သွားရလေပြီ။ ဒီအတိုင်းဆို ကိုရည်မွန်သန့် တစ်ယောက် ယုဇာမှာ 'ပွင့်ယုမာ'ဆိုတဲ့ အစ်မတစ်ယောက်ရှိတယ်လို့ အခိုင်အမာ ယုံကြည်သွားပြီ ထင်ပါရဲ့ကွယ်။

ခက်တာပဲ။ပြဿနာတွေက တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလိုတော့ ဖြစ်ကုန်ပြီ။

"ယုဇာ ဆောရီးကွာ၊ကိုယ် နာရီဝက်လောက် နောက်ကျသွားတယ်"

ခန့်က ပြောရင်း ယုဇာနားသို့ လာထိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး . . . မိတ်ဆက်ပေးစရာ မလိုတော့ဘူး ထင်ပါတယ်နော်"

"ကိုကြီး ဓင်းကောင်မလေးနဲ့ ရင်းနှီးပြီးပါပြီကွာ၊ဒါနဲ့ မေမေကော . . ."

"ထုံးစံအတိုင်း ဟိုအိမ်မှာ ကျန်ခဲ့တယ်၊ မေမေက ယုဇ ကိုလည်းတောင်းပန်ခိုင်းလိုက်တယ်၊ နာရေးမို့ပါ . . . တဲ့"

"ဪ . . . ရပါတယ်. . . ယုဇာလည်း ဒီလောက်ကလေ မဆန်ပါဘူး"

ရည်မွန်သန့်ကတော့ ညီလေးတို့ချစ်သူနှစ်ယောက်ကြားမှ ကန့်လန့်မဖြစ်ချင်တာကြောင့်လည်းကောင်း၊ကျောင်းချိန် ကပ်လ တာကြောင့် တစ်ကြောင်း စကားဝိုင်းမှ ထကာ. . . ။

"ကဲ . . . အားလုံးခွင့်ပြုပါဦး၊ကိုယ် ကျောင်းချိန်ကပ်နေပြီ"

ပွင့်ယုဇာက မျက်လုံးကလေးပြူးကာ နားမလည်သ ကြည့်နေတာမို့ ခန့်က . . .

"ကိုကိုကြီးက ကျောင်းဆရာလေ ယုဇာရဲ့၊ယဥ်ကျေ တက္ကသိုလ်မှာ**AESTHETIC**(အက်(စ်)တက်တစ်)သင်တာ ပညာသင်တဲ့ ဆရာပေါ့"

ရည်မွန်သန့်က ခန့်စကားကို အသိအမှတ်ပြုဟန် ချက်ပြုံးကာ စကားဝိုင်းမှညင်သာစွာထွက်ခွာသွားလေသည်။

ဘုရားရေ. . . တက္ကသိုလ်ဆရာ ဆိုပဲ့လား။ ရှုပ်ထွေးနက်



ရသဆိုင်ရာ**AESTHETIC**သင်တဲ့ တက္ကသိုလ်ဆရာ။

ယုဇာသည် ရည်မွန်သန့်ကို ပိုင်ဖေခန့်ထက် အရင်ဆုံး မတွေ့ဆုံရခြင်းအတွက် ကံတရားကိုသာ အပြစ်ပုံချင်ပါတော့ သည်။

ဆုံးမတတ်တာရော၊လေးလေးနက်နက်သိမ်သိမ်မွေ့မွေ့ ပြောဆိုတတ်တာရော၊လူကြီးဆန်တာပါ ရောထွေးကာရည်မွန် သန့်အား . . . ။

ထိုနေ့က ခန့်ပြောသောစကားများကို ကြားသောကြား နေရပြီး ယုဇာခေါင်းထဲသို့ ရောက်မလာ။

ယုဇာကို အပြစ်တင်ချင် တင်ပါ။

ယုဇာခေါင်းထဲမှာတော့ "ပွင့်ယုမာ"ဆိုတဲ့ဇာတ်ရုပ်ကို တကယ်ဝင်ရောက်သရုပ်ဆောင်နိုင်ပါ့မလားဆိုတဲ့ အတွေးအ ခေါ်များသာ ခေါင်းထဲရောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

“မင်းတော်တော်ဆိုးတာပဲ ယုဇာ”

ခန့်က ဆိုင်းမဆင့်ဘုံမဆင့် အပြစ်တင်လိုက်တာကို ကျွန်မ ကြောက်သွားတာ အမှန်ပါ။

“ဘာဆိုးလို့လဲ”

“လျှို့ဝှက်ထားနိုင်တာကိုပါ၊မင်းမှာ အစ်မတစ်ယောက် ရှိလျက်နဲ့ ကိုယ့်ကို မပြောတာ”

အို ... ဘုရားရေ။ဟုခပ်ဖြောင့်ဖြောင့် အစ်ကိုကြီး ရည်မွန်သန့်တော့ ပွင့်ယုမာကို ပွဲထုတ်ဖို့ သူညီနဲ့ ပူဆာခိုင်းပြီ ထင်ပါရဲ့ ခက်တာပဲ။ အစပိုးပြီးကာမှ ကိုယ့်ဘာသာ ဘယ်လို အဆုံးသတ်ရဦးမယ်မှန်းကလည်း မသိ။

လောလောဆယ်တော့ ကိုယ် မှားမှားမှန်မှန် ခန့်ကိုသာ ပိတ်ဟောက်ပစ်ရန်သိလေသည်။

“အို ... ခန့်ကလည်း မမပွင့်ယုမာ ကျိုက်ထီးရိုးကို ဘုရားဖူးထွက်သွားလို့ပါ။မမေးဘဲနဲ့ ကိုယ့်မှာ အစ်မရှိတာ ကြွား စရာလား နောက်တစ်ရက်နှစ်ရက်လောက်နေရင် ပြန် ရောက်တော့မှာ”



တကယ်တော့ နောက်တစ်ရက်နှစ်ရက်ကစပြီး ယုဇာ နှစ်ကိုယ်ခွဲ သရုပ်ဆောင်ရတော့မှာပါကွယ်။ ဒီနှစ်ကိုယ်ခွဲလုပ်ဖို့ ကိစ္စကို မောင်လေးငဒါ၊ငဟမ်း၊ငတွတ် တို့နဲ့တိုင်ပင်ရရင် ကောင်းလေမလား တွေးမိပေမယ့် ကိုယ့်ကို တို့မမက စပ်စလူးစိန်ကွ”လို့ ဝေဖန်မှာလည်း မခံရဲ။

ဒါပေမယ့်လည်း ကိုကြီးကိုတွေ့ပြီးကတည်းက ကိုကြီးရဲ့ပုံရိပ်ကသာ ယုဇာအာရုံမှာ စိုးမိုးနေလေသည်။

ကိုယ်ကစပြီး ရွေးချယ်ပိုင်ခွင့်မရှိတဲ့ မိန်းကလေးဘဝ မှာ ကိုကြီးကို တိတ်တခိုးလေးနဲ့ ရင်ခုန်သွားရရင် ကျေနပ်ပေ မယ့် ကိုကြီးကို စိတ်ဝင်စားပြီးတဲ့နောက်မှာတော့ ခန့်နှင့်မိတ်ဆွေ တွေလိုသာ နေချင်မိပါသည်။

ဒါပေမယ့် မိမိစိတ်ကူးယဉ်ထားသလို ဖြစ်လာဖို့ မလွယ် ကူမှန်းလည်း ယုဇာ သိပါသည်။

ကဲ ဒါဆို ... ယုဇာ ... ပွင့်ယုမာတစ်ဖြစ်လဲ ပွင့်ယုဇာ ဖြစ်ဖို့ နှစ်ကိုယ်ခွဲရတော့မလား?။

အကျီချုပ်သောအခါ ဒီဇိုင်းများဆွဲသောအခါမှ တပ်လေ့ရှိသော အနီးမှုန်မျက်မှန်တစ်လက်ကို အချိန်ပြည့်တပ်ဆင်ထား သော ယုဇာကို မင်းယုဒါ၊ တွတ်နီ၊ ဂျင်ဟမ်းတို့က မျက်စိနောက်စ ပြုနေလေပြီ။

“ဒါ ဘာလဲ ... ဒါဘာလဲ ... စတိုင်ထွင်ထားတာလား၊ ပဲများနေတာလား၊ မျက်မှန်ကြီးတကားကားနဲ့ ချွတ်ကို မချွတ်တော့ ဘူး”

“အေး ... ဟောဒါက ပုံစံတစ်မျိုးပေါ့ ... ကြည့်ဦး”

www.burmeseclassic.com

www.burmeseclassic.com



ယုဇာက ပါဝါမျက်မှန်လေးအား မချွတ်ဘဲ နဖူးထက်ေ ဝဲကျနေသော ဆံပင်တို့ကို နေကြာနှစ်ပွင့်ပါသော ကြိုးကလေး နှင့် စုချည်ပြလိုက်ရာ . . .

"တတ်လည်း တတ်နိုင်ပ့ါ မမပွင့်ယုဇာရာ၊ စူပါဒီဗိုင်းနာ ပွင့်ယုဇာနဲ့ မတူတော့ဘဲ တကယ့်ဂေါက်ကြောင်လေးလိုလို၊ စာ ပိုးလိုလို . . ."

တွတ်နီက မင်းယုဒါ စကားကို ဆက်လေ၏။

"ဗိုင်းကောင်းကျောက်ဖိလေးလိုလို၊ အိမ်တွင်းပုန်းလေးလို လို . . ."

ဂျင်ဟမ်းက တွတ်နီစကားကို ဆက်ပြန်လေသည်။

"တေမိလေးလိုလို၊ မခုတ်တတ်တဲ့ ကြောင်လေးလိုလို"

"ကဲ . . . ကဲ . . . တော်ပြီ . . . တော်ပြီ . . . မမပွင့်ယု ဇာ အပြင်သွားစရာရှိတယ်၊ လာကြ၊ 'ကား' တွန်းပေးကြ"

"ဘယ်လဲဗျ . . . မမပွင့်ယုဇာရ"

"တောင်ဒဂုံက ယဉ်ကျေးမှုတက္ကသိုလ်"

"ဟင် . . . ဘာသွားရှုပ်မလို့တုန်း"

"ကဲပါ . . . လာစမ်း . . . 'ကား' တွန်းပေးကြစမ်း"

ပွင့်ယုဇာက ဦးဆောင်ကာ နောက်မှ မင်းယုဒါ၊ တွတ်နီ ဂျင်ဟမ်းတို့ 'ကား' တွန်းရန်ဆိုင်ရှေ့မရောက်ခင်ပင် ကတ္တရာလမ်း ပေါ်တွင် အဟုန်ပြင်းစွာ 'ကျွီ' ခနဲ ထိုးစိုက်လာသော ကားတစ်စင်း။



"ဟိုက် . . . သေကုန်တော့မှာပဲ . . . ဆိုဖီယာလော့ရင့် ကြီး"

"ဟင် . . . ယောက်ျားလျာမကြီး နှစ်ယောက်"

"ဘုရားရေ . . . ငါ့လက်ထဲမှာ သူတို့ကို အကြွေးပြန်ဆပ် ဖို့ ရှစ်သောင်းတစ်ထောင် မရှိသေးဘူး"

"ဘယ်လို ခုခံကာကွယ်ကြမလဲ . . . လုပ်ကြပါဦး"

ပွင့်ယုဇာတို့ အဖွဲ့လုံးဝ နောက်ကျသွားလေပြီ။ ဒေါ်ဆွေ ဇင်ဝင့်မာန်ကော သူမရဲ့နောက်တော်ပါး ဗင်ရှိ၊ နင်ဂျာပါ ဆိုင်ထဲ သို့ အလုံးအရင်း ချီတက်လာကြလေရာ ပွင့်ယုဇာနှင့် ထိပ်တိုက် တွေ့ဆုံလေတော့သည်။

သို့သော် ဒေါ်ဆွေဇင်ဝင့်မာန်သည် အံ့ဩစရာကောင်း လောက်အောင် ရုပ်ဖျက်ထားသလိုဖြစ်နေသော ပွင့်ယုဇာကို မမှတ်မိဘဲ ကြောင်တောင်တောင်နှင့်ကြည့်ကာ . . .။

"ဟို . . . တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ကိုယ့်ကို . . ."

အခြေအနေအရပ်ရပ်ကို နားလည်လိုက်သော ပွင့်ယုဇာ ကတော့ အော်ကျယ်အော်ကျယ်လေသံနှင့် မင်းယုဒါတို့ဘက်သို့ လှည့်ကာ . . .။

"ပွင့်ယုဇာကို ညီမတော်ထားရတာ ရှက်ဖို့တောင် ကောင်း နေပြီ၊ ချုပ်ခိုင်းထားတဲ့ အကျီတွေ လာရွေးတာလည်း မရဘူး၊ လူလည်း ဘယ်ရောက်နေမှန်း မသိဘူး၊ မင်းတို့ဘော့စ်ကို တွေ့ရင် ပွင့်ယုမာ

www.burmeseclassic.com

www.burmeseclassic.com



က အလုပ်မလေးစားလို့ ဆဲနေပြီလို့ ပြောလိုက်ကြား လား၊ ဩော် . . . အန့်တီတို့ ဘာကိစ္စရှိပါသလဲရှင် ညီမလေး ပွင့်ယုဇာရဲ့ဖောက်သည်တွေလား"

ပွင့်ယုဇာမှာ လျှင်မြန်စွာ ပွင့်ယုမာဖြစ်သွားတာမို့ ဒေါ်တို့ တစ်ဖွဲ့လုံး ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

အဲ . . . အဘွားကြီးနဲ့ နောက်တော်ပါး ယောကျ်ားလျာ နှစ်ယောက်ကတော့ ဆိုင်ထဲဝင်ကာစကတော့ ဒေါ်နဲ့မောနဲ့ပါပဲ၊ ယုဇာ ချက်ချင်း 'ပွင့်ယုမာ' လုပ်လိုက်တာမို့။

"ဘာပြောကောင်းမလဲကွယ် . . . ကလေးလိုလို၊ ခွေးလိုလိုနဲ့ မတန်တဆ ချုပ်ခနှစ်သောင်းတောင်းထားတဲ့ ဂါဝန်ကြီးကိစ္စ လာဖြေရှင်းတာလေ၊ ပိုးစနဲ့ဇာစက ခြောက်သောင်းတစ်ထောင်၊ သူ့ချုပ်ခက နှစ်သောင်းဆိုတော့ ရှစ်သောင်းတစ်ထောင်၊ အန့်တီဆီကို ချုပ်ပြီးတော့ လာပို့တော့ ဂါဝန်တစ်ထည်လုံး ရစရာမရှိအောင် ခွေးကိုက်ထားတယ်၊ အဲဒါအလျော်လာတောင်းတာ"

ဟိုက် သေရော။ မရှိတဲ့ သိက္ခာတွေတော့ ကျကုန်ပါပြီ။

ဒါပေမယ့် သူဘာလို့တစ်လကျော်မှ ဂါဝန်လျော်ကြေးလာတောင်းရသလဲဆိုတာကို သိချင်ဇောနဲ့ ယုဇာအစ်ကြည့်လိုက်သည်။

"စောစောစီးစီးလာတောင်းတာတော့ မဟုတ်ဘူး အန့်တီရယ်၊ အဲဒီလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲဟင်"

"တစ်လကျော်ပြီ၊ ဒီကြားထဲ နှလုံးကမကောင်းတော့ ဆေး



ရုံတက်ရလို့ပါကွယ်"

မင်းယုဒါတို့ တစ်ဖွဲ့လုံးကတော့ ဣန္ဒြေနှင့် သံပတ်ကုန်အောင်းထားရပေမယ့် ပြုံးစိစိတွေနှင့်ပင်။

"ကျွန်မလည်း သူ့ကိုတွေ့ရင် ပြောထားလိုက်ပါ့မယ်၊ မြို့ဆဲသွားမလို့ ခွင့်ပြုပါဦး"

"ကောင်းပြီ . . . ကောင်းပြီ . . . ပွင့်ယုဇာတော့ ကမ္ဘာ့ကျော်သရွှေ့ ဥဒါန်းမကြေဘဲ၊မလျော်နိုင်လို့ကတော့ လည်ပင်းညှစ်တောင်းပြမယ် . . . ကြည့်နေ"

ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ ရာဇသံကြောင့် ယုဇာမျက်လုံးပြူးသွားရကာ စီးနေကျ DX ကားကလေးအပေါ် မတက်ရဲတော့ဘဲ ဘိုးဘိုးဆီက ခဏငှားထားတဲ့ ဆဲလ်လူလာဖုန်းကလေးကို ဝင့်ဝင့်ကြွားကြွား ကိုင်ဆောင်ကာ ဘိုးဘိုးဆီက အစိုးရဓာတ်ဆီ တန်းဆီနဲ့ ယူလာခဲ့တဲ့ ချက်ဗလက်ကားပေါ်တက်ရင်း Dream Maker ဒါရိုက်တာများအား လက်ပြနှုတ်ဆက်ကာ မောင်းနှင်သွား ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပထမတော့ ရှေ့ဆက်မမိုက်မဲဖို့ ကိုယ့်ဘာသာ ဆုံးမမလို့ပါပဲ။

ဒါပေမယ့် ကိုကြီးက ထိုးဇာတ်ခင်းထားတဲ့ ပွင့်ယုမာ ကိုတကယ်ရှိတယ်အထင်နဲ့ ယုံကြည်နေတာကတစ်ကြောင်း၊ ခန့်က ပွင့်ယုမာကို တွေ့ချင်တာကတစ်ကြောင်း၊ယခုတစ်ခါ မြန်မာပြည်ဖြစ် ဆိုဖီယာလောရင့်ကြီးကြောင့် ပွင့်ယုမာတစ်ဖြစ် ဟန်ဆောင်လိုက်ရတာတစ်ကြောင်းကြောင့် ယုဇာ ကိုကြီးနဲ့ မိတ်ဆွေဖြစ်ရန် ပွင့်ယုမာဘဝသို့ ခဏရောက်ချင်သွားပါသည်။

အပြာရောင် ချက်ဗလက်ကားအိုကြီးကို မောင်းနှင်ရင်း မောင်လေး ယုဒါတို့အုပ်စုကို တောင်ဒဂုံက ယဉ်ကျေးမှုတက္ကသိုလ်ကို သွားမလို့ဟု ယုဇာဟစ်ကြွေးထားပေမယ့် တကယ်တော့ ဘယ်သွားရဲလိမ့်မလဲကွယ်။

ယုဇာ နောက်ကြည့်မှန်ထဲမှ မိမိမျက်နှာကို ကြည့်မိ ပါသည်။

အိုး . . . သိပ်ရယ်စရာကောင်းတဲ့ ရုပ်ကလေးပဲ၊ပါဝါမျက်မှန်ကိုင်းထူထူနဲ့ ခေါင်းပေါ်မှာ နေကြာပွင့်နှစ်ပွင့် . . . မျှော့ကြိုး





ကလေးစည်းလို့။ မသိရင် ဒေါ်တို့ပြောတဲ့ မခုန်တတ်တဲ့ ကြောင်ကလေးအတိုင်းပဲ။

ပွင့်ယုဇာ ကားမောင်းရင်း ကိုယ့်ဘာသာ ရယ်နေရလေသည်။ နောက်တစ်ခါ မှန်ထပ်ကြည့်ဖြစ်သည်။ ပွင့်ယုဇာ ရယ်နိုင်တော့ပါ. .။အိုး . . . ကိုယ့်ကို ဘယ်သူကများ ပွင့်ယုဇာလို့ ခေါ်ကြတော့မလဲ။ ကျွန်မက ပွင့်ယုမာမှ ပွင့်ယုမာစစ်စစ်။

ကိုကြီးစိတ်ဝင်တစားနဲ့ မေးမေးနေတဲ့ ပွင့်ယုမာမှ ပွင့်ယုမာအစစ်ပါကွယ်။

လူတွေဟာ အချစ်အတွက်ဆို တစ်ချိန်တစ်ခါလောက်တော့ မိုက်မဲဖူးကြတာပဲ။ခန့်,တောင် ပြည်တွင်းဖြစ် ဆိုဖီယာလောရင့်ကြီးကို စိတ်ဝင်စားရမလို ဘာလိုလိုဖြစ်ပြီးမှ ယုဇာနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတာပဲ။

ယုဇာလည်း ကိုကြီးကို ပွင့်ယုမာအဖြစ် စွန့်စားကြည့်ချင်တယ်။ ယုဇာ စွန့်စားကြည့်မယ်။

"ဟုတ်ပြီ . . . ငါဟာ ဘယ်လောက် ပွင့်ယုဇာပဲ ဖြစ်နေဖြစ်နေ၊မျက်မှန်တပ်ပြီး နေကြာပွင့် ခေါင်းစည်းကြိုးကလေးကို ဆံပင်ပေါ်က ဆံပင်တွေကို ချည်လိုက်တာနဲ့ ပွင့်ယုမာပဲ ဖြစ်ရမယ်"

ယုဇာချက်ချင်း ပွင့်ယုမာ ဖြစ်သွားလေသည်။ ခန့်တို့အစ်ကိုနှစ်ယောက်ကို ခရီးထွက်သွားတဲ့ ပွင့်ယုမာ ပြန်ရောက်တဲ့အကြောင်းလည်း အသိပေးချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယုဇာ ခပ်တည်တည်နှင့်ပင် ခန့်ဆီ ဖုန်းဆက်လိုက်ပါသည်။

"ဟဲလို . . ."

ခန့်အသံကိုကြားလိုက်တော့ ယုဇာ ထိတ် ခနဲ ဖြစ်သွား ရပေမယ့် အသက်ကို ခဏအောင့်ကာ . . .

"အဲ . . . အဲဒီမှာ ပွင့်ယုဇာများ ရောက်နေသလားလို့"

အသံဖျက်ကာ ကိုယ်နာမည်ကိုယ်ပြန်မေးရလေသည်။

အိုး . . . ဆိုးဝါးလှတဲ့ ဖြစ်ခြင်းကွယ် . . .။

"အဲ . . . ဘယ်သူများလဲ ခင်ဗျ . . ."

ယုဇာ တံတွေးတစ်ချက် မျိုချကာ . . .

"ယုဇာရဲ့အစ်မ ပွင့်ယုမာပါ"

"ဩော် . . . မပွင့်ယုမာ. . ခရီးက ပြန်ရောက်လာပြီလား ခင်ဗျ၊ ဘယ်နေ့က ပြန်ရောက်သလဲ၊ ကျွန်တော်က ယုဇာရဲ့ အဲ. . . ဟိုလေ ပိုင်ဇေခန့်ပါ"

ခန့်က ဖက်လှဲတကင်းနှင့် ပွင့်ယုမာကိုနှုတ်ဆက်လေသည်။

"ကျွန်တော်က ယုဇာရဲ့ အဲ. . . ဟိုလေ. . . ပိုင်ဇေခန့်ပါ" တဲ့ကွယ်။

ယုဇာ ငိုရမလား၊ရယ်ရမလားပင် မသိတော့ချေ။

"ဟုတ်ကဲ့. . . ညီမလေးယုဇာကလည်း ကိုပိုင်ဇေခန့် အကြောင်း ပြောပြပါတယ်၊ကျွန်မလည်း အမိဌာန်ပုတီးစိပ်နေတာနဲ့ ကျိုက်ထီးရိုးမှာ တော်တော်ကြာသွား တယ်၊ဘုရားရိပ်၊တရားရိပ်ခိုရတာ အေးချမ်းတယ်မို့လား၊ငါးပါးသီလလည်း နေ့တိုင်းစောင့် ဖြစ်တယ်"





"သာဓုခေါ်ပါရဲ့ဗျာ၊ကျွန်တော့်အစ်ကိုနဲ့ ကြုံမှမိတ်ဆက်ပေးရဦးမယ်၊သူလည်း အဲဒီလို အေးအေးချမ်းချမ်းသမားပဲဗျ၊ ဩော်. . . ဒါနဲ့ . . . ယုဇာ ဒီကိုမလာဘူးဗျ၊ခုနကပဲ DREAM MAKER ကို ဖုန်းဆက်ပြီးသွားပြီ၊ကားနဲ့ ထွက်သွားပြီတဲ့"

"အို. . . ဟုတ်လား၊ညီမလေးက ကိုပိုင်ဇေခန့်ဆီသွားတယ် ထင်ပါရဲ့၊သူ အဲဒီရောက်ရင် ပြောပေးပါနော်၊ပွင့်ယုမာ ပြန်ရောက်ပါပြီလို့၊ကျိုက်ထီးရိုးပြန် သစ်သီးယိုမျိုးစုံနဲ့ ဝါးသေနတ်တစ်လက်ပါ သူ့အတွက် လက်ဆောင်ဝယ်ခဲ့ပါတယ်လို့"

"ကောင်းပါပြီ. . . ခင်ဗျ၊သူလာရင် ပြောလိုက်ပါ့မယ်"

"ဒါပဲနော်"

"ဘိုင် . . . ဘိုင်"

ယုဇာ ဆဲလ်ဖုန်းကိုပိတ်ကာ အသက်ဝဝရှူရလေသည်။

ကားကလေးကတော့ ခန့်ဆီကိုသာ ဦးတည်မောင်းနှင်နေရပါ၏။မျက်မှန်ကိုရှောနေကြာပွင့် ခေါင်းစည်းကြိုးကလေး တို့ပါဖြုတ်ရင်း . . .။



www.burmeseclassic.com

www.burmeseclassic.com

ခန့်ဆီသို့ ရောက်သောအခါ တိတ်တခိုးဖောက်လိုက် ကြီးကိုရည်မွန်သန့်ကို တွေ့ရလေသည်။ ကိုကြီးက သူ့အချစ် တော်ခွေးမလေး ဘာဘဲလ်ကို ရေချိုးပြီးစမို့ အမွေးများခြောက် သွေ့စေရန် ဒရိုင်ယာနှင့် မှုတ်ပေးနေလေ၏။

"အို . . . ချစ်စရာကောင်းလိုက်တဲ့ ခွေးကလေး၊ သူဒရိုင်ယာကို မကြောက်ဘူးနော်"

"မကြောက်ဘူး၊ သူက ပက်လက်လှန်ပြီးတောင် ဇိမ်ခံနေသေးတာ၊ မင်း သူ့ဗိုက်ကလေးကို ကုတ်ပေးကြည့်ပါလား"

ခွေးမလေး ဘာဘဲလ်က ပထမတော့ ယုဇနကို မာန်မဲဟောင်နေပေမယ့် သူ့ဗိုက်ပေါ်က အမွေးနုနုကလေးများကို ယုဇနကုတ်ပေးနေတာကြောင့် ဇိမ်တွေကာ ဘော်ဒါဖြစ်သွား လေသည်။

"ကြည့်ပါဦး . . . သူ့ဗိုက်ကို ကုတ်ပေးနေလို့ ယားတယ်ထင်ပါရဲ့၊ ခြေထောက်လေးက ရှစ်ရှစ် ဖြစ်နေပြီ"



ကိုကြီးက သူ့ခွေးမလေးကိုသာ ကြည့်ရင်း ရယ်နေလေ၏။

"ညီလေးက ပြောတယ်၊ မင်းမှာ ပိစိညှောင့်ဆိုတဲ့ ခွေးသီးကလေး ရှိတယ်ဆို"

"ရှိတယ် . . . တစ်နေ့မှ . . ဟီး . . ဟီး . . ယုဇနကသာရှင်တော့ ဟို . . . ရွှေလမ်းငွေလမ်း ဖောက်ဖို့ကြောင်း လမ်းမလာလို့"

"ရပါတယ်၊ ဒါပေမယ့် ကိုယ့်ချာတိတ်မလေးက ငယ်သေးသကွ"

"အာဝါဟ ဝိဝါဟကတော့ နောက်မှပြောတာပေါ့၊ လောလောဆယ် ပိစိညှောင့်ရဲ့ နှောင်ရေးကို စဉ်းစားပေးဖို့အတွက်ပါ"

"အာ . . . စဉ်းစားပေးပါ့မယ် . . . စဉ်းစားပေးမှ့ါမယ် ပိစိညှောင့်ကို နာမည်ကြီးကတည်းက စိတ်ဝင်စားမိပါ တယ်"

ထိုစဉ်ပင် ခန့် ရောက်လာလေသည်။

"နာမည်ကြားကတည်းက စိတ်ဝင်စားတဲ့အထဲမှာ ပိစိညှောင့်တင်မကဘူး ယုဇနရေ . . . ယုဇနရဲ့အစ်မ ပွင့်ယုမာ လည်းပါသယ်၊ ဟုတ်တယ် မဟုတ်လား . . . ကိုကြီး"

ခန့်စကားကြောင့် ယုဇနလည်း အိုးမလုံ အုံပွင့်သွားသလိုမှန်သန့်ပါ ရှက်ရမ်းရမ်းသွားလေသည်။

"မင်းကတော့ အရှက်ခွဲတော့မယ်၊ ဒီမှာ ငါ့စာနဲ့ငါ တောင်အချိန်မရဘူး"

"အံမယ် . . . ကိုယ်ပိုင်ချိန်မရှိဘူးသာ ပြောတယ်၊ နုက

www.burmeseclassic.com



မပွင့်ယုမာ ဒီကို ဖုန်းဆက်တော့ စပီကာဖုန်းပြောင်းပြီး ဟိုက အသံကို သဘောတွေကျနေလိုက်တာ"

ကြည့်စမ်း ...။ အမလေး ... ရှူးသလို ကြောင်သလိုနဲ့ ဇာတ်ကလေးက တဖြည်းဖြည်းနဲ့တော့ ခိုင်ခိုင်မာမာ ဖြစ်လာပြီ။

အရေးထဲ ... ရှစ်သောင်းတစ်ထောင် အကြွေးလာ တောင်းလို့ ထွက်ပြေးရတဲ့ ဒုက္ခကလည်း မသေး။

ခန့်က အတွေးနှင့် တွေဝေနေသော ယုဇာအား လှမ်းပြောလိုက်သည်။

"ယုဇာ ... မင်းမမ ပြန်ရောက်နေပြီ ... တဲ့၊ ခုနက ဒီကို ဖုန်းဆက်တယ်၊ သူ့ညီမလေး ဒီရောက်နေသလားလို့ ... တဲ့"

"အို ... ဟုတ်လား ... မမပွင့်ယုမာ ပြန်ရောက်နေပြီ ဟုတ်လား"

ရည်မွန်သန့်က သူသဘောကျသော အချက်ကလေး ကို မမှေ့မလျော့ ဝင်ပြောပြန်ပါသည်။

"အေးကွ ... သူ ကျိုက်ထီးရိုးမှာ ကြာနေတာကတော့ ငါးပါးသီလယူပြီး နေ့စဉ်အဓိဋ္ဌာန်ပုတီးစိပ်နေရလို့ပါတဲ့"

"ကဲ ..."

ခန့်ကတော့ သူ့အစ်ကို အဖြစ်သည်းပုံကို "ကဲ ... မပြောလား" ဆိုသော ဟန်နှင့် မေးဆတ်ပြလေသည်။

"ယုဇာ ... မင်းအတွက် သစ်သီးယိုမျိုးစုံနဲ့ ဝါးဘေ





နတ်ကလေးလည်း ပါတယ်တဲ့"

"အိုး ... မမကတော့ လုပ်ချလိုက်ပြန်ပြီ၊ အိမ်ကို ဖုန်းဆက်လိုက်ဦးမှ ..."

ယုဇာမှာ ခပ်တည်တည်နှင့်ပင် **Dream Maker** သို့ ဖုန်းဆက်လေသည်။

"ဟဲလို ... **Dream Maker** ကပါ"

တစ်ဖက်မှ မောင်လေးမင်းယုဒါ၏ ထူးသံ။

"အာ ... မမပွင့်ယုမာလား ... ခန့်ဆီကို ဖုန်းဆက်သေးတယ်ဆို ..."

"မောင်လေး မင်းယုဒါပါ၊ မမ ... ဘာတွေ စတန့်ထွင်နေတာလဲ ..."

"အင်း ... အခုပဲ ခန့်ဆီရောက်တယ်"

"နားမလည်နိုင်တော့ဘူး၊ ဘာတွေလျှောက်ပြောနေတာလဲ၊ တွတ်တို့ ဂျင်ဟမ်းတို့ရေ ... ဒီမှာ မမယုဇာဖုန်းကို လာနားထောင်ကြဦး"

"ဟား ... ဟား ... ကျိုက်ထီးရိုးမှာ ငါးပါးသီလ စောင့်ဖြစ်တယ်ဆို ..."

"ပြည်တွင်းဖြစ် ဆိုဖီယာလောရင့်ကြီးရဲ့ အကြွေးကို ဆပ်နိုင်သေးလို့ ထွက်ပြေးနေရတာ မဟုတ်လား"

"အင်းလေ ... ညီမလေးက ယိုဆို သိပ်ကြိုက်တာ၊ အခု

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ပြန်လာခဲ့မယ်နော်"

"ပြန်လာ . . . ပြန်လာ . . . ပြန်လာလို့ကတော့ ဒေါ်
က လက်ပိုက်ကြည့်မနေဘူး။ မမခြေလှမ်းပျက်နေတာကို မြင်နေတာ
ကြာပြီ"

"ခဏလေးပါ မမရဲ့၊ နာရီဝက်အတွင်း ပြန်လာမယ် . . .
စောင့်နေ"

"စောင့်နေပါတယ်ဗျာ . . . ဆိုဖီယာလောရင့်ကြီး လည်
ဒီရှေ့က ဖြတ်နေတာ နှစ်ခေါက်ရှိနေပြီ"

"ဒါပဲ . . . ဒါပဲ . . ."

ယုဇာ ဖုန်းချလိုက်သည်။

ဟိုဘက်က ပြောနေတာတခြား၊ ဒီဘက်က ဟန်ဆောင်
ပြောနေရတာ တခြား။

ဖုန်းချပြီးတော့ ကိုကြီးရည်မွန်သန့်ရဲ့ စိတ်ဝင်တစား န
ထောင်နေသော ဟန်ပန်က မမြင်ရသေးတဲ့ ပွင့်ယုမာအပေါ် ဘ
လောက်စိတ်လှုပ်ရှားနေသလဲဆိုတာ ကွက်ကွက်ကွင်း ကွ
မြင်ရလေသည်။

"ကဲ . . . အားလုံးပဲ ပြန်ခွင့်ပြုနော်၊ ယုဇာ ဒီကိုလာ
တစ်ယောက်တည်း ပျင်းနေလို့၊ မမရောက်နေပြီဆိုတော့ မမဆီ 
ပြန်လိုက်ဦးမယ်"

ကိုကြီးက ခေါင်းတစ်ချက်ညိတ်ရင်း သူ့ခွေးမလေးကို 



အမွေးများခြောက်သွေ့စေရန် ဒရိုင်ယာနှင့် မှုတ်နေလေ သည်။

ခန့်ကတော့ ယုဇာနှင့် ပါလာလေသည်။

"အိုး . . . ယုဇာ မင်းကားက ချက်ဗလက်ကြီးပဲကွ၊ကောင်း
လိုက်တာ"

"အဘိုးက ခုတ်ဆီထုတ်ဖို့ ကားပေးလိုက်တာပါ"

ယုဇာ ကားစက်နိုးချိန်တွင် စတီရင်ယာပေါ်၌ရှိသော ဘယ်
ဘက်လက်သူကြွယ်မှ စိန်လက်စွပ်ကလေးက နေရောင်နှင့် ခုတ်
ပြူကာ ဖျတ်ခနဲ လက်သွားလေသည်။

"ကိုယ် မေမေနဲ့ အသည်းအသန် ဆွေးနွေးပြီးပြီ"

"ဘာကိုလဲ"

"ယုဇာကို လက်ထပ်ဖို့"

"အိုး . . ."

"မေမေက ကိုယ့်ဆန္ဒကို လက်ခံပါတယ်ကွ"

ပြဿနာပါပဲ။

တကယ်ဆို ခန့် . . . ယုဇာအပေါ်မှာ ဒီလောက် စိတ်ရှား
နေမှန်း ကြိုသိခဲ့ရင် လက်စွပ်လေးကို တခြား လက်မှာဝတ်ဖို့ ကြိုးစား
ခဲ့မှာပဲ။ခုတော့ ယုဇာရဲ့ မဆင်မခြင် တုံ့ပြန်မှုတွေကြောင့် ယုဇာ
ဒုက္ခရောက်တော့မယ် ထင်ပါရဲ့။

"ယုဇာ လက်မထပ်ချင်သေးဘူး။အပျိုကြီးလုပ်ချင်သေး
တယ်၊ ခန့်ကလည်းကွာ . . . ခန့်မေမေကို ဘာတွေသွားပြော ထား

www.burmeseclassic.com

www.burmeseclassic.com




တာလဲ၊ တကယ်ဆို ယုဇာဆန္ဒကိုလည်း မေးသင့်သေးတာပေါ့"

"ယုဇာပဲ တစ်လပြည့် အထိမ်းအမှတ်တုန်းက 'သေချာပါတယ်' ဆို၊ ကိုယ်ကလည်း အခု မဟုတ်သေးပါဘူး ယုဇာ၊ ဒေါ်ဆွေဇင်ဝင့်မာန် ဆိုတာကြီးနဲ့ ဝေးဖို့ ခုကတည်းက ကိုယ့်မှာလည်း ချစ်သူရှိတယ် ဆိုတာ ကြွေးကြော်ထားတာ"

ခန့်ရဲ့ တက်ကြွဖျက်လတ်မှုကိုမြင်တော့ ယုဇာ စိတ်မကောင်းဖြစ်သွားမိလေသည်။

"ခန့်ရေ. . . ယုဇာသွားမယ်၊မမလည်း မျှော်နေလောက် ပြီ" ယုဇာ တကယ်ပင် ပွင့်ယုမာ ဖြစ်လိုက်ချင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

Dream Makerသို့ ရောက်သောအခါ နားမလည်မှု ကြီး
နဲ့ ယုဇာပြန်အလာကို စောင့်မျှော်နေသောမလောက် လေးမလောက်
ဒါရိုက်တာအဖွဲ့ဝင်များကို မျက်စိသူငယ် နားသူငယ်နှင့် တွေ့ရလေသည်

"အခု ပွင့်ယုဇာပုံစံနဲ့ ပြန်လာတာလား၊ပွင့်ယုမာ ပုံစံ
ပြန်လာတာလား"

ဂျင်ဟမ်းကလေးက စိတ်ရှုပ်စွာနှင့် ဆီးကြိုလေသည်။

"အေးကွာ၊ဖေဖေနဲ့ မေမေက စောစောစီးစီး ဆုံးသွား
နို့မို့ဆိုရင် ပွင့်ယုမာဆိုတဲ့ သမီးကို တိတ်တိတ်ကလေး မွေးသွားသလား
ဆိုတာ မေးပြီးမြို"

မောင်လေးဒေါ်ကလည်း သူ့အတွေးနှင့် သူ။

"ကဲ. . . ရှေ့မျက်နှာ နောက်ထားပြီး အဖြစ်စုံကို ပြော
ပြမယ်၊ ရုံးခန်းထဲကို လာခဲ့ကြ"

ပွင့်ယုဇာက ရုံးခန်းထဲသို့ ဦးဆောင်ကာ ခေါ်သွားလေသည်



"နားနဲ့မနာ ဖဝါးနဲ့ နာကြနော်"

"ကဲပါ. . . ဖဝါးနဲ့ မနာတတ်ပါဘူး နားနဲ့ပဲ နာတတ်
တယ်၊ ပြော"

မောင်လေး မင်းယုဒါက သူ့အစ်မကို စိတ်မရှည်နိုင်ချေ။

ပွင့်ယုဇာက သူမအဖြစ်ကို အသေးစိတ် ပြောပြလေသည်။

"ဘုရား. . . ဘုရား. . . မမရယ် မလွန်လွန်းဘူးလား၊
ရည်းစားမထားခဲ့တုန်းကလည်း ဘယ်ကမ္ဘာကျော်ကြီး လာကြိုက်ကြိုက်
မာန်တစ်ခွဲသားနဲ့ မထားခဲ့ဘူး၊ရည်းစားထားမှ ထားတော့လည်း
နှစ်ကိုယ်များခွဲပြီး ထားချင်ရတယ်လို့. . ."

"ကြည်လည်းလုပ်ပါ မမယုဇာရယ်၊မမအဖြစ်က ကလပ်စ
တာဗုံးကို ဖင်ခုထိုင်မိသလို ဖြစ်နေပြီ"

"မမယုဇာရယ်. . . ဖင်မနိုင်ဘဲများ ပဲကြီးဟင်းသောက်
ထည့်လိုက်သေးတယ်"

တွတ်နီလေးစကားကိုကြားတော့ ယုဇာဒေါသထွက်
သွားလေသည်။

"ဟဲ့. . . ငါလည်း နိုင်မယ်ထင်လို့ သောက်ကြည့်လိုက်တာပေါ့"

ဒေါ်ကလည်း သူ့အစ်မကို ထိတော့ မခံနိုင်။

"ကဲပါကွာ . . . သောက်ကြည့်ပြီးပြီပဲ၊ နိုင်အောင် ဒါန်း
ရမှာပေါ့၊ တို့မမ . . . နိုင်မယ် . . . မဟုတ်လား"

"သေချင်းဆိုးကလေးတွေ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖုန်းခေါ်သံမြည်လာတာမို့ သူတို့တစ်တွေ အသံတိတ်သွားကြလေသည်။

ယုဇာက ပွင့်ယုမာ Moodသွင်းကာ တည်ငြိမ်သော လေသံနှင့် . . . "ဟဲလို . . ."

"ပွင့်ယုမာ ပါလား ခင်ဗျာ"

ရည်မွန်သန့်အသံကို ကြားလိုက်ရသဖြင့် ယုဇာရင်ကို ဖိထားရလေသည်။

"အဲ . . . ဟုတ်ပါတယ်"

"ကျွန်တော် ပိုင်ဇေခန့်အစ်ကို ရည်မွန်သန့်ပါ

ညီမလေး ယုဇာ ဒီကနေ့ ကားမောင်းပြီး ထွက်သွားတာနည်းနည်းကြမ်းလို့လေ၊ ကျွန်တော် သူ့အိမ်ကိုမှ ချောချောမောမောရောက်ရဲ့လားလို့ ဖုန်းဆက်မေးကြည့်တာ"

ကဲ . . . ဘယ်လောက်တောင် ရယ်စရာကောင်းတဲ့ ရည်မွန် အဖြစ်ပါလဲ။ အကြောင်းမရှိ အကြောင်းရှာပြီး မမြင်ဖူးသေးတဲ့ ပွင့်ယုမာကို ဖုန်းဆက်နေပြီ။

ယုဇာ ကားမောင်းထွက်သွားတာ နည်းနည်းကြမ်းလို့ စိတ်ပူလို့တဲ့လေ။ယုဇာ သူတို့အိမ်က ထွက်လာတုန်းက သူနဲ့ သူ့ ခွေးမလေး ပန်းသင့်နေတာနဲ့တင် သူ ယုဇာ ဘယ်အချိန် ထွက်သလဲဆိုတာ သိတောင်သိရဲ့လား မသိ။

"အဲ . . . ညီမလေးယုဇာ ပြန်ရောက်နေပါပြီ၊ သူနဲ့



ပြောဦးမလား၊ ယုဇာရေ . . . ရှင် . . . မမ . . ."

ယုဇာက ရည်မွန်သန့်နှင့် စကားပြောနေရင်းမှ သူ့နာမည်သူခေါ်ပြီး 'ရှင်' ဟု ပြန်ထူးလိုက်တာမို့ မင်းယုဒါတို့ တစ်ဖွဲ့လုံး အသံတိတ်ကလေး ပွဲကျသွားလေသည်။

"ဟာ . . . မပြောတော့ဘူး၊ မပြောတော့ပါဘူး၊ ညီမလေးလည်း အခုပဲ အပြင်ထွက်သွားတယ်၊ ယုဇာနဲ့လည်း ကျွန်တော် ပြောစရာမရှိပါဘူး"

"ဩော် . . . ဟုတ်ကဲ့ "

ဖုန်းကလည်း ရယ်ချင်စရာကောင်းလောက်အောင် ဟိုဘက်ကလည်း မချနိုင် ဒီဘက်ကလည်း မချနိုင်ဖြစ်ကာ 'ဩော် . . .'၊ 'အဲ . . .'၊ 'အင်း . . .'၊ အဟင်း . . .' နှင့်သာ စကားကြောရှည်ရန် ဆက်ထားရလေသည်။

"ယုဇာကတော့ ပွင့်ယုမာအကြောင်းတွေ ပြောပြပါ တယ်၊ ပုတီးစိပ်တာတို့၊ တရားထိုင်တာတို့၊ အဓိဋ္ဌာန်ဝင်တာတို့"

"ဩော် . . . ဟုတ်ကဲ့ "

"ကျိုက်ထီးရိုးမှာ အေးရဲ့လား"

"ရှင် . . . ဩော် . . . အေးတယ် . . . အေးတယ်"

"ဘာတွေ အဓိဋ္ဌာန်နဲ့ ပုတီးစိပ်ခဲ့တာလဲ"

"ခုနစ်ရက်သားသမီး ကြီးပွားချမ်းသာဖို့ပါ"

"မေတ္တာပို့တော့ရော ဘယ်ဆရာတော့်နည်းကို အသုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုလဲ”

“မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အရပ်ဆယ်မျက်နှာ မေတ္တာပို့နည်းလေ”

“သာဓုဗျာ . . . ကြားရတာ အေးချမ်းလိုက်တာ”

“ဟုတ်ကဲ့”

“ဩော် . . . ပွင့်ယုမာလည်း ခရီးပန်းနေပြီ ထင်တယ်၊ ဒါပဲနော်”

“ကောင်းပါပြီရှင်”

ဖုန်းချပြီးတော့ မင်းယုဒါတို့အုပ်စုရဲ့ ပြုံးဟဟအကြည့်များနှင့်အတူ အူကြောင်ကြောင် မေးခွန်းများကို ကြားရလေသည်။

“ဘာလဲဗျ . . . ဘာတွေပြောနေတာလဲ၊ ပူတာတွေ ကော၊ အေးတာတွေကော”

“အေးလေ . . . ဘာတဲ့ ခုနစ်ရက်သားသမီး ကြီးပွားချမ်းသာဖို့ ဆိုတာလည်းပါတယ်၊ မင်းကွန်းဆရာတော်ဘုရား ကြီးရဲ့ အရပ်ဆယ်မျက်နှာ မေတ္တာပို့နည်းလည်း ပါတယ် . . . ဘာတွေလဲ”

“ကြည့်ရတာ ကိုရည်မွန်သန့်က ဘုန်းကြီးလူထွက်လား မသိဘူး”

“အေး . . . မသိရင်လည်း အသာနေ၊ ဒါ နှလုံးသားချင်း နားလည်တဲ့ ကိစ္စတွေ”





www.burmeseclassic.com

www.burmeseclassic.com

ပွင့်ယုဇာ၏ နှလုံးသားရေးရာကိစ္စကို အပြည့်အဝနား လည်မှု ပေးလိုက်သော ဒါရိုက်တာအဖွဲ့ဝင်များသည် ရှေ့လျှောက် မနိုင်ဇာတ်ကို က, နေသော နှစ်ကိုယ်ခွဲပွင့်ယုဇာကိုဘယ်လိုအဆင်ပြေအောင် ကူညီရမလဲဆိုတဲ့ အသိစိတ်ဓာတ်များသာ ဝင်နေကြလေ၏။

ယခုလည်း ဆိုင်ရှေ့သို့ ခန့်ရောက်လေရာ ယုဇာမှာ ပွင့်ယုမာ အဖြစ် ချက်ချင်းအသွင်ပြောင်းရလေသည်။

"လက်စွပ်လေ. . . လက်စွပ်ကြီး ဖြုတ်ဦး"

မောင်လေးဒေါါကလည်း ယုတ္တိရှိစေရန် ကူညီရလေ၏။

"မင်းတို့ ဘော့စ်နဲ့ တွေ့ချင်လို့"

ခန့်က ဆိုင်ရှေ့မှာ ရပ်နေသော တွတ်နီကို မေးလေရာ၊

"ဘော့စ်က ညက ဒီဇိုင်းဆွဲတာ နောက်ကျမှအိပ်လို့ မနိုးသေးဘူးဗျ ရုံခန်းထဲမှာ သူ့အစ်မရှိတယ်၊ လာ. . အစ်ကိုလာ"

တွတ်နီက ခန့်ကိုဦးဆောင်ခေါ်ကာရုံးခန်းတံခါးကိုခေါက်လေသည်။

"မမယုမာ. . . ကိုပိုင်ဇေခန့်က တွေ့ခွင့်တောင်းနေတယ်"





"ခေါ်ခဲ့လေ"

"အစ်ကို ဝင်သွားလိုက်"

တွတ်နီက တံခါးဖွင့်ပေးကာ ခန့်မမြင်အောင် ယုဇာ အားလျှာတစ်လစ်ထုတ်ရင်း ရုံးခန်းထဲမှ ထွက်သွားလေသည်။

ယုဇာက မျက်မှန်ထူထူကြီးကြားမှ ခန့်ကိုဣန္ဒြေတစ်ခွဲ သားနှင့် ကြည့်ရင်း . . .

"ညီမလေး ပြောပြနေလို့ နာမည်ကြားဖူးနေတာတော့ ကြာပါပြီ၊ လူချင်းကတော့ အခုမှပဲ မြင်ဖူးတော့တယ်"

ခန့်က ခေါင်းညိတ်ကာ ပြုံးပြလေသည်။

"ယုဇာ ညကအိပ်တာနောက်ကျလို့လေ၊ သူ နိုးနေပါပြီ၊ မကြာခင် လာပါလိမ့်မယ်"

"ရပါတယ် ခင်ဗျ. . . ကျွန်တော်ကပဲ ကျွန့်တော်ကိုယ် ကျွန်တော် မိတ်ဆက်ပါရစေ၊မကြာခင် ဆွေမျိုးတော်ရတော့မယ့် မိတ်ဆွေတွေပဲဗျာ၊ရင်းရင်းနှီးနှီး ဆက်ဆံပါ၊လို အပ်တဲ့ အကူအညီရှိရင်လည်း တောင်းပါ၊ ယုဇာကိုလည်း ကျွန့်တော်ကို အမြန်ဆုံး ခေါင်းညိတ်ဖို့ ပြောပေးပါနော်. . . မမပွင့်ယုမာ"

"ရှင်. . . ယုဇာက ဘာကို ခေါင်းညိတ်ရမှာလဲ"

"မမေတို့ စိတ်မပြောင်းခင် ကျွန်တော်နဲ့ စေ့စပ်မှာကို သတ်ခံဖို့ပါ၊ကျွန်တော် ယုဇာကို သိပ်ချစ်ပါတယ်မပွင့်ယုမာခွန့် သည်း မစွန့်လွှတ်နိုင်ပါဘူး၊ကျွန်တော့်အဖြစ်က ပြောရရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လူရယ်ချင်စရာတော့ ကောင်းပါရဲ့၊ကျွန်တော့်ကို တစ်ဖက်သတ်ကြွေနေတဲ့ နှလုံးရောဂါသည် အပျိုကြီးကလည်းရှိနေတော့ ယုဇာနဲ့ကျွန်တော် ဒီကြားထဲ စေ့စပ်ထားမှ ကျွန်တော် စိတ်ချနိုင်မှာမို့ပါ၊ ပြောပေးပါနော် မပွင့်ယုမာ"

"ဩော်. . . အဲလေ. . မိဘတွေ မရှိကြတော့ဘူးဆို တော့ အစ်မကြီးအမိရာ ဆိုပါတော့ ကိုပိုင်ဇေခန့်ရယ်၊ယုမာ နားချကြည့်ပါဦးမယ်"

ယုဇာသည် ခန့်လာနေပြီဆိုကတည်းက ပွင့်ယုမာနှင့် ချွတ်စွပ်တူနေစေရန် ဖေဖေတို့ ဝယ်ယူသိမ်းဆည်းခဲ့သော မြန်မာသုခုမ အဘိဓာန် (**Dictionary of Myanmar Performing and Plastic Arts**) စာအုပ်ကြီးကို လက်ကမချတမ်း ကိုင်ထားလေရာ မကြာခင်တွင်ပဲ ခန့်တွေ့သွားလေသည်။

"အိုး . . . မပွင့်ယုမာက မြန်မာမှုကို တော်တော် စိတ်ဝင်စားတာပဲနော်၊ ဒီလိုအဘိဓာန်စာအုပ်မျိုးကို ဖတ်နိုင်ဖို့ဆိုတာ သိပ်မလွယ်ဘူးဗျ၊ဝါသနာကတော့ ကိုကိုနဲ့ အတော်တူတာပဲ"

"စာအုပ်စာပေကတော့ အတော့်ကို လိုက်စားဖြစ်ပါ တယ်၊ အခုတောင် ဒေါက်တာထင်လင်း ဘာသာ ပြန်ထားတဲ့ 'တစ်ကျွန်းစံရဲ့ အသွားလမ်း'အဲလေ. . .' 'တစ်ကျွန်း စံရဲ့ အပြန်လမ်း'အဲဒါကို ဖတ်ချင်နေတာ"

"နေဦး . . . ဟာ. . . ဒါဆို မပွင့်ယုမာ ကံကောင်းပြီ ကိုကြီးတို့





သိုက်ဗယ်ရီထဲမှာများ အဲဒီစာအုပ်ရှိနေ မလားမသိဘူး၊ ကျွန်တော် ကိုကြီးကိုရှာခိုင်းပြီး ရှိရင် ငှားခိုင်းထားပေးမယ်၊ 'တစ်ကျွန်းစံရဲ့ အပြန်လမ်း'ဟုတ်လား . . ."

"ဟုတ်ပါတယ်ရှင်"

"စိတ်ချပါ၊ ကိုကြီးက စာကြည့်တိုက်မှူးနဲ့ ရင်းနှီးတော့ ပွင့်ယုမာအတွက်ဆိုရင် ကူညီမှာပါ"

"အဲ. . . ညီမလေးယုဇာ ထွက်မလာသေးဘူး၊ ခဏလေးနော်. . . သွားကြည့်လိုက်ဦးမယ်"

ယုဇာသည် ရှုံးခန်းထဲမှ ပျောက်ကွယ်သွားပြီး သူ့ဘာသာ . . .၊ သူ့ဘာသာဖြေ လေသံနှင့် . . .

"ယုဇာရေ . . ."

"ရှင် . . ."

"ဒီမှာ ကိုပိုင်ဇေခန့် ရောက်နေတာကြာပြီ"

"လာပြီ မမရေ . . . ခဏလေး . . . ခဏလေး"

ယုဇာသည် ပွင့်ယုမာပုံစံနှင့်ပင် မှင်သေသေနှင့် ရှုံးခန်း ထဲ . . .ဝင်လာကာ . . .

"ခဏ ထိုင်စောင့်ပါဦးနော် . . . သူ ခုပဲ လာတော့မှာပါ"

"ဟုတ်ကဲ့ပါ . . ."

ယုဇာ ရှုံးခန်းထဲမှ ထွက်လာတော့ ဒေါ်တွတ်ပေါင်း တို့အား . . .ကို အလေးပြုနေသော ပုံစံနှင့် တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ပွင့်ယုဇာမှာ ပွင့်ယုမာအဖြစ်မှ ပွင့်ယုဇာဖြစ်လာစေရန် မျက်မှန်ကို ချွတ်၊ခေါင်းစည်းကြိုးကလေးကို ချွတ်ရင်း ဘယ်ဘက် လက်သူကြွယ်မှာ စွေ့စပ်လက်စွပ်ကလေးကို ကမန်း ကတန်းဝတ်ကာ ရုံးခန်းထဲ ပြန်ရောက်လာလေသည်။

"ဟေး . . . ခန့် . . ."

"ညက အိပ်ရာဝင်နောက်ကျတယ် ဆို . . ."

"အင်း . . . အပ်ထည်တွေ သိပ်ကျနေလို့လေ"

"အခု . . ကိုယ်လာမှ နိုးတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ရှမ်းကန် သရီးမှာ ဒင်း (မ်) ဆန်း သွားစားရအောင်"

ယုဇာမှာ မလိုက်ချင်ပေမယ့် ချစ်သူတွေဖြစ်နေကြတာ မို့ အင်တင်တင်နှင့် ခန့်ကားဆီသို့ ပါသွားလေရာ အခြေအနေ အရပ်ရပ်ကို အကဲခတ်နေသော မင်းယုဒါတို့အုပ်စုမှာ ပြုံးစိစိ ကျန်နေ ခဲ့လေသည်။





"ကွို . . ."

"အမလေး . . . သောက်ကျိုးတော့ နည်းကုန်ပြီ"

မှန်ပါသည်။ဆိုင်ရှေ့ရောက်သည်နှင့် ဒေါ်ဆွေဇင်ဝင့်မာန် တို့ကားက ယုဇာတို့နှစ်ယောက်အား ပိတ်ရပ်လိုက်လေသည်။

ကားထဲမှ ဒေါ်နဲ့မောနဲ့ဆင်းထွက်လာသော ဒေါ်ဆွေ ဇင်ဝင့်မာန်နှင့် သူ့မ ကိုယ်ရံတော်ကြီးများ . . .။

ယုဇာမှာ ခန့်၏ကျောပြင်နှင့် သူမခန္ဓာကိုယ်လေးကို မလုံ တလုံ အကာအကွယ်ယူလိုက်ရင်း . . .။

"အန်တီ . . . အန်တီ ဟို နေကောင်းတယ်နော် . . . နှလုံး . . . နှလုံးရောဂါရော ဘယ့်နှယ့်နေသေးလဲ"

"ဒါတွေ မင်းနဲ့မဆိုင်ပါဘူး . . . မင်း . . . မင်း မိုက်ရိုင်းစော်ကား လှချည်လား . . . ငါ့ရဲ့ ရှစ်သောင်းတစ်ထောင်တန် ဂါဝန်ကြီးကို စုတ်ပြဲလိုက် သာမက ငါ့မိတ်ဆွေကလေးကိုပါ အလစ် သုတ်တယ်ပေါ့ဟုတ်လား"

"အန်တီ အဲလို မပြောပါနဲ့၊ယုဇာ ပြန်လျော်မှာပါ။ လက် မှာ လောလောဆယ် တစ်ထောင်ယူထားမလားဟင်၊ ရှစ်သောင်း တော့ နောက်မှ ပြန်ဆပ်မယ်"

"ဘာ . . ."

ဒေါ်ဆွေဇင်ဝင့်မာန်ခမျာ ခန့်ကို တစ်ပါးသောသူလက် ထဲ တွေ့လိုက်ရတာက တစ်ကြောင်း၊ ပိစိညှောင့်တောင့် ကောင်မလေး လေးမခန့်စကား ကြားလိုက်ရတာကြောင့်လည်းကောင်း ရင်ဘတ်ဖိကာ

www.burmeseclassic.com

www.burmeseclassic.com



ဆွေ့ဆွေ့ခုန်ဖြစ်သွားလေသည်။

"ဒီမှာ. . . မမဇင်. . . မမဇင် လူကြီးတစ်ယောက်ဖြ
နေပြီး ကိုယ့်သမီးအရွယ် ကလေးလေးကို အနိုင်ကျင့်သလို ပြေ
ဆိုနေတာ မလွန်လွန်းဘူးလား၊အဲဒီ ရှစ်သောင်းတစ်ထောင်
ကျွန်တော် ယုဇာကိုယ်စား ပြန်ဆပ်နိုင်ပါတယ်၊ဒါဆို မမဇ
ကျေနပ်ပါတော့"

"အမလေး. . . ခန့်ရယ်. . ရက်စက်လိုက်တာကွယ်. . . မမဇ
ကို မသနားတော့ဘူးလား၊မမဇင်ဟာ ရောဂါသည်လေ၊ အချိန်မရွေ
ရှော့ ဖြစ်သွားနိုင်တယ်လေကွယ်"

အမလေး တတ်လည်းတတ်နိုင်ပါ့ကွယ်။ ယုဇာကို ဆက်
တော့ ဘီလူးမပုံစံ ဇတ်ဇတ်ကိုကြဲလို့၊ခန့်နဲ့တွေ့တော့ ရောဂါသည
ဖြစ်သွားရပြန်ပြီ။

"မမဇင်ကို နားလည်စာနာနိုင်ပေမယ့် ကျွန်တော် ကို
ဘာသာကိုယ်လည်း နားလည်မှုပေးရဦးမယ်. . . သူဟာ ကျွန်တေ
လက်ထပ်မယ့် အမျိုးသမီးပါ၊ကျွန်တော် သူ့ကိုပဲ ချစ်တယ်၊သူ
လက်ထပ်မယ်. . .၊ယုဇာကို အဆုံးရှုံးမခံနိုင် ဘူး"

"အမလေး . . အမလေး . . . ဟေး . . ဟေး . ဟေး"

"ကဲလာ. . . ယုဇာ. . . အဲဒီဂါဝန်ဖိုးကို ကိုယ်ပဲ စိုက်ပေ
လိုက်မယ်"

"ယုဇာလည်း ခန့်ကို တစ်ပတ်အတွင်း ပြန်ဆပ်ပါ့မယ်"



"မလိုပါဘူးကွာ . . . မမဇင် ခွင့်ပြုပါဦး"

"ကဲ . . . အားလုံး . . . အားလုံး . . . ခွင့်ပြုပါဦး"

ဒေါ်ဆွေဇင်ဝင့်မာန်ကတော့ ယုဇာအား ဒိန်း,ခနဲ မျက်
စောင်းထိုး ကျန်နေခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို . . . ဘယ်လိုများ ဆွဲဆောင်လိုက်တာလဲ မမယုဇာ"

ဒေါ်လေးက ယုဇာရဲ့ရုံးစားပွဲရှေ့တည့်တည့်၌ လက်ထောက်ပြီး ပြုံးဟဟမေးမြန်းလိုက်ပါသည်။

"ဘာကိုလဲ . . ."

"ရှေ့က ဧည့်ခန်းထဲမှာ ဇာတ်လိုက်ကြီး ခန့်ချောကြီး ရောက်နေတယ်"

"ဘယ်က ဇာတ်လိုက် ခန့်ချောကြီးလဲ"

"ရည်မွန်သန့်ဆိုတဲ့ ဇာတ်လိုက် ခန့်ချောကြီးလေ"

"ဟင် . . ."

ယုဇာမှာ"ဟင် . . "ပြီးတာနဲ့ တစ်ပြိုင်နက် ပါဝါမျက်မှန်ကို ချက်ချင်းကောက်တပ်လိုက်ပြီး နဖူးပေါ် ဝဲကျ နေသော ဆံပင်များကို နေကြာနှစ်ပွင့်ပါ မျှော့ကြိုးလေးနဲ့ စုချည်လိုက်ကာ ခန့်၏စေ့စပ် လက်စွပ်ကို ချွတ်ပါလေတော့၏။



"တို့မမကတော့ ပိုင်သကွာ"

"ဟို . . . ဟိုစာအုပ်စင်ပေါ် က စန်တာက်ဇူပေရီ ရေး ထားတဲ့ 'မင်းသားလေး'ဝတ္ထုကြီးကို ငါ့ကို ပေးစမ်း"

"ဟိုက် ရှားပါး . . ."

ယုဇာမှာ ပြင်သစ်ဂန္ထဝင်စာအုပ်ကြီးကို သဲကြီးမဲကြီးဖတ် နေဟန်နှင့် သရုပ်ဆောင်လိုက်သည်။ ဒေါ်မှာ ရုံးခန်းပြင်သို့ ထွက်သွားကာ သိပ်မကြာခင်မှာတင် . . .

ရုံးခန်းထဲသို့ ညင်သာစွာရောက်ရှိလာသော လူတစ်ယောက် . .

"အာ . . . စာဖတ်နေတာကိုးအနှောက်အယှက်ဖြစ်ပြီ ထင်ပါရဲ့"

"အို . . . မဖြစ်ပါဘူး . . . ထိုင်ပါ . . . ထိုင်ပါ"

ကိုကြီး၏ အရေးပေးဟန် အကြည့်နွေးနွေးများက ယုဇာပေါ်သို့ ညင်သာစွာ ကျရောက်လာလေသည်။

"ပွင့်ယုမှာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ရှင်"

"ကျွန်တော်က ရည်မွန်သန့်ပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

သူ့လက်ထဲမှာတော့ မနေ့ကတင် ခန့်ကိုပေါက်ကာရ လေးဆယ်နဲ့ ဘိုင်းလိုက်တဲ့'တစ်ကျွန်းစံရဲ့ အပြန်လမ်း' ဂန္ထဝင်ဝတ္ထုစာအုပ်ကြီး။

ရင်အစုံက တဒိန်းဒိန်းဆောင့်ခုန်ကာ ယုဇာနေရထိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



ခက်နေလေသည်၊သူ့ကြည့်ရတဲ့ပုံစံက အတော့်ကို အရဲစွန့်ပြ
လာရတဲ့ပုံ . . .။

"ပွင့်ယုမာက ယုဇာနဲ့ အတော့်ကိုဆင်တာပဲနော်၊ယုဇာက
သူ့အစ်မအကြောင်းတွေ ပြောပြပါတယ်၊တစ်ချိန်လုံး အိမ်ထဲမှာအောင်း
စာအုပ်ဖတ်နေတာပဲတဲ့လေ"

"ဟုတ်ကဲ့ . . . အအေးသောက်ပါဦးရှင့်"

ကိုကြီးက နှဖူးထက်မှ စို့တက်နေတဲ့ချွေးစများကိုသုတ်
အအေးသောက်လေသည်။ ဟင်း. . . အအေးခွက်ကို ကိုင်ထား
လက်ကလည်း တုန်တုန်ယင်ယင်နဲ့။

"ကိုရည်မွန်သန့်"

"မပွင့်ယုမာ"

အတွေးကိုယ်စီနဲ့ ခဏတာ တိတ်ဆိတ်နေခြင်းကို ဖျက်
စေရန် ပြိုင် စကားစပျိုးမိရာ အတော့်တို ရယ်ချင်စရာ ကောင်းသွား
ပါလေသည်။

"ပြော. . . ပြော. . . ကျွန်တော် မင်းကိုညီမလေးလို့ပဲ ခေါ်မ
နော်၊မင်းက ကျွန်တော့်ထက် ဆယ်နှစ်လောက် ငယ်မယ်ထင်တ

"ခေါ်ပါ . . . ခေါ်ပါ . . . ရပါတယ် ကိုကြီးရဲ့ . . ."

နံရံမှာ နားနဲ့ကပ်ပြီး နားထောင်နေကြတဲ့ တစ်ဖက်
ခန်းထဲမှ ငဒါတို့တစ်ဖွဲ့လုံး ဖျားသွားကြလေသည်။

"မင်းကိုင်ထားတဲ့ ဝတ္ထုက တကယ့်ပြင်သစ်ဂန္ထဝင်ဝတ္ထု





စန်တက်စူပေရီနော်၊အတော်ဆုံး လေယာဉ်ပိုင်းလော့၊ အတော်
ဆုံးစာရေးဆရာပေါ့၊ဆိုဘွန်း တက္ကသိုလ်ကထွက်တဲ့ စာအုပ်ကောင်း
တစ်အုပ်ပဲ"

"ဟုတ်လား . . . သိပါဘူး"လို့ပြန်လည်တုံ့ပြန်ရလောက်အောင်
ပင် ယုဇာ'ကိုင်'ထားတဲ့ ဝတ္ထုကို. . . စီးတဲ့မြင်း အထီးလား အမလား
မသိသလိုပင် မသိချေ။

"တို့မြန်မာနိုင်ငံမှာလည်း အတော်ဆုံးစာရေးဆရာ၊
အကောင်းဆုံး အဲယားဖို့(စ်)ဆာဂျင်တစ်ယောက်ရှိတယ်၊ ဘယ်သူလဲ
သိလား"

"ဆွေလှိုင်ဦး ရင်သိမ့်တုန် . . ."

ကြက်ကန်းကိုဆန်အိုးတိုးလေခြင်းကွယ်။

ကိုကြီးက ယုဇာအား တကယ့်ကို အထင်ကြီးလေးစား
စွာနှင့် ခေါင်းညိတ်အသိအမှတ်ပြုပါသည်။

"ဟုတ်တယ်. . ပြင်သစ် စန်တက်စူပေရီက လေယာဉ်
မှူးစာရေးဆရာ၊ တို့မြန်မာနိုင်ငံက ဆွေလှိုင်ဦးက လေတပ်,
တပ်ကြပ်ကြီးစာရေးဆရာ၊ဟား . . . မင်းတကယ်ပဲ စာပေကို
လိုက်စားတာပဲနော်"

"အဟင်း . . . ဟင်း . . . ဟင်း "

ယုဇာ ငိုချင်လာသည်။ ဒီထက် ထပ်ဆွေးနွေးလာပါက
ယုဇာ ဘာမှမသိတော့ချေ။ ကိုကြီးရယ်. . . ကိုကြီးနဲ့မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရဖို့ ယုဇာ ကြိုးစားရတာလည်း မလွယ်ပါလားနော်။

"ညီလေးက ပြောတယ်၊ယုမာက'တစ်ကျွန်းစံရဲ့အပြန်လမ်း'ဖတ်ချင်တာ ဝယ်မရဘူးဆိုလို့ ကိုယ်တက္ကသိုလ်စာကြည့်တိုက်က ငှားလာပေးတယ်၊ကြိုက်သလောက် ယူထားလို့ရတယ် သိလား၊ယုမာ ကိုယ့်မှာ . . . ကတ်ရှိတယ်"

"ဟုတ်ကဲ့"

စာအုပ်လှမ်းပေးသော လက်နှင့် စာအုပ်လှမ်းယူလိုက်သောလက်မှာ မတော်တဆ တိုက်မိသွားလေရာ နှစ်ယောက်စလုံး၏ မျက်နှာများ ထူအမ်းအမ်း ဖြစ်ကုန်ကြလေသည်။

"ယုမာ . . ."

"ရှင် . . ."

"နောက်နှစ်ရက်လောက်နေရင် အမျိုးသားကဇာတ်ရုံ မှာ ကျောင်းဆင်းပွဲရှိတယ်၊ကိုယ် ယုမာကို ကပွဲလာကြည့်ဖို့ ဖိတ်ချင် တယ်"

ကိုကြီးဟာ ယုဇာကို ယုမာအထင်နဲ့ လေးနက်စွာဖိတ်ကြားပါသည်။

ငြင်းဆန်ဖို့ အင်အားများကလည်း ယုဇာမှာ လုံးဝ လုံးဝမှကို မရှိ။

တိတ်တခိုးလေး ချစ်မိသူ ယုဇာမှာလည်း အခြေအနေကြောင့်သာ ဒီယုန်မြင်လို့ ဒီခြုံထွင်လိုက်ရသလို ဖြစ်သွားပေမယ့် ကိုကြီးကိုဖြူစင်သန့်ရှင်းသော မေတ္တာအရင်းခံနှင့် ချစ်မိခဲ့ ပါသည်။



"လိုက်နိုင်မလားဟင် . . . ဆန်းဒေးမှာ ကျောင်းကပွဲရှိတယ်၊ လိုက်ရင် ကိုယ်လာခေါ်မယ်"

"ဟုတ်ကဲ့"

သူက ကျေကျေနပ်နပ်ပြုံးပါသည်။

ကိုကြီးရေ . . . ယုဇာတော့ ကိုကြီးကို လိမ်ညာပြီး နီးစပ်အောင် လုပ်မိပါပြီ။ ဘယ်နေ့မှ အဖြစ်မှန်ပေါ်လာမလဲ ဆိုတာ ယုဇာ မတွေးဝံ့သေးပါဘူးကွယ်။



www.burmeseclassic.com

www.burmeseclassic.com

"ပိုက်ဆံတစ်ထောင် ဆုချမယ်၊မင်းတို့ သုံးယောက်ထဲ မှာ ဒီဝတ္ထုကို အလွတ်နိုးနိုး ကျက်နိုင်တဲ့သူ ရှိမလား"

လောလောဆယ် ဘိုင်ကျနေတဲ့ တွတ်နီက ယုဇာ စကားကြောင့် အနည်းငယ် ခေါင်းထောင်လာပါသည်။

"ပိုက်ဆံတစ်ထောင်ကတော့ လိုချင်ပါရဲ့၊ဒါပေမယ့်တာသာပြန်ဝတ္ထုကြီးကို အလွတ်နိုးနိုးကျက်ပြီးမှ တစ်ထောင် တည်းရမှာကတော့ သိပ်မနိမ့်လှပါဘူး"

"ဒါဆို တစ်ထောင့်ငါးရာပေးမယ်ဟယ်"

"ဘော့စ် ပေးလာမယ့် တစ်ထောင့်ငါးရာ ဆိုတာကြီး ကိုတော့ ကြောက်လွန်းလန့်လွန်းလို့ လက်မခံပါရစေနဲ့ ဘော့စ်ရယ်၊ နှစ်ထောင်လောက်တော့ ဆုချီးမြှင့်ပါ"

"အံမယ်. . . သေနာလေး . . . တန်ရာတန်ရာ မပြောဘူး၊ကောင်းပြီ နှစ်ထောင်ပေးမယ်၊ဒီ'တစ်ကျွန်းစံရဲ့ အပြန်လမ်း' ကို သေသေချာချာ ကျက်ပြီး မမယုဇာကို မှတ်စု ထုတ်ပေးနော်"





"ဟား . . တို့မမရဲ့ စိတ်ကူးကိုတော့ လိုက်မမီတော့ဘူး ဟေ့" ယုဒါက ဝင်ပြောလေသည်။

"အံမယ် . . နင်ဘာသိလဲ ဒေါ်ရဲ့၊ငါ့ကို ကိုကြီးကစာချုပ်လေးထင်ပြီး အိမ်တိုင်ရာရောက် စာအုပ်ပေးသွားတာဟ၊ဝတ္ထုဖတ်ဖို့ အချိန်မရှိတာ မောင်လေးလည်း အသိသား၊သူနဲ့ အဲဒီဝတ္ထုအကြောင်း ဆွေးနွေးဖြစ်ရင် မမယုဇာ ပြန်ပြောနိုင်အောင် လို့ ... ဒီကအကြောင်းအရာတွေကိုတော့ ကျက်ထားမှ ဖြစ်မှာပေါ့"

"လက္ခဏာဆရာက ပြောတယ် ဇာရေ . . နှလုံးလမ်းကြောင်းမှာ နှစ်ယောက်ခံနေတယ်"

ဂျင်ဟမ်းက နောက်၍ သီချင်းဖျက်ဆိုလိုက်တာမို့ ... အသူ့ကို'ဒေါက်'ခနဲ မြည်အောင် ခေါင်းခေါက်မိ သွားလေသည်။

"တူ . . . တူ . . . တူ . . . တူ . . ."

"ဟော . . ဖုန်းလာနေတယ်"

"ကဲပါ . . မောင်လေးတို့ပဲ သွားကိုင်ကြစမ်းပါကွယ်"

မန်နေဂျာတွတ်နီကလေးက ဖုန်းကို ကိုင်ရင်း . . .

"ဟဲလို"

". . . ."

"ဩော် . . ရှိတယ် ခင်ဗျ၊မမပွင့်ယုမာရေ . . . မှာရေ . . ကိုရည်မွန်သန့် ဖုန်းတဲ့ဗျ"

"အေးကွယ် . . . လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံးလိုလို ရှုပ်ပျာပျာနိုင်သူ ယုဇာထံမှ ဣန္ဒြေ တစ်ခွဲသားနှင့် သိမ်သိမ်မွေ့မွေ့ကလေးပြောဆိုလိုက်တာမို့ မင်း ယုဒါတို့အဖွဲ့ အသံတိတ်ကလေးပွဲကျသွားကာ သူတို့မမ အနှောင့် အယှက်မဖြစ်စေရန် ဖုန်းစင်အနီးမှ အလျှိုလျှိုနှင့် ထွက်ခွာသွား ကြလေသည်။

"ယုမာလား"

"ဟုတ်ကဲ့"

"ကိုကြီးပါ"

သုံးနှုန်းလိုက်တဲ့ ဝေါဟာရလေးကြောင့် ယုဇာရင်ထဲ လှိုင်း ခတ်သွားရပြန်သည်။

"ဟုတ်ကဲ့"

"အင်း . . . သတိရလို့"

"ဟုတ်ကဲ့"

"အိုး . . . ဘယ်လိုဖြစ်တာလဲ . . . တစ်ဟုတ်ကဲ့တည်း ဟုတ်ကဲ့ နေတော့တာပဲ"

"ဟို . . . ဘာမှ မဖြစ်ပါဘူး"

"မနက်ဖြန်ည လာခေါ်မယ်နော်"

"ဟုတ် . . ."

"ကိုယ်နဲ့အတူ သွားဖို့ကော စိတ်ပါရဲ့လား"

"ပါပါတယ်"



"ဒီကြားထဲမှာ ကိုယ့်ကို သတိတောင်မရဘူးလား"

"ရှင် . . ."

ရည်မွန်သန့်ရဲ့ အပြောအဆိုတွေကြောင့် ယုဇာ တကယ်ပင် ဟာ့ (ထ်) ထိနေလေပြီ။

"ကိုယ်လေ . . . တစ်ချိန်လုံး ယုမာကိုပဲ မြင်ယောင်နေ မိတယ်၊မျက်မှန်ကလေးနဲ့မင်းကို မြင်ရတာ အေးချမ်းလိုက်တာ၊ ကိုယ်လေ . . . မင်းကို နာမည်ကြားကတည်းက စိတ်ဝင်စားခဲ့ တာပါယုမာ၊ ယုဇာ မင်းအကြောင်းတွေ ပြောပြနေကတည်းက စိတ်ဝင်စားခဲ့ရတာ"

". . . . . . . . . ."

"လူကြီးတန်မဲ့ ဒီလိုစကားတွေ ကလေးကလားဆန်ဆန် ပြောနေရတာလည်း ရှက်မိပါတယ် ယုမာရယ်၊ဒါပေမယ့် ကိုယ့် စိတ်ကိုမှ ကိုယ်နိုင်အောင် မတားဆီးနိုင်တော့တာပဲ၊ယုမာ . . . မင်း ဆိုကြီးကို နားလည်ပေးပါနော်"

". . . . . . . . . ."

"ကိုယ်လေ . . . ယုမာကို ချစ်မိနေပြီ"

". . . . . . . . . ."

". . . . . . . . . ."

ဖုန်းလိုင်းက ယုဇာဘက်မှစတင်ပြတ်တောက်သွားလေသည်။ ပြတ်တောက်သွားဆို ယုဇာက ဖုန်းခွက်ကိုချကာ လက်သီး

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ရင်း'Yes. . .!!!'ဟု နှစ်ထောင်းအားရ အော်လိုက် သောကြောင့် ဖြစ်လေသည်။

ကိုကြီးကို ယုဇာ ချစ်မိနေတာ ကြာပါပြီကွာ။ခန့်အထင်နဲ့ပွေ့ဖက်ပြီး လူမှားသွားတယ်လို့ သိလိုကရတဲ့အခါ သိမ်သိမ်မွေ့မွေ့လေးနဲ့ ဆုံးမနေကတည်းက ကိုကြီးကို ယုဇာ ခိုက်နေမိတာ။

"တူ . . . တူ . . . တူ . . ."

ဟော . . .။

"ဟဲလို . . ."

"ကိုယ့်တောင်းဆိုမှုက အရမ်းများ ရိုင်းစိုင်းသွားလို့လား ယုမာရယ်၊ ဘာလို့ ဖုန်းချလိုက်တာလဲ"

ခက်တော့နေပြီ။အတော့်ကို အကင်းမပါးလေတဲ့ ကိုကြီးပဲ။

"ဟို . . . ယုဇာ . . မာ . . . အရမ်းထူပူပြီး ရှက်သွားလို့"

"အိုး . . . ဒါ ဒီလောက် ရှက်စရာလား ကလေးရ၊ ကိုကြီး မင်းရဲ့ တုံ့ပြန်မှုကို စောင့်နေမယ်နော်"

"ချက်ချင်းကြီးဆိုတော့ အဖြေမထွက်သေးဘူး။စဉ်းစားပါရစေဦးနော်"

"အိုကေလေ. . . မနက်ဖြန်ည ကပွဲခန်းမထဲရောက်ရင် ကိုယ် သိခွင့်ရှိမလား"

"အိုး . . . လောလိုက်တာ"

"အဲလောက်တော့ ပူဆာပါရစေကွာ. . နော်. . ယုဇာ



မနက်ဖြန်ညကို ကိုယ် မျှော်လင့်နေမယ်နော်"

"အင်း . . ."

"သင့်ခယူးကွာ. . . မင်းလေး ကိုယ့်ကို မရက်စက်လောက်ဘူးဆိုတာ ကိုကြီး ယုံကြည်တယ်ဘိုင်ဘိုင်နော် . . . သဲလေး"

အင်း . . .။

သွက်မယ့် သွက်တော့လည်း လိုက်မမီတော့ပါလား ကိုရည်မွန်သန့်ရယ်။

"သဲလေး . . . "တဲ့။ သူ့ရဲ့ ခပ်ဖွဖွကလေး ခေါ်သံက ယုဇာ အသည်းထဲကနေ ကြားနေရပြီ။

ယုဇာ ကိုကြီးကိုသိပ်ချစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ခန့်ရဲ့ မမေးမစမ်း ခေါ်ယူတွေ့ဆုံစေမှုကြောင့် ယုဇာ ခန့်ကို ငြင်းဆန်ပစ်ရန် အလွန်ခက်ခဲသော အခြေအနေသို့ ရောက်ခဲ့လေသည်။

ဖြစ်ပုံမှာ ခန့်နှင့် ရွှေဘုံသာလမ်းပေါ်က အောကစ်ဆိုင် မှာ ဇာစကလေးများကြည့်ရင်းမှ ယုဇာက ခန့်အား ရှစ်သောင်း တစ်ထောင် အကြွေးဆပ်လေသည်။

"ခန့် . . . လွန်ခဲ့တဲ့ တစ်ပတ်ကျော်က စိုက်လျော်ထား တဲ့ အကြွေးအတွက် . . ."

ခန့်က ယုဇာ လှမ်းပေးသော ငွေများကို မယူ။

"အရင်းနှီးဆုံး ချစ်သူတွေပဲကွာ . . . လိုသေးလို့လား"

"မဟုတ်ဘူး၊လိုတယ် . . အရင်းနှီးဆုံးမကလို့ ဆွေမျိုးဓလေ့ တော်တော် အကြွေးဆိုတာ ပြန်ပေးရမယ့် တာဝန်ရှိတယ်၊ ဒေါ်ဆွေ ဇင်ဝင့်မာန်ကြီးကို ကြုံရင်လည်း ပြောလိုက်ပါနော်၊ ယုဇာ အကြွေး ကျေပြီလို့"



ခန့်အား အသည်းအသန်ပင် ငွေပေးယူရသည်။

အောကစ်စင်တာက ပြန်တော့ . . .

"ယုဇာ . . ရွှေဘုံသာလမ်းတော် ရောက်နေပြီ . . FMI ခဏဝင်ရင်း မေမေနဲ့ တွေ့ရအောင်"

ဘုရားရေ . . . မမြင်ဘူးသေးသော ဒေါ်မာလာဖြူ၏ မျက်နှာကို မှန်းဆကြည့်မိသည်။ဟင့်အင်း . . . ခန့်ကို မယူနိုင်ပါဘူး . . . ။ခန့်ကို ဘယ်လို ငြင်းရမလဲ။

"လာပါကွာ . . . ဘယ်မှမသွားဘူး၊FMIမှာ ကော်ဖီဝင် သောက်ရုံပါပဲ"

သို့နှင့် ယုဇာ ခန့်ခေါ်ဆောင်ရာနောက်သို့ အင်တင်တင် ပါသွားလေသည်။

ကော်ဖီဆိုင်သို့ ရောက်သောအခါ ကံဆိုးလှစွာနှင့်ပင် ခန့်မေမေနှင့် ထိပ်တိုက်တွေ့လေသည်။

"အိုး . . . သားတို့ပါလား"

"ဟာ . . မေမေ . . . ကော်ဖီဆင်းသောက်တာလား"

"ဟုတ်ပါ့ရှင် . . လာ . . . လာ . . . ဒီမှာ ထိုင်ကြ"

ကျက်သရေရှိစွာ တည်ငြိမ်မှုအပြည့်နှင့် လှပနေဆဲ ခန့် မေမေဟာ ခပ်ပြုံးပြုံးနှင့်ပင် ယုဇာဆီသို့ အကြည့်များ ရောက် ရောက်လာ တတ်ပါသည်။

"မေမေ . . . ဒါ သားကောင်မလေး"

www.burmeseclassic.com

www.burmeseclassic.com



ကဲ . . . ဘယ်လောက် ရဲတင်းလိုက်တဲ့ 'ခန့်'ပါလဲ။

"ယုဇာ . . . ဒါ ကိုယ့် မေမေ . . ."

ခန့်မေမေက ဖေါ်ရွေစွာ ပြုံးရင်း . . .

"သမီးကို ဟိုတစ်ခေါက်က အန်တီချိန်းထားပြီး အိမ်မှာ မရှိတာ ခွင့်လွှတ်နော်၊သမီးရဲ့ကျော်ဇောသတင်းကတော့ အန်တီ တို့FMI နဲ့စကော့ဈေးထဲမှာ မွှေးနေတာပဲ၊သမီး ထွင်လိုက်တဲ့ဒီဇိုင်းတွေက လည်း ဝတ်တဲ့ အနုပညာရှင်တိုင်း အောင်မြင်တယ်၊အန်တီကတောင် ဆိုင်ဘေးပတ်ဝန်းကျင်ကို ကြွားနေရတယ်၊အဲဒါ သားမိတ်ဆွေလို့"

"သား ချစ်သူပါ"

ခန့်ဟ သူ့မေမေကို သွေးတိုးစမ်းကာ တစ်ဆင့်ချင်း တက်လေ ရာ. . .'မျက်နှာမြင် ချစ်ခင်စေ'ဆုနှင့် ပြည့်ဝသော ယုဇာကို ဒေါ်မာလာဖြူက သဘောကျလာပါသည်။

သူမစိတ်ထဲမှာ. . . သားတို့ချစ်ခြင်းကို မခွဲလိုတာက တစ်ကြောင်း၊ဆွေဇင်နဲ့အခြေချလိုက်ပါကလည်း ပတ်ဝန်းကျင်က သားကို သိုက်တူးသမားလို့ ဝေဖန်ခံရမှာတစ်ကြောင်းနှင့် သားတောင်းဆိုမှုကို တစ်စတစ်စ လိုက်လျောပေးချင်နေမိသည်။

"မေမေ သားပူဆာတာ ဘယ်လိုလဲ"

"မင်းကောင်မလေးကိုလည်း မေးကြည့်ဦးလေ"

"ဟောဒီမှာ မေမေ. . သားတို့ချစ်ခြင်းကို မခွဲပါနဲ့"

ဘုရားရေ။



လူလည်လေး ခန့်က ယုဇာ ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ထား တဲ့ လက်စွပ်ကလေးကိုမြင်အောင် ထောင်ပြ ရင်း၊ ကော်ဖီဆိုင်မှာ ယုဇာ အောက်ကကောက်ရတဲ့ လက်စွပ် ကလေး သူ့ကိုပေးမိတာကိုပါ သူ့မေမေအား ကြွားလေသည်။ ဒေါ်မာလာဖြူက ယုဇာအား လိမ္မာပါးနပ်စွာဖြင့် ကိုယ်ရေးရာဇဝင်များကို ဥပါယ်တံမျဉ်နှင့် မေးမြန်းပြီးနောက်တွင် . . .'

"သားလည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်ဘဲ၊ အရာရာကို ချင့်ချိန်တွက်ဆနိုင်မှာပါ၊မေမေ မကန့်ကွက်လိုတော့ ပါဘူးကွယ်"

ဘုရားရေ. . . အမလေးကယ်ကြပါဦး၊သူတို့သားအမိ နှစ် ယောက် အဖြစ်သည်းနေကြတာနဲ့ ယုဇာတော့ အဆစ်ပါပြီ။ နာပြီ။

"ဟို. . . ခန့်. . . ခန့်ကလည်း ယုဇာ လွှတ်လွှတ်လပ် လပ် နေချင်ပါသေးတယ်"

"သြော်ကွာ. . . နေရပါစေမယ်. . . စေ့စပ်ကြောင်း လမ်းကိစ္စ လေးကိုတော့ လက်ခံလိုက်ပါ ယုဇာရယ် နော်၊ကိုယ်မှ မင်းကို မခွဲနိုင်တော့တာ"

"ကဲပါ. . . သားရယ်. . . မေမေ အားလုံးလိုက်လျော တယ် . . . ဟုတ်ပြီလား. . . မေမေ စိတ်ပြောင်းလဲမှာကို မပူနဲ့"

ခန့် ပေါင်ကို ဆွဲဆိတ်ပေမယ့်လည်း မရတော့ချေ။

နောက်ဆုံးတော့ သူတို့သားအမိနှစ်ယောက် ဇာတ်ရှိန် တက်သွားကြပြီး စေ့စပ်ကြောင်းလမ်းဖို့ကိစ္စကို တစ်လအတွင်း

www.burmeseclassic.com

www.burmeseclassic.com



မြှုလုပ်ရန် သဘောတူသွားကြလေသည်။

ယုဇာမှာတော့ 'အင်း. . .'၊ 'အဲ. . .'၊ 'ဟို. .'၊ 'အား . .' နှင့်ပင် နောက်ဆုံးတော့ အူကြောင်ကြောင် လက်ခံလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ညရောက်တော့ ကပွဲသွားကြည့်ရန် ကိုကြီးနှင့်နှစ် ယောက် အတူ ကားစီးရမယ့်ကိစ္စကို မျက်နှာပူရတဲ့ ကြားထဲ မင်းယုဒါတို့က ဘယ်လိုနောက်ပြောင်လိုက်တယ်ရယ် မသိ။

"ဘယ်လိုဖြစ်တာပါလိမ့် . . ကားက ဂလု . . ဂလောက်နဲ့"

"အေးလေ . . . ဘာများ ဖြစ်သလဲ မသိဘူး"

ယုဇာရော ကိုကြီးပါ ကားအနောက်ဘက်ခြမ်းကို သွား ရောက်ကြည့်ရှုလိုက်တော့"ဟား . . . မင်း မောင်လေးတွေက တော့ တကယ့်ငပြောင်ကလေးတွေပဲနော် ယုမာ၊ကိုယ့်ကား နောက်မှာ ကြိုးတလေးတွေနဲ့တွဲပြီး နို့ဆီခွက် စုတ်၊ဘီယာခွက်စုတ် တွေ ချည်ပေးသွားတယ်"

"ဟုတ်ပ့ါရှင် . . . ဒါလုပ်စရာလား။အိမ်ပြန်ရောက်မှ ငဒ့ါတို့ ဆုံးမပြီး ကိုကြီးကို တောင်းပန်ခိုင်းရဦးမယ်"

ကိုကြီးက သူ့ကားနောက်မှာ ဗရုတ်တ်သုတ်ခ လျှောက် ချည်ထားတဲ့ ခွက်စုတ်၊ဘူးစုတ်များကို စိတ်ရှည်ရှည်နှင့် ဆွဲဖြုတ်ကာ . . .



"မလိုပါဘူးကွာ၊လူငယ်တွေဆိုတာ နောက်ပြောင်လိုတဲ့ စရိုက်ကလေးတွေတော့ ရှိကြတာပေ့ါ၊ကိုယ်က မင်းယုဒါတို့ကို တောင် ကျေးဇူးတင်ရဦးမှာ၊ နိုင်ငံခြားမှာဆို **Just Married** (လက်ထပ်ပြီးစ မောင်နှံ)ကားတွေမှာ ဒီလို ဘီယာဘူးစုတ် ကလေးတွေ ချည်ပေးတဲ့ ထုံးစံရှိတယ်မို့လား"

အမလေး . . . **Just Married** တဲ့။

ခန့် . . . ခန့် . . . လူလည်ကျလွှတ်လိုက်တဲ့ ခန့်ကို ယုဇာ မြင်ယောင်လာမိသည်။ ယုဇာနဲ့သူ့ နီးစပ်ဖို့ သူ့မေမေကို ခပ်ပါးပါး ကလေး ဆွဲဆောင်သွားလိုက်တာ ဘယ်လောက် အသည်းယားဖို့ ကောင်းလိုက်သလဲ။

ပြဿနာပဲ။အခြေအနေတွေက နှစ်ဘက်စလုံးမှာ လွန်မိ တော့မယ့် အနေအထားရောက်နေပြီ။

ကိုကြီးကိုဝဲ ချစ်တယ်။ဒါပေမယ့် ခန့်နဲ့ကိစ္စကလည်း အမှိုက် ကစ ပြဿဒ်မီးလောင်ဆိုသလို တစ်စတစ်စ ခိုင်ခိုင်မာမာ ဖြစ်လာပြီ၊ ယုဇာ သေချင်တယ်။

"ယုမာ . . ."

"ရှင် . . ."

"ငြိမ်လှချည်လား"

ယုဇာ သက်ပြင်းတစ်ချက်ကိုသာ ခိုးရှိုက်မိသည်၊

"ကိုကြီးနဲ့ သွားရတာ စိတ်မပါဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အို မဟုတ်ပါဘူး ကိုကြီးရယ်"

"ဒါဆို ဘာကို စဉ်းစားနေတာလဲ"

"ညီမလေး ယုဇနတို့ ကိစ္စ"

အမှန်တော့ မိမိကိစ္စကို မိမိ ထွက်ပေါက်ရှာတဲ့အနေနဲ့ ပြောဆိုမိကာမှ ကိုကြီးက . . .။

"အေးကွ . . . ဒီနေ့တစ်နေ့လုံး ခန့် မြူးနေ တာပဲ၊ တော်တော်လည်း အမြော်အမြင်ကြီးတဲ့ ခန့်လက်ထပ် ဖို့အတွက်တောင် ခန်းမတွေမှာ လိုက်စုံစမ်းနေပြီ၊ စီဒိုးနား၊ မြရိပ်ညို၊ ယုဇနဂါးဒင်း၊ အင်းယားလိတ် အို . . . စုံနေတာပဲကွာ၊ ဖုန်းနဲ့ တဂွမ်ဂွမ် ဆက်ပြီးမေးနေတာ၊စေ့စပ် ကြောင်းလမ်းကို တော့ ဒီတစ်လထဲ မဖြစ်မနေ စီစဉ်တော့မယ် တဲ့၊နောက်တစ်ပတ် လောက်နေရင် ဖိတ်စာတွေ ရပြီလေ"

"ရှင်"

ယုဇာ အကြီးအကျယ် တုန်လှုပ်သွားမိပါသည်။

လုပ်ရက်လိုက်တာ . . .၊လုပ်ရက်လိုက်တာ ခန့်ရယ်၊ ယုဇာတော့ သေပါပြီ၊ ယုဇာတော့ သေပါပြီ။

"တကယ်တော့ မေမေက ခန့်ကို ဒေါ်ဆွေဇင်ဝင့် မာန်ကြီးနဲ့ သဘောတူတာကွ၊ဟိုက ရောဂါသည်ဆိုတော့ မေမေ က ချစ်လည်းချစ်၊သနားလည်း သနားတယ်၊မေမေ အခုလို စိတ်ပြောင်းသွားတာကိုလည်း ကိုကြီးတော့ အံ့သြမိပါရဲ့



ကွာ၊မင်းညီမလေး ယုဇာက လှလည်းလှ သွက်လည်းသွက်တော့ မျက်နှာ့မြင် ချစ်ခင်ပါစေ ဆိုတဲ့ဆုနဲ့ ပြည့်စုံသားပဲ၊မေမေက ပွင့်ယုဇာရဲ့ ငယ်ငယ်ရွယ်ရွယ် နဲ့ နာမည်ကြီးကျော်ဇောမှုကို ဘာကယ့်ကို ဂုဏ်ယူဝမ်းသာနေလေရဲ့"

အင်း . . . ခက်တော့နေလေပြီ။

ငိုချင်စိတ်ကြောင့် မျက်ရည်များ လျှံတက်လာမှုကို ဖုံးဖုံးဖိဖိနှင့်သာ ဟန့်တားနေရလေသည်။

"ကိုကြီးလည်း . . ညီလေးခန့်လို ကံကောင်းရင် သိပ်ကောင်းမှာပဲနော်"

မြို့မကျောင်းလမ်း၏ အရိပ်ကောင်းသောသစ်ပင်တစ်ပင်အောက်၌ ကိုကြီးကားထိုးရပ်လိုက်ပါသည်။

"မင်း ကိုကြီးကို ပြန်ချစ်နိုင်မလားဟင်"

ယုဇာ ဝမ်းနည်းလာသည်။

မျက်ရည်များက တအိအိနှင့် မျက်ဝန်းအိမ်ထဲကနေ မြတ်ကျလုမတတ် ဖြစ်နေလေပြီ။

"ဟင် . . . ဘယ်လိုလဲ ညီမလေး"

ဒေါးစက်လျက်ရှိသော ညာလက်ဖဝါးကြီးကို ကိုကြီးက တိုင်ရဲကိုင် ရဲနှင့် ဆုပ်ကိုင်ပြီးမေးလေရာ . . .

" း . . . ဟီး . . . ဟီး . . ."

၁ ချုံးပွဲချ ငိုကြွေးမိပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရည်မွှန်သန့်ခမျာမှာလည်း တစ်သက်နဲ့တစ်ကိုယ်မှာ ဒီတစ်ခါပဲ မိန်းကလေးတစ်ယောက်ကို အရဲစွန့် ချစ်ခွင့်ပန်မိကာမှ မချောက ဘာမပြောညာမပြောနှင့် သည်းသည်းထန်ထန် ငိုကြွေးလိုက်တာမို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ပွေ့ဖက်ပဲ ထားရတော့မလိုလိုအရေးပေါ် ဝမ်းနိုင်းနိုင်းကိုပဲ ဖုန်းဆက်ပေး ရတော့မလိုလို၊ ကားပဲတင်ပြေးရတော့မလိုလို မရှိုးမရှ ဖြစ်လာလေ၏။

“ပြဿနာပဲ . . . အဲ . . . အဲဒီလိုတော့ မငိုပါနဲ့ ယုမာ ရယ်၊ ကိုယ် မင်းကို စကားနဲ့များ စော်ကားလိုက်သလို ဖြစ်သွား လို့လား၊ ကိုယ် . . . ကိုယ်လေ . . . ဟာ . . . ယုမာ . . . ယုမာ”

ယုဇာ မရတော့ချေ လက်နှစ်ဖက်ကို မျက်နှာမှာအုပ်၍ ငိုကြွေးနေရင်းမှ ယုဇာ အသိတရားပြန်ဝင်လာချိန်မှာတော့ ကိုကြီးရင်ညွှန့်မှ ရှပ်အင်္ကျီအဖြူလေး မျက်ရည်များနှင့် ရွှဲနစ်နေ အောင်အထိ ငိုယိုနေမိလေသည်။

“ယုမာ . . . ယုမာ . . . ဘာလို့ ဒီလောက် ဝမ်းနည်းသွားရတာလဲ ဟင်”

“ယုမာလေ . . . ကိုကြီးကို ချစ်ပါတယ်”

“ဟောဗျာ . . . အဲဒါ ငိုစရာလား”

ကိုကြီးက ယုဇာပါးထက်မှ မျက်ရည်စတို့ကို သူ့လက်ကိုင်ပဝါနှင့် တို့ကာ ပင့်ကာ သုတ်ပေးနေလေ၏။

“ကြည့်စမ်း . . . ငိုနေတာကလည်း ကဗျာမဆန်လိုက်တာ



ချော . . . နှပ်တွေ ညှစ်ဦး”

ယုဇာသည် တရှုံ့ရှုံ့ဖြစ်နေသော အနေအထားမှ လက်ကိုင်ပဝါနှင့် နှပ်များကို အားပါးတရညှစ်ကာ စိတ်ညစ်စရာ များကြားမှ တစ်ချက်တော့ ရယ်မိသွားသေးသည်။

ရှုပ်ထွေးလိုက်တဲ့ ကိစ္စတွေ။

ဘယ်သော၊ဘယ်အခါမှ ဒီကိစ္စဟာ ဘယ်လိုအရှုက်ကွဲမှုနှင့် ဘူးပေါ်သလို ပေါ်လာလေဦးမလဲ မသိ။

မနက်ကပဲ ခန့်နဲ့ စေ့စပ်ကြောင်းလမ်းဖို့ကိစ္စ ဖြစ်လာခဲ့ပြီးပြီ။ ညကျတော့ ကိုကြီးနှင့် ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

ယုဇာသည် ရှေ့လျှောက် ပွင့်ယုဇာပဲ လုပ်ရလေမလား၊ ပွင့်ယုမာပဲ လုပ်ရလေမလား မသိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို ဖြစ်လာတာလဲ၊မျက်နှာကြီးက မအီမသာနဲ့"

ကပွဲပြီးချိန် ညဆယ်နာရီအတိမှာ အိမ်ပြန်ရောက်လာတာမို့ မောင်လေးဒေါ်နှင့် ဂျင်ဟမ်းက အိမ်၌ စိတ်ပူစွာ ယုဇာအလာကို စောင့်ဆိုင်းနေကြလေသည်။

"ငတွတ်လေးကော"

"ပြန်သွားပြီ"

ယုဇာသည် ရေခဲသေတ္တာထဲမှ **C-Plus**တစ်ဘူးလုံးကို တစ်ငုံစာဖြင့် အားပါးတရ သောက်ချလိုက်လေသည်။

"ကြည့်ရတာ တို့မမ ဟော့(ထ်) ထိလာတဲ့ပုံစံပဲ"

"ငါ လောလောဆယ် မူးပစ်လိုက်ချင်တယ်ဟယ်၊ အရက်ကလည်း မသောက်တတ်တော့**C-Plus**သောက်ပြီး မူးပစ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"ဗုဒ္ဓေါ"

ယုဒါကော ဂျင်ဟမ်းပါ သူတို့မမစကားကြောင့် အံ့ဩသွားလေသည်။





ယုဇာသည် ဆိုဖာ၌ စိတ်လွတ်ကိုယ်လွတ် ပစ်ထိုင်လိုက် သည်။ နောက်. . . ဟန်ဆောင်ကာ တင်းခံထားရသော လေပူတို့ကို မှုတ်ထုတ်ပစ်လိုက်သည်။ မင်းယုဒါတို့ကတော့ သူ့မမ အခြေအနေကို အရိပ်တကြည့်ကြည့်နှင့် . . . ။

"မမနဲ့ ကိုကြီး ချစ်သူတွေ ဖြစ်သွားကြပြီ"

"အေးလေ. . အဲဒါဘာဆန်းသလဲ. . . မမ တကယ်ကို ချစ်သွားမိလို့ နှစ်ကိုယ်ခွဲပြီး သရုပ်ဆောင်ထားရတာ မဟုတ်လား"

"ဒါပေမယ့် မမကသူ့ကို ခဏတာ ရင်ခုန်မိတာ မဟုတ်ဘူးကွ၊ တကယ်ကို နှစ်နှစ်ကာကာ ချစ်မိသွားတာ"

"ဒါဆိုလည်း ပွဲသိမ်းလိုက်တော့ပေါ့ မမယုဇာရယ်"

"မရတော့ဘူး"

"ဘာလို့လဲဗျ"

"မနက်ကပဲ ခန့်နဲ့ သူ့မေမေကြားမှာ မမယုဇာ အားနာပါးနာနဲ့ စေ့စပ်ကြောင်းလမ်းပွဲကိုလုပ်ဖို့ သဘောတူလိုက် ရတယ်"

"ဘာ"

"ဟာ . . . တို့မမတော့ ဟိုဟာမနိုင်ဘဲ ပဲကြီးဟင်း ထပ်သောက်ပြန်ပြီ . . ပြဿနာပဲ၊ မောင်လေးတို့ မျက်နှာကို အိုးမဲမသုတ်ပါနဲ့ဗျာ၊ အစ်မ မကောင်း မောင်ငယ့်ခေါင်းဆိုသ လို ငါ့အစ်မလေးတော်လှ ယောက်မမြင်းစီးထွက်သလို ဖြစ်ကုန်တော့မယ်"

"မင်းကလည်းကွာ . . . မမယုဇာ ဒီလောက်စိတ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



ကျနေချိန်မှာ ဘာတွေလျှောက်ပြောနေတာလဲ ဒေါ်ရဲ၊ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို တို့မကောင်းကောင်းသိပါတယ်၊ လူတွေဟာ အချစ်အတွက်နဲ့ ပတ်သက်ရင် တစ်ချိန်တစ်ခါတော့ မိုက်မဲတတ်ကြတာပဲ၊ မမယုဇာ ဒါဟာ အခိုက်အတန့်ပဲ မဟုတ်လား"

ဂျင်ဟမ်းက ယုဇာအား မေးခွန်းထုတ်လေသည်။

"ဟုတ်တယ် . . . အခိုက်အတန့်ပဲ၊ အခုလို သိက္ခာမဲ့ ချစ်ကြိုက်မိတာ အခိုက်အတန့်ပဲ ဖြစ်စေရမယ်၊ ကိုကြီးကို မမ အရမ်းချစ်မိတာ မှန်ပါတယ်၊ ကိုကြီးက မမကို မောင်နှမ ဘယ် လောက် ရှိသလဲအမေးမှာ ရုတ်တရက်ထွက်လာတဲ့ မကောင်းတဲ့ စိတ်က လေးကြောင့် အစ်မတစ်ယောက်ရှိတယ်လို့ ညာပြောလိုက်ပေမယ့် တ အချိန်မီအမှန်အတိုင်းပြောဖို့ ကြိုးစားခဲ့ပါသေး တယ်"

ယုဇာက လေးနက်စွာရင်ဖွင့်ထားတာမို့ ဂျင်ဟမ်းနှင့် ဒေါ် စိတ်မကောင်းကြီးစွာဖြင့် ယုဇာစကားကို နားထောင် ကြလေသည်။

"ကျွန်မမှာ ဘာအစ်မမှ မရှိဘူး၊ ကိုကြီးကို နောက်တာ လို့ ကိုယ့်အမှားကို အဖတ်ဆယ်ခါနီးမှာတင် ခန့်ရောက် လာတယ်၊ ဖြစ်ချင်တော့ ကိုကြီးက မမ လျှောက်ပြောထားတဲ့ ပွင့်ယုမာကို တကယ်ရှိတယ်လို့ လုံးဝယုံကြည်သွားတယ်၊ နောက် တစ်ရက် ဆိုင်ကို ဒေါ်ဆွေဇင်ဝင့်မာန် ရောက်လာတာမို့ မလွဲမသွေ ပွင့်ယု လုပ်လိုက်ရင်းကနေ မမ ကိုကြီးနဲ့ နီးစပ်အောင် ကြံစည်မိတာပဲ"

"ကဲပါ မမရာ . . . အခုလည်း မမနဲ့ ကိုခန့်နဲ့က ဘာ



များ လွန်လွန်ကျူးကျူး ဖြစ်ထားကြလို့လဲ၊ ကိုယ့်ကြမ္မာကို ဖန်တီး နိုင်စွမ်းရှိတဲ့ လူသားတွေပါ မမယုဇာရဲ၊ ကိုကြီးက မမယုဇာကို တကယ်မေတ္တာရှိတယ်ဆိုရင် အဖြစ်မှန်တွေကို ပြောပြ၊ ကိုကြီးနဲ့ ပေါင်းစည်းလိုက် . . . တယ်လိုလဲ"

"ကိုကြီးမေတ္တာကို မမယုဇာက လိမ်ညာပြီး ယူခဲ့တာ၊ ကို ကြီးမုန်းသွားမှာကို အရမ်းကြောက်တယ်၊ နောက်ဆုံးတော့ ပွင့်ယုဇာက ပွင့်ယုဇာပါပဲ ဒေါ်တို့ရယ်၊ အန်တီနဲ့လည်း ခြေလွတ် လက် လွတ် ပြောဆိုခဲ့ပြီးပြီ၊ မမ ကိုယ့်မိုက်ပြစ်ကို ခံယူပြီး ခန့်ကိုပဲ သစ္စာရှိရှိ လက်ထပ်မှာပါ"

"ဒီလက်စွပ်ကြောင့် ပြဿနာ တက်တာမဟုတ်လား၊ တ ထဲ သူများလက်ဆောင်ပေးတဲ့ လက်စွပ်ကို ဘုမသိဘမသိနဲ့ ဘယ်ဘက်လက်သူကြွယ်မှာ စွပ်ထည့်လိုက်တော့ ကိုခန့် အတွက် လည်း စိတ်ကူးယဉ်ချင်စရာတွေ ခိုင်ခိုင်မာမာ ဖြစ်ကုန် တော့တာပေါ့"

ဂျင်ဟမ်းကလည်း ဝင်ပြောလေသည်။

"ကိုခန့်လက်မှာလည်း လက်စွပ်တစ်ကွင်းတွေ့လို့ ကျွန် မက မေးကြည့်တော့ မမယုဇာ ပေးထားတာဆို၊ အဲဒါ . . . သလား"

အဲဒါကလည်း ပြောပြရရင်တော့ ရယ်စရာအကြောင်း ပါ ဒေါ်မောင်တို့ရယ်၊ သူက ကိုယ့်ကို မမျှော်လင့်ဘဲ လက်စွပ်

www.burmeseclassic.com



ကလေး လက်ဆောင်ပေးပြီး သိပ်မကြာခင် မမယုဇာ ခြေထောက်နားက လက်စွပ်တစ်ကွင်း ကောက်ရလာတာမို့ သူ့ကို လက်ဆောင်ပေးလိုက်မိတာ"

"ဖြစ်ရမယ် . . . တို့မမကတော့ ဖြစ်ရမယ်၊ တကတဲ . . . **Yes, No, Go to jail** ဆိုသလိုပဲ . . . ဟုတ်ကဲ့ မဟုတ်ဘူး နဲ့ ထောင်ကျရတော့မယ်၊ ကဲ . . . ဘယ်လိုဖြစ်ချင် သလဲဘာတွေ လုပ်ချင်သလဲ၊ မောင်လေးတို့ ဘာကူညီရမလဲ၊ မမယုဇာ ဘာမှ အားမနာနဲ့"

ယုဇာ ဟိုးအစွန်းဆုံးအထိ စဉ်းစားမိသွားမယေသည်။

ဟုတ်ပြီ။ ယုဇာ ဖြစ်သင့်တာကို ဖြစ်အောင် လုပ်ပြီးပြီပဲ၊ ဖြစ်ချင်တာကိုလည်း ဖြစ်အောင် လုပ်ရဦးမယ်။

"ခန့်နဲ့ လက်မထပ်ဖြစ်သေးချိန်အထိ ကိုကြီးနဲ့ ဖြူစင်စွာ ချစ်သူတွေ ဖြစ်ချင်တယ်"

"ကောင်းပြီ မောင်လေးတို့ တတ်နိုင်သမျှ ကူညီမယ်၊ ကဲ . . . ခန့်နဲ့ မမ လက်ထပ်ဖြစ်ပါပြီ . . . တဲ့၊ ပွင့်ယုမာ ဘယ် ရောက်သွားပြီလဲ ဆိုရင်ကော"

"နိုင်ငံခြား ထွက်သွားတယ်ပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီမှာ စေ့စပ်ကြောင်းလမ်း ဖိတ်စာလေးတွေ မလှဘူးလား ယုဇာ"

ခန့်က စိတ်ကူးကောင်းလေသည်။ မီးခိုးရင့်ရင့်ပေါ်မှာ စွယ်တော်ရွက်ကလေး တစ်ရွက်ပုံပါသော ဖိတ်စာကလေးများကို ကြည့်ရင်း ယုဇာ တုန်ယင်နေလေသည်။

ဘုရားရေ . . . ငါ . . . ငါ . . . ခန့်နဲ့ လက်ထက်ရတော့မှာပါလား။

ဟိုဘက်ခပ်လှမ်းလှမ်းက ဆက်တီမှာ ကိုကြီးထိုင်နေလေသည်။ စလောင်းချန်နယ်လ် ငါးဆယ့်သုံးကလာတဲ့ CNN သတင်းများကို သဲကြီးမဲကြီး ကြည့်နေလေသည်။

ယုဇာသည် စိတ်မပ့ါတပ့ါနှင့် ဖိတ်စာများကို ကြည့်ရင်း ချီးမွမ်းရပါ၏။

"ထိုင်ဝမ်ကလာတဲ့ သတို့သမီးဝတ်စုံဖြူကလေးကို မင်းဝတ်ရမယ်၊ ဖြဲပွဲဆိုပေမယ့် ကိတ်မုန့်ကအစ အစားအသောက်တ



အစ. ဟိုတယ်လ်က မှာထားတာချည်းပဲ အကောင်းဆုံး မိတ်ကပ်ဆရာကို တစ်နေကုန် ပုတ်ပြတ်ငှားထားတယ်၊ မှတ်တမ်းတင် ကင်မရာ ဗီဒီယိုက အစ တကယ့် ဒိတ်ဒိတ်ကျဲတွေချည်းပဲ"

"အင်း"

"ဒီလ သုံးဆယ့်တစ်ဆိုတာကလည်း မေမေကိုးကွယ်တဲ့ ကျောင်းထိုင်ဘုန်းကြီးကလည်း ရက်ရွေးပေးတာလေ၊ လက်ထပ်ပွဲကျရင်လည်း မင်္ဂလာ ပန်းကုံးဆင်မြန်းဖို့ မြို့မျက်နှာ ဖုံးတိုင်းတရားသူကြီးကို အကူအညီတောင်းပြီးပြီ"

"အင်း"

"ဝါက ကျွတ်ပြီးစဆိုတော့ ဟိုတယ်လ်တွေက ဒိတ်ကျပ်တယ်ကွ၊ ကိုယ်ကတော့ ဆီဒိုးနားပဲကြိုက်တယ်၊ တီးဝိုင်းကိုရော ရောင်စဉ်လှိုင်းပဲ ငှားမယ်ဆိုရင်ကော"

"အင်း"

"အခမ်းအနားမှူးကတော့ ဦးသိန်းလှမော်ကိုပဲ ငှားချင်တယ်၊ နေပါဦး . . . ဦးသိန်းလှမော်နဲ့ ဘယ်သူနဲ့များခင်ပါလိမ့် ဗျော် . . . ဒါကတော့ တီးဝိုင်းခေါင်းဆောင်ကတစ်ဆင့်ငှား ရမှာပဲ၊ အခါ တော်ပေးကိုတော့ အဆိုတော် ရတနာဦးကို ရဖို့ ပူဆာရမှာပဲ"

"အင်း"

"ရွှေကနေ ပန်းကြဲဖို့ကျတော့ ဖက်ရှင်ဂဲလ်တစ်ယောက်လိုတယ်နော် . . . ယုဇာ မင်းဘယ်သူ့ကို ငှားစေချင်လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟင် . . . ဟို . . . ဟို သိပ်ပေါ်ပြူလာဖြစ်ချင်တဲ့ ညီအစ်မလေ၊ သည်းအူပိုက်ထွေးတို့ သည်းအူပိုက်နွေး တိုကိုပေါ့ . . . ဟုတ်တယ်မို့လား"

"ကောင်းတယ် . . . ကောင်းတယ်"

ခန့်က ယုဇာပါးပြင်ကို 'ရွှတ်' ခနဲနမ်းလေရာ ယုဇာ စိတ်ညစ် သွားရလေပြီ။

ခက်တာပဲ။ စိတ်တွေက ခန့်အနားမှာ မရှိ။ ကိုကြီးနား သို့ ရောက်နေလေပြီ။ ကိုကြီးကတော့ ယုမာလို့ ဟန်ဆောင်ထားရတဲ့ ယုဇာဆိုတဲ့ ငတိမလေးကို သတိရပ့ါမလားကွယ်။

"ယုဇာ"

စိတ်ရှုပ်ရတဲ့အထဲမှာ ခန့်က ယုဇာနားနားသို့ တိုးကပ် ကာ မေးလာပါသည်။

"ရှင်"

"မွှေ့ယာကော ယုဇာ ဘာအမျိုးအစား ကြိုက်လဲဟင် . . . ဒန်းလော့လား၊ ဆွီးတီးဟုန်းလား . . . စိန်နဲ့မြလား"

"ဒန်းလော့ . . . အို . . . မဟုတ်ပါဘူး . . ခန့်ရယ် . . . ရှင်ဘာတွေလျှောက်မေးနေတာလဲ၊ ဒီမှာ စိတ်ညစ်နေပြီ သိလား၊ ယုဇာ အပျိုဘဝကို စွန့်လွှတ်ရတော့မှာမို့ စိတ်ညစ်နေတာ . . . ခက်တာပဲ"

"ယုဇာကလည်းကွာ"



ခန့်ကလည်း သူ့စိတ်ကူးနဲ့သူ။ ယုဇာကလည်း ကိုယ့် စိတ်ကူးနဲ့ ကိုယ်။

လောလောဆယ် သန့်စင်နေသော အပျိုဘဝလေး ခဏ တာ၌ ပွင့်ယုမာ တစ်ကယ်ပင်နှစ်ယောက်ရှိကြောင်းကို ခိုင်ခိုင်မာမာ ဖြစ်စေရန်သာ သက်သေပြချင်၊ လက်စွမ်းပြချင်နေ လေသည်။

ကြည့်ပါဦးကွယ်။ ယုဇာအဖြစ်ကလည်း မနေ့ညကမှ ကိုကြီး နဲ့ ချစ်သူတွေဖြစ်ကြပြီး ဒီနေ့မနက်ကျတော့ ခန့်နဲ့ စေ့ စပ်ဖို့ ဖိတ်စာတွေ ရိုက်နှိပ်ပြီးစီးတဲ့အဆင့် ရောက်နေလေပြီ၊

ဟောပြဿနာပဲ။ ဘုရားရေ . . . ကိုကြီးဖုန်းစင်နား ကို သွားနေပြီ။

ယုမာကို ဖုန်းခေါ်မလို့လား မသိ။ မနေ့ညက ယုမာကို ဖုန်းခေါ်ချင်ရင်ဆက်ဖို့ အဘိုးရဲ့ ဆဲလ်လူလာနံပါတ်ကို ကိုကြီး ကို ပေး ထားခဲ့တာပဲ။

အခု ယုဇာရဲ့ အိတ်ထောင်ထဲမှာ အဲဒီဖုန်းကြီးပါတယ်။

ပြဿနာပဲ ခန့်တို့ညီအစ်ကိုနှစ်ယောက်ရှေ့၌ ဆင်မယဉ် သာကလေးနှင့် လမ်းလျှောက်ပြီး နံရံအကွယ်ကို ရောက် သည်နှင့် အိမ်သာထဲသို့ ခပ်မြန်မြန်ရောက်ရန် သုတ်ခြေတင် ရလေတော့သည်။

အဲ . . . ဒေါ်ဒေါ်တင်နဲ့ ဝင်တိုက်မိပြန်ပါပြီ။

"အို . . . ဒီကလေးဟာလေ . . . ရေးကြီးသုတ်ပျာနဲ့"

www.burmeseclassic.com



"ဗိုက်နာလို့ပါ ဒေါ်ဒေါ်တင်ရဲ့"

အိမ်သာထဲသို့ ရောက်ချိန်မှ ဆဲလ်လူလာ အသံမြည် လာပါ၏။

"အမလေး . . . ပြေးမိတာမှန်တယ် . . . ကွက်တိက လေးပါလား"

ဆဲလ်ဖုန်းမှာ ထင်ကျန်နေသော ကိုကြီးဖုန်းနံပါတ်ကို ကြည့်ရင်း ယုဇာ ပြုံးမိလေသည်။

"ဟဲလို"

"သဲလေးလား"

"အင်း"

"မနေ့ညက အဖြေသေချာတယ်နော်"

"အင်း"

"တစ်ခါထပ်ပြော"

"အခါတစ်ရာလောက်ပြောချင်တာ၊ ကိုကြီး နားငြီးမှာ စိုးလို့"

တကယ့်ရင်ထဲမှာ ရှိတဲ့အတိုင်း ယုဇာ အပိုအလိုမရှိ ပြောမိခြင်းကို ကိုကြီးဟာ (ထိ) ထိသွားသည် ထင်ပါသည်။

တကယ့်ကို ဝမ်းသာအားရလေသံနှင့် . . .။

"မင်းကို ကိုယ် ပိုတောင် ချစ်မိပါပြီ ကလေးရယ်"

ယုဇာ မျက်စိတစ်ဆုံးမှိတ်ကာ စိတ်ကို တည်ငြိမ်အောင်



မွေးရလေသည်။

သိပ်မကြာခင် ဟန်ဆောင်ထားရတဲ့ 'ပွင့်ယုဇာ' ဆိုသူ ကို 'နိုင်ငံခြားကို အပြီးထွက်သွားပြီ' ဆိုတဲ့ သတင်းနဲ့ လက်လွှတ် လိုက်ရတော့မယ် ချစ်သူရယ်။

"ဩော် . . . ဒါနဲ့ ကလေး . . . ကိုယ် ဟိုတစ်နေ့က ပေးခဲ့တဲ့ တစ်ကျွန်းစံရဲ့ အပြန်လမ်း ဖတ်ပြီးပြီလား ကလေး"

ဟိုက် . . . သေရော . . . သေရော။

ဘယ်လိုလုပ်ကြမလဲ။ အိတ်ထောင်ထဲကို လက်နှိုက် စမ်းကြည့် မိတော့ တွတ်နီကို နှစ်ထောင်ပေးပြီး ရေးခိုင်းထားတဲ့ ဇာတ်လမ်း အကျဉ်းချုပ် စာရွက်လေး။

ဟုတ်ပြီ . . . ဒါလေးနဲ့ ကြည့်ဖြေကြည့်တာပေါ့။

"အို . . . သိပ်ကိုစိတ်ဝင်စားစရာကောင်းတာပဲ ကိုကြီးရေ . . . ဟို . . . ဟို . . . ရီးစ်မက်ထရီဟာ အပြစ်မရှိဘဲ ဆယ့်ငါးနှစ် ကြီးများတောင်ထောင်ကျခဲ့ရတယ်နော်၊ သူ့သားကယ်ပေလို့ပေါ့၊ လီနာ ဆိုတဲ့ မိန်းကလေးနဲ့ တွေ့ . . . တွေ့လိုက် ရတာကလည်း ကံ ကောင်းသွားတယ် မဟုတ်လား၊ အဲ . . . အဲဒီကနေ 'ဒေး' နဲ့ တွေ့ခဲ့ ရတယ် မဟုတ်လား"

အဲဒါမှ ပြဿနာပဲ . . ဟု သေနာကလေး တွတ်နီက လက် ရေးကိုသော့ပြီး ရေးထားတာ ဖတ်လို့မရတော့ဘူး။ လုပ် ကြပါဦး။

"အဲဒီနောက်တော့ . . . ဟို . . . ဟို ဟာ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . စာနဲ့မျှား ကျက်ပြီးမှတ်ထားသလား ထင်ရတယ် ယုမာ၊ မင်း တကယ် စာပေလိုက်စားတာပဲ၊ ချီးကျူးတယ်ကွာ"

ကံကောင်းစွာနှင့်ပင် ကိုကြီးက စကားစကို ဖြတ်လိုက်လေသည်။ အင်း . . . စိတ်ဒုက္ခ အကြီးအကျယ်ရောက်တာပဲ။ 'ယုမာ' ဟန်ဆောင်ထားရတဲ့ ယုဇာလည်း အိမ်သာထဲကနေ ထွက်ပြေးချင်လှပြီ။

"ယုမာ"

"ရှင်"

"ည . . . ဒင်နာ လိုက်ကျွေးချင်တယ်၊ ခွင့်ပြုမှာလား"

အရင်ဆုံး . . . ခန့်ကို မြင်ယောင်မိသည်။ ခန့်နဲ့ ဒီည တစ်နေရာရာကိုသွားဖို့ အချိန်းအချက် လုပ်ထားတာမျှား ရှိသလား မရှိ . . . လုံးဝမှတ်ကို မရှိ။

"အိုကေလေ . . . ကိုကြီး ယုမာ ဘယ်အချိန် လာခေါ်မလဲ"

"ခုနှစ်နာရီ ဝန်းကျင်ပေါ့"

ရင်နဲ့အမျှ ချစ်ရတဲ့ ချစ်သူကိုကြီးရဲ့ စကားသံ၊ အမူအရာ၊ ဂရုစိုက်ကြင်နာမှုများဟာ နောက်ဆို လုံးဝလုံးဝ ဝေးကွာရတော့မှာပါလားကွယ်။ ယုဇာလေ . . . ဟန်ဆောင်နေရတဲ့ အခိုက်အတန့်လေးမှာ ကိုကြီးနဲ့ ဖြူစင်စွာ အတူရှိချင်မိပါတယ် ကွယ်။



"ဟိတ် . . . ယုမာ . . . အို တိတ်လှချည်လား . . . ဒီညခုနှစ်နာရီ . . . ဖြစ်တယ်နော်"

"အင်း . . . ဖြစ်တယ်"

"ဒီမှာကွ . . . ဒီကို ယုဇာရောက်နေတယ်၊မင်း သူနဲ့ ပြောဦးမလား"

စိတ်အကြီးအကျယ်ညစ်သွားပေမယ့် နှစ်ကိုယ်ခွဲထား သည့် သရုပ်ကို ပီပြင်စေရန် . . .။

"အို့ . . . ဟုတ်လား၊ဒီမှာ သူ့ Customerတွေ ရောက်နေတယ်၊ယုဇာကို ခေါ်လိုက်ပါဦး"

"နေဦး . . . သူ သန့်စင်ခန်းထဲ ဝင်နေတယ်ထင်ပါရဲ့ ယုဇာ ရေ . . ."

ခပ်သဲ့သဲ့ကြားလိုက်ရတဲ့ ကိုကြီးရဲ့ အသံ။

ဟမ်းဖုန်းကို အမြန်ပိတ်ကာ . . . အိမ်သာထဲမှ အလျင်အမြန်ထွက်ပြေးလာခဲ့မိတော့ စောစောကအတိုင်း အရှေ့ကနေ ဖြတ်လျှောက်သွားတဲ့ ဒေါ်ဒေါ်တင်ကို ဝင်တိုက်မိပြန်ပါသည်။

"ဩော် . . . ဒီကလေး, လေးဟာလေ"

"ဖုန်း . . . ဖုန်းလာနေလို့"

ညှိခန်းထဲရောက်တော့ ကိုကြီးက ဖုန်းမွှက်ကို ထိုး ထားလေသည်။

"ရော့ . . . မင်းမမ ဖုန်း"

www.burmeseclassic.com

www.burmeseclassic.com



ယုဇာ မှင်သေသေနှင့်ပင် ဖုန်းခွက်ကို ကောက်,ကိုင်ရင်း . .

"ဟဲလို"

"......"

"အင်း . . ."

"......"

"အင်းပါ . ."

"......"

"အင်းပါဆို"

"......"

"အင်း , အင်း"

တကယ်တော့ ဘယ်လိုလုပ်ဇာတ်တွေနဲ့ ဇာတ်ကွက်ဆင်ရ မှန်း မသိတော့သဖြင့် တစ်ဖက်မှ ပိတ်ထားသော ဖုန်းလိုင်းကို စိတ် ချမ်းသာပါစေတော့ဟူသောအသိနှင့်)တအင်းတည်း အင်းပစ်မိလေသည်။

"ဟဲလို. . . ဟဲလို. . . အို. . . မမယုမာကလည်း ဖုန်း ချသွားပြန်ပြီ၊စိတ်ကလည်း မြန်လိုက်တာကွာ၊အခုပဲ အပြင်သွားတော့မယ်တဲ့ ကိုကြီးရေ၊ည ကိုကြီးနဲ့ဒင်နာရှိတယ်ဆို၊အပျိုကြီး က အလှပြင်စဖူး ပြင်ဦးမလို့ ထင်ပါရဲ့၊ဖြူတီပါလာသွားပြီး ဒေါ်ပင်ပေါင်း တင်ဦးမတဲ့လေ"

"အို . . . ဟုတ်လား . . . အဟင်း . . ဟင်း"



ယုဇာ . . ကိုကြီးနောက်ထပ် ပွင့်ယုမာကို ဖုန်းထပ်ဆက်၍ ခရစေရန် အပိတ်ပြောမိခြင်း ဖြစ်သည်။ သူ နောက်ထပ်တစ်ခေါက် ဖုန်းထပ်ဆက်ပါက ယုဇာသန့်စင်ခန်းထဲ ဝင်ရန် သိပ်မဖြစ်နိုင်တော့ချေ။ဖုန်းပိတ်ပစ်လိုက်ပါကလည်း "ပွင့်ယုမာဘာကြောင့် ဖုန်းပိတ်ပစ် လိုက်ပါလိမ့်"ဆိုတဲ့ သံသယမျိုး,ကိုကြီးမှာ ဝင်သွားပေလိမ့်မည်။

ကိုကြီးကတော့ ယုဇာအပြောနဲ့တင် သူ့ချစ်သူယုမာ အလှပြင်နေကြောင်းသိရ၍ အတော့်ကို ကျေနပ်ပီတိ ဖြစ်သွား လေသည်။

သို့သော် ယုဇာသိပ်ကိုကဲဆိုးသွားသော တစ်ချက်မှာ လည်း ဆိုစကားကို ခန့် . . . ကြားသွားခြင်းပင် ဖြစ်လေသည်။

"ကိုကြီးက ဒီည မပွင့်ယုမာကို ဒင်နာကျွေးမယ် . . . ဟုတ်လား . . ."

"အေး . . ."

သူ့ညီကို မှင်တစ်ခွဲသားနှင့် ခပ်ရှက်ရှက်တုံ့ပြန်လိုက် သော ကိုကြီးမှာ အလွန်ကို အပြစ်ကင်းစင်နေလေ၏။

"အိုး . . ကိုယ်လည်း အခုမှသတိရတယ်၊ ယုဇာကို လည်း ဒီည ကိုယ် ဒင်နာကျွေးရမယ်"

ဘုရားရေ . . .။

"မဖြစ် . . မဖြစ်ဘူး ခန့်ရဲ့၊ဒီည. . . ယုဇာ အဝတ်တွေ ဖြီးအောင် ချုပ်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဝတ်က ဘယ်အချိန် ချုပ်, ချုပ် ရပါတယ် ယုဇာရယ် ဒီနေ့ ဘာနေ့လဲဆိုတာတောင် မင်းမသိတော့ဘူးလား"

ယုဇယ လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်ရင်း . . .

"အင်း . . ဒီနေ့ မတ်လ ဆယ့်နှစ်ရက်နေ့"

ခန့်က ယုဇာအား အသည်းယားစွာ ပခုံးတစ်ချက်ညှစ် ရင်း . . . .

"လာပြန်ပြီ . . . မတ်လဆယ့်နှစ်ရက်နေ့၊ယုဇာဟာလေ . . . သိပ်ဟန်ဆောင်ကောင်းတာပဲ၊ဒီနေ့ ကိုယ်တို့ချစ်သူသက်တမ်း နှစ်လပြည့်နေ့"

ဟိုက် . . . သေပါရောကွာ . . . အသုံးမကျလိုက်တဲ့ ယုဇာ၊ ကိုကြီးကိုလည်း ဒီည ဒင်နာအတွက် သဘောတူပြီးပြီ၊ ဘယ်လိုလုပ်ကြတော့မလဲ။

အနီးအနားမှာ ထိုင်နေတဲ့ ကိုကြီးက ဝင်ပြောလေ၏။

"ဒီလိုလုပ်၊ငါ့ညီရာ . . မင်းရဲ့ယုဇာရော၊ကိုယ့်ရဲ့ယုမာရော၊ကိုကြီးနဲ့ညီလေးအားလုံး လေးယောက်ပေါင်းပြီး ဒင်နာလုပ်ရအောင်လေ"

အောင်မလေး . . . ကြောက်စရာ၊လန့်စရာကောင်းတဲ့ အကြံဉာဏ်ကြီးပါလားနော်။အဲဒီလိုတော့ ယုဇာအဖြစ်မခံနိုင်ဘူး

ခန့်က ဝင်ပြောပြန်လေသည်။

"ဟာ . . . မဖြစ်ဘူး . . . မဖြစ်ဘူး လူကြီးဝိုင်းက လူကြီး



ဝိုင်းသက်သက်လုပ်၊ ကျွန်တော်တို့ကလေးဝိုင်းက ကလေးဝိုင်း သက်သက်လုပ်မယ်"

"အံမယ်၊ ဒါဆိုလည်း ဆိုင်အတူတူမှာ ဆုံမယ်ကွာ၊ မင်းတို့နှစ်ယောက် တစ်ဝိုင်းထိုင်၊ ကိုကြီးတို့နှစ်ယောက် တစ်ဝိုင်းထိုင်မယ်"

"ဒါလည်း မဖြစ်ဘူး၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဒီညအတွက် ကိုယ်ရွေးချယ်မယ့်ဆိုင်တွေကို ကိုယ် လျှို့ဝှက်ထားကြရအောင်ဗျာ၊ နောက်နေ့ကျမှ ဘယ်သူ ဘယ်ဆိုင်ထိုင်တယ်ဆိုတာ ပြောပြီး ရယ်စရာအဖြစ် ဖန်တီးကြရ အောင်"

ယုဇာမှာလည်း ရင်တထိတ်ထိတ်နှင့် နားထောင်ရလေသည်။

နောက်ဆုံးတော့ ကျေးဇူးရှင် ခန့်ပြောသော အကြံဉာဏ်ကို အတည်ပြုလိုက်တာမို့ ယုဇာ အသက်ရှုချောင်သွားရပေမယ့် ဒီည တစ်ချိန်တည်းမှာပဲ မတူညီတဲ့ နေရာတစ်ခုမှာ ပြိုင်တူရှိနေဖို့ မည်သို့ လုပ်ရမယ်မှန်း မသိသေးချေ။

ယုဇာ အကြံဉာဏ်ရသွားချိန်မှာတော့ ယုဇာရဲ့ **Customer** တစ်ယောက်ဖြစ်တဲ့ သူဌေးကြီး ဦးတေဇထံ ဖုန်းဆက် မိလျှက်သားဖြစ်သွားသည်။

"ဟဲလို . . . ဦးတေဇလားရှင်၊ ကျွန်မ ပွင့်ယုဇာပါ"

"ဪ . . . အေး၊ ဦးတေဇတောင် အခုရက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



မင်းဆီလာမလို့၊ နောက်တစ်ပတ်နေရင် အသစ်ဖွင့်တော့မယ့် စားသောက်ဆိုင် ဖွင့်ပွဲမှာ ဘာဝတ်ရဦးမှာမှန်း မသိလို့ မင်းနဲ့ လာတိုင်ပင်ပြီး မင်းအကြံဉာဏ် ရယူရအောင်လို့"

"အမလေး . . . ဦးတေဇရေ၊ ဦးက ယုဇာဆီ မလာရသေးခင် ယုဇာ ဒီည ဦးရဲ့ဆိုင်ကို လာရတော့မယ်၊ လာတာမှ နှစ်ကိုယ်ခွဲပြီး လာရတော့မယ်သိလား"

"ဟင်"

"ဟုတ်တယ်၊ အဲဒါ ယုဇာကို ဦးတေဇ ကူညီပါဦး"

ပြော ဘယ်လို ကူညီရမလဲ"

ယုဇာမှာ ဦးတေဇ သဘောပေါက်သွားစေရန် ခန့်၊ သန့်နှင့် မိမိပတ်သတ်မှုကို အကျဉ်းချုပ်ပြောပြရလေသည်။

ဦးတေဇမှာလည်း ယုဇာအားလှိုက်လှိုက်လှဲလှဲ ခင်မင် သူဖြစ်လေရာ စိတ်မထိန်းနိုင်ဘဲ တစ်ချက်တော့ ရယ်မောမိသွားပြီး နားလည်မှုရှိစွာဖြင့် ကူညီရန်သာ ဆုံးဖြတ် ချက်ချမိလေသည်။

"ကောင်းပြီလေ . . . ဒါဆို မင်းအတွက် ကိုယ်ဘယ်လို အကူအညီ ပေးရမလဲ"

"ဦးတေဇရဲ့ ဆိုင်အနေအထားက ယုဇာနှစ်ကိုယ်ခွဲ လုပ်ဖို့ သိပ်ကောင်းတဲ့ ဆိုင်ဖြစ်နေလို့ပါ၊ ဒီည တစ်ချိန်တည်း မှာပဲ ယုဇာ အဖြစ်ကော ယုမာအဖြစ်ပါ သရုပ်ဆောင်ရမှာ မ ဟုတ်လား၊ အဲဒါ တစ်ချိန်တည်းမှာပဲ **UNPLUGGED** တီးဝိုင်း ပါတဲ့ ခန်းမမှာရော၊



အပြင်ခြံဝိုင်းထဲမှာပဲ တစ်လှည့်စီလှည့်ထိုင်ဖို့ ဘားရယ်၊ ဘားနဲ့ ဆက်ထားတဲ့ မီးဖိုဆောင်ရယ်၊ မီးဖိုဆောင် နဲ့ မအိမ်သာ ဆက်ထားတဲ့ နေရာရယ်ကို ခဏခဏ ဝင်ချည် ထွက်ချည် လုပ်ရမယ်၊ အဲဒါ ခွင့်ပြုဖို့"

"ဪ . . . ခွင့်ပြုပါတယ်ကွာ၊ ကိုယ်မန်နေဂျာကို မင်း အခက်အခဲ ပြောပြထားမယ်၊ မပူနဲ့၊ ဟုတ်တယ်၊ မင်းပြောသလိုပဲ ကိုယ့်ဆိုင်က ဝက်ဘာလို ဖြစ်နေတော့ ဟိုဘက်အခန်း ထဲ ဝင်လိုက်၊ ဒီဘက်အခန်းထဲ ဝင်လိုက်နဲ့ နှစ်ကိုယ် မပြောနဲ့ ဆယ်ကိုယ်လောက် ခွဲလို့ရတယ်ကွ"

"ကျေးဇူးကြီးပါပေတယ်၊ဦးတေဇရယ်၊အဲဒါဦးတေဇရဲ့ ဝန်ထမ်းတွေကိုလည်း ယုဇာအပေါ် မှင်သေသေနေကြဖို့ ပြော ပေးထားဦးနော်"

"စိတ်ချပါ . . . ယုဇာ အဆင်ပြေစေရမယ်"

www.burmeseclassic.com

www.burmeseclassic.com

"တဲ့ . . . အားလုံး နားထောင်မယ်နော် . . . ဒီစီမံကိန်း ထဲမှာ မင်းတို့ သုံးကောင်လည်း ပါရမယ် ကြားလား"

မင်းယုဒါတို့ သူငယ်ချင်း သုံးယောက်က ယုဇအား စိတ်ဝင်တစား စောင့်ကြည့်နေကြလေသည်။

"ပထမဦးဆုံး ခုနှစ်နာရီတိတိကို ကိုကြီး ညစာကျွေးဖို့ ယုမာကို လာခေါ်လိမ့်မယ်၊အဲဒါ ကိုကြီးနဲ့ မမယုဇာလိုက်သွား မယ် . . . ဆိုင်က Dancing Queenဟုတ်ပြီနော်"

"ဟုတ်ပြီ"

"နောက် နာရီဝက်လောက်ကြာရင် ခန့် မမယုဇာကို လာခေါ်လိမ့်မယ်၊အဲဒီကျရင် မင်းတို့သုံးယောက်က အရေးတကြီးကိစ္စရှိလို့ အပြင်ထွက်သွားတယ်၊Dancing Queenကိုလိုက်သွား၊Unpluggedတီးဝိုင်းခန်းမထဲမှာ စောင့်နေတယ်လို့ ပြော"


"ဘုရားရေ . . . ဒါဆို . . တို့မမက အဲဒီDancing Queen ဆိုင်မှာပဲ နှစ်ယောက်စလုံးကို နှစ်ကိုယ်ခွဲအနေနဲ့ တွေ့ တော့မယ်



ပေါ့၊ဟာ မဖြစ်သေးပါဘူး"

"ဖြစ်တယ်၊ကိုကြီးနဲ့မမ အပြင်ခြံဝိုင်းထဲမှာ ထိုင်မယ်၊ ခန့်နဲ့ကျတော့ တီးဝိုင်းခန်းမထဲမ'ဘား'နဲ့ကပ်ရပ် စားဝိုင်းမှာ ထိုင်မယ်၊ဟောဒီမှာကြည့်၊မြေပုံ ဆွဲပြမယ်"

ယုဇာက နံရံမှာ ချိတ်ထားတဲ့ ကျောက်သင်ပုန်းအဖြူ မှာ အောက်ပါမြေပုံတစ်ချပ်ကို ဆွဲလေသည်။




www.burmeseclassic.com



"တဲ . . . မြေပုံကို မြင်ပြီနော်၊အို ကေ . . .၊ကိုကြီးနဲ့ မမယုဇာ ခြံဝိုင်းထဲက စားပိုင်းမှာထိုင်မယ်၊ဆယ့်ငါးမိနစ်ပြည့်ရင် မိန်းကလေးသန့်စင်ခန်းထဲ ဝင်မယ်၊အဲဒီ သန့်စင်ခန်းနဲ့ မီးဖိုဆောင်ကို ဆက်ပေးထားတဲ့ လျှို့ဝှက်တံခါးရှိတယ်၊အခု ပိုင် ရှင်ကို ပြောပြီး တံခါးသော့ တောင်းပြီးပြီ၊အဲဒီကတစ်ဆင့် စား ဖိုဆောင်ကို ရောက်မယ်၊စားဖိုဆောင်နဲ့ဘားကို ဆက်ပေးထားတဲ့ တံခါးကတစ်ဆင့် ဘီးဝိုင်းခန်းမထဲကို ရောက်မယ်၊ခန့်နဲ့ မမယုဇာ ဆယ့်ငါးမိနစ်လောက် ထိုင်မယ် . . .၊မင်းတို့သုံးယောက်က ဘားနဲ့ကပ်နေတဲ့ စားပိုင်းမှ ထိုင်နေကြ၊ဆယ့်ငါးမိနစ်ပြည့်တာနဲ့ မင်းတို့စားပိုင်းကို သွားသလိုလို ဘာလိုလိုနဲ့ စောစောက လမ်းကြောင်းအတိုင်း ကိုကြီးဆီပြေးမယ်"

"အားပါးပါး . . . တကယ့်စွန့်စားခန်းတွေပါလား . . . မမယုဇာရယ်၊ဒါဆို ဆယ့်ငါးမိနစ်ကိုတစ်ခါ ပွင့်ယုဇာဖြစ်လိုက်၊ ပွင့်ယုမာ ဖြစ်လိုက်လုပ်ရမှာပေါ့နော်"

မင်းယုဒါတို့ တစ်ဖွဲ့လုံးကတော့ မြေပုံကိုကြည့်ပြီး ပွင့်ယုဇာ ၏ ခြေရာလမ်းကြောင်းအတွက် စိတ်မသက်မသာ ဖြစ်နေမိ လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်တိကျသော ကိုကြီးမှာ ခုနှစ်နာရီတိတိအချိန်တွင် ယုဇာဆီသို့ ရောက်ရှိလာလေသည်။ မင်းယုဒါတို့ တစ်ဖွဲ့လုံးက လည်း ယုဇာအား တတွတ်တွတ် မှာကြားကြလေသည်။

"မှတ်မိတယ်နော်၊ပွင့်ယုမာ လုပ်တော့မယ်ဆိုရင် မျက် မှန်တပ်၊ခေါင်းစည်းကြိုး စည်း၊စေ့စပ်လက်စွပ် ဖြုတ်၊ပွင့်ယုဇာ လုပ်တော့မယ်ဆိုရင်မျက်မှန် ချွတ်၊ခေါင်းစည်းကြိုး ချွတ်၊စေ့စပ် လက်စွပ် ဝတ် . . . သိတယ်နော်"

"အေးပါဟ"

သို့နှင့် ကိုကြီးကားပေါ်သို့ ယုဇာ ကြောက်ရွံ့နေသည့် စိတ်ကို ခဏထိန်းကာ တက်သွားလေသည်။

"ကဲ . . . ကောင်းသောခရီး ဖြစ်ပါစေဗျာ၊ကျွန်တော်တို့ တစ်ဖွဲ့လုံး ဆုတောင်းပေးလိုက်ပါတယ်"

မင်းယုဒါတို့ တစ်ဖွဲ့လုံးက သူမ၏ဒုက္ခကို အထာနှင့် ပြောကြလေသည်။



Dream Makerရှေ့မှ ကိုကြီးကားကလေး ငြိမ့်ခနဲ ထွက်ခွာသွားလေသည်။

ကိုကြီး နှုတ်ခမ်းများက မထင်မှတ်ပဲ ယုဇာ၏ဆံပင်များ ကြားသို့ ညင်သာစွာ တိုးခွေ့ဝင်ရောက်လာပါ၏။

"အို . . . ဒါက ဘယ်လိုဖြစ်ရတာလဲ"

"မင်းညီမလေး ယုဇာက ဆံပင်ပေါင်းတင်တယ် . . . တဲ့၊ ဒါကြောင့် နမ်းလိုက်တာ"

အကြင်နာအကြည့်များနှင့် နွေးထွေးသော ကိုကြီးမျက်လုံး များကို ယုဇာ မြတ်နိုးမိသည်မှာ အမှန်ပင်။

ကျွန်မကတော့ လူကြီးတစ်ယောက်ရဲ့ အချစ်ကို သိမ်ညာပြီး ယူမိလေခြင်းကွယ်။ သိပ်မကြာခင် ခန့်နဲ့ စေ့စပ်ရတော့မယ်။

သိပ်ချစ်မိရတဲ့ ကိုကြီးနဲ့လည်း ဝေးကွာရတော့မယ်။

"ဘာလဲ . . ရှက်သွားတာလား၊စကားစ တိတ်သွားတယ်"

"အို . . . မဟုတ်ပါဘူး"

အသိစိတ်များက ခန္ဓာကိုယ်ထဲ ဝင်လာချိန်မှာတော့ ကိုကြီး ကားက ဘယ်ကို ဦးတည်နေမှန်း မသိ။

"ဘယ်ကို မောင်းနေတာလဲ ကိုကြီး"

"မြို့မကျောင်းလမ်းပေါ်က အိုရီရမ်တယ်လ်ဟောက်စ် (စ်) ကို သွားမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . ဟို . . . ဟို မြို့ထဲက **Dancing Queen**တို့ သွားရအောင်နော်၊သူ့ဆိုင်က အနောက်ဘက်ခြမ်းမှာ ခြံကလည်း ရှိတော့ နားအေးပါးအေးနဲ့ ပိုအဆင်ပြေတယ်၊ယုမာ သီချင်းသံ တွေ နားမထောင်ချင်ဘူး"

"တကယ့်ကို ရှုံးရှုံးအေးအေးကြီး ပါလားကွယ်"

ချစ်သူက ကျွန်မကိုကြည့်ရင်း ညည်းတွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြံဝိုင်းထဲရှိ အရိပ်ကောင်းသော တရုတ်စကားပင်ကြီး အောက်က စားပွဲဝိုင်းလွတ်တွင် ကျွန်မနှင့်ကိုကြီး ထိုင်မိကြသည်။ လေက တဖြူးဖြူး၊ ကောင်းကင်ယံက ကြယ်ပွင့်များက ဟိုတစ်ပြောက် ဒီတစ်ပြောက်။

ကျွန်မ ပိုပြီး ကံကောင်းသွားသော တစ်ချက်မှာလည်း တစ်ဆက်တည်းမှာရှိတဲ့ မှန်လုံခန်းသုံးခန်းမြောက်က တီးဝိုင်းခန်းမကို ကိုကြီးက နောက်ကျောပေးထိုင်နေလေသည်။

စားပွဲထိုးလေးက မီနူးကတ်လာချပေး၏။

ကိုကြီးက ရွေးချယ်ကာ ဟင်းပွဲ မှာလေသည်။စားပွဲထိုးကလေး ထွက်သွားတော့ ကိုကြီးနှင့် ကျွန်မ တိတ်ဆိတ်သော အချိန်အချို့ကို ဘယ်လိုဖြတ်ကျော်ရမလဲ မသိလောက်အောင် အခက်တွေ့နေသည်။

အကုန်အစင် ဖွင့်မပြောဖြစ်ကြတဲ့ အသည်းအသန် အရူးအမူး ချစ်ကြိုက်မိနေကြသော ချစ်သူနှစ်ဦးမှာ ဘယ်ကနေ ဘယ်လို



နှစ်ဦးသား ပိုမိုနွေးလာစေရန် ဆောင်ရွက်ရမလဲဆိုတာ မသိလောက်အောင် အခက်တွေ့နေပါ၏။

ကိုကြီးက ကျွန်မလက်ကလေးကို ထွေးထားသည်။

"အဟင်း"

သူက ဖော်ရွေတိုးတိတ်စွာ ရယ်ပြလေတော့။

"အဟင်း . . . ဟင်း"

ကျွန်မကလည်း ထိုသို့သာ တုံ့ပြန်ရလေသည်။

"ကိုယ် စလောင်းကြည့်နေတာ၊စက်တင်ဘာ ၁၁ ရက်နေ့နောက်ပိုင်းကစပြီး ကိုယ် တာသိပ်မဖတ်ဖြစ်တော့ဘဲ စလောင်းပဲထိုင်ကြည့်နေမိတယ်၊အခုဟာက မင်းသိတဲ့အတိုင်း ဘီဘီစီဖွင့်လိုက်ရင်လည်း အာဖဂန်ကိစ္စပဲ၊စီအင်အင် ဖွင့်လိုက်ရင်လည်း ဒီ အာဖဂန်ကြားဖြတ်အစီးရ ဖွဲ့စည်းရေးကိစ္စပဲ ၊ ပြင်သစ်လိုင်းဖွင့်ဖွင့်၊ အန်အိတ်(ချ်)ကေ၊ စီစီတီဗွီ ဘယ်ဟာဖွင့်ဖွင့် ဒီအာဖဂန်ကိစ္စပဲ . . . မင်းရော အိုစမာ ဘယ်ရောက်နေသလဲဆိုတာ မသိချင်ဘူးလား"

ဟိုက် . . . ပြဿနာပဲ။

ကိုယ့်ဟာနဲ့ ကိုယ်တောင် ဘယ်လိုပီပြင်အောင် နှစ်ကိုယ်ခွဲသရုပ်ဆောင်ရမလဲဆိုတာ အကျပ်ရိုက်နေရတာ အိုစမာဘင်လာဒင်ဘာဖြစ်နေတယ်ဆိုတာ လားလားမှတောင် မသိချင်ပါဘူး။

ဒါပေမယ့်လည်း ရည်မွန်သန့် နှစ်သက်သဘောကျသည့်ပွင့်ယုမာ ဖြစ်စေရန် သူ့အကြိုက်ကို လိုက်ပြီး . . . ။

www.burmeseclassic.com

www.burmeseclassic.com



"အို . . . သိပ်စိတ်ဝင်စားတာပေါ့၊ဘင်လာဒင်ရှိတဲ့နေရာကို ပြောပြနိုင်ရင် ဆုငွေ ဒေါ်လာ ၂၅ သန်းတောင် ရမှာပဲဟာ၊တိုရာဘိုရာမှာ ရှိတဲ့ ဂူတွေထဲမှာ အောင်းနေတယ် ဆိုလားပဲ"

"ဟုတ်ပါ့ဗျာ၊မင်းလေးက ဒါမျိုးဆိုလည်း သိလိုက်တာပဲ၊ တကယ်တော့ ဂျလာလဘတ် တောင်ပိုင်းက တိုရာဘိုရာဒေသဟာ ပေ ၁၃၀၀၀ လောက် မြင့်ပြီး ရေခဲမတတ် သိပ်အေးတာတဲ့ကွ၊ ဘင်လာဒင် အဲဒီမှာ ရှိနေတယ်ဆိုတာကို အမေရိကန် ဒုတိယသမ္မတ ဒစ်ချိနေးကလည်း ယုံကြည်ပုံပေါ်တယ်"

ကိုကြီးက အာဖဂန်ကိစ္စကို အားတက်သရော ပြောနေဆဲမှာပဲ ခန့် ရောက်နေလောက်ပြီပေါ့။ ပြဿနာပဲ။ ဒီမှာကလည်း ကမ္ဘာ့အရေး ဆွေးနွေးပွဲထဲက ထွက်လာခဲ့လို့ ရမယ့်ပုံတော့ မပေါ်။

ကိုကြီးက ဆက်ပြောပြန်လေသည်။

"မင်းသိတဲ့အတိုင်းပဲ၊ တိုရာဘိုရာဆိုတာ ဥမင်လှိုဏ်ခေါင်းတွေ အင်မတန်ပေါတဲ့နေရာ၊ဟိုးတုန်းကတည်းက အဲဒီနေရာကို လျှို့ဝှက်ခံတပ် ဖြစ်အောင် ထင်းရှူးပင်တွေ စိုက်ပြီး စီမံထားခဲ့ကြတယ်၊ အဲဒီလို လျှို့ဝှက်အဆောက်အအုံတွေ လုပ်ပေးခဲ့တာလည်း အမေရိကန်တွေပဲ၊ ဆိုဗီယက်ကို တိုက်ခိုက်ခဲ့တုန်းကလေကွာ။"

ကျွန်မတော့ ဒုက္ခလှလှတွေ့နေပြီ။

ပြဿနာထဲမှာ အာဖဂန်နဲ့ အမေရိကန်တင် မကဘူး။ ဆိုဗီယက်ကလည်း အဆစ်ပါလာပြန်ပြီ။ ဒုက္ခပါပဲ။ ကျွန်မ ဒီစားပိုင်း



ာနေ ဘယ်လို ထွက်ခဲ့ရမလဲ။

"တကယ်တော့ အမေရိကန်တွေဟာ ကိုယ့်အဆိပ်ပင် ိုယ်ရေလောင်းမိတာပဲ၊ ဆိုချင်တာက "

"အမလေး"

"ဟင် . . . ဟင် . . . ယုမှာ ဘာဖြစ်တာလဲဟင်"

"ဗိုက် . . . ဗိုက် . . . ဗိုက်အောင့်လို့၊ တွိုင်းလက် ခဏ င်ချင်တယ်၊ ခဏနော်"

"ဩော် . . . ဆောရီး ၊ တွိုင်းလက်က ဟိုမှာ ညီမလေး"

"ဟုတ် . . . ဟုတ်ကဲ့"

ကြိုတင် ကြံစည်ထားတဲ့အတိုင်း မိန်းမသန့်စင်ခန်းထဲသို့ န်မ အပြေးအလွှား ဝင်ရလေသည်။ လျှို့ဝှက်တံခါးက တစ်ဆင့် ိုဆောင်၊ ထိုမှတစ်ဆင့် ဘား ၊ ဘားမှတစ်ဆင့် တီးဝိုင်းခန်းထဲသို့ ာက်တော့ ကြိုတင်မှာကြားထားသည့်အတိုင်း 'ဘား'ကို အကာ တွယ်ယူပြီး ထိုင်နေကြတဲ့ မောင်လေး ဒေါ်တို့ အုပ်စု"

"ဟော့ . . . တို့မမ . . . တီးဝိုင်းနဲ့ မျက်နှာချင်းဆိုင်လောက် ကိုခန့် ရောက်နေပြီ ၊ သူ့ ခပ်စောစောပဲ ဝင်လာတာ သားတို့ ံ့လိုက်တယ်"

"အေး . . . အေး"

"မမယုဇာ"

"ဟော"

www.burmeseclassic.com



"မျက်မှန် ချွတ်ဦး၊ ခေါင်းစည်းကြိုး ချွတ်ဦး၊ လက်ထပ်လက်စွပ် ဝတ်ဦး"

"ဟာ . . . အေး . . . ဟုတ်သား"

ယုဇာခမျာ 'ယုမာ' အဆင်တန်ဆာများကို အားချင်း ချွတ်ရ လေသည်။

မောင်လေးဒေါ်တို့ ညွှန်ပြသည့်အတိုင်း တီးဝိုင်းနှင့် တည့်တည့်နှစ်ခုံကျော်လောက်က စားပွဲဝိုင်းလွတ်မှာ ခန့် ထိုင်နေလေသည်။

"ခန့်"

ခန့်၏ အကြင်နာ အကြည့်နွေးနွေးများ။

"ဒီမှာ လာထိုင်ပါကွာ"

ခန့်က သူနှင့် မျက်နှာချင်းဆိုင်မှာ ကျွန်မကို ထိုင်ခွင့်မပေး ဘဲ သူ့နံဘေးမှာ ပူးပူးကပ်ကပ် ထိုင်စေလေ၏။

"ဘာလို့ ကိုယ်လာခေါ်တာကိုမစောင့်တာလဲ"

"မစောင့်ဆို ဖက်ရှင်နဲ့ပတ်သက်တဲ့ အရေးတကြီးကိစ္စ တစ်ခုရှိလို့ မြို့ထဲကို ထွက်လာခဲ့ရတာပဲ ခန့်ရေး မောင်လေး ဒေါ်တို့ကို မှာခဲ့တယ်၊ ခန့်ကို **Dancing Queen**ကနေ စောင့်ပါလို့"

ခန့်က ကျွန်မလက်တွေကို ထွေးထားလေသည်။

နောက် ခပ်တိုးတိုး ဆိုလေ၏။

"မင်း မှတ်မိသေးလား၊ လွန်ခဲ့တဲ့ နှစ်လ ဒီနေ့မှာ မင်း လာဗင်ဒါကုန်တိုက်ပေါ်ကနေ အပြေးအလွှား ဆင်းခဲ့ရတာပေါ့



နောက်တော့ ကိုယ်တို့ လေဆိပ်စားသောက်ဆိုင်ကို ရောက်ခဲ့ ကြတယ်၊ မင်းနဲ့ ကိုယ် ချစ်သူတွေ ဖြစ်ခဲ့ကြတယ်"

ခန့်က တည်ငြိမ်စွာ ဆိုလေသည်။

ခြံဝိုင်းထဲက ကိုကြီးကလည်း အာဖဂန်ပြည်တွင်းစစ်ပွဲ အကြောင်း'ယုမာ'ကို ပြောချင်လွန်းလို့ လည်တဆန့်ဆန့်နဲ့ မျှော် နေရှာရော့မယ် ထင်ပါ၏။

"မင်းကလေ . . . ကိုယ့်ကို ဘယ်လိုမှ မေ့ဖျောက်လို့ မရနိုင်တဲ့ အမှတ်တရတွေ ပေးတယ်၊ကိုယ်လေ မင်းကို နှစ်နှစ် ကာကာ ချစ်မိပါတယ် ယုဇာရယ်၊ဒါကြောင့်လည်း တစ်သက်လုံး မိဘပြောစကားကို နားထောင်တော့မယ်ဆိုတဲ့ ဒေါ်ဆွေဇင်ဝင့် မာန်ကြီးကို ခေါင်းညိတ်လိုက်ဖို့ ကိစ္စတစ်ခုလုံးကို ကိုယ်ငြင်းဆန် မိတယ်၊ မင်းကို ကိုယ် သိပ်ချစ်တယ်၊အရမ်းချစ်တယ်"

"ခန့်ရေ . . . ခဏနော်၊ ဟိုဘက်မှာ ဘားနဲ့ကွယ်နေတဲ့ စားဝိုင်းအလွတ်မှာ မောင်လေးဒေါ်တို့ ရောက်နေတယ်၊ သူတို့နဲ့ လည်း ခဏသွားထိုင်လိုက်ဦးမယ်"

ခန့်က အံ့ဩဟန် တစ်ချက်ပြုပြီး နားလည်မှုကြီးစွာနှင့် ခွင့်ပြုလေသည်။

"သိပ်မကြာစေနဲ့နော်"

"အင်းပါ"

"နေဦး . . . နေဦး . . . နည်းနည်း စားသွားဦး"

www.burmeseclassic.com

www.burmeseclassic.com



ခန့် စိတ်ကျေနပ်သွားစေရန် ဟင်းပွဲများထဲမှ ဟိုတစ် ဖက်၊ ဒီတစ်ဖက် နှိုက်စားပြီး မြေပုံပါလမ်းကြောင်းအတိုင်း ပြေးရလေသည်။

"မျက်မှန်တပ်၊ခေါင်းစည်းကြိုးတပ်၊စေ့စပ်လက်စွပ်ဖြုတ်"

မောင်လေးဒေါ်တို့ စားပိုင်းရှေ့က ဖြတ်လျှောက်စဉ် ဒေါ်လေးက ခပ်တိုးတိုး သတိပေးလေ၏။

ဘားမှတစ်ဆင့် စားဖိုဆောင်၊စားဖိုဆောင်မှတစ်ဆင့်အငွေ့တထောင်းထောင်း ဟင်းပွဲများနှင့် စောင့်နေသူ ကိုကြီး။

"ကိုကြီးအထင်တော့ ဘင်လာဒင်က တိုရာဘိုရာက တစ်ဆင့် ပါကစ္စတန်ထဲကို ထွက်ပြေးလိမ့်မယ် ထင်တာပဲ၊ အဲဒီ တိုရာဘိုရာကနေ ပါကစ္စတန်ကို အလွယ်တကူ သွားနိုင်တဲ့လမ်း သုံးလမ်းရှိတယ်၊ အကွာအဝေးအားဖြင့်ကတော့ မိုင်နှစ်ဆယ်လောက်ပဲရှိတာ"

"ဩော် . . . ဩော်"

"ခက်တာက ပါကစ္စတန်ထဲမှာကလည်း ဘင်လာဒင်ကို အားပေးထောက်ခံနေတဲ့ ပြည်သူလူထုက ထောင်ပေါင်းများစွာရှိတော့ ပါကစ္စတန်ထဲမှာ အကြမ်းဖက်သမားတွေ ဥပဒေမဲ့ ရောက်လာမှာကို သမ္မတကြီး မူရှာရက်ဗ်က စိတ်ပူပြန်ရော"

"ဒါပေါ့ . . . ဒါပေါ့"



"ဒါကြောင့် နယ်စပ်မှာရှိတဲ့ ဂိတ်တွေကို အထူးလုံခြုံရေးတွေချပြီး ပိတ်ထားစေတယ်"

နာရီကို တစ်ချက်ကြည့်လိုက်တော့ကိုကြီးနဲ့ ထိုင်နေသည်မှာ ဆယ့်ငါးမိနစ်လောက် ရှိရော့မည်။ ခန့် . . . ခန့်များ မောင်လေးဒေါ်တို့ဝိုင်းကို ကူးသွားလေပြီလား မပြောတတ်။ ခန့်ဆီ လည်း အမြန်ဆုံးပြေးမှ။

"အဲဒီတော့ တိုရာဘိုရာကနေ . . ."

"ကိုကြီးရေ . . . . **Waite a miunte**"

"ဘာဖြစ်ရပြန်ပြီတုန်း"

"ခုနတုန်းက **Toliet**ထဲမှာ ယူမာ ပိုက်ဆံအိတ် ကျန်ခဲ့တယ် ထင်တယ် . . . . . ခဏနော်"

ကိုကြီးက အားမလိုအားမရနှင့် ခေါင်းတစ်ချက် ညိတ်လေသည်။

ယုဇာမှ ဆိန့်စင်ခန်းထဲမှတစ်ဆင့် စားဖိုဆောင်၊ ထိုမှ တစ်ဆင့် ဘား၊ဘားမှတစ်ဆင့် မင်းယုဒါတို့ဆီ အပြေးအလွှားသွားကာ ခေါင်းစည်းကြိုး၊မျက်မှန်ချွတ်၍ လက်ထပ်လက်စွပ်တော်ရလေ၏။

ထို့နောက် ခန့်ဆီသို့ ဦးတည်ရ၏။

ခန့်က သူ့ဆီသို့ပိုဖြတ်သီရောက်လာသော ချစ်သူလေးကိုကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



. . .

“မင်းကို ကိုယ် တန်းတန်းစွဲဖြစ်သွားတဲ့ အချက်ထဲမှာ လည်း အဲဒီကပိုကရိုစတိုင်လ်ကလေးလည်း ပါတယ်၊ ကြည့်လိုက်ရင် ဘယ်တော့မှ အေးအေးဆေးဆေး မရှိဘူး၊ ရှုပ်ပျာရှုပ်ပျာ၊ဟိုသွား ဒီသွားနဲ့ အမြဲသွက်လက်နေတယ်၊ ယုဇာ ရယ် . . . တို့ နောက် တစ်ပတ်လောက်နေရင် စေ့စပ်ရပြီနော် ”

ခန့်က ယုဇာအား ထိုသို့ သတိပေးတတ်လေသည်။

ဘုရားရေ . . . တစ်ပတ်လောက်နေရင် ခန့်နဲ့ စေ့စပ်ရတော့မှာပါလား၊ ကိုကြီးကို ထာဝရ စွန့်ခွာရတော့မှာပါလား။

“ညက မင်းအကြောင်း ကဗျာတွေရေးဖြစ်တယ်၊ ဒီည အမှတ်တရအဖြစ် အချစ်ကဗျာကလေးတစ်ပုဒ် လက်ဆောင်ပေးမယ်၊ ဖတ်ကြည့်ပါဦးကွာ”

ခန့်က သူ့အင်္ကျီအိတ်ထောင်ထဲက ကဗျာစာရွက်ကို ထုတ်နေစဉ် ယုဇာနာရီကို တစ်ချက်ကြည့်မိတော့ ခန့်နဲ့ အချိန် ဆယ့်ငါးမိနစ်လောက် ဖြုန်းတီးမိကြောင်း သိရ၏။

အင်း . . . ပြဿနာပဲ။ဒီအချိန်လောက်ဆိုရင် ခြံဝိုင်းထဲက ကိုကြီးက ကမ္ဘာ့စစ်ပွဲအကြောင်းပြောဖို့ စောင့်နေလောက်ပြီ။

မဖြစ်ဘူး။ အမြန်ပြေးဦးမှ။

“ခန့်ရေ . . . ခန့်ကဗျာကလေးကို ယုဇာ နောက်ထပ် ဆယ့်ငါးမိနစ်လောက်နေမှ စိမ်ပြေနပြေ ဖတ်တော့မယ်နော်



မောင်လေးဒေါ်တို့ အုပ်စုက အခု အာဖဂန်နစ္စတန်ပြည်တွင်း စစ်အကြောင်းပြောနေလို့ ယုဇာ သူတို့ဝိုင်းထဲက ထထွက်လာတာ မကြည်ဘူး၊ ဒါကြောင့် သူတို့ စားဝိုင်းဘက်ကို ခဏသွားထိုင်လိုက်ဦးမယ်၊ ခဏလေးပါကွာ”

“အင်း . . . ကိုယ်တော့ စစ်ပွဲတွေကို လုံးဝ စိတ်မဝင်စားဘူး၊ နားလည်းမထောင်ချင်ဘူး၊ ဆယ့်ငါးမိနစ်ပဲနော်”

“စိတ်ချ . . . ယုဇာ ပြန်လာရင် ခန့်ရဲ့ ကဗျာကို ဖတ်မယ်”

ယုဇာမှာ ဘားနှင့်ကွယ်နေသည့် မောင်လေးဒေါ်တို့ စားဝိုင်းသို့ ပြေးရလေသည်။

အင်း . . သိပ်ကို ထူးဆန်းတဲ့ ညီအစ်ကိုနှစ်ယောက်ပဲ၊

တစ်ချိန်တည်းမှာ အစ်ကိုက စစ်ပွဲအကြောင်းတွေ ပြောတယ်။ ညီ့က အချစ်အကြောင်း ပြောတယ်။

အချစ်နဲ့စစ်မှာ ဘယ်ဟာမှ မတရားဘူး။တရားဘယ်ဆိုတာ မရှိဘူး။ဒါကြောင့် ယုဇာ လုပ်ရပ်တွေဟာလည်း မတရားဘူး တရားတယ်လို့ ဘယ်သူမှ ပြောလို့မရဘူး။

ကိုယ့်စိတ်ကို ကိုယ်တင်းရင်း ဘား၊ထိုမှတစ်ဆင့် စားဖို ဆောင်၊ဒီကြားထဲ ခေါင်းစည်းကြိုး ချည်၊ မျက်မှန်တပ်ဆင်း သော် ထပ်လက်စွပ် ဖြုတ်ကာ အလုပ်များနေစဉ် ဟားဖိုဆောင်ရှိ ဝါရင့်စားဖိုမှူးကြီးအား ဝင်တိုက်မိပြီး . . . .

“အမလေး . . . သွားပါပြီတော့”

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။

ယုဇနာသည် ကိုကြီးနဲ့လည်း အာဖဂန်စစ်ပွဲကိစ္စ ဆွေးနွေး၍ မရတော့သလို ခန့်၏ကဗျာကိုလည်း ဟန်ပါပါ မဖတ်နိုင်တော့ပါ။

အကြောင်းမှာ . . . ဝါရင့်စားဖိုမှူးကြီးအား ဝင်တိုက်မိပြီး သီးသန့်ဝိုင်းတစ်ဝိုင်းမှ အော်ဒါမှာထားသော အသက်နှစ်ဆယ့်ရှစ်နှစ်မြောက် မွေးနေ့ကိတ်မုန့်တုံးကြီးပေါ်သို့ ယုဇနာ မျက်နှာအပ်ကာ စိုက်ကျသွားမိခြင်းကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာကတော့ အေးအေးချမ်းချမ်းနှင့်တော့ ပြီးဆုံးသွားခဲ့ပါသည်။

နောက်တစ်နေ့ရောက်တော့ ကိုကြီးကို"တီးဝိုင်းခန်းမထဲ မှာ ညီမလေး ယုဇာကိတ်မုန့်တုံးကြီးနဲ့ ဝင်တိုက်မိပြီး မျက်နှာ တွေ ပေကျံကုန်တာတွေ့လို့ အရှက်ကွဲသက်သာစေရန် ညီမလေး မောင်လေးတွေနဲ့အတူ ပြန်သွားကြောင်း"ပြောဆိုတောင်းပန် လိုက်ရသည်။

ခန့်ကိုတော့ မိမိ မွေးနေ့ကိတ်မုန့်တုံးကြီးနဲ့ ဝင်တိုက်မိပြီး မျက်နှာတွေပေကျံကုန်လို့ မမယုမာနဲ့မောင်လေးဒေါ်တို့အား အကာအကွယ်ယူရင်း အိမ်သို့ ကတိုက်ကရိုက်ပြန်သွားကြောင်း ပြောဆိုတောင်းပန် လိုက်ရသည်။

ညီအစ်ကို နှစ်ယောက်စလုံးမှာ သိပ်စပ်စုမှုမရှိဘဲ နားလည်မှုကြီးစွာ ခွင့်လွှတ်နိုင်ကြပေမယ့် သန့်ကတော့"အဲဒီည မှာ **Dancing Queen**မှာ ညီမလေးယုဇာ ရှိနေလေသလား"ဟု အံ့သြမှု



ကြီးစွာ မေးလေသည်။

ညီအစ်ကိုနှစ်ယောက်စလုံးရဲ့ ရေရွတ်မှုကတော့. . .

"တိုက်ဆိုင်လိုက်တာ . . . . "တဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

ခန့်နဲ့ စေ့စပ်ရန် ရက်ပိုင်းမျှသာ လိုပါတော့သည်။

ခန့်သည် ထိုစေ့စပ်ပွဲအတွက် အလွန်တရာမှ တက်ကြွ စွာ[illegible] လို အလွန်တရာလည်း ထောင့်စေ့လေသည်။

ထိုင်ဝမ် ပွဲတက်ဂါဝန်အဖြူ၊ လေဒီရှူးအဖြူ၊ လက်အိ[illegible] အဖြူလေးများအား ယုဇာကိုပေးတော့ ယုဇာလက်ချောင်း[illegible] လေးများ မသိမသာ တုန်ယင်နေလေ၏။

ထိုနေ့က သူ၏ရင်တွင်းဖွဲ့ဆိုချက် ကဗျာရှည်ကလေ[illegible] တစ်ပုဒ်ကို စိတ်ခံစားမှုကြီးစွာနှင့် ဖတ်ပြလေသည်။

နောက်နှစ်ရက်လောက်နေရင် ခန့်နဲ့ စေ့စပ်ရတော့မည်။

လုပ်ကြံဖန်တီးထားသော'ပွင့်ယုမာ'ဆိုသူကိုလည်း နိုင်ငံ[illegible] ခြားသို့ အပြီးအပိုင် ထွက်သွားပြီဆိုတဲ့ သတင်းနဲ့ မြုပ်နှံရတော့ မည်။

ဩော် . . . ဆန်းကြယ်လိုက်တဲ့ အချစ်ပါလားကွယ်။

ယုဇာ လူကြီးတစ်ယောက်ရဲ့အချစ်ကို ညာယူမိသလို[illegible] လက်ရှိချစ်သူကိုလည်း သစ္စာဖောက်မိလေခြင်းကွယ်။

ယုဇာအဖြစ်က ဆုပ်လည်းစူး၊ စားလည်းရှူးဆိုသလိုပင်၊

ခန့်နဲ့ လက်ထပ်လိုက်ပါက ခန့်တစ်ယောက်သာ စိတ်[illegible]



ချမ်းသာမှုရပြီး၊ကိုကြီး(အဖြစ်မှန်ကိုသိသောတစ်နေ့၌)၊မိမိ၊ဒေါ်ဆွေ ဇင်ဝင့်မာန်တို့ သုံးဦးသား စိတ်ညစ်ရလေမည်။

ဒီအချိန်ရောက်မှတော့ အဖြစ်စုံကိုဖွင့်ပြောဖို့မလွယ်ကူ တော့သလို၊ပွင့်ယုမာနဲ့ပွင့်ယုဇာ နေရာချင်းလဲဖို့လည်း သိပ်မလွယ်ကူတော့ပါ။

ယုဇာတစ်ယောက်တည်း ကော်ဖီဆိုင်ကို ရောက်နေတာ ကြာပါပြီ။အချိန်၊နာရီ၊စက္ကန့်များက လျှင်မြန်စွာ ခရီးဆန့်ကြပါ၏။

သိပ်မကြာခင် ယုဇာဘဝကို ခန့်အား ပေးရတော့မည်။

ဩော်. . . အဲဒီအချိန်ရောက်ရင် ဒေါ်ဆွေဇင်ဝင့်မာန် ကြီးလည်း သိပ်ကိုသနားစရာ ကောင်းနေတော့မှာပါလား။

"ဟင် . . ."

တွေးနေဆဲမှာပင်. . . ယုဇာ လန့်ဖျပ်သွားရလေသည်။

ဘုရားရေ . . ။ဘယ်လောက်တောင် တိုက်ဆိုင်လိုက်တဲ့ အဖြစ်ပါလဲ။ ဟိုမှာ. . . ဒေါ်ဆွေဇင်ဝင့်မာန်ကြီးနဲ့ သူ့ရဲ့ကိုယ်ရံတော် ကြီးနှစ်ယောက် ကျွန်မထိုင်နေတဲ့ ကော်ဖီဆိုင်ထဲကို တန်းတန်း မတ်မတ် ဝင်လာလေပြီ။

ဟင့်အင်း . . . ။ကျွန်မ သူ့ကို ရင်မဆိုင်ရဲဘူး။

သူမ မြတ်နိုးတဲ့ ခန့်ကို ကျွန်မ သိပ်မကြာခင် ပိုင်ဆိုင်ရ တော့မှာ ဖြစ်တဲ့အတွက် သူ့ကို ကျွန်မ ရင်မဆိုင်ရဲဘူး။

ပြေးမှ . . . . . ။

www.burmeseclassic.com

www.burmeseclassic.com

ခန့်တို့ခြံဝန်းထဲက မြက်ခင်းကျယ်ကြီးတွင် စေ့စပ်ပွဲအ တွက်

အထူးဖိတ်ကြားထားသည့် အရင်းနှီးဆုံးမိတ်ဆွေ လူနှစ် ဆယ်လောက် စုရုံးရောက်ရှိနေလေသည်။

အလွန်တရာမှ ပကာသနဆန်လေသည့် ခန့်၏လုပ်ရပ် ကြောင့် စေ့စပ်ပွဲက ခမ်းခမ်းနားနားနှင့်(မင်္ဂလာလက်ထပ်ပွဲကဲ့ သို့)ထည်ဝါနေလေ၏။

ခန့်တို့ဘက်မှ ဂုဏ်သရေရှိဧည့်သည်များနှင့် ယုဇာဘက်မှ ဒေါ်ကျင်ဟမ်းနှင့်တွတ်နီတို့ ပွဲတက်ဝတ်စုံများနှင့် တက်ရောက်ကြ ပါသည်။

မိဘနှစ်ပါးဆုံးပါးသွားတဲ့ ယုဇာကတော့ အသိသက်သေ လူကြီးအဖြစ် အသက်ခုနှစ်ဆယ်ကျော် အဘိုးက ကမကထပြု၍ စေ့စပ်ပွဲသို့ တက်ရောက်လေသည်။

"မင်း မမရော . . ."

ကိုကြီး၏ မေးခွန်းက ယုဇာရင်ကို နာကျင်စေသည်။

"သူ နိုင်ငံခြားကို ထွက်သွားပြီ ကိုကြီး"



ကိုကြီး၏ တုန်လှုပ်မှုကြီးစွာသော အာမေဋိတ်အသံ။

"ဒါ. . . ဒါက ဘယ်လိုဖြစ်တာလဲ၊သူ ဘာလို့ အစောက ကိုယ့်ကို ကြိုမပြောတာလဲ၊နောက်ပြီး ဒီကိစ္စဟာ တကယ်ပဲလား ယုဇာ"

"ဟုတ်ကဲ့. . . တကယ်ပါပဲ၊မနေ့ကပဲ ဖလိုက်နဲ့ သူစက်ာ ပူကို ထွက်သွားပါပြီ၊တကယ်တော့ သူမှာ ချစ်သူရှိပါတယ် ကိုကြီး၊ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ ချစ်သူပါ၊သူ ဒီမြန်မာပြည်ကို ခဏ ရောက်တုန်း ကိုကြီးနဲ့ အမှတ်မထင် ချစ်သူတွေဖြစ်သွားကြတာ"

ယုဇာသည် ငိုချင်နေသည့် စိတ်ကို အတတ်နိုင်ဆုံးထိန်း သိမ်းကာ အသံများ မတုန်ယင်စေရန် ထိန်းထိန်းသိမ်းသိမ်းနှင့် ပြောရသည်။

"ဟာ . . ."

ယုဇာ ကိုကြီးကို မကြည့်ရဲ။

သူ ဘယ်လောက်များ ပွင့်ယုမာကို နာကျင်လိုက်မလဲ ကွယ်။

မုန်းပါ. . . မုန်းပါ ကိုကြီးရယ်။တကယ်တော့ ကိုကြီး မုန်းသင့်တဲ့သူက နိုင်ငံခြားကိုထွက်သွားတဲ့ ပွင့်ယုမာမဟုတ်ပါဘူး၊ ကိုကြီးရှေ့တည့်တည့်ကို ရောက်နေတဲ့ ပွင့်ယုဇာကို မုန်းသင့်တာပါ။

"အာ. . . ဆောရီးပဲ ညီမလေးရာ၊မင်း မင်္ဂလာယူရတော့ မယ့်အချိန်မှာ ကိုယ်ဒီလောက်ကြီး မပေါက်ကွဲသင့်ဘူး၊ယုမာမှာ

www.burmeseclassic.com



ကိုယ့်ကိုဖွင့်မပြောရဲတဲ့ ကိစ္စတစ်ခုခုတော့ရှိကို ရှိလိမ့်မယ် ထင်တယ်၊ညီမလေး ခုနတုန်းက ကိစ္စအတွက် ကိုယ်တောင်းပန်တယ် နော်၊သိပ်မကြာခင် ဧည့်ခံပွဲစတော့မယ်၊ညီမလေးမမအတွက် ကိုကြီးမင်းကို မင်းအစ်မနဲ့ပတ်သက်တဲ့ မရှင်းလင်းတဲ့ ကိစ္စတွေ မေးချင်တယ်"

"ဟုတ်ကဲ့"

"ဘယ်လိုဖြစ်တာပါလိမ့်၊လွန်ခဲ့တဲ့ နှစ်ရက်လောက်က အထိ ယုမာနဲ့ကိုကြီး ဘယ်လိုမှ အခြေအနေတွေ မတင်းမာခဲ့ ကြပါလား"

ကိုကြီးကတော့ ထုံးစံအတိုင်း တိုးတိုးတိတ်တိတ် ရေရွတ်ကာ ယုဇာရှေ့မှ ထွက်သွားလေသည်။

ခန့် . . .။သိပ်မကြာခင် ဧည့်ခံပွဲ စတော့မယ်။

ခန့် ဘယ်ရောက်နေသလဲ။ဘာတွေ အလုပ်ရှုပ်နေသလဲ။

အို . . . ခန့် ဘယ်ရောက်နေသလဲဆိုတာ ယုဇာ မသိချင်ပါဘူး။

တစ်ယောက်တည်း အခန်းပိတ်ပြီး ငိုပစ်ချင်လိုက်တာကွယ်။

"မမယုဇာ . . . စိတ်ကို တင်းထားလေ"

"ဟင်"

မော့ကြည့်လိုက်တော့ ဒေါ်လေးတို့ အုပ်စု။

"အမူအရာတွေ အရမ်းပျက်နေတယ်၊မမယုဇာ ငိုချင်နေတာလား"





"အင်း . . . ငိုချင်တယ်၊အားပါးတရ ငိုပစ်လိုက်ချင်တယ်"

"ပြဿနာပဲ . . . မမယုဇာရယ်၊ မျက်နှာမှာလည်း မိတ်ကပ်အဖွေးသားကြီးနဲ့ကို"

လုံးဝတားဆီးချိန် မရတော့ချေ။

မျက်ရည်များက မျက်လုံးအိမ်၏ ထောင့်စွန်းသို့စုပြုံ ရောက်ရှိလာလေသည်။

ထိုအဖြစ်အပျက်ကို ယုဇာ၏အဘိုး ဦးထွန်းစိန်က မြင်သွားကာ သူ့မြေးလေးအတွက် အလွန်ပူပင်မိသွားပြီး . . .

"ဘာဖြစ်လို့လဲ မြေးလေး . . . ဘာဖြစ်လို့လဲ"

လူသူကင်းသော မြတ်ခင်းပြင်ကျယ်၏ ထောင့်ကျကျ တစ်နေရာတွင် ယုဇာတို့မြေးအဘိုးနှင့် မင်းယုဒါတို့သူငယ်ချင်း အုပ်စုမှာ ယုဇာအတွက် စိတ်ပူလျက်ရှိကြသည်။

"တကယ်တော့ အဘိုးမြေးက အခု စေ့စပ်ပွဲဧည့်ခံပွဲလုပ်တော့မယ့် ခန့်ကို ချစ်တာမဟုတ်ဘူး၊သူ့အစ်ကို ရည်မွန်သန့်ကို ချစ်တာ ဘိုးဘိုးရဲ့"

"ဟေ"

မောင်လေး မင်းယုဒါတို့က ခန့်နဲ့ သူ့အစ်မအဖြစ်စုံကို အဘိုးဖြစ်သူအား လုံးစေ့ပတ်စေ့နှင့် လျင်မြန်စွာ ရှင်းပြကြလေသည်။

"ဒါနဲ့ . . . မောင်ပိုင်ဇေခန့် ဝတ်ထားတဲ့ လက်စွပ်လေး က မြေးလေးယုဇာ လက်ဆောင်ပေးထားတာဆို"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဝယ်ထားတာလား၊ဘယ်ဆိုင်က ဝယ်တာလဲ"

"လွန်ခဲ့တဲ့ နှစ်လလောက်ကMy Own Worldကော်ဖီဆိုင်ကနေ ကောက်ရလို့ လက်ဆောင်ပေးမိတာပါ အဘိုးရယ် . . . အီး . . . . အီး . . . ,"

"အေး . . . ဒါကြောင့် တူပါတယ်လို့တော့ မှတ်သား၊ အဲဒါဘိုးဘိုးကျပျောက်သွားတဲ့ လက်စွပ်ကွဲ့၊မြေးဘွားဘွားက ဘိုးဘိုးကိုလက်ဆောင်ပေးခဲ့တာ၊အဲဒီMy Own Worldကော်ဖီ ဆိုင်မှာပဲဘိုးဘိုး ကျပျောက်သွားခဲ့တာ"

"ဟား . . . ဟား . . . ဟား . . . ဟား"

ပွင့်ယုဇာအဖြစ်ကတော့ ငိုအားထက် ရယ်အားသန်ဆိုသလိုပင် မင်းယုဒါတို့တစ်ဖွဲ့လုံး ဟန်ဆောင်ထိန်းမထားနိုင်လောက်အောင် ရယ်မောမိကြ၏။

ဘိုးဘိုးက ယုဇာအား ဖြစ်နိုင်ချေအနည်းဆုံးဘက်မှအားပေးလေ၏။

"မြေး . . . တို့မြေးအဘိုးချင်း မျက်နှာပူစရာမလိုဘူးနော်၊မြေး စိတ်ချမ်းသာတဲ့လမ်းကိုပဲ ရွေး၊ဘိုးဘိုး ခန့်နဲ့သန့်နာမည်ချင်းလွဲသွားတာပါဆိုပြီး ရည်မွန်သန့်နဲ့ နားဖောက်ဖို့ပြောပေးရမလား"

မင်းယုဒါတို့ ထပ်မံ ပွဲကျ ကြပြန်သည်။

"ဟား . . . ဟား . . . ဟား . . . ဘိုးဘိုးအဖြစ်ကလည်း



ကဖေးကလားပုံပြင်ဆန်လိုက်တာဗျာ၊ဒါဆို ဇေ့စပ်ကြောင်းလည်း ဧည့်ခံပွဲဖိတ်စာထဲက'မောင်ပိုင်ဇေခန့်'နာမည်ကြီးကို ဘိုးဘိုး မမြင်ဘူးလားလို့ မမယုဇာရဲ့ ယောက္ခမလောင်းကြီးက မေးခွန်း ထုတ်လိုက်ရင်ကော . . ."

"ဘိုးဘိုး မျက်စိမှုန်လို့ ဖိတ်စာထဲက နာမည်တွေကောင်းကောင်း မမြင်လိုက်ဘူးလို့ ပြောလိုက်မှာပေါ့"

ပွင့်ယုဇာက ကြားဖြတ်ဝင်ပြောရလေသည်။

"ကဲပါ. . . ဘိုးဘိုးရယ်၊ဒီလောက်အထိ ကူညီစဉ်းစားပေးတာ မြေး ကျေးဇူးတင်ပါတယ်၊အရှက်မရှိလုပ်ဇာတ်တွေခင်းပြီးတော့မှ ယောကျ်ားတစ်ယောက်နဲ့နီးစပ်ရမယ်ဆိုရင် ယုဇာကိုကြီးကို စွန့်လွှတ်နိုင်ပါတယ်၊ယုဇာ ခန့်ကိုပဲ ခေါင်းညိတ်မှာပါ၊မပြင်ဆင်ပါဘူး၊ခုနက ငိုမိသွားတယ်ဆိုတာကလည်း ကိုကြီးကိုပြတ်ပြတ်သားသားကြီး လိမ်လိုက်တာမို့ အရမ်းဝမ်းနည်းသွားလို့ပါ၊အချိန်အရမ်းနီးနေပြီ၊ သမီးမျက်နှာ အလှပြန်ပြင်ဖို့ အလှပြင်ခန်းထဲကို သွားလိုက်ဦးမယ်"

ထိုနေရာမှ ပွင့်ယုဇာ တစ်ဖွတ်ထိုးထွက်ပြေးလာလေ တောမင်းယုဒါတို့ မြေးအဘိုးတစ်အုပ်စုလုံး သူမအတွက် ရယ်လည်းရယ်ချင်သလို အလွန်တရာ စိတ်မကောင်းဖြစ်စွာ ကျန်နေခဲ့ပါလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်ကျမိသွားသဖြင့် အနည်းငယ်ယိုယွင်းသွားသော မိတ်ကပ်မျက်နှာကလေးအား အလှပြင်ခန်းထဲမှာ ပြန်လည်ပြင်ဆင်ရလေသည်။ ယုဇာ ရှေ့ကတည့်တည့်က မှန်ချပ်ထဲသို့သာ မိမိ၏ပုံရိပ်ကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

မျက်ရည်များ ထပ်မံ ကျမလာစေရန် ထိန်းသိမ်းရင်း...။

အိုး . . . ကျွန်မ ဝမ်းမနည်းဘူး။ကိုယ့် မိုက်မဲမှုအတွက် ထိုက်တန်တဲ့ အပြစ်ဒဏ်ကို ကျွန်မ ခံရဲတယ်။

ခန့်ကို စိတ်ချမ်းသာစေရပါ့မယ်ကွယ်။

ဟင် . . . ။မှန်ပါသည်။ယုဇာ လုံးဝ ထင်မထားပါ။

မှန်ချပ်၏ နောက်တည့်တည့်၌ လာရပ်နေလေသော ဒေါ်ဆွေဇင်ဝင့်မာန်နှင့် သူမကိုယ်ရံတော်နှစ်ယောက်။

အို . . . ဖြစ်ရလေကွယ်။ပြည်တွင်းဖြစ် ဆိုဖီယာလောရင့်ကြီးရဲ့ မျက်နှာမှာလည်း ကြေကွဲရိပ်တွေနဲ့ပါလား။

ဟင် . . . ။နောက်ပြီး ဟန်ဆောင်ပြီး ဖန်တီးထားလေတဲ့ နွေးထွေးဖော်ရွေမှု အပြုံးတစ်ပွင့်။

"ပျော်နေတာလား . . . ဒါမှမဟုတ် ဝမ်းနည်းနေတာလား"





"ရှင် . . ."

မထင်မှတ်တဲ့ မေးခွန်းလေးတစ်ခု . . . ။

"ခန့်ရှေ့မှာဆို မင်း ရယ်နေတတ်တယ် ၊ခန့် နောက်ကွယ်မှာဆို မင်း ငိုနေတတ်တယ်"

သိပ်ကို တိကျမှန်ကန်နေလွန်းသော စကားစုများကို ယုဇာ ထုံးစံအတိုင်း ညာဝါးပစ်လိုက်မိသည်။

"အို . . . ဒါကတော့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ရတော့မယ့် မိန်းမသားတစ်ယောက်ရဲ့ ငိုလွယ်၊ရယ်လွယ် ခံစားချက်တစ်ခုပဲ၊အန်တီတောင် ခံစားဖူးလို့လား"

ယုဇာထိုသို့ ကက်ကက်လန် ရန်တွေ့ပစ်လိုက်တော့ ဒေါ်ဆွေဇင်ဝင့်မာန်၏ မျက်နှာမှာ ညှို့ဆိုင်းသွားပြီး အတော့်ကို ပျော့ပျောင်းသွားလေသည်။ထို့နောက်ဘယ်လိုမှ ထင်မှတ်မထားသော လုပ်ရပ်ကလေးတစ်ခု၊ထိုသည်မှာ သူမ၏လက်ချောင်းများနှင့် ယုဇာ၏ဆံပင်များကို ညင်သာစွာ ပွတ်သပ်ပေးပြီး . . . ။

"မင်းက ကိုယ်မွေးမှ ကိုယ့်သမီးလောက်ရှိတာပါ ကလေးရယ်၊တကယ်တော့ အရွှးအမူးချစ်တတ်တဲ့ စိတ်ကလေးတစ်ခုသာ ကိုယ့်မှာ မရှိခဲ့ရင် ရှေ့က ကိုယ့်ဖြစ်ရပ်တွေအတွက် ကိုယ်ဟာ သိပ်ရှက်စရာကောင်းခဲ့တာပေါ့၊အခုလည်း ကိုယ် ကောင်းကောင်း ရှက်တတ်နေပါပြီ ပွင့်ယုဇာ၊ကိုယ်ဟာ လူကြီးတန်မဲ့ ခန့်ကိုနှစ်နှစ်ကာကာ ချစ်ခဲ့မိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"....."

"တကယ်တော့ ကိုယ်ဟာ ဝတ္ထုပစ္စည်း မိုင်ဆိုင်ကြွယ်ဝမှု တွေကိုသာ ပုံအောပြီးရခဲ့ပေမယ့် ခန့်ရဲ့ မေတ္တာတရားကိုတော့ ငတ်မွတ်ခဲ့ရတယ် ပွင့်ယုဇာ၊ကိုယ်ဟာ ခန့်နဲ့ပတ်သက်ပြီး လူကြီး တန်မဲ့ စိတ်ကူးယဉ်ထားမိတယ်၊အခု. . အဲဒီ စိတ်ကူးယဉ်မှုတွေ ကို မင်းဆီမှာ ပုံအပ်လိုက်ရပြီ၊မင်း ဒီလောက်အထိပဲ ကိုယ့်ကို အနိုင်ယူ ပါ၊အနိုင်ကျင့်ပါ. . . ပွင့်ယုဇာရယ်နော်၊ကိုယ် အရှုံးပေး ဒူးထောက် ပြီးတော့မှ ဒီညေ့ခံပွဲကို တက်ဖို့ ရောက်လာခဲ့တာပါ"

"အို့ . . . အန်တီရယ်. . . ယုဇာတော့ သူများချစ်ခြင်း ကိုခိုးမိပါပြီ"

"မဟုတ်ပါဘူး၊မင်းဟာ ခန့်ရဲ့ဆန္ဒ၊ခန့်ရဲ့လိုအပ်မှု၊ခန့်ရဲ့ အိမ်မက်တွေကို လိုက်လျောနိုင်ခဲ့သူမို့ ကိုယ်လေ မင်းကို သိပ် ကျေးဇူး တင်မိတယ် ယုဇာ၊ဟုတ်တယ်၊ကိုယ် မင်းကို သိပ်ကျေး ဇူးတင်တယ် သိလား၊မင်း လူ တစ်ယောက်ကို နက်နက်နဲနဲ ချစ်ဖူး သလား"

"......."

"ကိုယ်ကတော့ ခန့်ကို နက်နက်နဲနဲ ချစ်မိခဲ့တယ်၊ကိုယ် ခန့်ကိုချစ်တဲ့အချစ်က သိပ်အစွန်းရောက်လာခဲ့တဲ့ နောက်ပိုင်း မှာတော့ ခန့်ရဲ့ဆန္ဒ၊ခန့်ရဲ့ဘဝ၊ခန့်ရဲ့ပျော်ရွှင်မှုကိုပဲ ကိုယ် ဦး တန်းတင်လိုက်ပါတယ် ပွင့်ယုဇာ၊ကိုယ်က ခန့်ကို ရယူပိုင်ဆိုင်ခွင့် နဲ့တော့ ချစ်ခွင့်မရဘူးပေါ့. ကလေးရယ်၊ခွင့်လွှတ် ပေးဆပ်စွန့်



လွှတ်မှုနဲ့ပဲ ချစ်ခွင့်ရခဲ့သူပေါ့"

"......."

"ကံတရားရဲ့ အရေးပေး,ဖေးမမှုကို မခံရတဲ့ ကိုယ့်အတွက် ကတော့ ခန့်ကို ပေးဆပ်စွန့်လွှတ်မှုနဲ့ပဲ ချစ်ဖို့ အခွင့်အရေးပဲ ရှိ ပါတယ် ယုဇာ"

ဒီတစ်ခါ ငိုကြွေးရသူကတော့ ဒေါ်ဆွေဇင်ဝင့်မာန်ပင် ဖြစ်လေသည်။ ယုဇာဆံ့,အကာ ကျန်ရစ်ခဲ့ပါသည်။

ယုဇာ ဒီစေ့စပ်ပွဲကို ဖျက်သိမ်းပစ်ရမလား။

ယုဇာလည်း ခန့်ကို မချစ်ဘူး။

ဒေါ်ဆွေဇင်ဝင့်မာန်ရဲ့ အရှုးအမူးချစ်ခင်နှစ်သက်မှုကို ခံယူ ခွင့်ရတဲ့ ခန့်ကကော ယုဇာကို စိတ်ဖြောင့်လက်ဖြောင့်နဲ့ ချစ်နိုင် ပါ့မလား။ဒေါ်ဆွေဇင်ဝင့်မာန်. . . ယုဇာ ရှိနေသော အလှပြင်ခန်းမှ ထွက်သွားလေတော့ အခန်းအပြင် နံရံထောင့် စွန်းမှ ပုံရိပ်တစ်ခုပါ လှစ်,ခနဲ ပျောက်ကွယ်သွားလေသည်။

ထိုပုံရိပ်ကလေးကတော့ ခန့်,ဖြစ်လေသည်။

မှန်ပါသည်။ခန့်မှာ ယုဇာ အလှပြင်ခန်းမဆီသို့အလာ ခမျှော်လင့်ပဲ ဒေါ်ဆွေဇင်ဝင့်မာန်၏ မေတ္တာဖွင့်ဆိုချက်ကို တုန် လှုပ်မှုကြီးစွာနှင့် နားထောင်ခွင့် ရသွားလေသည်။

ခန့် အလွန်တရာ တွေဝေသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ညှော်ခံပွဲ စတင်လေပြီ။

ဖိတ်ကြားထားသည့် ဂုဏ်သရေရှိ အထူးဧည့်သည်တော်များလည်း စုံလင်စွာ ရောက်ရှိနေလေသည်။

စားသောက်ဖွယ်ရာများကလည်း စုံစုံလင်လင်။

နာမည်ကြီး အဖိုးတန် သက်ရင်အရက်ပုလင်းများကလည်း စုံစုံလင်လင်။

ယုဇာ ဒီညှော်ခံပွဲကို စိတ်မပါဘူးကွယ်။

နံဘေးက ခန့်ကို မသိမသာ စောင်းငဲ့ကြည့်မိလေတော့လည်း . . . သူ့မျက်နှာဟာ ခါတိုင်းလို သိပ်တက်ကြွမှု မရှိ။

ကိုကြီးကလည်း စားဝိုင်းအလွတ်မှာ မျက်နှာမသာမယာနဲ့ ထိုင်နေလေသည်။

ဘိုးဘိုးကတော့ ယုဇာ ဘယ်အချိန် စိတ်ပြောင်းလဲသွားလေမလဲဆိုတဲ့အတွေးနဲ့ ကူညီဖို့ မျှော်လင့်ချက်ကြီးစွာ စောင့်ဆိုင်း



နေလေပြီ။

ခန့်မေမေကတော့ ဒေါ်ဆွေဇင်ဝင့်မာန်၏ နံဘေးမှာ။

အိုကွယ် . . . ကျွန်မစိတ်တွေ တင်းကျပ်လိုက်တာ။

တက်ရောက်လာကြတဲ့ ညှော်ပရိတ်သတ်တွေကို ဟန်ဆောင်ပြုံးပြနေရတဲ့အဖြစ်က ပြီးချင်လှပါပြီကွယ်။

"ယုဇာ . . . ဒီနေ့ မင်းမျက်နှာ အရမ်းညှိုးနေတယ်နော်"

ခန့်က မသိမသာ ခပ်တိုးတိုးကလေး ဆို၏။

ယုဇာ ဆက်လက်ပြီးလည်း အကြောင်းပြချက်တစ်ခုသုံးပြီး မညာချင်လိုတော့။ ယုဇာ နှုတ်ဆိတ်ကာ နေမိတယ်။

ခန့်၏ သက်ပြင်းရှိုက်သံသဲ့သဲ့ ကြားရသည်။

ခန့်၏ခြေလှမ်းတွေက ဘယ်ကို ဦးတည်နေသလဲဆိုတာ ယုဇာ သိပါတယ်။ညှော်ခံပွဲကို တက်ရောက်ချီးမြှင့်ပေးတဲ့ သူဌေးမကြီး ဒေါ်ဆွေဇင်ဝင့်မာန်အား ကျေးဇူးတင်စကား ပြောကြားရန် ခန့် . . . ယုဇာကို ခေါ်ဆောင်သွားလေသည်။

သူမကို နှုတ်ဆက်ဖို့ ယုဇာမှာ သတ္တိရှိပါရဲ့လားကွယ်၊

"မမဇင်"

ခန့်၏ စိတ်လှုပ်ရှားမှုကြီးစွာသော အသံလေးတစ်ခု၊

"ခန့်တို့နှစ်ယောက်က တကယ်လိုက်ဖက်တာပဲကွယ်"

ဟန်ဆောင်စကားတစ်ခွန်း . . . . ။

"မမဇင်လေ ခန့်အတွက် အရမ်းဝမ်းသာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခန့် ခေါင်းငုံ့ထားလေသည်။

သူမ၏ အသံများကလည်း တုန်တုန်ယင်ယင်။

ယုဇာကတော့ ထိုညှို့ခံပွဲမှ ထွက်ပြေးချင်နေမိလေသည်။

"အိုအောင် မင်းအောင် . . ."

သူမ စကားမဆုံးလိုက်ပါ။

ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့်ဖိပြီး အရှပ်ကြိုးပြတ် ပြုတ်ကျတော့မယ့်ဆဲဆဲတွင် ခန့်က သူမတစ်ကိုယ်လုံးကို ထိန်းသိမ်းပွေ့ဖက်လိုက်လေရာ ခြံထဲမှာ ညှို့သည်အပေါင်း ရုတ်ရုတ်သဲသဲဖြစ်သွားလေ၏။

"ဒီလိုဖြစ်တော့မယ်ဆိုတာ သိသားပဲ"

ဒေါ်လေးက ဝမ်းပန်းတသာနှင့်ယုဇာ နားနားသို့ တိုးကပ်ကာ ဆိုလေသည်။

ဒေါ်ဆွေဇင်ဝင့်မာန်အတွက် အဖြစ်သည်းဆုံး စိတ်ပူနေသူကတော့ ယုဇာရဲ့သတို့သားလောင်း ခန့်ကိုယ်တိုင်ပင်။

"ဘုရားရေ . . . မမဇင် . . . မမဇင် . . . ခန့်မမကို တောင်းပန်ပါတယ်ဗျာ၊မမဇင်ရဲ့ အဖြစ်အပျက်တွေကို ခန့်မကြည့်ရက်တော့ဘူး၊တကယ်တော့ ခန့် မမဇင်ကို ချစ်မိတာပါ၊နေရာတကာ ချုပ်ချယ်နိုင်လွန်းလို့ ထွက်ပေါက်ရှာတဲ့အနေနဲ့ ခန့် မမဇင် ကို စွန့်ခွာမိတာ"

ဗုဒ္ဓေါ . . .။ဒါ . . ကျွန်မကို သိပ်ချစ်ပါတယ်ဆိုတဲ့ ခန့် ရဲ့



စကားလား။

စားပွဲဝိုင်းတစ်နေရာမှာ ထိုင်နေတဲ့ ဘိုးဘိုးကလည်း ကျွန်မ ကိစ္စကို ကူညီဖြေရှင်းဖို့ ရောက်လာလေသည်။

"ယုဇာ . . . မင်း ကိုယ့်ကို ကြိုက်တဲ့အပြစ်ပေး၊ ကိုယ်ခံယူမယ်၊တို့နှစ်ယောက်ရဲ့ စေ့စပ်ကြောင်းလမ်းမှုကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရအောင်"

ထိုစကားကြောင့် ဘိုးဘိုးပါ ဆတ်ဆတ်ထိမခံဖြစ်သွားလေရာ . . .

"အံမယ် . . မင်းစကားပြောတာ ကြည့်ပြော မောင်ရင်၊အဘိုးမြေးကလည်း မင်းကိုချစ်တာ မဟုတ်ပါဘူးကွ၊မောင်ရည်မွန်သန့်နဲ့မေတ္တာမျှနေကြတာပါ၊မင်း အတင်းအဓမ္မ ဖြားယောင်းလိုက် လို့ မင်းနဲ့ စေ့စပ်ဖို့ သဘောတူလိုက်ရတာ သိလား"

"ဟာ . . ."

"ဟင် . . ."

"အို . . ."

ညှို့သည်တော်များ ထပ်မံပြီး အံ့ဩလန့်ဖျပ်ကုန်ကြပြန်သည်။

"ဟာ . . . ဘိုးဘိုး ဘာတွေလျှောက်ပြောနေတာလဲဗျ သနားပါပဲ၊ဒီမယ် . . . ခန့် . . . ယုဇာလည်း စာနာစိတ်ရှိတဲ့ လူသားတစ်ယောက်ပါ၊ကိုယ့်မင်္ဂလာပွဲအတွက် အခြေအမြင်မိန်းမတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ဘဝ ဒီလောက်ကြီး ထိခိုက်နစ်နာမယ်ဆိုရင်လည်း ယုဇာပဲ ဒီ စေ့စပ်ပွဲကို ဖျက်သိမ်းပေးလိုက်ပါတယ်. . .၊ရော့ . . . ခန့်ရဲ့ လက်ထပ်လက်စွပ်၊ယုဇာလက်စွပ် ပြန်ပေး"

"ကိုယ်အရမ်းတောင်းပန်ပါတယ် ယုဇာ၊ဆက်လက်ပြီးလည်း ကိုယ်တို့နှစ်ယောက် မိတ်ဆွေတွေလိုပဲ ခင်မင်ကြတာပေါ့၊ ရော့ . . ."


ခန့်က လက်စွပ်ပြန်ပေးပြီး ဒေါ်ဆွေဇင်ဝင့်မာန်ကြီးကို ပွေ့ဖက်ကာ ဆေးရုံသို့ ပြေးလေသည်။

"ရော့ . . . ဘိုးဘိုး လက်စွပ်"

ဘိုးဘိုးက မယူ . . . .။

"အဲဒီလက်စွပ်ကိုငါ့မြေးအစွမ်းအစနဲ့ မောင်ရည်မွန်သန့် ကို လက်ဆောင်ပေးရမယ်"

ယုဇာတို့အုပ်စု ခန့်တို့ခြံထဲမှ လျင်မြန်စွာ ထွက်လာကြလေတော့သတည်း . . . .။



www.burmeseclassic.com

www.burmeseclassic.com

အုန်းရေများကိုလည်း သောက်ရတာ ငြီးငွေ့နေပါပြီ။

ပင်လယ်လှိုင်း စီးရခြင်း၊နေအဝင် ဆည်းဆာအလှကို ခံစားရခြင်း၊မနက်စောစော ခရုကောက်ရခြင်း၊လပြည့်ညများမှာ ဂဏန်းလိုက်ဖမ်းရခြင်းများကအစ ပွင့်ယုဇာ လုံး၀ လုံး၀ ငြီးငွေ့ နေလေပြီ။

ပွင့်ယုဇာတို့**Dream Maker**အဖွဲ့ စိတ်ပြေလက်ပျောက်အနေနဲ့ ငပလီသို့ထွက်လာကြသည်မှာ တစ်လတင်းတင်းပြည့် တော့မယ်။

ပွင့်ယုဇာမှာ တံငါရွာများဘက်သို့ အလည်ထွက်ရင်လည်း ကိုကြီးကိုပဲ သတိရနေမိသည်။သံတွဲ-လုံးသာ လမ်းမကြီးပေါ် လမ်းဖြတ်လျှောက်ရရင်လည်း ကိုကြီးကိုပဲ သတိရနေမိသည်။

ယုတ်စွအဆုံး ရခိုင်မုန့်တီ စားနေရင်းတန်းလန်းနဲ့ပင် ကိုကြီးကို သတိရနေမိသည်။

"အမလေး . . . ရခိုင်မုန့်တီက စပ်လိုက်တာ၊အသည်း



ဘဲ့ရတာလည်းအဲဒီလိုပူစပ်ပူလောင် ခံစားမှုမျိုးပဲအဒေါ်ရေ . . . နှံ့လက်ကောက်နဲ့ ထန်းလျက်ရည်လေး လုပ်ပါဦး"

မောင်လေးမင်းယုဒါတို့ သူငယ်ချင်းအုပ်စု သူ့မမအဖြစ် ကို ရယ်မယ်ဆိုရင်လည်း ရယ်ချင်စရာ၊ပွင့်ယုဇာက အသည်းကွဲ ပေမယ့် ဟာသကလေးကတော့ လုပ်လိုက်ရမှ . . .။

တံငါရွာတစ်လျှောက် ပင်လယ်ကမ်းစပ်ဘက်သို့ လမ်းလျှောက်ထွက်ပါကလည်း . . .။

"ဟဲ့ . . . ငဒါ . . . ဟိုမှာ ဗိုက်ကို ဓားနဲ့ခွဲပြီးနေပူလှန်းထားတဲ့ ငါးမန်းကြီးကိုကြည့်စမ်း၊ငါ့အဖြစ်နဲ့တူလိုက်တာ၊ငါ ကိုကြီးကို သတိရနေရတဲ့အဖြစ်ကလည်း အသည်းကိုခွဲပြီး နေပူလှန်းခံထားရတာ ကျနေတာပဲဟယ်"

"ဒါကြောင့် စေ့စပ်ပွဲတုန်းက ခန့်အချိုးပြောင်းသွားချင်း ချင်းဘိုးဘိုးပြောတဲ့ စကားထဲမှာ ချော်လဲရောထိုင်လုပ်လိုက်ရင် အကောင်းသားနဲ့ မမယုဇာ သိပ်အိုက်တင်ခံနေတာကိုး"

"ငါတို့က 'မိန်းကလေးတို့ကူကြွေ ရွှေပေးလို့မရ'တဲ့ ကူတ္တိယမျိုးနွယ်ဝင်တွေကိုးကွဲ့"

ယုဇာစကားကြောင့် ဂျင်ဟမ်းက မျက်စောင်းတစ်ချက် ထိုးရင်း . . .

"အကြောင်းမသိတာ ကျလို့"

ဒီနေ့ ယုဇာ ပိုစိတ်ညစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်သတင်းစာထဲမှာ ခန့်နဲ့ဒေါ်ဆွေဇင်ဝင့်မာန်တို့ လက်ထပ်ထိမ်းမြားပြီးစီးခြင်းသတင်းတစ်ပုဒ်ကိုဖတ်လိုက်ရသည်၊

ခန့်ကိုစိတ်မဆိုးပေမယ့် အရာရာကို ဝတ္တရားနဲ့ချင့်ချိန် ခဲ့တဲ့ ယုဇာကတော့ တိတ်တိတ်ကလေး အသည်းကွဲခဲ့ရပါပေါ့ လားကွယ်၊

ပွင့်ယုဇာဆိုတဲ့ ကောင်မလေးဟာ ကိုကြီးကိုနှစ်ကိုယ်ခွဲ ပြီး ချစ်ကြိုက်မိခဲ့တဲ့ ကိစ္စလေးကိုတောင် ကိုကြီးမသိခဲ့နိုင်ပါလား။

"မမယုဇာ ဒါက ဘယ်လိုဖြစ်သွားတာတုန်း"

"ငါ ကိုကြီးကို သတိရလို့"


ယုဇာမှာ ရှေ့မှဝဲကျနေသော ဆံပင်များကို နေကြာပွင့် ပုံပါ မျှော့ကြိုးကလေးနှင့်စုချည်လိုက်ကာ ပါဝါမျက်မှန်တစ်လက် ကောက်တပ်လိုက်တာမို့ ယုဒါတို့အုပ်စု ကြောင်သွားကြလေသည်၊

"ကဲ. . . မမရာ. . . စိတ်ပြေလက်ပျောက် အံတော် ဘုရားကိုသွားမယ် လိုက်ခဲ့"

"မမယုဇာ မလိုက်ချင်ပါဘူးကွယ်၊မင်းတို့ပဲ သွားကြပါ၊ ကမ်းစပ်မှာပဲ ထိုင်နေခဲ့ချင်တယ်"

ကဲ. . ဒါဆို. . . သားတို့ သွားမယ်၊မမယုဇာ. . . အပြန် အာခဝယ်ခဲ့ပေးရမလဲ"

ရနိုင်မုန့်တီ"



www.burmeseclassic.com

အန်းပင်ခြေရင်းက အရိပ်တစ်ခုမှာ ဒရင်းဘတ်ကို ချရင်း ယုဇာ မျက်လုံးများမှိတ်ကာ ငြိမ်သက်လျက်ရှိသည်။

ပင်လယ်ရေများ ပြန်လည် ကျသွားလေသည်။

လှိုင်းပုတ်သံများကတဝေါဝေါ. . . လေကလည်းလွင့် ထွက်မတက် တိုက်ခတ်နေလေသည်။

ဆားငွေ့ပါသောလေများက မွှန်းတည့်မှိုမှိုင်းလောင်သလိုထင်ရ၏။

"စက်ဘုပ္ပကနေ ခွင့်ယူပြီးပေလိမ့်မှာ အပန်းဖြေနေတာလား ပွင့်ယုမာ"

"ရှင် . . . ."

နားထဲသို့ဖြတ်ဝင်လာသော ရယ်သံဖက် စွက်သည့် အသံလှိုင်းတစ်ခု။

မော့ကြည့်မိတော့ယုဇာကိုအုပ်မိုးပြီး ငုံကြည့်နေလေသူ. . . . ကိုကြီး

ယုဇာ ရုက်ရုက်နှင့် ဒရင်းဘတ်ပေါ်မှ ကုန်းရုန်းထလေတော့၏

"ဟိတ်. . . ဟိတ်. . . ထွက်ပြေးလို့ မရဘူးနော်၊မင်း ကိုကြီးကို ဘယ်လောက်အထိ အရူးလုပ်နေဦးမှာလဲဟင်၊ကိုကြီးဟာ ပွင့်ယု မာကိုလည်း မသိချင်သလိုပွင့်ယုဇာကိုလည်း မသိချင်ပါဘူးကွာ၊ ကိုကြီး တကယ်တွေ့ချင်နေတာက ကိုကြီးနဲ့ချစ်သူတွေ ဖြစ်ခဲ့တဲ့ ကောင်မလေး"



"ရှင်"

"မင်းရဲ့ ဘိုးဘိုးပြောပြလို့ ကိုကြီးအဖြစ်စုံကို သိပြီးပါပြီ၊ စကြားကြားချင်းတုန်းက သိပ်မယုံကြည်သလို ဖြစ်ခဲ့ပေမယ့် ကိုကြီး မင်းကို သံသယဖြစ်နေတာတော့ ကြာပါပြီကွာ၊ဟို . . . **Dancing Queen** မှာ ဆယ့်ငါးမိနစ်တစ်ခါ ပျောက်သွားက တည်းက . . ."

". . . . . ."

"မင်း ခန့်နဲ့စေ့စပ်လိုက်ရင်'ပွင့်ယုမာ'ဆိုတဲ့ ဇာတ်ရုပ်ကို ခြေရာ ပျောက်တော့မယ်ဆိုတာလည်း ကိုကြီးမှန်းဆလို့ရပေမယ့် မင်း'ပွင့်ယုမာ' အဖြစ် ဟန်ဆောင်နေဆဲအထိ ကိုကြီး မင်းကို နှစ်နှစ် ကာကာ ချစ်ချင် သေးတယ်၊ ဒါကြောင့် ကိုကြီးမင်းဟန်ဆောင်နေ တာကို မျက်စိမှိတ်ပြီးချစ်ခဲ့တာပါ"

"အို . . . ကိုကြီးရယ်"

ကိုကြီးနှင့် ယုဇာ တင်းကျပ်စွာ ပွေ့ဖက်မိကြသည်။

"မင်း တစ်ခု ကံဆိုးသွားတဲ့တစ်ချက်က**Dancing Queen** ပိုင်ရှင်ဦးတေဇက ကိုယ့်မိတ်ဆွေကွ၊နောက်တစ်နေ့ သူ့ကို ပြန် မေးကြည့်တော့ သူက ယုဇာဟာ ကိုကြီးကိုချစ်လို့ သူနှစ်ကိုယ်ခွဲ ပြီးအဲဒီ နေ့က သရုပ်ဆောင်သွားတယ်လို့ ပြောတယ်၊ကိုယ်လေ . . . ကုလိကမာ ဉာဏ်များတတ်တဲ့ မင်းကို သိပ်လည်းစိတ်ဝင် စားသွား သလို ပြီးလည်း ချစ်မိခဲ့တယ်၊ဒါကြောင့် ကိုယ် မင်းကို ချောင်းပိတ် ဖမ်းမိခဲ့ တာပေါ့။ကိုယ် မင်းရဲ့အညာကို ခံခဲ့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ယုဇာကတော့ ကိုကြီးရင်ခွင်ထဲသို့ကသာ တိုး၍ဝင်ရ

မျက်နှာကို ဖွတ်ထားမိပါသည်။

"ကိုယ့်ကို လက်စွပ်ကလေး လက်ဆောင်ပေးဖို့ မင်းချေ

ရွယ်ထားတယ် မဟုတ်လား . . . ဝတ်ပေးတော့လေ"

"ရှင်"

ကိုကြီးက သူ့လက်ချောင်းကလေးကို ရှေ့သို့တိုးပေးလေ သည်

"ဒါလည်း ဘိုးဘိုးရဲ့ စနက်ပဲ မဟုတ်လား"

"ဟုတ်တယ် . . မင်းဘိုးဘိုးက ကိုယ့်ကို လက်ဆောင် ပေ

လက်စွပ်တစ်ကွင်း သူ့မြေးကို ပေးခဲ့တယ်လို့မှာလိုက်တယ်"

ယုဇာ ကိုကြီးလက်ထဲမှာ လက်စွပ်ကလေးဝတ်ပေး လိုက်တော့ . . .

"ဒါက . . . ကိုယ့်ရဲ့ လက်ထပ်လက်စွပ် . . . စိတ်

ပြောင်းလဲတော့နဲ့နော် ယုဇာ"

ကိုကြီးက ယုဇာအား လက်ထပ်လက်စွပ်ကလေးဝ

ပေးရင်း ဆိုလေသည်။

"စိတ်မပြောင်းပါဘူး၊ယုဇာမှာ ကိုကြီးနဲ့ ပတ်သက်

တိတ်တခိုး မောင်းနှင်နေတဲ့ ရထားလေးတစ်စင်း ရှိတာပဲ"

"ဒါပေါ့ . . . ကိုယ့်မှာလည်း ယုဇာအတွက် တိတ်တ

မောင်းနှင်နေတဲ့ ရထားကလေးတစ်စင်း ရှိတာပဲလေ"



www.burmeseclassic.com